

www.burmeseclassic.com
BURMESE CLASSIC
ရင်ခြွတ်နိုး
သံယောဇဉ်မင်းသား
ချိုသိန်းရွှေကြည်
2014
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်သန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြ-၁၀၀၉၈)
(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - စိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၀၉၈၉၄

၈၉၅.၈၃

သင်မြတ်နိုး
ကြယ်တစ်စင်းအလင်းချစ်သူ/သင်မြတ်နိုး။ ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၀၄။
(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ကြယ်တစ်စင်းအလင်းချစ်သူ

# သံယောဇဉ်မင်းသား

## ရှင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁ )

နိုင်းကို … သူမ ချောင်းကြည့်ရင်း … မော်ဒယ်တွေထက်ပင် Style ကျပြီး ဖြူနုလတ်ဆတ်နေတာပဲဟု တွေးမိရင်း … မြခွန်းဆင့် တစ်ယောက် … ကြိတ်ပြီး သဘောကျမိသွားသည်။ မြခွန်းရဲ့ ငယ်သူငယ်ချင်း ချစ်သံစဉ်ရဲ့အစ်ကို … နိုင်းနိုင်းက အမေရိကန်ကနေ ပညာသင်ပြီး ပြန်ရောက်လာတာ မကြာသေးပေ … ချောလိုက်တာ။ ရုပ်ရှင်မင်းသားနိုင်းနိုင်း ထိုင်ငိုသွားမယ်။ ရုပ်ရှင်မင်းသား နိုင်းနိုင်းနဲ့တူလို့ … ပတ်ဝန်းကျင်ကနေ နောက်ပြောင်ခေါ်ရင်း နိုင်းနိုင်းလို့ အမည်တွင်သွားခြင်းဖြစ်၏။ တကယ်တော့ သံစဥ့်အစ်ကို နာမည်အရင်းက ရွှေထွဋ်တင်ပါ။ အားလုံးက နိုင်းနိုင်းဟုပဲ ခေါ်ကြသည်။

"မြခွန်း … ဘာလုပ်နေတာလဲ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနိုင်းနိုင်းကို ချောင်းကြည့်နေတာ ... ချစ်လို့"

"ဘာပြောတယ်"

မေမေ့အသံကြောင့် ... မြခွန်းခ အထိတ်တလန့်ဖြစ်သွားရကာ မျက်လုံးပြူးမျက်ဆံပြူးနှင့် Sorry နော် မေမေ ... မိစ္ဆာထင်လို့ဟု လက်အုပ်ချီ၍ တောင်းတောင်းပန်ပန် ပြောလိုက်ရသည်။ မေမေက မိန်းကလေးတန်မဲ့ ယောက်ျားလေးတစ်ယောက်ကို စကြိုက်တာတွေ ... ကြိတ်ပိုးတာတွေ လုံးဝမလုပ်ရဘူးဟု အမိန့်ထုတ်ထားသည်။ ဟိုတယ်ကြီးထဲမှာ ယောက်ျားလေးလူပျိုရှိနေ၍ ... မြခွန်းကိုပင် လုံးဝ သွားရောက်လည်ပတ်ခွင့် ပိတ်ပင်ထား၏။ သူငယ်ချင်းချစ်သံဇဉ် ... မြခွန်းတို့ခြံထဲလာရတာ ... မေမေ့မျက်နှာကြီးကတင်းမာခက်ထန်သွားသည်။

"မြခွန်းဆင့်"

"ရှင် မေမေ"

"ညည်းကို မေမေ ဘာပြောထားလဲ ... မိန်းကလေးဖြစ်ပြီးနန့်တန့်တန့်ပုံ့တန့်တန့်လုပ်တာ ... မေမေ လုံးဝမကြိုက်ဘူးနော်၊ ဘာ ... ဟိုဘက်ခြံကနိုင်းနိုင်း ဟုတ်လား ... ညည်းနဲ့ဘာဆိုင်လဲ၊ နိုင်းနိုင်းဆိုတာ တော်ရုံတန်ရုံမိန်းကလေးကို သူနဲ့ တူတန်တယ်လို့





တောင် ထင်မှာမဟုတ်ဘူး၊ ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင်စမ်း ... အဲဒီဘက်ခြမ်းက ပြတင်းပေါက်ကို လုံးဝမဖွင့်ရဘူး"

"မေမေကလည်း ... ခွန်းက မိတ်ဆွေသူငယ်ချင်းအဖြစ်ပဲ ချစ်တာပါ၊ အစ်ကိုမရှိလို့ ... အားကျတာလေ၊ ခွန်းမှာလည်း မာနရှိပါတယ်၊ မိန်းမတို့ကြွေ ရွေးပေးလို့မရဆိုတာ ... မေမေတို့ခေတ်က စကားပုံမဟုတ်လား"

"ဘာ မေမေတို့ခေတ်က စကားပုံလဲ ... ဘယ်ခေတ်မဆို အသုံးပြုတယ်၊ ညည်းတို့ခေတ်အတွက်လည်း ဒီစကားပုံပဲ"

မေမေကတော့လေ ... ခွန်း အပျိုဖော်ဝင်စထဲက မိန်းမတို့ကြွေ ရွေးပေးလို့မရတို့ ... ဗိုင်းကောင်းကျောက်ဖိတို့ ... မိန်းကလေးတစ်ယောက်က ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားရတယ်တို့ ... တတွတ်တွတ်ပြောနေတတ်တာ ... ခွန်း စိတ်အညစ်ဆုံးပဲ ... တစ်ဖက်ခြံထဲမှာ ယောက်ျားလေးရှိတော့ ... မေမေက ခွန်းကို မျက်စိဒေါက်ထောက်ကြည့်နေသည်။

"စိတ်ပျက်တယ်"

"ဘာ ... "

"ဩော် ... မေမေ သွားသေးဘူးလားဟင်"



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ခွန်း ... ညည်းလေး ဘာတွေဖြစ်နေတာလဲ ... ဝိတ်လေ ပြတင်းပေါက်တံခါး လုံးဝမဖွင့်ရဘူးနော် ... ကြားလား"

"ဟုတ် ..."

မေမေကိုယ်တိုင် ... တံခါးကို ဂုန်းကနဲဆောင့်ပိတ်သည်။

"မိန်းကလေးဆိုတာ ... ဣန္ဒြေသိက္ခာကြီးကြီး ... မာနတွေ တစ်ခွဲသားနဲ့နေနိုင်မှ တန်ဖိုးထားတာနော် မြခွန်းဆင့် ... ညည်းကို မေမေ လူမှန်းသိတတ်ထဲက တတွတ်တွတ်ဆုံးမလာတာ ... ကိုယ့်ကို မချစ်မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်ကို ချစ်မိတဲ့မိန်းမ တစ်ယောက်ရဲ့ အနိမ့်ခံ ... အထင်သေးခံရမယ့်ဘဝကို ခွန်းလေး မခံစားစေချင်ဘူး၊ မေမေ့သမီးလေးက အရမ်းချစ်စရာကောင်းတယ်၊ တန်ဖိုးရှိတယ်"

မေမေ ပြန်ထွက်သွားသည်။ ခွန်း စိတ်ပျက်လက်ပျက်နှင့် အိပ်ရာပေါ်သို့ ပစ်လှဲချပစ်လိုက်၏။ နိုင်းနိုင်းကို ... မြခွန်း ဘယ်တော့မှ အရောတဝင်လုပ်ဖို့ ... စိတ်ကူးထဲတောင် မထည့်ခဲ့ပါဘူး။ ဒီရပ်ကွက်ထဲကိုပြောင်းလာတာ ငါးနှစ်လောက်ပဲ ရှိသေးသည်။ ခြံ ခြင်းကပ်ဖြစ်နေ၍ ခေါ်ပြောနှုတ်ဆက်ရှိတဲ့အပြင် ... သူ့အမွှာညီမ သံစဉ်နှင့်လည်း တစ်ကျောင်းထဲ ... တစ်ခန်းထဲ လာဖြစ်နေ၍





သူငယ်ချင်းဖြစ်သွားကြသည်။

"တန်ဖိုး ... တန်ဖိုး ... ဘာတန်ဖိုးလဲ ... အကာအရံတွေ အဆီးအတားတွေကို ... ခွန်း ဖယ်ရှားပစ်ချင်တယ် ကိုကိုရယ်"

သူမလည်း ... သံစဉ်ခေါ်သလို ... ကိုကိုနိုင်းနိုင်းဟုပဲ ခေါ်သည်။ ရွှေထွင့်တင် ... ဟွန်း ... နာမည်ကြီးက စီးလားနင်းလားနဲ့ အပေါ်မှာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီးပေါ့လေ။ ဟုတ်တယ်။ သံစဉ်က ပြောတယ်။ ကိုကို့ကို လာပြီးဇွဲစပ်ကြတဲ့ သမီးရှင်တွေ အများကြီးပဲ ... ငမ်းငမ်းတက်ပဲတဲ့ ...

"ဟွန်း ... အဲဒီစကားလုံးကြီးတော့ မကြိုက်ပါဘူးနော် ... ခွန်းကတော့ လုံးဝပဲ"

ငမ်းငမ်းတက်ဆိုတဲ့ စကားလုံးကြီးကတော့ ... သံစဉ် စီးပိုး ပြီးပြောလွန်းသည်ဟု ထင်မိသည်။ မနှစ်သက်မိ ... ခွန်းရော မိန်းကလေးပဲ ... မာနရှိရမယ်။ မေမေပြောတာ မှန်တယ်။ ကိုကို့ အကြောင်း မတွေးတော့ပါဘူး။ သိက္ခာကျတယ်။ အချစ် ... ဘယ်လို ကြီးလဲဟ ... ကိုကိုနိုင်းနိုင်းရုပ်ပုံလွှာကြီးက ခွန်းမျက်လုံးတွေထဲ တိုးဝင်လာနေတတ်၏။ ကိုကို့အကြောင်း မတွေးတော့ပါဘူးဆို။

"နိုင်း ... တကယ်ပဲဟယ် ... ရှင့်အကြောင်းတွေးရင် မြခွန်း လေ ... အရမ်းပီတိတွေဖြစ်ရတယ်၊ ပျော်ရွှင်ရတယ်"

www.burmeseclassic.com



နိုင်းအကြောင်းတွေပဲ တွေးပစ်ချင်သည်။ တွေးပစ်လိုက်၏။ ဘယ်သူသိတာမှတ်လို့ ... တွေးမယ် ... နိုင်း ... ရှင် အရမ်းချောတာပဲ ... ရုပ်ရှင်မင်းသားနိုင်းနိုင်းထက်တောင် ချောတယ်။ လန်းတယ်။ တစ်ကျောင်းထဲ ... တစ်ခန်းထဲစာသင်ခဲ့ရပြီး ... ခြံချင်းကလည်း ကပ်လျက်ဆိုပေမယ့် ... တစ်ယောက်နှင့်တစ်ယောက် တွေ့ရင် ပြုံးပြနှုတ်ဆက်ရုံပဲရှိတယ်။ သားရှင်တွေဆိုရင် ပြုံးပြနှုတ်ဆက်တောင် မလုပ် ... မေမေကြောင့်ပဲ မြခွန်း အပျိုကြီးဖြစ်သွားနိုင်သည်။

"မြခွန်းလေ ... နိုင်းကို ချစ်တယ်လို့ပြောချင်တယ်၊ အရမ်းချစ်နေပြီလို့ ပြောခွင့်ရှိရင် ကောင်းမယ်နော်"

"မမလေး ... ဘာတွေ ပြောခွင့်ရှိရင်ကောင်းမှာလဲ ... ဘယ်သူ့ကို ဘာပြောချင်လို့လဲဟင်"

"ဘာ ... "

အရေးထဲ ... မိတုတ်ကဝင်လာပြီး နားစွန်နားဖျားကြားကာ မေးနေသည်။ အမယ်လေး ... မိတုတ်က မေမေ့လူ ... မေမေ သေဆိုသေ ရှင်ဆိုရှင် ... မြခွန်းဝေယျာဝစ္စတွေ လုပ်ပေးတာ အကောင်းမဟုတ်ဘူး။ မေမေက ထောက်လှမ်းရေးလွှတ်ထားတာ။ ဘာကိစ္စလဲ ... မစပ်စုနဲ့ပြောပြီး ထထိုင်လိုက်၏။ မေကြီးက မနက်စာစားဖို့ သတိပေးခိုင်းလိုက်တာပါတဲ့ ... အေးဟု ပြောပစ်လိုက်





သည်။

"အရေးထဲ ... မနက်စာစားဖို့ လာခေါ်နေသေးတယ်၊ နိုင်းအကြောင်း တွေးချင်ပါတယ်ဆိုမှ"

လမ်းလျှောက်ရင်း ... ရတဲ့အချိန်လေး နိုင်းအကြောင်းတွေးမယ်ဟုစဉ်းစားပြီး ... နိုင်းနှင့်ရင်းနှီးခင်မင်ခွင့်ရအောင် ဘယ်လိုလုပ်ရမလဲဟု တွေးနေမိသည်။

"သံစဉ်ဆီ အကြောင်းရှာပြီး သွားလည်ရရင်ကောင်းမလားဘဲ ... မဟုတ်သေးပါဘူး၊ မေမေသာတွေ့သွားရင်တော့ အသေပဲ"

မေမေက ... စည်းကမ်းကြီးသည်။ ဖေဖေဆုံးတုန်းကလည်း မေမေ့နှလုံးသား ဘယ်လောက်ထိမာကျောခဲ့လဲ ... မျက်ရည်တစ်စက်တောင် မကျဘူးတဲ့ ... အဖွားက ပြောပြတာပါ။

"ညည်းလေးအမေက ... ညည်းလေးအဖေကို မုန်းတီးနာကျည်းတယ်၊ ဒါတွေ မြေးလေးကြီးပြင်းလာလို့ နားလည်သိတတ်တဲ့အရွယ်ရောက်လာရင် အဖွားပြောပြမယ်နော်"

အဖွားက ဆုံးသွားပြီ။ မြခွန်း ဆယ်နှစ်သမီးလောက်ကပဲ ဖြစ်သည်။ မေမေ့ကိုလည်း မေးမြန်းမရ၊ သမီးအလုပ် သမီးလုပ်တဲ့ မြခွန်းကလည်း စိတ်မဝင်စားပါဘူး။ မေမေက တက္ကသိုလ်ဝင်တန်း



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲမှာ ဂုဏ်ထူးတွေအများကြီးနှင့် အောင်စေချင်သည်။ မြခွန်းက နှစ်ဘာသာပဲဂုဏ်ထူးထွက်ပြီး ... သံစဉ်အဖော်ရှိလို့ တော်ပါသေးတယ်။ နိုင်းက ဘာသာစုံဂုဏ်ထူးထွက်သည်။

နိုင်းက စင်္ကာပူမှာပညာသင်ပြီး ပြန်လာခဲ့သည်။ မြခွန်းတို့က ရိုးရိုးပဲ ဘွဲ့လေးတစ်ခုရခဲ့၏။ မျက်နှာ ဘယ်လောက်ငယ်ရလဲ။ မေမေက ပြောတာ ... နိုင်း ဘယ်လောက်ပဲ ထူးချွန်ထက်မြက်နေပါစေ ... အထင်ကြီးစရာ မလိုဘူးတဲ့ ... စိတ်လည်း မဝင်စားနဲ့တဲ့။ ကင်းကင်းနေတဲ့ ... အရင်ကမှ သံစဉ်တို့ခြံဘက် ဝင်ထွက်သွားလာခွင့် ရှိသေးသည်။

"ဟဲ့ မြခွန်း ... အခန်းဝမှာ ဘာရပ်လုပ်နေတာလဲ ... ဝင်"

"ရှင် ... အဲ ... ဟို"

ကြည့်စမ်း ... မြခွန်းတစ်ယောက် နိုင်းအကြောင်းတွေတွေးပြီး လာခဲ့တာ ... ထမင်းစားခန်းဝမှာ ရပ်မိသွားသည်။

"မေမေ ... သမီးလေ အခန်းထဲမှာ Air-Con များ ပိတ်ခဲ့မိလားလို့ စဉ်းစားနေမိတာပါ"

"ဘာ ... ဘာတွေပြောနေတာလဲ ... ညည်းအိပ်ခန်းထဲမှာ ၂၄ နာရီ Air-Con ဖွင့်ထားတာလေ ... ဘာစဉ်းစားစရာရှိလဲ"





ဟုတ်သားပဲ ... အခုတလော မြခွန်း အိမ်မှာပဲနေနေတာ။ အလုပ်ရှာနေတုန်းလေ ... အအေးကြိုက်တဲ့ မြခွန်း ... အခန်းကို အေးစိမ့်နေအောင် လုပ်ထားတတ်သည်။

"ဝင်လေ"

"ဟုတ်"

"ထိုင်"

"ဟုတ်"

"ဘာ ဟုတ်လဲ"

မေမေ့ကို မော့ကြည့်မိသွားသည်။ အမယ်လေး စားတော့ဝါးတော့မတတ်ပါလား။ ဒီသမီးလေးတစ်ယောက်တည်း မွေးထားတာပါနော် ...

"မြခွန်းဆင့်"

"ပြောပါ မေမေ"

"မိတုတ်က ပြောတယ်၊ ညည်းက ... ပြောခွင့်ရှိရင် ကောင်းမယ်လို့ပြောသံ နားစွန်နားဖျားကြားခဲ့တယ်တဲ့ ... ဘယ်သူ့ကို ဘာပြောချင်ရတာလဲ"

"ဟာ မေမေကလည်း ... ဟိုလေ ... မြခွန်းက မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာပါ”

“ဒါများ ... ပြောခွင့်ရချင်တယ်လို့ ညည်းညူနေရသေးတယ် ပြော ... ”

“ဟင် ... ”

သမီးအကြောင်း ... ဒေါ်မြသီတာ အသိဆုံးပါ။ ဟိုဘက်ခြံကကောင်လေး နိုင်းနိုင်းကို စိတ်ဝင်စားနေပုံပင် ... အင်းလေ ... ဖြစ်သင့်တာပဲ။ နိုင်းနိုင်းက ထူးချွန်ထက်မြက်ပြီး ... ရုပ်ရည်ကလည်း ချောမောသည်။ ပညာရော ... ချမ်းသာတာရော မိမိသမီးလေးမြခွန်းဆင့်ထက် သာလွန်နေခဲ့၏။ သမီးလေးကလည်း မာနမင်းသမီးလေးပါပဲ ... ဒါပေမဲ့ စင်္ကာပူကပြန်လာတဲ့ နိုင်းနိုင်းကို အထင်ကြီးချစ်ခင်နှစ်သက်တာ အပြစ်မရှိပေမယ့် ... ဒေါ်မြသီတာကတော့ အပြင်းထန်ဆုံးကန့်ကွက် တားဆီးပိတ်ပင်ပစ်ရမည်ဖြစ်သည်။

“မြခွန်းဆင့် ... ပြောလေ ... မေမေ့ကို ဘာပြောချင်တာလဲ၊ မေမေက စည်းကမ်းကြီးပေမယ့် ... သမီးလေးရဲ့ ပြောရေးဆိုခွင့်ကိုတော့ မတားဆီးထားပါဘူး၊ ပြောရေးဆိုခွင့် ရှိပါတယ် ပြော ... ”

အမယ်လေး ... ဘုရားရေ ကယ်တော်မူပါ။ မြခွန်း ဘာပြော





ရမှန်းမသိ ... အရေးထဲ ဉာဏ်ကတုံးနေသေးတယ်။ မေမေ့ကို ဘာပြောချင်တာလဲ။ တစ်ခုခုတော့ ပြောရမယ် ... ဉာဏ်တွေ ထွက်စမ်း ကလိမ်ကကျစ်ဉာဏ်တွေ ဘယ်ရောက်ကုန်ပြီလဲ ... ထွက်ကြစမ်းကွယ် ...

“ဟဲ့ ... မြခွန်း”

“အမယ်လေး ... ”

“မြခွန်းဆင့် ... ညည်းလေးကို ကျုပ်မွေးထားတာပါ၊ ညည်းပါးစပ်ဟလိုက်တာနဲ့ ညည်းဗိုက်ထဲမှာ အူဘယ်နှခွေရှိတယ်ဆိုတာ ငါက သိနေတယ်”

“ဒါကတော့ မေမေသိမှာပေါ့ ... အူက တစ်ခွေပဲရှိတာလေ၊ ရှည်ချင်ရှည်မယ် ... ဒါပေမဲ့ တစ်ခွေပဲ”

“မြခွန်းဆင့် ... ညည်းလေးကို မေမေပြောထားမယ်နော် ဘွဲ့တောင်ရပြီးပြီ ... စဉ်းစားဆင်ခြင်ဉာဏ်ရှိစမ်း၊ ဦးနှောက်မရှိ အသိမရှိ ... အရှက်သိက္ခာမရှိ ... ဘဝမှာ အသုံးမကျလွန်းတာတွေပဲ ရှိမနေနဲ့”

မြခွန်းဆင့်တစ်ယောက် မနက်စာစားရတာ ... မျိုချမရ လည်ချောင်းဝမှာ တစ်ချင်နေသည်။ ဒေါ်သအဖြစ်ရဆုံးက မီးဘုတ်။



www.burmeseclassic.com

www.burmeseclassic.com



နင်ကတော့လေ … ငါ လည်ပင်းထညှစ်ချင်လာပြီ။ မြခွန်း မျက်စောင်းထန်ထန်လေးတွေက မိတ္တတ်ဆီ ဝေ့ကနဲရောက်သွားလေသည်။

+++

အခန်း ( ၂ )

"ဒီကမ္ဘာလောကကြီးထဲမှာလေ … မာမီကတော့ မာမီ့သားလေး ရွှေထွဋ်တင်လောက် ထူးချွန်ထက်မြက်ပြီး တန်ဖိုးရှိတဲ့ ယောကျ်ားမျိုး မရှိတော့ဘူးတောင်ထင်တယ်၊ မိန်းကလေးတွေဆိုရင်လည်း … တော်ရုံတန်ရုံမိန်းကလေးတစ်ယောက်ကို စိတ်ကူးထဲတောင် မထည့်နဲ့နော် သား … မတူမတန်ဘူးလို့ပဲ သဘောထားအဖက်ကို မလုပ်နဲ့"

နိုင်းကလည်း မိန်းကလေးတွေကို စိတ်မဝင်စားပါဘူး။ သူ့ပညာရေးပဲ အဓိက … သူက တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေကိုပဲ စိတ်ဝင်စားနေသည်။ စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုစရမလဲ အဲ့ပဲစဉ်းစားနေ၏။ အချိန်တွေကို ဖြုန်းမပစ်ဘဲ တန်ဖိုးရှိရှိအသုံးချဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ထားသည်။

"မဖြစ်ပါဘူး၊ အခုထဲက ... သားနဲ့တန်တဲ့ချွေးမလောင်းကို မေမေ့မိတ်ဆွေ အရမ်းအောင်မြင်တဲ့သူဌေးကြီးတွေရဲ့ သမီးတွေထဲက ရှာရမယ်၊ ပညာလည်းတတ်ရမယ် ... ရုပ်လည်းချောရမယ် ... အို ... မိုးပေါ်က ပြုတ်ကျလာသလားလို့တောင်ထင်ရတဲ့ မိုးကျရွှေကိုယ် နတ်မိမယ်လေး"

"မေမေရာ တော်ပါတော့ ... သားက မိန်းကလေးတွေကို စိတ်မဝင်စားပါဘူး၊ စီးပွားရေးတွေပဲ စတင်လုပ်ဖို့ စဉ်းစားနေတယ်"

"သံစဉ် ... "

"ရှင် ... မာမီ"

"ဒီအိမ်ကို မိန်းကလေးသူငယ်ချင်းတွေ ခေါ်မလာနဲ့ ... ဟို ဘက်ခြံကကောင်မလေးကို လုံးဝအလည်မခေါ်နဲ့"

"မာမီကလည်း ... မြခွန်းကိုယ်တိုင်က ယောကျ်ားတွေကို လုံးဝစိတ်ဝင်စားတာ မဟုတ်ဘူး၊ နှိုင်းသိပါတယ်"

"ဘာနှိုင်းလဲ ... မာမို့သားနာမည်က ရွှေထွန်းတင်"

သံစဉ်လည်း မကြိုက်ဘူး။ မာမီက သူ့သားမှသူ့သား ဖြစ်နေတာကို ... အမွှာမောင်နှမဖြစ်ကြတဲ့ နှိုင်းနဲ့သံစဉ် ... ရုပ်ရည်ချင်း ခပ်ဆင်ဆင်ပဲတူတာပါ။ သံစဉ်က ပညာရေးမှာလည်း နှိုင်းလောက်



မတော်ဘူး။ မာမီက ဘက်လိုက်ပြီး နှိုင်းကိုပဲမြှောက်စားလွန်းနေသည်။

"သံစဉ်ကတော့ ... နှိုင်းက နှိုင်းပဲ ... ငယ်ငယ်လေးထဲက မာမီကိုယ်တိုင် မာမို့သားကို ရုပ်ရှင်မင်းသားနှိုင်းနှိုင်းနဲ့ တူတယ်ဆိုပြီး ... နှိုင်းနှိုင်းပဲ ခေါ်တာလေ"

"သံစဉ် ... ညည်း ဘာတွေလာပြောနေတာလဲ ... မရှည်နဲ့ မာမို့အမိန့်ပဲ ... မာမို့သား ... ဘာမဟုတ်တဲ့မိန်းမတစ်ယောက်နဲ့ နီးစပ်သွားမှာ မလိုလားဘူး"

"သံစဉ်ကလည်း လုံးဝခေါ်မလာပါဘူး၊ စိတ်ချ ... နှိုင်းကိုလည်း ဘယ်မိန်းမကမှ အရမ်းကြီးအထင်မကြီးဘူးနော်"

"သံစဉ် ... သားနဲ့ညည်းတို့က အမွှာမောင်နှမနော်၊ အစ်ကို ဘက်က ဂုဏ်ယူစမ်းပါအေ ... "

"အရေးကြီးတာက ... သံစဉ့်သူငယ်ချင်းတွေနဲ့ နှိုင်း မနီးစပ်ဖို့ မဟုတ်လား"

သံစဉ် ... ဒေါသတော့ဖြစ်မိသည်။ နှိုင်းအတွက် ဂုဏ်ယူပေးမယ့် သံစဉ့်သူငယ်ချင်းတွေကို နှိမ်ချဆက်ဆံတာတော့ မာမီ လွန်သည်ဟုထင်သည်။

"သားကြီး နိုင်ငံခြားကနေပြန်လာကာစဆိုတော့ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



အစားအစာတွေ စားချင်မှာပဲ ... မာမီကိုယ်တိုင် ချက်ပြုတ်စီမံပေးမယ်နော် ... ဘာစားချင်လဲပြော"

"မာမီ အဆင်ပြေသလိုသာလုပ်ပါ ... သား အနားယူတော့မယ်"

"သြော် ... သား ... မင်းဒက်ဒီပြန်လာရင် ဒက်ဒီ့သူငယ်ချင်းအိမ် သွားတွေ့ရမယ်၊ အဟဲ့ ... မာမီ့ချွေးမလောင်းတစ်ယောက်ရှိတယ်"

နိုင်းကတော့ ... ဘာမှမပြောဘဲ အခန်းထဲဝင်လာခဲ့သည်။ မိန်းမဆိုတဲ့အရာက ... နိုင်း စိတ်မဝင်စားဆုံးအရာပဲဖြစ်၏။ သံစဉ်က မကြိုက်ဘူး။ သူငယ်ချင်းတွေဘက်ကပဲ ... ဟိုဘက်ခြံက မြခွန်းဆင့်ကို သံစဉ်အရမ်းခင်၏။ နိုင်းနှင့် တက္ကသိုလ်ဝင်တန်းအထိ တူနေပေမယ့် ... အရောတဝင်မရှိခဲ့ ... မြခွန်းဆင့် ဘာတွေလုပ်နေလဲ။ သံစဉ့်ကို မေးကြည့်ချင်ပေမယ့် ... စိတ်မဝင်စားတာဘဲ ကောင်းပါတယ်လေ။ မာမီနဲ့က မလွယ်ဘူး။ နိုင်းမှာလည်း အလုပ်တွေက အများကြီး ... အခုမှ စတင်ရမှာပါ။ မိန်းမတွေကို နိုင်း စိတ်မဝင်စားနိုင် ...

"မာမီ့သားနာမည်ကိုက မာမီ ဘယ်လောက်အထိ တန်ဖိုးထားရလဲ ... ရွှေထွဋ်တင်"





သူကတော့ ... နိုင်းဆိုတဲ့အသုံးအနှုန်းနှင့် ယဉ်ပါးနေခဲ့သည်။ ရွှေထွဋ်တင်ကိုလည်း နှစ်သက်သည်။ သူ့စိတ်ကလည်း ... နဂိုကမှ ခပ်မြင့်မြင့် ... သံစဉ်က ဒက်ဒီနှင့်တူတယ်။ ဒက်ဒီ့အသဲစွဲ ... အေးအေးဆေးဆေးနှင့် လောဘမကြီးတတ် ... နိုင်းလည်း ပတ်ဝန်းကျင်နှင့်ကင်းကွာတာ ကြာပြီဖြစ်၍ ... သူ့အိပ်ခန်းပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။ တစ်ဖက်ခြံကြီးကို အပေါ်စီးကနေ မြင်နေရ၏။ ခြံကြီးထဲမှာ ဒန်းစီးနေသူက မြခွန်းဆင့်ဖြစ်နေသည်။

"မတွေ့တာကြာလို့လားတောင် မသိဘူး ... မြခွန်းဆင့်က အရမ်းချောမောလှပလာတာပဲ"

သူနှင့်မြခွန်းဆင့် အိပ်ခန်းက ... ပြတင်းပေါက်တွေ ဖွင့်လိုက်သည်နှင့် တန်းပြီးမြင်ကြရ၏ ... အခုတော့ ... ပိတ်ထားပါလား။ မြခွန်းဆင့်မေမေကလည်း အရမ်းပဲမာနကြီးသူပါ။ နိုင်းတို့ခြံဘက်ကို အရေးအရာမလုပ်ပေ ... မြခွန်းဆင့်နှင့်ပင် သူကိုယ်တိုင် မရင်းနှီးကြ။

"မြခွန်းဆင့်မှာလည်း ကောင်လေးတွေက ဝိုင်းဝိုင်းလည်နေတာပါနော် ... ဒိုင်းထက် ဘာများကွာလို့လဲ၊ ပညာပဲကွာတာပါ"

သံစဉ်က ... မြခွန်းဆင့်ဘက်ကနေ အမြဲတမ်းကာကွယ်ပြောဆိုတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ ..."

မာမီဝင်လာသဖြင့် ... နိုင်း ပြတင်းပေါက်တံခါးကိုပိတ်ဖို့ အချိန်မရလိုက် ... မာမီက လာရပ်သည်။

"ဟိုဟာမလေး မဟုတ်လား၊ မြခွန်းဆင့်ဆိုတာ ... မိသံစဉ်ရဲ့ အချစ်ဆုံးသူငယ်ချင်းလေ၊ အလကားပါ ... ညှို့တယ်၊ မာမီကလေ မိသံစဉ်တောင် ညှို့လို့ အထင်သေးချင်တာ ... ထက်ထက်မြက်မြက်လည်း မရှိဘူး၊ ရည်းစားများတယ်လို့ သတင်းကြားထားတယ်"

သားရပ်နေတဲ့ပြတင်းပေါက်နှင့် ... ဟိုဘက်ခြံက ကောင်မလေး ဒန်းစီးနေတာနှင့် ဆီးပြီးမြင်နေရသည်။ ဒေါ်အေမီ စိတ်ပူသွားရ၏။ မြခွန်းဆင့်က နုနုဖတ်ဖတ် ချောချောတောင့်တောင့်လေး။ မအေတူသမီး ... အသက်အရွယ်ချင်း အတူတူပေမယ့် ... မြခွန်းဆင့်အမေ ဒေါ်မြသီတာက နုပျိုချောမောကာ တောင့်တင်းနေဆဲဖြစ်နေ၍ ... မိမိပင် ခင်ပွန်းစိတ်ဝင်စားသွားမှာ ကြောက်နေရသေးသည်။

"ဒီတံခါးကို မဖွင့်နဲ့ သား ... မဖြစ်ပါဘူး၊ သားအိပ်ခန်းကို ရွှေ့ပစ်ရမယ်၊ ဟိုမှာကြည့် ... သူ့အမေကော အန့်ကြီးကွင်းကျယ်လေ၊ ဒင်းကများ ဖြစ်ရသေးတယ်"

မာမီကိုယ်တိုင်က မြခွန်းဆင့်မေမေ့ကို ကြည့်မရ။ ဒက်ဒီနဲ့တောင် စွပ်စွဲချင်နေတယ်။ သံစဉ်က ခင်မင်နေ၍ ... မပြောသာ။





ဒေါ်မြသီတာကလည်း အဖက်မလုပ်ပါဘူး။ မြခွန်းဆင့်ကို သံစဉ်တို့ခြံ သွားရောက်လည်ပတ်ခွင့် မပြုခဲ့ ... မာမီက တံခါးပိတ်ဖို့ပြင်နေစဉ် ... မြခွန်းဆင့်က မော့ကြည့်ပြီး ... ပြုံးပြနှုတ်ဆက်နေတာကို မာမီက ပြန်နှုတ်မဆက်ဘဲ တံခါးပိတ်ပစ်သည်။

"သွားပြီးအရေးတဝင်မလုပ်နဲ့ သား ... မတန်မရာ ... ဘာလာနှုတ်ဆက်နေတာလဲ"

သူကတော့ ... အိမ်နီးချင်းတွေဖြစ်၍ အားနာပြီးမျက်နှာပူမိသည်။ သံစဉ့်သူငယ်ချင်းပဲ ... သူနှင့်လည်းအတူတူ တစ်ကျောင်းထဲ ... တစ်ခန်းထဲ စာသင်ဘက်တွေပါ။ မြခွန်းဆင့် ကြောင်ကြောင်လေးဖြင့် ငေးကြည့်နေသည်။

"ဒက်ဒီက ဖုန်းဆက်တယ်၊ ညနေစာ သူ့မိတ်ဆွေလုပ်ငန်းရှင်ကြီးတိုက်မှာ စားကြမယ်တဲ့ ... ဖိတ်ထားလို့တဲ့"

"ဟုတ်ကဲ့ပါ မာမီ"

"သား ပြင်ဆင်တော့ ... မိသံစဉ်လည်း ပြောထားပြီးပြီ၊ မလိုက်ဘူးတဲ့လေ"

"သံစဉ်က ဘာဖြစ်လို့မလိုက်တာလဲ ... မာမီကလည်း နိုင်းကိုပဲ အရမ်းကြီးဦးစားပေးမနေပါနဲ့ဦး ... သံစဉ် စိတ်မကောင်းဖြစ်နေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ဖြစ် ... မိသံစဉ်က စိတ်ကိုမြင့်မြင့်မထားချင်ဘူး၊ ညံ့ဖျင်းတယ်၊ မာမီတို့မိဘတွေ ဂုဏ်ယူစရာဘာရှိလဲ ... ပြော ... "

သူကတော့ ... မာမီ့ဘက်လိုက်တတ်တာ ငယ်ငယ်လေးကပဲ ... ပြောမနေတော့ ... ဒက်ဒီက သံစဉ့်ကို အရမ်းအရေးပေးထားသည်။

"သူ့အဖေ ရှိပါတယ်၊ ဒီကောင်မလေးကို အလိုလိုက်ထားတာ ... သားနဲ့ အမွှာဖြစ်ပြီး ... သားအရည်အချင်းကို မမှီတာ မာမီ စိတ်အပျက်ဆုံးပဲ"

"သား ပြင်ဆင်ထားပါ့မယ် မာမီ"

"သား ... "

"ဗျာ ... "

"ပြတင်းပေါက်ကို လုံးဝမဖွင့်နဲ့နော် ... မာမီ မကြိုက်ဘူး၊ အလကားဟာတွေ ... အရည်အချင်းမရှိဘူး ... မာမီ့သားလေး ရွှေထွဋ်တင်က လုံးဝမြင့်တယ်"

မြခွန်းဆင့်မေမေကလည်း မာနကြီးကြောင်း ... သံစဉ်က ပြောပြဖူးသည်။ ဘာပဲပြောပြောလေ ... မြခွန်းဆင့် ပြုံးပြနှုတ်ဆက်တာတော့ ... သူ တုံ့ပြန်ပြုံးပြသင့်သည်ဟု ထင်မိ၏။ စိတ်ထဲမှာ ဘာတွေဖြစ်နေရတာလဲ။ မြခွန်းဆင့်ကို နှုတ်ဆက်ဖို့သင့်သည်ဟု





သူ့စိတ်တွေ မလုံမလဲနှင့် အားနာသလိုကြီးဖြစ်နေရ၏။ သံစဉ့်ကို ပြန်ပြောရင် ... ပြဿနာရှာမှာတော့ သေချာသည်။

"သား ... အနောက်တိုင်းဝတ်စုံကို Smart ဖြစ်အောင် ဝတ်နော်၊ မာမီ့သားကို ဈေးတင်ရမှာ"

"စိတ်ချပါ မာမီရာ ... လုံးဝကို ငေးသွားစေရမယ်"

မာမီ ပြန်ထွက်သွားတဲ့အချိန်တွင် ... သူ ပြတင်းပေါက်တံခါးကို ပြန်ဖွင့်ဖို့ဆန္ဒတွေ ဖြစ်ပေါ်နေခဲ့သေးသည်။ မြခွန်းဆင့် ရှိနေသေးလားဆိုတာ သိချင်လာ၏။ မဖွင့်တာဘဲ ကောင်းပါတယ်။ ရှုပ်ရှုပ်ယှက်ယှက်မလုပ်တာ ကောင်းတယ်။ သူက မာမီပုံသွင်းထားလို့လားမသိဘူး။ သူရွေးချယ်မယ့်မိန်းမက သူ့အရည်အချင်းနှင့် တန်းတူဖြစ်နေစေချင်သည်။

"မြခွန်းဆင့်က စည့်တယ်၊ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ... မာမီပြောတာ အမှန်ပဲ"

သူ ... တံခါးနားသွားရပ်ပြီးမှ မဖွင့်တော့ ... ကင်းကင်းရှင်းရှင်းနေထိုင်တာ ကောင်းသည်ဟုပဲ ဆုံးဖြတ်သည်။

"ဒေါက် ... ဒေါက် ... "

"မာမီပါ"

လာပြန်ပြီ မာမီ ... သူ့ကိုပဲ အရိပ်လိုကြည့်နေတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



မာမီ့အကျင့်ပါ။ သံစဉ်ဘာပဲဖြစ်ဖြစ် ... မာမီ စိတ်မဝင်စား ... ဆူပွက် ပြောဆိုနေတတ်သေးသည်။

"မာမီ ... ဘာမှာစရာရှိလို့လဲ"

"သားက မာမီ့စကားနားထောင်သားပဲ ... ပြတင်းပေါက်ကို မဖွင့်နဲ့နော် ... မာမီ လက်သမားခေါ်ထားတယ်၊ အသေပိတ်ဖို့လေ"

"နိုင်းက မာမီ့သားပါ၊ ဒီဟာမလေးလောက်ကို ငယ်ငယ်လေးထဲက စိတ်မဝင်စားတာပါ၊ သားနဲ့လက်တွဲမယ့်မိန်းကလေးကသားထက်တောင် သာနေစေချင်တာပါ၊ မာမီ သိပါတယ်ဗျာ"

"မာမီယုံပါတယ် သားရယ် ... ကဲ ပြင်ပြင် ... မာမီ စောင့်နေမယ်၊ ချွေးမလောင်းလေးကို မာမီတွေ့ချင်နေပြီ"

"မာမီ တစ်ခါမှမတွေ့ဖူးဘူးလား"

"မတွေ့ဖူးဘူး ... သားဒက်ဒီနဲ့ ပြန်တွေ့ကြတာ မကြာသေးဘူးတဲ့ ... တက္ကသိုလ်မှာ ကျောင်းနေဘက်တွေ ... သားဒက်ဒီကိုသွားတွေ့ဖို့ ... မာမီ အတင်းအကြပ်တောင်းဆိုရတာ ... သူတို့ဆီမှာ သမီးလေးတစ်ယောက်ရှိတယ်လို့ ကြားထားလို့"

မာမီက ... သူရွေးချယ်ပေးတဲ့ချွေးမကိုပဲ လက်ထပ်ရမယ်လို့ နိုင်းငယ်ငယ်လေးထဲက ပုံစံခွက်ထဲထည့်ထားခဲ့သည်။ မိန်းက





လေးတွေကို အထင်မကြီးအောင် ... စိတ်မဝင်စားအောင် ခွဲခြားဆက်ဆံပြီး တတွတ်တွတ်ပြောဆိုနေခဲ့သည်။ သူ အဝတ်အစားလဲရင်း ... ပြတင်းပေါက်နားသို့ သူ့မျက်ဝန်းတွေက ရွေ့လျားသွားပြန်သည်။

"မဖွင့်ဘူးကွာ ... သူ့ဟာသူ ရှိရှိ ... မရှိရှိ ... ပြတင်းပေါက်တံခါးကို အသေပိတ်ပစ်လိုက်တာပဲ ကောင်းတယ်"

မြခွန်းဆင့်မှာ ယောကျ်ားလေးတွေ ချစ်ခင်နှစ်သက်ဖွယ်ရုပ်ရည်ရူပကာ ရှိနေတာမှန်ပေမယ့် ... သူ အထင်မကြီးမိ။ မကြိုးစားချင်တဲ့စိတ်ကို မကြိုက် ... အတုအပနှင့် ဝတ်စားပြင်ဆင်မှုတွေကိုပဲ အလွန်အမင်းစိတ်ဝင်စားမှုရှိသည်ဟု ထင်ထားသည်။သံစဉ်လိုပဲ ... သူက စာစာနဲ့ အသေအလဲကြိုးစားနေချိန်တွင် သံစဉ်နှင့်မြခွန်းဆင့်တို့က သီချင်းတွေ နားထောင်လိုက် ... ဂိမ်းတွေ ကစားလိုက်နှင့် ... နိုင်း မနှစ်သက်ဆုံးအရာတွေပဲ ရှိနေခဲ့၏။ သံစဉ့်ကိုတောင် မြခွန်းဆင့်နှင့် မပေါင်းစေချင်ခဲ့ ... စာမကြိုးစားလို့ပါ။ သူ ... အဝတ်အစားတွေဝတ်ပြီး အခန်းထဲကနေ ထွက်လာခဲ့လေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

နိုင်း ... ဘာလဲဟ ... ဘဝင်တွေက မိုးထိမြင့်တက်သွားတာလား ... နိုင်းမာမီက လူကိုများ အဖက်မတန်သလိုလိုနဲ့ ပြုံးပြ နှုတ်ဆက်တာတောင် တံခါးပိတ်ပစ်သည်။ လုံး၀ တုန့်ပြမှုမရှိတဲ့ နိုင်းကိုယ်တိုင် တည်တည်တင်းတင်းကြီး ... မြခွန်း နှလုံးသားကိုလည်း မြခွန်း မယုံကြည်နိုင်အောင် ဖြစ်ရသည်။

"နိုင်းကို ကြိုက်မိသွားတယ်၊ ချစ်တယ် ... မြခွန်းဘာလုပ်ရမလဲဟင် ... "

နိုင်းက တုန့်ပြန်နှုတ်ဆက်ခြင်း မရှိတာတောင် မြခွန်း မမုန်းခဲ့။ နာကြည်းတာတွေလည်း မရှိ။ ချစ်တယ် နိုင်းရယ် ... ဘယ်ဘ၀က ရေစက်တွေလဲ ... မိန်းမတို့အိန္ဒြေ ရွှေပေးလို့မရ ... တန်ဘိုးမရှိလည်းနေပါစေ ... နိုင်းနှင့် မြခွန်းတို့က နီးစပ်ဖို့တောင် မလွယ်တာ ... မေမေကိုယ်တိုင်က နိုင်းကိုအရောတ၀င် သွားမလုပ်ဖို့





အသေအချာ ပြောထားသည်။

"ဟေ့ ... မြခွန်း တံခါးဖွင့်ပါဦး"

"ဟယ် ... သံစဉ်"

သံစဉ့်ကို တွေ့လိုက်သဖြင့် မြခွန်း အရမ်းကြီးပဲ ၀မ်းသာသွားသည်။ တွေ့ချင်နေတာပါ ... နိုင်းအကြောင်းတွေကို မေးချင်၏။ သံစဉ်ကလည်း ပြောပြတတ်သည်။

"သံစဉ် ... အမလေး တွေ့ချင်နေတာဟဲ့ ... လာ ... မြခွန်း အခန်းထဲသွားကြမယ်လေ ... "

"အန်တီသီတာရော ... "

" မရှိဘူး ... အပြင်သွားတယ် ... သံစဉ့် မိသားစုရော"

"မပြောချင်တော့ပါဘူးဟာ ... နိုင်းကို ပွဲထုတ်ဖို့အတွက် ဒက်ဒီ့ငယ်သူငယ်ချင်းအိမ် ညစာသွားကြတယ် ... ချွေးမလောင်းသွားရှာတာ ... သံစဉ် အမြင်ကတ်လို့ လိုက်မသွားတာ"

ချွေးမလောင်းရှာဖို့တဲ့ ... မြခွန်း ဘာမှန်းမသိဘဲ ရင်ထဲမှာ နာကျင်သွားရသည်။ နိုင်ရယ် ... ရှင့်မာမီကတော့ ရှင်နဲ့တန်မယ့် ချွေးမလောင်းကို ရှာနေပြီထင်တယ်။ မြခွန်းကို အဖက်တောင် မလုပ်ပါလား။ နိုင်းနှင့်နီးစပ်အောင် ဘယ်လိုလုပ်ရမလဲ တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မြခွန်း"

"အမယ်လေး ... လန့်လိုက်တာ သံစဉ်ရယ် ... ဘာလဲဟ"

"မြခွန်း ဘာတွေစဉ်းစားနေတာလဲ ... သံစဉ်က ပြင်းလို့ လာပါတယ်ဆိုမှ"

"သံစဉ် ... "

"ဟင် ... "

"နိုင်းအကြောင်းပါ။ တို့နဲ့အရမ်းမြင့်သွားတယ်၊ စောစောက လေ မြခွန်း ပြုံးပြုံးနှုတ်ဆက်တာ လုံးဝမတုံ့ပြန်ဘူး၊ ပြတင်းပေါက်တံခါးကို ပိတ်ပစ်တယ်"

"မာမီလေ ... သူ့သားနဲ့တန်တဲ့မိန်းကလေးကို မရှိတော့ဘူး၊ သံစဉ်တောင် အနှိမ်ခံရတယ်"

သံစဉ့်သူငယ်ချင်းတွေကို အိမ်-အလည်မခေါ်ရဘူးဆိုတဲ့ မာမီ့အမိန့်ကို မြခွန်းကြားလျှင် ဒေါသဖြစ်မှာပါ ... တကယ့်ကို ယဉ်ကျေးမှု မရှိကြဘူး။ အိမ်နီးနားချင်းတွေပဲ ... ပြုံးပြနှုတ်ဆက်တာလေ ဘာဖြစ်လဲ ... သံစဉ် မကျေမနပ်ဖြစ်ရသည်။

"နေပါစေဟာ ... နိုင်း နှုတ်မဆက်လည်း ဘာဖြစ်လဲ၊ မြခွန်းနော် ... နောက်တစ်ခါ လုံးဝနှုတ်မဆက်နဲ့ ... သံစဉ်လေ အမြင်ကတ်လို့ သံစဉ့်သူငယ်ချင်းမြခွန်းဆင့်မှာ နိုင်းထက် အဆတစ်ရာ





လောက်သာတဲ့ယောက်ျားတွေ ဝိုင်းဝိုင်းလည်နေတာပဲလို့ ပြောထားတယ်"

"မဟုတ်ဘဲနဲ့ သံစဉ်ရာ ... တော်ကြာ ... တကယ်ထင်သွားရင် ဘယ်လိုလုပ်မလဲ"

"ထင်ပစေလေ ... နိုင်း ဘဝင်မြင့်လွန်းလို့ ပြောပစ်တာပါ၊ အခြောက်တိုက်ဟာ ... မာမီနဲ့ တကယ်လိုက်တယ်"

အရင်ထဲက သံစဉ်က ဖခင်နှင့်ပဲ တရင်းတနှီးနေထိုင်ခဲ့သည်။ မာမီက ... သူ့သားမှ သူ့သားပါ။

"မြခွန်း"

"ဟင် ... "

"ဟိုဟာလေ ... ဟို ... ငွေလရောင် ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်သား အင်ဂျင်နီယာ မိုးသူရိန်က ရှင့်ကိုကြိုက်တာလေ၊ တွဲပြလိုက်ပါလား၊ နိုင်းထက် မြင့်ပါတယ်"

"မြခွန်းမှ မကြိုက်တာ"

"မာမီ့ကို မခံချင်လို့ပါ။ သံစဉ့်သူငယ်ချင်းတွေဆို အထင်သေးအမြင်သေးနဲ့"

မြခွန်း သိပါတယ် ... စောစောကပဲ သံစဉ့်မာမီက ပြတင်းပေါက်တံခါးကို အတင်းပိတ်ပစ်တာ ... မြခွန်းနှုတ်ဆက်တာကိုပင်



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်မပြုခဲ့ ... မြခွန်း ဘာဖြစ်လို့မှန်းမသိဘဲ ဝမ်းနည်းသွားသည်။

"မြခွန်း"

"ဟင်"

"မကြိုက်လည်း ဟန်ဆောင်တွဲပြပါ"

"တော်ပါပြီဟာ မြခွန်းမေမေက လက်မခံဘူး၊ ယောကျ်ား တစ်ယောက်ကို ချစ်သူရည်းစားအဖြစ် မတွဲရဘူးတဲ့ ... လူကြီးစုံရာနဲ့ တစ်ခါထဲလာတောင်းရမ်းစေတဲ့ ... မိန်းကလေးတစ်ယောက် အပေါ် တန်ဖိုးထားပြီး ချစ်မြတ်နိုးတတ်တဲ့ ယောကျ်ားဖြစ်ပါစေတဲ့"

"မြခွန်းမေမေနဲ့ သံစဉ့်မာမီတို့ကတော့ စံပါပဲ ... အရေးမပါတာ ... ရှေ့တစ်ပတ် နိုင်းနဲ့သံစဉ်တို့ရဲ့မွေးနေ့လေ"

"ဟုတ်သားပဲ ... မြခွန်းမွေးနေ့က ပြီးသွားပြီ"

နိုင်းတို့ မြခွန်းတို့က တစ်နှစ်ထဲမွေးကြပြီး လပိုင်းပဲကွာကြသည်။

"မွေးနေ့ပွဲကိုတော့ အကြီးအကျယ်လုပ်မယ်တဲ့ မြခွန်း ... မာမီက အစောကြီးထဲက စီစဉ်ထားတာပါ၊ သံစဉ့်မွေးနေ့ပွဲကိုတော့ မြခွန်း လာဖြစ်အောင်လာပါ၊ Sedona မှာလုပ်မှာ ... အဓိက နိုင်း အတွက်ပါ၊ မာမီလေ ... သူ့စိတ်ကြိုက်ချွေးမလောင်းကို ရှာနေတာ





ဟ"

မြခွန်းလိုမိန်းကလေးမျိုးကိုတော့ နိုင်းမာမီက အထင်ကြီးမှာ မဟုတ်ပါဘူး။ ဒီလိုမှန်းသိရင် ... ဆေးတက္ကသိုလ်တက်နိုင်အောင် စာတွေကြိုးစားပါတယ်။ အထက်တန်းကျောင်းမှာနေတုန်းကတော့ ... နိုင်းကို ဒီလောက်ကြီး မြခွန်း စိတ်မဝင်စားခဲ့ပါဘူး။ နိုင်း ပညာသင်ပြီး နိုင်ငံခြားကပြန်လာမှ အရမ်းချောလာဟုထင်သည်။

"ဖြစ်နိုင်ရင်လေ ... မြခွန်း ... ရှင် မိုးသူရိန်နဲ့တွဲလာခဲ့စမ်းပါ၊ သူလည်း နိုင်းလောက်ချောမောခန့်ညားတာပဲ ... နိုင်းထက်သာတာကလေ ... သူက လုပ်ငန်းရှင်ဖြစ်နေပြီ"

"သံစဉ်"

"ပြော ... "

"ရှင်ဆိုရင် ... မြခွန်းကို ယောက်မတော်နိုင်မလား"

"မြခွန်းရယ် ... ဘယ်လိုပြောလိုက်တာလဲ၊ သံစဉ်က မြခွန်းကို အချစ်ဆုံးသူငယ်ချင်းလို့ သတ်မှတ်ထားတာပါ၊ ယောက်မတော်ချင်တယ်၊ ဒါပေမဲ့လေ ... မာမီက သူ့သားကို ဘယ်လိုမိန်းကလေးမျိုးနဲ့မှ တူတန်တယ်လို့ သတ်မှတ်ထားလဲ မသိပါဘူးဟာ ... သံစဉ့်သူငယ်ချင်းတွေကိုဆို လုံးဝပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း နိုင်းမာမီ့ကို အပြစ်ပြောလို့မှမရတာ ... သူ့သား နိုင်းက လူတော်တစ်ယောက် ... မြခွန်းကိုချစ်တဲ့ယောကျ်ားတွေ ထဲမှာ နိုင်းထက် သာတာတွေရှိနေပေမယ့် ... နိုင်းကိုမှ ... မြခွန်း စွဲလန်းနှစ်သက် ချစ်မိနေသည်။

"သံစဉ် တောင်းဆိုထားတယ် ... သူငယ်ချင်းတွေကို ဖိတ်မယ်လို့ ဒက်ဒီ့ကိုပူစာတာ ဖိတ်တဲ့"

"မြခွန်း လာပါ့မယ် ... ကိုယ့်အချစ်ဆုံးသူငယ်ချင်း သံစဉ့် မွေးနေ့ပဲဟာ"

"အဲဒါ လာပြောတာပါ။ အခုလောက်ဆိုရင် မာမီက သူ့ချွေးမ လောင်းရှေ့မှာ နိုင်းအကြောင်းတွေ ဘယ်လောက်များ အမွှန်းတင် ကြွားဝါနေပြီလဲမသိဘူး"

နိုင်းမာမီ လက်ခံမယ့်ချွေးမလောင်း ဖြစ်ချင်လိုက်တာ ... မေမေသိရင်တော့ မြခွန်း သေပြီသာမှတ်တော့ ... မတတ်နိုင်ဘူး လေ ... မြခွန်းနှလုံးသားတွေထဲကနေ နိုင်းကိုမှ ရွေးချယ်မိသွား သည်။

"သံစဉ်ပြန်မယ်နော် မြခွန်း ... မာမီတို့ ပြန်လာတော့မယ် သံစဉ့် လွတ်လပ်ခွင့်တွေကိုတော့ တားဆီးလို့မရပါဘူးနော် ... မွေး နေ့ပွဲမှာတော့ အကုန်ဖိတ်ပစ်မှာ"





သံစဉ်က မြခွန်းပါးပြင်လေးကို ရွှတ်ကနဲနမ်းရှိုက် ပြန်ထွက် သွားသည်။ နိုင်းဆိုရင် ဘယ်လောက်ကောင်းမလဲနော် ... သံစဉ်နဲ့ နိုင်းတို့က အမွှာမောင်နှမတွေ ... မြခွန်းနှလုံးသားတွေထဲမှာ နိုင်းဟု ပဲ သတ်မှတ်လိုက်ပြီး ... အေးစက်သွားရ၏။ နိုင်းမွေးနေ့မှာ အမှတ် တရတွေဖြစ်အောင် ဘာတွေလုပ်ရမလဲ။ စဉ်းစားစမ်း မြခွန်းဆင့်။ နိုင်းမာမီ လက်ခံခံမခံခံ ... နိုင်းကိုတော့ မြခွန်းအပိုင်းသိမ်းပိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

"မြခွန်းဆင့်"

"ဟင် ... မေမေ ... ဘယ်တုန်းကပြန်ရောက်လာတာလဲ၊ သူတို့တွေက ဘာတွေလဲဟင်"

"လက်သမားတွေ ... "

"ဘာလုပ်ဖို့လဲ မေမေ"

"ဒီပြတင်းပေါက်ကို အသေပိတ်ပစ်မလို့"

"ဟာ ... မေမေကလည်း အလကားပိုက်ဆံကုန်အောင် မြခွန်း မဖွင့်ပါဘူးဆို"

"စကားမရှည်နဲ့ ... ဒီလက်သမားတွေကို ဟိုဘက်ခြံက ဒေါ်အေမီသော်က ... သူ့သားပြတင်းပေါက်ကို အသေပိတ်ပေးဖို့ ခေါ်ထားတယ်တဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ ..."

"ဘာဒုက္ခလဲ ... ယောကျ်ားလေးရှင်က ကြီးကြီးကျယ်ကျယ်နဲ့ ... မေမေက အရင်ပိတ်ပစ်တာလေ ... မင်းတို့ မနက်ဖြန် အဲဒီခြံသွားရင် ပြောပြလိုက်ကြနော်"

"ဟုတ်ကဲ့ ..."

"ဒင်းသားက ဘာတွေများတော်နေလို့လဲ ... ငါ့သမီးနဲ့ တူတန်မယ်ထင်နေလား"

မေမေ့ကြောင့် စိတ်ညစ်သည်။ တော်ကြာ ... နိုင်းမာမိက မုန်းတီးနေဦးမယ်။ နိုင်း စိတ်ဆိုးသွားမှာလည်း စိတ်ပူရ၏။ လက်သမားတွေက ပြတင်းပေါက်ကို ဖွင့်မရအောင် အသေပိတ်ပစ်လိုက်ကြသည်။

"မင်းတို့တွေကို လက်ခံပိုပေးလိုက်တယ်နော် ... အန်တီ့သဘောထားကို တိတိကျကျသာ ပြောပြလိုက်ကြ ... အန်တီ့သမီးကို လုပ်ငန်းရှင်ကြီးရဲ့ တစ်ဦးတည်းသောသား အင်ဂျင်နီယာပေါက်စလေးက လာကြိုက်တာတောင် စဉ်းစားနေတယ်လို့"

"ဟုတ်ကဲ့ ... ပြောပြလိုက်ပါ့မယ်"

"မေမေကလည်း ... ဘာတွေပြောနေတာလဲ ... အိမ်နီးနားချင်းတွေကို ပြီးတော့ ... သံစဉ်နဲ့က အချစ်ဆုံးသူငယ်ချင်းတွေ အားနာစရာကြီး"



လက်သမားတွေကို ဘာအကြောင်းမှ သွားမပြောဖို့ မေမေ့အလစ်တွင် လက်ဟန်ခြေဟန် ... မျက်နှာအမူအရာတွေနှင့် မြခွန်းအလျှင်အမြန်တားဆီးရသည်။ အရေးထဲ ... မိတုတ်ဝင်လာ၍ အမူအရာ မပျက်အောင် ပြန်နေဖြစ်ရ၏။ မိတုတ်က မလွယ်ဘူး။ မေမေ့ကို အတိအကျပြန်ပြောသည်။

"မကြာခင် ဒီခြံကြီးကိုရောင်းပြီး ... ပြောင်းတော့မယ်လို့လည်း ပြောပြလိုက်ကြဦးနော်"

"ဟုတ်ကဲ့ ... အို ..."

နောက်ကနေ မြခွန်းက လက်ကာပြလိုက်၍ လက်သမားတွေ ဘယ်သူ့ဘက်လိုက်ရမှန်းမသိဘဲ ကြောင်တောင်တောင်နှင့် ပြန်သွားကြသည်။

"အမယ်လေး ... အခုမှပဲ စိတ်ဖြောင့်တော့တယ်၊ ဒီကိစ္စ မေမေက ရန်စတာမဟုတ်ဘူးနော် သမီး ... ဒင်းတို့က ကြီးကြီးကျယ်ကျယ်စလုပ်ကြတာပါ၊ ဘယ်ရမလဲ ... မြသော်တာပဲဟာ ... တော်သေးတယ် မိတုတ်ရယ် ... လက်သမားခေါင်းဆောင်က မေကြီးနဲ့သိနေလို့လေ"

"ဟုတ်တယ် မေကြီး ... ကောင်းတယ်၊ မိတုတ်တို့မမလေး


www.burmeseclassic.com

www.burmeseclassic.com



မြခွန်းက အရမ်းချောတာပဲ ... ကြိုက်တဲ့ယောကျ်ားတွေမှ တစ်ပုံတစ်ပင်ကြီး ... ... သူတို့က ဘာမို့လို့လဲ"

"တွေ့လား ... ညည်းလို ပညာမသင်ရ ... မိဘမဲ့မိတုတ်တောင် အတွေးအခေါ်ရှိတယ်"

"မြခွန်းက ဘာလုပ်နေလို့လဲ ... ဟဲ့မိတုတ် ... ငါ့အဝတ်တွေ မီးပူတိုက်ပြီးပြီလား၊ သွားတိုက်စမ်း ... နင်ဟာလေ နေရာတကာ စပ်စုချင်တယ်၊ သွား ... "

မေမေ့ကို မနိုင်တော့ ... အလုပ်သမားကောင်မလေး မိတုတ်ကိုပဲ အပြစ်တင်သည်။ လက်သမားတွေ ဘာမှသွားမပြောပါစေနဲ့ ... ယောက္ခမလောင်းကြီး အမျက်သိုသွားလို့ မဖြစ်ဘူး။ မြခွန်းရဲ့ယောက္ခမကြီး တစ်နေ့နေ့ဖြစ်ရမှာပါ။ မေမေကလည်း တင်းမာခက်ထန်စွာကြည့်ရင်း ... မြခွန်းကိုပဲ ကြိမ်းမောင်းသည်။

"ကြပ်ကြပ်သတိထားနော် မြခွန်းဆင့် ... ညည်းအကြောင်းတွေ မေမေ မသိဘူးမထင်နဲ့ ... မေမေမွေးလို့ ညည်းက လူဖြစ်တာနော် ... ဟိုကောင် အဟုတ်ပလုပ်ကောင် ... နိုင်ငံခြားပြန်ဆိုပြီး အထင်ကြီးနေတာမဟုတ်လား ... မိန်းမနောက်ပိုးမလုပ်နဲ့ ... သေသွားမယ်"

မေမေနဲ့မိတုတ် ပြန်ထွက်သွားတော့မှ မြခွန်း နှုတ်ခမ်းသား





လေးတွေ တွန့်ရှုံ့တွသွားလေသည်။ မြခွန်းကိုပဲ မေမေစောင့်ကြည့်နေတာကိုး ... နည်းနည်းလေးမှ အလွတ်မပေးဘူး။ သံစဉ်မွေးနေ့ပွဲကိုတောင် သွားခွင့်ရှိပါ့မလား ... စိတ်ညစ်တယ် ... မြခွန်းတစ်ယောက်ထဲ မကျေမနပ် ... ပွစိပွစိပြောနေရင်း ... ကျန်ရစ်ခဲ့သည်။

+++

www.burmeseclassic.com

## အခန်း ( ၄ )

"သူက အေမိုသား ရွှေတွင်း၌တင်ပါ၊ အမေရိကားမှာ ပညာသွားသင်နေတာလေ ... ပြန်ရောက်လာတာ တစ်ပတ်ပဲရှိပါသေးတယ်"

နိုင်းကတော့ သူ့ရှေ့မှာထိုင်နေတဲ့ ... ရုပ်လှာဆိုတဲ့ ကောင်မလေးကို သိပ်ပြီးတော့ စိတ်မဝင်စားမိ ... မိန်းမချောလေးပါပဲ။ ဒါပေမဲ့ မျက်နှာထားက မာထန်လွန်းသည်ဟုထင်မိသည်။ မာဓိကြောင့်ပါ။ သူ့ကို အမွှန်းတင်ပြောနေတော့ လှရုပ်လှာက နည်းနည်းလေး နှုတ်ခမ်းတွန့်သွား၏။ သူမကိုယ်တိုင်လည်း အင်္ဂလန်ကနေ ပညာသင်ပြီး ပြန်လာတာပဲဖြစ်သည်။

"ထူးသမီးလေးကလည်း အင်္ဂလန်ကနေပြန်လာတာ မကြာသေးဘူးလေ၊ ဒီမှာ Shopping Mall တစ်ခုလောက် ဆောက်ပြီး





ဦးစီးလုပ်ကိုင်ဖို့ စိတ်စဉ်နေပါတယ်"

ဒေါ်အေမိသော်ကတော့ သားနှင့်တန်တဲ့မိန်းကလေး တွေ့ပြီဟု ကျေနပ်ပျော်ရွှင်သွားသည်။ ဆွေကြီးမျိုးကြီးထဲက တော်ဝင်နန်းထိုက် ပင်မြင့်သာလေးပဲ ... ရုပ်ရည်ကလည်း ချောချောအိစက်စက်လေး ... အသားလေးက ဖြူဝင်းနေတာပဲ ... သား နိုင်းနဲ့ ဘယ်လောက်လိုက်ဖက်မလဲလို့ ...

"ကျွန်မသားလည်း ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခု လုပ်ဖို့စီစဉ်နေတယ်လေ၊ သားက အင်ဂျင်နီယာပါ"

"ကောင်းပါတယ် ကောင်းပါတယ် ... ကိုကိုနဲ့ အေမိုခင်ပွန်းနဲ့ အရမ်းခင်မင်ရင်းနှီးကြတယ်လို့ ပြောပါတယ်"

"ဟုတ်ပါတယ် ထူးရယ် ... မောင်ကလည်း ပြောပါတယ်၊ အခုပြန်တွေ့ကြတော့လေ ဟိုမှာတွေ့လား ... ခေါင်းချင်းဆိုင်ပြီး ဘာတွေတိုင်ပင်နေကြလဲ မသိတော့ဘူး၊ ဟင်း ... အဟင်းဟင်း"

နိုင်းကတော့ စိတ်ညစ်တယ်။ ဟန်ဆောင်နေရတာ စိတ်တွေ မွန်းကြပ်ကြပ်ကြီးဖြစ်နေသည်။ မာဓိကလည်း စွပ်မြှောက်နေတယ်။ လှရုပ်လှာမျက်နှာလေးက တည်တည် ... သူ ထပြီးထွက်သွားချင်လာ၏။ မိန်းမတွေကို နိုင်းက စိတ်ဝင်စားတာမဟုတ်။ စီးပွားရေးပဲ လုပ်ချင်တဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညစာစားဖို့ကြွကြပါ ကိုကိုရေ ... စကားတွေဖြတ်ပြီး ထူးတို့ ဗိုက်ဆာပြီလေ"

"လာပြီ ထူးရေ ... ဒီမှာ ကိုမြတ်နဲ့တွေ့နေတုန်း ငယ်ငယ်ကအကြောင်းတွေ ပြောနေကြတာပါ"

"ဟင်းနော် ... ငယ်ရည်းစား ကျောင်းနေဘက်တွေအကြောင်း မဟုတ်လား"

"မဟုတ်ရပါဘူးကွာ ... တကယ်ပါ ကိုမြတ်သူ ပြောလိုက်ပါဗျာ ... ကိုယ့်မှာ ငယ်ရည်းစားလည်း မရှိဘူး၊ ကြီးရည်းစားလည်း မရှိပါဘူး၊ သန့်သန့်လေးလို့"

ဒက်ဒီနဲ့တော့ မတူဘူး။ ဒက်ဒီက တည်တည်တန့်တန့်နေထိုင်သူပါ။ မိန်းမနှင့်လည်း အရောတဝင်မနေခဲ့ ... သံစဉ်တစ်ယောက်ကိုပဲ ဒက်ဒီ ဂရုတစိုက်ရှိသည်။

"ကိုယ့်သမီးလေးကတော့ တကယ့်ကိုထူးချွန်ထက်မြက်တယ်နော် ကိုမြတ် ... Super Market ကြီးတစ်ခုကို အသာလေးကိုင်တွယ် အုပ်ချုပ်စီမံနိုင်တယ်"

မာမီ ငြိမ်သက်သွားသည်။ သူ့သားကို ဘယ်လိုကြွားလုံးထုတ်ရမှန်း မသိပုံပင် ... အစားအသောက်တွေကအစ အနောက်တိုင်းဆန်လွန်းနေ၏။ နိုင်းက မြန်မာအစားအစာတွေကို နှစ်သက်





သည်။

"သမီးကလေ မွေးကထဲက အနောက်တိုင်းမှာ ကြီးပြင်းလာတာပါ ... သူတို့လည်း ဟိုမှာလိုလိုပဲနေဖြစ်တော့ အနောက်တိုင်းအစားအစာတွေပဲ ကြိုက်တယ်၊ အေမီရောကြိုက်လား ... သားရော"

"ဟုတ်ကဲ့ ကြိုက်ပါတယ်"

"အေမီလည်း ကြိုက်တယ်၊ လူက မြန်မာပြည်မှာနေပေမယ့် မြန်မာအစားအစာတွေကို သိပ်မကြိုက်ဘူး၊ သားလည်း အတူတူပဲ"

"ဒါနဲ့ ... ကိုမြတ်မှာ သားနဲ့ အမွှာသမီးလေးတစ်ယောက်ရှိသေးတယ်ဆို လိုက်မလာဘူးလား"

"နေခဲ့တယ် ... သမီးလေးက အပြင်မထွက်ဘူး၊ သူ့အိပ်ခန်းလေးထဲမှာနေတာ ပိုကြိုက်တယ်"

ဒက်ဒီက သံစဉ့်ဘက်ကနေ အကာအကွယ်ပေးတတ်သည်။ သမီးအကြောင်း မကောင်းမပြောဖို့ ... အမူအရာနှင့်ဟန့်၏။ မာမီ ငြိမ်သက်သွားသည်။

"ညစာစားပြီးရင်တော့ ... အေမီ ပိုကာကစားတတ်လား၊ လူကြီးတွေ ကစားကြမယ် ... သားနဲ့သမီးလွှာတို့ကတော့ ခြံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းအကြောင်းတွေ ဆွေးနွေးတိုင်ပင်ကြလေ"

"ကောင်းတယ် … သားနဲ့သမီး ပွင့်ပွင့်လင်းလင်းဆွေးနွေးကြ … အေမီ ပိုကာတော့မကစားတတ်ဘူး၊ ထူး သင်ပေးလေ"

"OK သင်ပေးမယ်၊ စိတ်ချ တတ်သွားစေရမယ်"

"ထူးကလေ … အရမ်းပွင့်လင်းတယ်၊ ခင်မင်စရာကောင်းလိုက်တာနော်၊ နောက်ဆို တို့တွေ တွဲမိကြတော့မယ်ထင်တယ်"

ညစာစားပြီးတော့ လူကြီးတွေအနားမှာ မနေချင်၍ … နှိုင်းဦးဆောင်ပြီး ခြံထဲဆင်းလာခဲ့သည်။ ဘေးမှာ လှရုပ်လွှာလည်း ကပ်လိုက်လာ၏။ သူတို့ခြံထက်ကျယ်၍ အဖိုးတန်သစ်ပင်ပန်းပင်တွေလည်း စုံစုံလင်လင်တွေ့ရသည်။

"ရွှေထွန့်တင်"

"ဟင် … လှရုပ်လွှာ ပြောပါ၊ ဘာပြောစရာရှိလို့လဲ"

"ရှင့်ကို လွှာတစ်ခုမေးမယ်နော် … လွှာ့ကို ဘယ်လိုမြင်လဲလို့"

"ကိုယ် မဝေဖန်တတ်ဘူး၊ ကြီးကျယ်တာတော့ မဟုတ်ဘူးနော် … ကိုယ် မိန်းကလေးတစ်ယောက်နဲ့ တရင်းတနှီးနေထိုင်တာ ရွှေရုပ်လွှာတစ်ယောက်ထဲပဲ ရှိသေးတယ်"





"တကယ်"

"အင်း"

ရွှေထွန့်တင်ကတော့ … မိန်းကလေးတစ်ယောက် လုံးဝအထင်ကြီးနှစ်သက်စေနိုင်တဲ့ ညို့ယူဖမ်းစားနိုင်သော အရည်အချင်းတွေ အပြည့်အဝရှိနေသည်။ မဆိုးပါဘူး … ဖြူနုရှင်းသန့်နေသည်။ အရပ်က မြင့်မြင့်မားမား ယောက်ျားလည်းပီသတယ်။ လွှာတော့ နည်းနည်းသဘောကျသွားပေမယ့် … မာမီ့လမ်းစဉ်အတိုင်း ယောက်ျားလေးတစ်ယောက်ကို အပေါ်စည်းကပဲ ပြောဆိုဆက်ဆံမည်ဖြစ်သည်။

"ရွှေထွန့်တင်က … အမဆိုရင် ယဉ်မတောင်မသန်းဖူးဘူးဆိုပါတော့"

"အင်း … အဲဒီလိုပြောရမလား"

"လွှာလည်း ယောက်ျားတွေကို သိပ်ပြီးအထင်ကြီးတတ်တာ မဟုတ်ဘူးနော် … လွှာနဲ့တန်တဲ့သူတောင် … မရှိဘူးလို့ သတ်မှတ်ထားတာ"

လှရုပ်လွှာမျက်နှာလေးက မို့မို့လေး … မဆိမဆိုင် နှိုင်းသတိရလိုက်တာက မြခွန်းဆင့်ပဲ … ကျောင်းမှာဆိုရင် ကောင်လေးတွေက အရမ်းကြိုက်ကြပြီး … သူမနှင့်တန်တဲ့သူ ယောက်ျားလေး



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးဟု ဘဝင်မြင့်နေသူဖြစ်သည်။ ဒါပေမဲ့ ... သူ့ကိုတော့ အပြုံးနှင့် နှုတ်ဆက်၏။ အားနာစရာကြီး ... သံစဉ်သူငယ်ချင်းဖြစ်၍ မရိုင်း သင့်ဟုထင်သည်။

"ရွှေထွန်းတင် ... ရှင် ဘာတွေစဉ်းစားနေတာလဲ"

"ညီမလေးသံစဉ်ကို သတိရသွားလို့ပါ"

"ရွှေထွန်းတင်ရဲ့ညီမလေး ဘာဖြစ်လို့မလာတာလဲ၊ ရှင်နဲ့ အမွှာဆို"

"အင်း ... ကိုယ်နဲ့ ရုပ်ချင်းပဲဆင်တာ ... စိတ်ကတော့ လုံးဝ ဆန့်ကျင်ဘက်ပဲ ... အိမ်ထဲမှာပဲ အနေများလို့ပါ"

"အင်း ... မနက်ဖြန် ရွှေထွန်းတင်အားလား၊ မအားလည်း လွှာကအားဆို ရွှေထွန်းတင် အားပေးရမယ်နော် ... ဘယ်လိုလဲ"

သူ့မှာ ဘာအလုပ်မှမရှိပေ ... လုပ်ငန်းမစရသေးလို့ အိမ်မှာ အနားယူနေရသည်။

"ကိုယ် ... မအားဘူးထင်တယ် လှရုပ်လွှာ ... စီးပွားရေး လုပ်ငန်းတွေက အစမှစမှာဆိုတော့ ... ကိုယ် လေ့လာနေရတယ်၊ အဆက်အသွယ်တွေလည်း လုပ်ရတယ်"

"ရွှေထွန်းတင်က ငြင်းတာလား ... လွှာပြောထားတယ်နော် လွှာ့အတွက် ရှင့်အလုပ်တွေကို ဘေးဖယ်ထားလိုက်လို့"





နိုင်း ခေါင်းကိုခါရမ်းပစ်သည်။ လှရုပ်လွှာလိုမိန်းမမျိုးကို တော့ သူ ... လုံးဝမနှစ်သက်ပေ ... မိန်းမစကားကို ဒက်ဒီလည်း နားမထောင်တတ်ပေ။

"မဖြစ်နိုင်ဘူးထင်တယ် လှရုပ်လွှာ ... ကိုယ့်စီးပွားရေးကိစ္စ နဲ့ ချိန်းထားတယ်၊ မင်းက ဘာအလုပ်တွေရှိနေလို့လဲ"

"မြေနေရာ သွားကြည့်မလို့"

"ကိုယ်နဲ့ မဆိုင်ဘူးထင်တယ်"

"အဖော်ပါ"

"ကိုယ် တကယ်မအားတာပါ"

"ဟွန်း ... "

ရွှေထွန်းတင်ကလည်း မာနခဲပဲ ... လွှာ ကိုင်တွယ်လို့ ခက်ခဲ နိုင်သည်။ မာမီကတော့ ရွှေသမက်တော်ချင်နေသည်။

"ရွှေထွန်းတင်လို ယောက်ျားတစ်ယောက်က ... သမီးလွှာ ရွေးချယ်သင့်တယ်နော် ... ရုပ်ရည်ကလည်း မိတယ်၊ ပညာရော ထူးချွန်ထက်မြက်တာရော ... အမိဖမ်းထားသင့်တယ်"

လွှာလည်း သဘောကျသည်။ ဒါပေမဲ့ ... လွှာပဲ ချုပ်ကိုင် ထားချင်သည်။ လွှာ့နှလုံးသားတွေကို ချုပ်ကိုင်ထားနိုင်သော ယောက်ျားတစ်ယောက် ဖြစ်နေ၏။ ဒါပေမဲ့ ... လွှာက သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အထင်မကြီးသလိုလို … ရွှေထွန်းတင် ငြင်းပယ်လိုက်တာကတော့ လွှာ အောက်သက်သက်နှင့် မခံချင်ဖြစ်ရသည်။

"ရွှေထွန်းတင်ကိုတိုင်ပင်ပြီး ဝယ်မလို့လေ၊ လိုက်ကြည့်သင့် တယ် မဟုတ်လား"

" Sorry ကွာ … အားနာတယ်၊ ကိုယ် မအားဘူး၊ မင်း လုပ်ငန်းကို မင်းပဲဆုံးဖြတ်ပါ"

"မရဘူး၊ ရှင်လိုက်ရမယ် … လွှာ့ဆန္ဒကို ရှင်ဖြည့်စွမ်းပေးရ မယ်၊ မနက်ဖြန်မနက် အဆင်သင့်ပြင်ထားပါ၊ လာခေါ်မယ်"

သူမ အမိန့်ပေးသလို … လွှာ့ဆန္ဒကို ရှင့်မှာ ငြင်းပယ်ပိုင်ခွင့် မရှိဘူးဆိုတာ ပြရမယ်။ လုရှပ်လွှာကို ဘာထင်လဲ ရွှေထွန်းတင်ကို လွှာ အပြတ်ချုပ်ကိုင်ပစ်မည်။ လုရှပ်လွှာကို လာပြီးကြီးကျယ် ခမ်းနားမနေနဲ့ … သူမ တိုက်ထဲပြန်ဝင်လာခဲ့သည်။

"အန်တီအေမီ … မနက်ဖြန်လေ လွှာ မြေကွက်သွားကြည့် မယ်၊ ရွှေထွန်းတင်ကို ခေါ်သွားချင်ပါတယ်၊ သူကလေ … အလုပ် တွေ မအားဘူးဖြစ်နေတယ်၊ ဘယ်လိုလုပ်ရမလဲ"

"သားရယ် လိုက်သွားလေ … လွှာလေးက စီးပွားရေးကိစ္စ သွားမှာပဲ သမီးနဲ့လိုက်သွား"

"သား တကယ်ပဲမအားလို့ပါ မာမီ … ချိန်းထားပြီးသားဖြစ်





နေလို့"

"မရဘူးနော် ရွှေထွန်းတင် မနက်ဖြန်ပြင်ထား … လွှာ လာ ခေါ်မယ်၊ စောင့်နေ"

မာမီကတော့ … အတင်းအကြပ်ပင် လိုက်သွားစေသည်။ နိုင်းကတော့ မိန်းမတစ်ယောက်ရဲ့ ချုပ်ကိုင်ဖို့ ကြိုးစားတာသိနေ သည်။ စိတ်ပျက်တယ် … အိမ်ပြန်ရောက်မှ သူ တော်တော်လေး စိတ်သက်သာရာရသည်။

"သားနော် … မင်းနဲ့အလိုက်ဖက်ဆုံးဇနီးလောင်းပဲ တစ်ဦး တည်းသောသမီးလေး … လုပ်ငန်းကြီးတွေပိုင်ဆိုင်မှာ … သား ဘယ်လောက်ဂုဏ်တက်မလဲ၊ အိုကွယ် မာမီချွေးမလောင်းက မြင့် လိုက်တာ ပြည့်စုံတယ်"

"အေမီနော် မင်းသားက ရောင်းကုန်မဟုတ်ဘူး၊ မင်း ဘာ ဖြစ်နေတာလဲ"

"မောင် ဘာသိလို့လဲ … အဆင့်မြင့်တဲ့ချွေးမလောင်းလေး အေမီတို့သားဘဝကို ဂုဏ်ဒြပ်တွေမြင့်မားစေမှာလေ"

"အေမီ … မင်းလွန်လာပြီနော် … သားအိမ်ထောင်ရေးကိစ္စ သားကိုယ်တိုင်ဆုံးဖြတ်ပါစေ … မင်းနဲ့ပေါင်းရမှာလား … မင်းဟာ ဘ အောက်ကျနောက်ကျနဲ့ … မောင်တို့သား စီးပွားရေးလုပ်ပါစေ



www.burmeseclassic.com

www.burmeseclassic.com



ဦးကွာ”

ဦးမြတ်သူကတော့ သားအိမ်ထောင်ဖက်အတွက် သားချစ်မြတ်နိုးတဲ့မိန်းကလေးပဲ ဖြစ်ချင်သည်။

“မောင့်သမီးပဲ မောင် အလိုလိုက်စမ်းပါ ... အေမို့သားက အေမီ ပုံစံသွင်းထားတဲ့အတိုင်း ဖြစ်စေရမယ်၊ အဆင့်မရှိတဲ့ မိန်းကလေးတွေရဲ့ မာယာထောင်ချောက်ထဲ တိုးဝင်သွားရင် ... အေမီ ရင်ကျိုးရမှာနော်”

“မောင်ကတော့ မင်းသဘောအတိုင်း လုံးဝမဖြစ်စေရဘူးကွာ ... သားနဲ့သမီးဘဝကို လွတ်လွတ်လပ်လပ် ရှင်သန်စေချင်တယ်၊ ပြီးတော့ ... ထူးထူးနဲ့ အရမ်းမပေါင်းနဲ့ ... ဘာမှအထင်ကြီးစရာ မရှိဘူးနော် အေမီ”

မောင့်စကားတွေကို အေမီ လက်မခံနိုင်ပါဘူး။ သူ့သမီးကြည့်လေ ... ညံ့ဖျင်းတယ် ... အထက်ကို ရောက်မလာဘူး။ ဒေါ်အေမီက သမီးသံစဉ်ကို ဆရာဝန်ဖြစ်စေချင်တာ ... အခုတော့ အသုံးမကျဘူးလေ။ ဖအေက လွတ်လပ်ခွင့်တွေ ပေးလွန်းတယ်။

“အေမို့သားကို အေမီစီစဉ်မယ်၊ မောင့်သမီးကတော့ မောင့်ဆန္ဒအတိုင်းထားပါ၊ အေမို့သားဘဝ မြင့်မားရေးအတွက် အေမီ အစွမ်းကုန်ကြိုးစားမယ်”





“သား မင်းချစ်မြတ်နိုးတဲ့မိန်းမကိုပဲ လက်ထပ် ... မင်းနဲ့ ဘဝတစ်သက်တာလုံး ပေါင်းရမှာကွ မမှားစေနဲ့”

နိုင်း စိတ်ညစ်မိသည်။ မာမို့ဆန္ဒကိုလည်း နိုင်း ဘယ်တုန်းကများ ဆန့်ကျင်ဘက်လုပ်ရဲလို့လဲ။ မာမီ စိတ်မချမ်းမသာဖြစ်မှာ နိုင်း အကြောက်ဆုံးဖြစ်သည်။

+++

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

"ဘာပြောတယ်၊ ဒင်းသမီး အိပ်ခန်းကိုလည်း အသေပိတ်ပစ်ထားတယ်ဟုတ်လား"

"ဟုတ်ပါတယ် အန်တီ ... ကလေးမလေးအမေက မာနကတော့ ခေါင်ခိုက်နေတာပဲ၊ သူ့သမီးကိုလည်း ယောက်ျားလေးတွေကို စိတ်မဝင်စားဖို့ ကိုယ်နဲ့မတူမတန်ဘူးလို့ စိတ်ထဲမှာစွဲထားတဲ့ သူ့သမီးနဲ့တူတန်တဲ့ ယောက်ျားလေးကို အတော်ရှာယူရမယ်တဲ့"

"အမယ်လေး ကြားလား ... သား ... ဒင်းအမေက ဘာမို့လို့လဲ ... မတန်မရာ ပညာရေးကလည်း ရိုးရိုးဘွဲ့လေးပဲရတာ၊ အဖမဲ့ ... ဒင်းအလုပ်က ပွဲစား ... ဘာအထင်ကြီးစရာရှိလို့လဲ"

"မာမီကလည်းဗျာ ... သူတို့ဟာ သူတို့ပြောတာ ... မာမီနဲ့မဆိုင်ပါဘူး၊ ထားလိုက်ပါ ... ကဲဗျာ ... လုပ်စရာရှိတာ မြန်မြန်





လုပ်ပါ၊ နိုင်းမှာ လုပ်စရာတွေရှိသေးတယ်"

"ဟုတ်တယ် ... ဟုတ်တယ် ... မင်းတို့အလုပ်ကို မြန်မြန်လုပ်ကြ ... အန်တီ့သားမှာလေ မကြာခင် စေ့စပ်တော့မယ့် မိန်းကလေးလာမယ်၊ အရမ်းချမ်းသာတယ်၊ အင်္ဂလန်က ပညာသင်ခဲ့တာလေ၊ အခု Super Market ကြီးဖွင့်ဖို့ သားနဲ့ မြေကွက်သွားကြည့်မယ်လေ"

မာမီ အပြိုင်အဆိုင်တွေလုပ်နေတာကိုတော့ နိုင်း မနှစ်သက်မိ ... သံစဉ်က ရှိသေးတယ်။ အခုတောင် မောင်နှမချင်းက ခပ်စိမ်းစိမ်း ... မာမီ့ကြောင့်ပါ။ ဒက်ဒီကတော့ မောင်နှမနှစ်ယောက်လုံးကို ညီတူညီမျှ ဆက်ဆံသည်။

"သားရေ ... ပြင်တော့လေ ... မာမီ ညက ထုတ်ပေးထားတဲ့ အနောက်တိုင်းဝတ်စုံလေးကို ဝတ်လိုက် ... မာမီ့သား ဘယ်လောက်အထိ Smart ကျလည်းဆိုတာ လှရုပ်လွှာလေး သိစေချင်လို့ပါ"

တမင် လက်သမားတွေကြားအောင် ပြောပစ်လိုက်သည်။ ဒင်းတို့ကများ သူ့သမီးအိပ်ခန်းတံခါးကို အရင်ပိတ်ပစ်ရတယ်လို့ အေမီက အရင်ပိတ်ပစ်ချင်တာ ... နောက်ကျသွားသဖြင့် စိတ်ထဲမှာ အောက်သက်သက်ကြီး ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒင်းသမီးကများ ဟွန်း ... မတန်မရာ"

"မာမီတော်ပါတော့ဗျာ ... အလုပ်သမားတွေက ဘာသိမှာလဲ သွားပြောနေရင်ခက်မယ်"

"ပြောပြောကွာ ... စဉ်းစားကြည့်စမ်း ... ဒင်းကများ အဖြစ်သည်းနေရသေးတယ်"

မာမီ့ကို မပြောချင်တော့ ... အိမ်နီးချင်းဖြစ်ပြီး သံစဉ့် သူငယ်ချင်းလည်းဖြစ်နေ၍ အားနာမိသည်။ မာမီကလည်း လှရုပ်လွှာလာတော့မည်ဖြစ်၍ နိုင်းအား စိတ်တိုင်းကျပြင်ဆင်နေ၏။ မာမီ့သားကို တန်ဖိုးကြီးကြီးတင်ထားရမယ်ဟုလည်း ပြောနေသည်။

"နိုင်း"

"ဗျာ ... "

"လုံးဝနော် ... လုံးဝပဲ"

"ဘာလဲ မာမီ"

"လှရုပ်လွှာလေးကို လိုက်လိုက်လျှောလျှောလေး ဆက်ဆံ မာမီ့ချွေးမလောင်းမှာ ရှိသင့်တဲ့အရည်အချင်းတောင် ကျော်လွန်နေတယ်၊ ဂုဏ်ဒြပ်တွေနဲ့ပြည့်စုံတဲ့ သားလိုယောကျ်ားတစ်ယောက်မှာ ပွဲတက်မယားဆိုတာ အရေးကြီးတယ်၊ မင်းဒက်ဒီကိုကြည့်လေ ... သူက သူ့ကိုယ်သူ ဟုတ်လှပြီထင်နေတာ ... ပွဲတက်မယားဖြစ်တဲ့





မာမီ့ဂုဏ်ဒြပ်ကြောင့် ပိုပြီးဂုဏ်ကျက်သရေတွေတိုးရတာ"

မာမီက မိဘဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝကြတာ။ ပညာတတ်တွေ ဖြစ်ကြသည်။ မာမီကိုယ်တိုင် ဘွဲ့တွေ နှစ်ဘွဲ့ လောက်ရထားပေမယ့် ... စီးပွားရေး တမင်မလုပ်တာပါ။ မာမီ မာနကြီးလွန်း၍လည်း ဒက်ဒီက အိမ်ရှင်မအဖြစ်ပဲ နေစေသည်။

"တီ ... တီ"

"တီ ... "

"ဟော ... လှရုပ်လွှာလေးလာပြီ၊ အောက်ထပ်ဆင်းခဲ့နော် မာမီကြိုလိုက်မယ်"

မာမီ ... အောက်ထပ်သို့ ပြာယာခတ်အောင်ဆင်းသွားကာ သံစဉ့်နာမည်ကိုလည်း အော်ခေါ်နေသည်။

"သံစဉ်ရော ... ဟဲ့သံစဉ် ... ချစ်သံစဉ်"

"ရှင် ... "

"ထွက်ခဲ့စမ်း ... ညည်းကို မိတ်ဆက်ပေးရမယ်၊ မာမီ့ချွေးမလောင်း ... သမီးယောက်မလောင်းနဲ့လေ"

"ရှုပ်တယ်၊ သံစဉ် ဘယ်သူနဲ့မှမခင်ချင်ဘူး"

"ထွက်ခဲ့နော် ... မာမီ အေးဆေးခေါ်နေတုန်း"

သူလည်း ထွက်လာသည်။ သံစဉ်လည်း ... နှုတ်ခမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



စုထော်ထော်နှင့် မျက်နှာလေးမသာမယာ ရှုံ့တွတွနှင့် ထွက်လာ၏။ မာမီကတော့ ပြေးဆင်းသွားသည်။

“မြန်မြန်ထွက်လာခဲ့ကြ ... မိသံစဉ် ... မျက်နှာထား ပြင်စမ်း ... လူမှုရေးနားလည်”

သံစဉ့်ကို နိုင်း ကြည့်ပြီးရယ်ပြတော့ သံစဉ် မသိချင်ယောင်ဆောင်သည်။

“ဘာတွေလဲဟ ... အားလုံး အမြင့်ဇယားတွေပါလား။ အခုရောက်လာတဲ့ဟာမကလည်း မိုးပေါ်ကပဲထင်တယ်”

“သံစဉ် ... ”

“ဘာလဲ”

“မာမီကျေနပ်အောင် လုပ်ပေးပါလား”

“သားလိမ္မာကြီးပဲလုပ်ပါ”

မာမို့ကြောင့် အမှာမောင်နှမဖြစ်ကြတဲ့ နိုင်းနှင့်သံစဉ်ပင် မသင့်မြတ်ကြ ... နိုင်းက မာမို့ပုံစံခွက်ထဲဝင်ပြီး နည်းနည်းလေးတော့ အမြင့်ကိုမှန်းချင်သည်။

“သားနဲ့သမီး လာကြဟေ့ ... ဒီမှာ လုရုပ်လှသာလေးရောက်လာတယ်၊ သမီးလေးချစ်သံစဉ်နဲ့ မိတ်ဆက်ပေးရဦးမယ်”

ပြဿနာတွေ အရှည်အရှည်မဖြစ်ချင်၍ သံစဉ်အလိုမကျ





သလို မာထန်နေတဲ့မျက်နှာပြင်ကို လျှော့ချပစ်လိုက်သည်။

“ဒါကလေ ... သားနိုင်းနဲ့ အဲ ... ရွှေထွဋ်တင်နဲ့ အမှာညီမလေးချစ်သံစဉ်တဲ့ ... ဥပဒေတွဲ့ ရထားပြီးပြီလေ”

“ညှံ့တယ်နော် ... ”

“ဟင် ... ”

ဘာကြီးလဲဟ ... ဥပဒေတွဲ့ရထားတာ ညှံ့တယ်တဲ့ ... ပေါတင်ကြီး ...

“လှသာက ... အဟဲ့ ... တော်ရုံကို အထင်မကြီးတတ်ဘူး။ ရွှေထွဋ်တင်လောက်တော့ Smart မကျဘူးနော်”

“လုရုပ်လှသာ ... သွားကြမယ်၊ ကိုယ်က အချိန်သိပ်မရဘူး၊ မင်းအတွက် တမင်အချိန်ပေးတာပါ”

သံစဉ့်ဒေါသတွေ ပေါက်ကွဲမလာခင် ... လုရုပ်လှသာလက်ကို ဆွဲပြီး ကားရှိရာသို့ ပြန်ခေါ်လာခဲ့ရသည်။

“ဒိုး ... ဒိုး”

“ဒိုး ... ”

“ဟဲ့ ... ”

သံစဉ် ... ဒေါသတကြီးနှင့် အပေါ်ထပ်သို့ ခြေဆောင့်တက်သွား၍ မာမီက ခပ်အုပ်အုပ်လှမ်းအော်သံလည်း ကြားသည်။

www.burmeseclassic.com



"You ညီမက ဘယ်လိုလဲ၊ ဝေဖန်တာမကြိုက်တာလား၊ ရိုင်းတယ်၊ မတတ်နိုင်ဘူးလေ ... လွှာက ပြောတတ်တယ်"

သံစဉ်နဲ့မာမီတော့ ... ပြဿနာတွေ အကြီးကြီးတက်နေလောက်ပြီထင်တယ်။ နိုင်း စိတ်မကောင်းဖြစ်ရသည်။ သံစဉ်နဲ့က အမွှာတွေ တစ်ယောက်နဲ့တစ်ယောက် ... သုံးမိနစ်ပဲခြားပြီး မွေးလာခဲ့ကြတာပါ။ နိုင်းကို မာမီက အရမ်းမြှောက်စားလွန်းတယ်ဆိုပြီး နိုင်းကိုပင် တရင်းတနှီးနေထိုင်ခြင်း မပြု ... ဒက်ဒီကလွဲပြီး တခြားမိသားစုဝင်တွေ့နှင့် ကင်းကင်းနေတတ်သည်။

"ရွှေထွဋ်တင်နာမည်က အိမ်မှာခေါ်တာ နိုင်းလား"

"ဟုတ်တယ်"

"မင်းသားနိုင်းနိုင်းနဲ့ တူလို့လား၊ အင်း တူတယ် ... နိုင်းက ပိုချောပါတယ်"

လွှာကိုယ်တိုင် နိုင်းကို သဘောကျနှစ်သက်မိသည်။ အနီးကပ်ကြည့်လေ နိုင်းက ယောကျ်ားပီသပြီး ခန့်ညားချောမောလေပဲ။ အရမ်းမိုက်တယ်။ နိုင်းက ပြည့်စုံ၏။ သူမ ရွေးချယ်ထားလိုက်ပြီဖြစ်သည်။

"လှရိပ်လွှာ ... မင်းမြေကွက်က ဘယ်မှာသွားကြည့်မှာလဲ၊ ကိုယ့်မှာ ချိန်းထားတာတွေရှိသေးတယ်"





"မြို့ပြင်မှာပါ"

"ဟာကွာ ... မင်းက မားကတ်ဖွင့်မှာ မဟုတ်ဘူးလား"

"အခုမှ ... လွှာလည်း အင်္ဂလန်ကပြန်ရောက်လာတာလေ၊ စီးပွားရေးလုပ်ငန်းကို ခဏရပ်ထားတယ်၊ တမင် နိုင်းကို အနိုင်ကျင့်ပစ်တာ"

"ဟာကွာ"

သူ တော်တော်လေး စိတ်ပျက်မိသည်။ လွှာ တမင်လုပ်တာပဲ ... နိုင်း အေးအေးဆေးဆေး အနားယူချင်နေ၏။ လုပ်ငန်းတွေအတွက် စဉ်းစားချင်နေသည်။

"Super Market တွေ လိုက်လေ့လာမယ်၊ နေရာက ဒက်ဒီရွေးထားပြီးပါပြီ၊ နိုင်းကို အဖော်ခေါ်တာပါ ... ရှင်က Construction လုပ်မှာ မဟုတ်လား ... ရှင့်ကိုအပ်မှာပါ"

မထူးတော့ပါဘူး ... လှရိပ်လွှာနှင့် အဆင်ပြေအောင်ပဲ နေထိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ လှရိပ်လွှာ သွားချင်တဲ့နေရာကို သူ လိုက်ပို့ခဲ့၏။ လုပ်ချင်တာတွေ လုပ်ပေးခဲ့သည်။

"ညစာစားမယ်၊ ကျွန်မ လိုက်ပို့ပေးမှာပါ"

"မင်း ဘာလုပ်ချင်လဲ ... ကိုယ် ... အားလုံးလုပ်ပေးမယ် လှရိပ်လွှာ"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်း"

"ဟင် ... "

"လွှာလို့ခေါ်စမ်းပါ၊ လှရုပ်လွှာက စိမ်းလွန်းပါတယ်၊ လွှာတောင် နိုင်းလို့ခေါ်ပြီနော်လေ"

"ကောင်းပါပြီ လွှာ"

မာမီ့ဆီကို နိုင်းက အရေးတယူဆက်ဆံကြောင်းပဲ လှရုပ်လွှာက ပြောဆိုစေချင်မိသည်။ နိုင်းက မာမီ့အလိုကျဖြစ်ဖို့ပဲ အမိက ဖြစ်၏။ လှရုပ်လွှာ လုပ်ချင်တာတွေ လိုက်လုပ်ပေးရင်း ... သူ့စိတ်တွေက သံစဉ်နှင့်မြခွန်းဆင့်တို့ထံ မဆီမဆိုင်ရောက်နေ၏။ မာမီ နှိမ်ချဆက်ဆံနေတာကိုလည်း မလိုလားနိုင်ဘဲဖြစ်ရသည်။

"လွှာ"

"ပြောလေ"

"ပြန်ကြမယ်ကွာ ... ကိုယ်လည်း ကိစ္စနည်းနည်းနည်းရှိတယ်"

"နိုင်းကိစ္စလည်း လွှာလိုက်ပေးမယ်လေ"

"ကိုယ့်ကိစ္စက မင်းလိုက်လို့မရတဲ့ကိစ္စပါ၊ ပြန်မယ် ... ညစာလည်း စားပြီးပြီ"

"အင်းပြန်ကြမယ်၊ လွှာ့ကို အရင်ပြန်လိုက်ပို့ပေး ... နိုင်း





ကားကို လာပို့ထားဖို့ လွှာ ဖုန်းဆက်လိုက်မယ်နော်"

"လွှာ့သဘောပဲလေ"

လွှာ့သဘောဟု ပြောလိုက်ရုံကလွဲပြီး ... နိုင်းမှာ ဘာမှပြောပိုင်ခွင့်မရှိပေ။ မာမီက အသေအချာမှာလိုက်သည်။

"သား ... လှရုပ်လွှာကို အမိဖမ်း ... လှရုပ်လွှာဆန္ဒကို အားလုံးဖြည့်စွမ်းပေးလိုက်ပါ"

သူ ... လုံးဝ မဆန့်ကျင့်လိုပေ။ သူ့ဘဝရှေ့ရေးအတွက် မာမီ စီမံပေးနေတာပါ။ ဒါပေမယ့် လှရုပ်လွှာကိုတော့ သူ သဘောမကျသလိုကြီး ဖြစ်နေသည်။

"နိုင်း ... "

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ ... ငြိမ်သက်နေတယ်၊ လွှာမကြိုက်တာကလေ ယောက်ျားတစ်ယောက် တွေဝေနေတာပဲ"

"ပြန်ကြမယ်၊ ကိုယ့်မှ လုပ်စရာတွေရှိသေးတယ် လွှာ ... မင်းအိမ်ကို လိုက်ပို့ပေးမယ်"

"တကယ်ပါပဲ ... ကျွန်မလိုက်မှာ ရှင် အရမ်းကြောက်နေတာ ရှင့်မှာ အကြောင်းရှိရမယ်"

သူ ... ဘာမှပြောမနေတော့ဘဲ ကားကိုပဲ မောင်းထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဟွန်း … ကြပ်လိုက်တာ … လှရုပ်လွှာရဲ့လွှမ်းမိုးမှုကို နိုင်း မခံနိုင်ဘဲဖြစ်နေ၏။ ကားကို အမြန်ဆုံးမောင်းပစ်သည်။

"သားပါလာတာကိုး … ဝင်ထိုင်ဦးလေ"

"ဟုတ်ကဲ့"

ယောက္ခမလောင်းကြီးကလည်း စိန်တွေညှပ်ပြီး မိတ်ကပ်တွေ … နှုတ်ခမ်းနီတွေ ရဲရဲတောက်နေသည်။ ဂုဏ်ဒြပ်တွေပြည့်စုံနေပေမယ့်လည်း လူတွေကို နှိမ်ချဆက်ဆံနေတတ်၏။ နိုင်း ခေါင်းတွေပင် မူးနောက်လာရသည်။

"မာမီ … နိုင်းမွေးနေ့မှာ သမီးတို့ စေ့စပ်လိုက်ရင် မကောင်းဘူးလား"

"ဟင်"

ဘာမပြောညာမပြောနှင့်ပြောလိုက်၍ နိုင်း အထိတ်တလန့်ဖြစ်သွားသည်။ လှရုပ်လွှာကို မာမီက အမိဖမ်းတဲ့ … အခုတော့ လှရုပ်လွှာတို့ဘက်က သူ့ကို အမိဖမ်းလိုက်တာမျိုးဖြစ်နေ၏။ နိုင်း မျက်နှာတွေပူပြီး နှုတ်ဆက်၍ပြန်လာခဲ့သည်။

+++

အခန်း ( ၆ )

"သားရေ … မင်္ဂလာသတင်းပဲဟေ့ … သားမရောက်ခင်လေးတင်ပဲ လှရုပ်လွှာလေးရဲ့မာမီ ဖုန်းဆက်တယ်၊ သားမွေးနေ့မှာ စေ့စပ်ပွဲ တစ်ခါတည်းလုပ်ချင်တယ်တဲ့ … မာမီ ဝမ်းသာလိုက်တာ၊ မာမီတို့ ယောက်ျားလေးရှင်က တောင်းဆိုရမှာလေ … သားရေ တကယ့်ကို မာမီ့သား တန်ဖိုးတက်စေမယ့် သတင်းပဲဟေ့"

မာမီ အဖြစ်သည်းနေတာကို သံစဉ် မနှစ်သက် … စိတ်ပျက်မိသည်။ ဘာဖြစ်လို့များ သားမှသားဖြစ်နေရတာလဲ။ ဂုဏ်ပကာသနတွေ အလွန်အမင်းနှစ်သက်သည်ဟု ထင်မိ၏။ သူ့မမွေးနေ့လည်း အတူတူလုပ်ပေးမည်ဟု ဒက်ဒီက ပြောထားသည်။

"လှရုပ်လွှာလေးတို့ဘက်ကနေ စေ့စပ်ပွဲလုပ်ချင်တယ်ဆိုရင်တော့ မိသံစဉ် … ညည်းမွေးနေ့ကို ခြံထဲမှာပဲ သတ်သင်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်တော့ဘူး မာမီ ... သံစဉ်မွေးနေ့ အရေးမကြီးပါဘူး။ ထားလိုက်ပါ"

"သံစဉ် ... မာမီ့ကို ရွဲ့ပြောနေတာလား၊ မာမီက လုပ်သင့်တာလုပ်တာနော်"

"ကဲပါ မာမီရယ် ... မွေးနေ့ပွဲမှာတော့ နိုင်းနဲ့သံစဉ့်မွေးနေ့ပွဲ တရက်ထဲလုပ်မယ်၊ စေ့စပ်ပွဲက သတ်သတ်လုပ်ပါ။ သားပြောပြပ့်မယ်"

"သားရယ် ... သူတို့ဘက်က တောင်းဆိုရင် မာမီတို့က လက်ခံရမယ်၊ သူတို့စိတ်ခုလို့ လုံးဝမဖြစ်ဘူးနော် ... မာမီက ထူးထူးသဘောပဲလို့ ပြောလိုက်ပြီလေ"

သံစဉ် ... ထွက်လာခဲ့သည်။ ဘာပဲဖြစ်ဖြစ် သားတောင်းဆိုမယ် မာမီ ... သံစဉ့်မွေးနေ့နဲ့နိုင်းမွေးနေ့ တစ်နေ့ရာထဲမှာပဲလုပ်မယ်ဟု နိုင်းကပြောနေ၏။ မာမီ တော်တော်လွန်ပါတယ်။ မြခွန်းတို့ခြံဘက် ကူးလာခဲ့သည်။

"မြခွန်းရေ ... သံစဉ့်မွေးနေ့ပွဲကတော့ လုပ်ဖြစ်ပ့်မလားတောင် မသိတော့ဘူး၊ နိုင်း စေ့စပ်ပွဲလုပ်မလားဘဲ"

"ဟင် ... "

မြခွန်းရင်တွေ မီးတောက်ကြီးတစ်ခု ထတောက်သွားပြီ





လားတောင် မသိတော့ဘူး။ နိုင်းစေ့စပ်တော့မယ်တဲ့ ... အမြင့်ဆုံးက မိန်းကလေးပဲ ဖြစ်နိုင်သည်။

"သိတယ်မဟုတ်လား ... တို့မာမီလေ ... သူ့သား မိုးအထိမြင့်မားသွားအောင် လုပ်နေတာ ... မွေးနေ့မှာ စေ့စပ်ကြမယ်တဲ့ ဟိုမိန်းမဘက်က တောင်းဆိုတာလေ"

သံစဉ်ရယ် ... ဆက်မပြောပါနဲ့တော့ဟယ် ... မြခွန်း နားမထောင်ရဲလို့ပါ။ မြခွန်းနှလုံးသားထဲမှာလေ ... နိုင်းကို ချစ်နေမိတယ်။ လက်လွှတ်ဆုံးရှုံးခံရမှာ ကြောက်နေတယ်။ ဒုက္ခပါပဲဟယ် ဘာယ်လိုလုပ်မလဲ။

"သံစဉ့်မွေးနေ့ပွဲကိုတော့ ခြံထဲမှာပဲလုပ်မယ်၊ တို့သူငယ်ချင်းတွေနဲ့ပဲလေ၊ နိုင်းကတော့ ပြောနေတယ်၊ စေ့စပ်ပွဲကို နောက်ဆုတ်မယ်တဲ့ ... မာမီကိုက အဖြစ်သည်းနေတာ"

"နိုင်းကပါ လက်ခံလိုက်ပြီလား"

"နိုင်းက မာမီ့စကားတစ်ခွန်းပဲလေ၊ ဘာထူးလဲ ... နိုင်းကိုယ်တိုင် ဝုဏ်ပကာသနကို မက်မောတာပဲ ... သူ့ရဲ့ပွဲတက်မိန်းမသာ အရမ်းကိုမြင့်ရမယ်တဲ့"

ဟုတ်ပါတယ်။ နိုင်းကိုယ်တိုင် မြခွန်းကို ပတ်ပတ်သက်သက်ချစ်နေတာမှ မဟုတ်တာ ... မျက်နှာထားက တည်တည်နှင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထဲသားချင်းတွေဖြစ်ပြီး ... နိုင်းက အဖက်မတန်သလိုလို နေထိုင်ဆက်ဆံနေခဲ့သည်။

"အဲဒီလုရုပ်လှ္ဘာဆိုတဲ့မိန်းမကလေ မြောက်ကြွမြောက်ကြွနဲ့ ... လူကို နှိမ်ချဆက်ဆံချင်တယ်၊ ဘယ်လိုမိန်းကလေးလည်း မသိဘူး၊ သံစဉ်ကလေ အမှန်အတိုင်းပြောမယ် သိလား၊ မြခွန်းနဲ့ သဘောကျတာ"

"ဘာပြောတယ် သံစဉ်"

"မြခွန်းကိုပဲ ယောက်မတော်ချင်တယ်၊ ဘာလို့လဲဆိုတော့ အရမ်းချောတယ်၊ သံစဉ်နဲ့ အဆင်ပြေတယ်"

"နင် တကယ်ပြောတာနော်"

"အင်း ... "

"ဒါဆို ... နင် အောင်သွယ်ပေး"

"ဘာဖြစ်တယ် ... နိုင်းကို မြခွန်းရော သဘောကျတယ် ဟုတ်လား"

"အင်း ... "

"OK"

သံစဉ်က ဝမ်းသာအားရနှင့် မြခွန်းကို ထပြီးဖက်သည်။

"ဒါပေမဲ့ မြခွန်းရာ ... သံစဉ့်မာမီအကြောင်းလည်း သိသား





... ဂုဏ်ဒြပ်တွေ အရမ်းမက်မောတယ်၊ မာမီက နိုင်းကို အမြင့်ပဲ မှန်းတာဟဲ့"

"နင် အောင်သွယ်လေ၊ ကြိုးစားကြည့်မယ် ... ငါလေ ... ကို အရင်ကစိတ်မဝင်စားပေမယ့်လေ ... အခု နိုင်းကို အရမ်းချစ်ပြီ ယောက်မ ... မြခွန်းလေ လုံးဝလက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး"

"အေး ... သံစဉ်လည်း ဟိုမိန်းမကို လုံးဝ ယောက်မအဖြစ် ...မခံနိုင်ဘူး။ ကြိုစည်ကြိုးစားကြမယ်"

"ညီစေနော်"

"ညီမယ်"

"ဟဲ့ ... ဘာတွေညီနေတာလဲ၊ ဒီနှစ်ယောက်"

တစ်ယောက်နှင့်တစ်ယောက် လက်ဝါးချင်းရိုက်ပြီး ကတိ...နေတုန်း မာမီ ဝင်လာသည်။

"အလုပ်လုပ်ဖို့ပါ မေမေ ... သံစဉ်နဲ့မြခွန်း နှစ်ယောက်ပေါင်း...ကုမ္ပဏီထောင်ဖို့လေ ... မင်္ဂလာဆောင်တွေအတွက် ဝန်ဆောင်...တဲ့ကုမ္ပဏီပါ၊ တိုင်ပင်နေကြတာ"

"ကောင်းတယ် ... စီးပွားရေးလုပ်ဖို့ပဲ တိုင်ပင်ကြနော် ...



www.burmeseclassic.com

www.burmeseclassic.com



ညည်းစားထားဖို့တော့ မတိုင်ပင်ကြနဲ့"

"ဟုတ်ကဲ့ပါ အန်တီသီတာ"

"ရှေ့ ... သမီးတို့ အသုပ်စားကြဦး"

"ကျေးဇူးပါပဲ အန်တီ"

မေမေက မကြာခဏပင် စားစရာတစ်ခုခုလာပို့ရင်း ... မြခွန်းနှင့်သံစဉ်တို့အား မျက်ခြေမပြတ် အကဲခတ်နေသည်။

"မြခွန်းမေမေနဲ့ သံစဉ့်မာမီကတော့ စံပါပဲ ... ဒါပေမဲ့ ယောက်မတို့တွေ စီမံချက်ကို အပျက်ခံလို့မဖြစ်ဘူးနော်"

"အေး ... "

နှစ်ယောက်သား အတိုင်အဖောက်ညီညီနှင့် ... နိုင်းကို ဖြား ယောင်းသွေးဆောင်ဖို့အတွက် ... နိုင်း စိတ်ဝင်တစားဖြစ်စေမယ့် အချက်အလက်တွေကို အကြိတ်အနယ်စဉ်းစား ကြံစည်ကြသည်။

"နိုင်းရဲ့ဖုန်းနံပါတ် မြခွန်းကိုပေးပါ၊ ဒီနှင်းဆီပန်းရဲရဲလေးကို နိုင်းဆီရောက်အောင် သံစဉ်ပို့ပေး"

"OK"

သံစဉ်ကလည်း သူ့ယောက်မလောင်းက သူမနှင့် အဆင်ပြေ သူပဲ ဖြစ်စေချင်သည်။ လှရုပ်လွှာ ဘယ်လောက်ပဲချမ်းသာနေပါစေ ဂုဏ်ဒြပ်တွေ မြင့်မားနေပါစေ ... သံစဉ် သဘောမကျ။ ဆရာကြီး





ပုံစံနဲ့ မြခွန်းကိုပဲ ယောက်မတော်ဖို့ ဆုံးဖြတ်လိုက်သည်။

"ဒီမှာ နှင်းဆီပန်းနီနီလေး"

သံစဉ်ကလည်း မြခွန်းပေးလိုက်တဲ့ နှင်းဆီပန်းလေးကိုယူ၍ အိမ်ပြန်လာခဲ့သည်။

"နိုင်းရေ ... ဒီမှာ နိုင်းနာမည်နဲ့ ခြံရှေ့က သတင်းစာထည့်တဲ့ Box ထဲမှာတွေ့လို့ ယူလာတာ"

"ဟင်း ... ဘယ်သူပေးတာလဲ"

"မသိဘူးလေ ... စာလေးတစ်စောင်လည်း ပါတယ်နော်"

"ပေးပေး ... မာမီတွေ့သွားလို့ မဖြစ်ဘူး ... ပြဿနာက အကြီးအကျယ်တက်မှာနော်"

"ဒါကြောင့် သံစဉ်ယူလာတာ"

"သံစဉ်"

"ပြော ... "

"နိုင်းတို့ မွေးနေ့ကိုအတူတူလုပ်မှာနော်"

"ဟိုမိန်းမနဲ့ စေ့စပ်ပွဲလုပ်မှာဆို ... သံစဉ် ဝင်မရှုပ်ချင်ပါဘူးနော် ... ပြီးတော့ ... သံစဉ့်သူငယ်ချင်း အစုတ်အနုတ်တွေကို ဖိတ်ချင်တယ်၊ မတန်မရာတွေ ဖြစ်ကုန်ပါ့မယ်"

"သံစဉ်ရာ ... ကြိုက်တဲ့သူငယ်ချင်းဖိတ်ပါ၊ ဘာဆိုင်လဲ ...



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ဖို့ ရွှေ့ပစ်ရမယ်၊ နိုင်းပါ ... မိန်းမတစ်ယောက်ကို ဒီလောက် အထိ အောက်ကျနောက်ကျခံပြီး လက်မထပ်ပါဘူး"

"နိုင်း ... "

"ပြော ... "

"နိုင်းလည်း မာမီ့လိုပဲ ... အမြင့် အကြီးကြီးမှန်းတာလား"

"မာမီပြောတာလည်းအမှန်ပဲလေ သံစဉ် ... အမြင့်ကြီး မှန်းတာ မဟုတ်တာတောင် နိုင်းလက်ထပ်မယ့်သူကတော့ နိုင်း လိုက်မိစေချင်တယ်၊ ဂုဏ်သိက္ခာအရ သာမန်မိန်းကလေးတစ် ယောက်ကိုတော့ နိုင်း လုံးဝမမှန်းဘူး"

သေပြီဆရာ ... နိုင်းကိုယ်တိုင်က မိန်းကလေးတွေ အထင်မကြီးတတ် ... မာမီ့ပုံစံ သွင်းထားတာပါ။ ဒီလောက်တော ဖြစ်တာ မြခွန်းနဲ့နီးစပ်အောင် လုပ်ပြမယ်။ သံစဉ်စိတ်ထဲကနေ ကြိမ် ပစ်နေသည်။

"ဘာတွေလဲ နိုင်း ... တို့အစ်ကို နိုင်းနိုင်းကတော့ အရမ်း တယ်၊ မဖတ်တော့ပါဘူး ... လူ့အခွင့်အရေးကို မချိုးဖောက်ချင် သွားပြီနော်"

သံစဉ် ထွက်သွားသည်။ အရမ်းကို Romatic ဖြစ်နေ နှင်းဆီနီနီလေးတစ်ပွင့် ... အတော်ဆုံးပန်းချီဆရာတွေ ရေးဆွဲထား





တာထက် ပိုမိုလန်းဆန်းနုဖတ်လွန်းနေ၏။ ပန်းနုရောင်စာအိတ် လှလှလေးကိုဖွင့်လိုက်ပြီး ... ပန်းနုရောင် စာအိတ်လှလှလေးကို ဖွင့်လိုက်ပြီး ... ပန်းနုရောင်စာရွက်လေးပေါ်မှာ လှပဝိုင်းစက်နေတဲ့ လက်ရေးလေးကို ဖွင့်ဖတ်လိုက်သည်။

**ချစ်သောနိုင်း**

**အရမ်းချစ်တယ် ...**

**ချစ်သူ ...**

"တောက် ... ဘယ်လိုမိန်းကလေးလဲ၊ ယောက်ျားလေးတစ် ယောက်ကိုများ ရည်းစားစကား စပြောရတယ်လို့ အရှက်မရှိလိုက် တာ"

စာဖတ်ပြီး ... နိုင်း ပစ်ပစ်နစ်နစ်ပြောဆိုဝေဖန်မိသည်။ နှင်းဆီနီနီလေးကလည်း လှလိုက်တာ ... လန်းဆန်းနေတာပဲ ... ဘယ်လိုမိန်းကလေးမျိုးကများ လာပို့ထားတာလဲ။ မတွေးပါဘူးဆို မှ ထိုအကြောင်းတွေပဲ တွေးနေမိသည်။

"ကိုယ့်ဘဝမှာ ပထမဆုံးချစ်တယ်လို့ ပွင့်ပွင့်လင်းလင်းပြော လာတဲ့ မိန်းကလေးပဲ ... မင်း အရမ်းရဲတင်းလွန်းတယ်"

ထိုသို့ရဲတင်းပွင့်လင်းလွန်းတဲ့ မိန်းကလေးမျိုးကိုလည်း နိုင်း



www.burmeseclassic.com

www.burmeseclassic.com



မနှစ်သက်မိ ... လုရုပ်လွှာကဲ့သို့ ... နေရာတကာ အပေါ်စီးကနေ ဆက်ဆံချင်တဲ့ မောက်မာထောင်လွှားနေတဲ့ မိန်းမမျိုးကိုလည်း မကြိုက်ပေ ... ဒါပေမဲ့ နိုင်းကိုယ်တိုင် ဂုဏ်ပကာသနကို မက်တယ်ပဲပြောပြော ... သာမန်မိန်းကလေးတစ်ယောက်ကိုတော့ သူ့ဘဝလက်တွဲဖော်အဖြစ် ဘဝတစ်လျှောက်လုံး အတူတူရှိမနေစေချင်တာတော့ အမှန်ပဲဖြစ်သည်။

"ဟိုဘက်ခြံက မြခွန်းဆင့်လား မဖြစ်နိုင်ပါဘူး၊ မြခွန်းဆင့်ကလည်း မာနတစ်ခွဲသားနဲ့ ... အန်တီမြသီတာက ပိုဆိုးတယ်"

မြခွန်းဆင့်ဆိုတဲ့နာမည်လေး ကြားလိုက်ရုံနှင့် နိုင်းရင်တွေ လှိုက်ကနဲ တုန်ခါသွားရတာကိုတော့ နိုင်း သတိထားမိသွားရသည်။ အမှန်အတိုင်းဝန်ခံရရင်တော့ မြခွန်းဆင့်ကို နိုင်း စိတ်ဝင်စားခဲ့ဖူးသည်။ ကျောင်းမှာလည်း ကျောင်းသားတွေအများစု ချစ်သူဖြစ်ဖို့ လိုက်ခဲ့ကြ၏။ မြခွန်းဆင့်က လုံးဝစိတ်မဝင်စားခဲ့ ... မြခွန်းဆင့်ဖြစ်ရင်ကောင်းမည်ဟုပင် ... နိုင်းစိတ်ဆန္ဒက ဖြစ်ပေါ်လာရသည်။

"သားရေ ... ညနေစာကို လွှာလေးတို့တိုက်မှာ သွားစားကြမယ်၊ သားနဲ့မာမီပဲ သွားကြမယ်၊ သားဒက်ဒီက မလိုက်ဘူးတဲ့ ... နေပါစေ"

"ဟုတ်ကဲ့ပါ မာမီ"





"သား"

"ဗျာ ..."

"မာမီက သားကို အရမ်းချစ်ပြီး ... သားဘဝကောင်းစားရေးအတွက်ပဲ ဂရုတစိုက်ကြိုးစားအားထုတ်နေခဲ့တာ သားအသိဆုံးပဲနော်"

"သိပါတယ် မာမီ"

"သမီးသံစဉ်အပေါ်မှာတောင် ... မာမီ မတရားသလိုတော့ ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ ဒါပေမဲ့ ... မာမီ့သားကိုတော့ မာမီ တန်ဖိုးအထားရဆုံးပဲကွယ်"

နိုင်း သိသည်။ မာမီက နိုင်းမှနိုင်းပဲ ... သူ့အပေါ် မျှော်လင့်ချက်တွေ အကြီးကြီးထားခဲ့သည်။ သားလိုမှာပဲ ဖြစ်ချင်ပါတယ်။

"မာမီ့ဆန္ဒကို ... သား ဘယ်လိုအကြောင်းမျိုးပဲရှိနေပါစေ မငြင်းဆန်ပါဘူးလို့ ကတိပေးပါလား"

"မငြင်းပါဘူး မာမီ ... နိုင်းက မာမီ့ကို စိတ်ပျော်ရွှင်စေချင်ပါတယ်၊ မာမီ့ဆန္ဒက နိုင်းဆန္ဒပါ"

"ဒါဆို ... လုရုပ်လွှာလေးကို လက်ထပ်ရမယ်နော်"

သူ ... ဘာဖြစ်လို့မှန်းမသိဘဲ အထိတ်တလန့်နှင့် မာမီ့ကို မော့ကြည့်မိသည်။ နှင်းဆီပန်းလေးပေးတဲ့ ကောင်မလေးကို သတိ



www.burmeseclassic.com

www.burmeseclassic.com



ရမိသွားသလိုလို … ချစ်တယ်ဆိုတဲ့ လက်ရေးလှလှလေး … မာမီ့ အပြုံးတွေက မျှော်လင့်ချက်တွေ လင်းလက်တောက်ပစွာ သူ့ကို ကြည့်နေ၏။ မာမီ့မျက်နှာပေါ် ပီတိတွေပျောက်ကွယ်မသွားစေဖို့ ဘဲ သူ့ အလိုလားဆုံးဖြစ်သွားရသည်။

"လက်ထပ်ပါ့မယ် မာမီ"

"သားရယ် … သားလိမ္မာတုံးလေးပါ၊ မာမီ စီစဉ်တာတွေ အားလုံးက သားဘဝတစ်လျှောက်လုံး လင်းလက်တောက်ပ ဂုဏ်ကျက်သရေအပေါင်း ခြောင်းနေဖို့ပဲကွယ်"

မာမီက နှင်းကိုဖက်ထားတော့ နှင်းစိတ်ချမ်းသာပျော်ရွှင်ရသည်။

+++

အခန်း ( ၇ )

"စေ့စပ်တာကိုတော့ နှင်းမွေးနေ့ပွဲမှာ မလုပ်စေချင်ပါဘူး အန်တီထူး … ဘာဖြစ်လို့လဲဆိုတော့ ညီမလေးသံစဉ်ကြောင့်ပါ၊ နှင်းတို့က အမှာဆိုတော့ မွေးနေ့တစ်ရက်ထဲ စီစဉ်ထားပါတယ်၊ နှင်း တောင်းဆိုပါရစေ"

"မရဘူး နှင်း … လုပ်မနေနဲ့ … နှင်းမွေးနေ့ပွဲမှာပဲ အမှတ်တရ စေ့စပ်မယ်၊ သံစဉ့်မွေးနေ့ကို ခြံထဲမှာပဲလုပ်ပါစေ … လွှာ လက်မခံဘူးနော် … နှင်း လာကပ်မနေနဲ့ … နှင်းမွေးနေ့မှာ စေ့စပ် နောက်တစ်လအတွင်း လက်ထပ်မယ် … ဒါပဲ … "

နှင်း … စိတ်ညစ်သွားသည်။ သံစဉ် ဘယ်လိုခံစားသွားရမလဲ။ လွှာ တမင်အနိုင်ကျင့် ဗိုလ်ကျတာပဲဖြစ်သည်။ သူနဲ့လွှာ စေ့စပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့တွေ ... လက်ထပ်ဖို့တွေတောင် ပြောဆိုနေကြတာ ... ဘယ်လိုကနေ ဘယ်လိုဖြစ်သွားမှန်းပင် စဉ်းစားမရနိုင် ... မာမီက သမီးလေးလွှာ သဘောဆန္ဒအတိုင်းပါပဲဟု ပြောနေ၏။ သံစဉ့်ကို သနားနေမိသည်။

"သမီးလေးလွှာဆန္ဒအတိုင်း ဖြစ်စေရပါ့မယ် ... သားရယ် သံစဉ့်ကို မေ့ထားလိုက်တော့ ... သံစဉ့်မွေးနေ့ကို ခြံထဲမှာပဲ လုပ်ပေးမယ်၊ မိသံစဉ်က ... သူ့သူငယ်ချင်းတွေကို ဖိတ်ချင်တာလေ"

မာမီ့စကားကို သူ လုံးဝဆန့်ကျင် ကန့်ကွက်နိုင်ခြင်းမရှိခဲ့။ လွှာ့ဆန္ဒတွေက အတည်ဖြစ်သွားသည်။

"လွှာ စီစဉ်တော့မယ်နော် အန်တီအေမီ"

"ကောင်းပါတယ်ကွယ် ... သမီးလွှာစိတ်တိုင်းကျ စီစဉ်ပါ၊ အန်တီအေမီတို့က ပိုပြီးဖြည့်စွမ်းပေးရတော့မယ်လေ"

"နိုင်း ... "

"ဟင် ... "

"ဖိတ်စာကို အင်္ဂလန်ကနေ လှမ်းမှာမယ်၊ ဘယ်လိုလဲ"

"ကောင်းပါတယ် လွှာ ... မင်းဆန္ဒရှိသလို စီစဉ်ပါ"

မာမီ့ကို မျက်နှာမပျက်စေချင်ပေ။ မာမီစီစဉ်ထားတဲ့ကိစ္စ





တစ်ခုအတွက် နိုင်း အတတ်နိုင်ဆုံးဖြည့်စွမ်းပေးဖို့ပဲ ရှိသည်။ မာမီ ဘာပဲလုပ်လုပ် ... သူ့ ကောင်းစားဖို့ပဲ လုပ်နေတယ်ဆိုတာလည်း သိနေ၏။ သူက မာမီ့ကို ဒက်ဒီ့ထက်ပင် ပို၍ချစ်မြတ်နိုးသည်။

"ကိုကိုရေ ... ဒီမှာလေ ကိုကို့သမီး အနိုင်ကျင့်ဗိုလ်ကျလိုက်တာများ ... မောင်ရွှေထွဋ်တင်တောင် အားနာရတယ်"

ခင်ပွန်းပြန်လာတာကို ထပြီးဆီးကြိုရင်း ပြောသည်။ နိုင်းကတော့ ယောက္ခမလောင်းကြီးကိုလည်း မကြိုက်ပေ။ စီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင်ပေမယ့် ... အရက်တွေ အလွန်အကျွံသောက်၍ မိန်းမတွေနှင့်ခပ်ရှုပ်ရှုပ်ဟု နိုင်း ကြားထား၍ဖြစ်သည်။

"ကျွန်မတို့လည်း ပြန်မယ်၊ ညစာလည်း စားပြီးပြီလေ၊ ကျေးဇူးအများကြီးတင်ပါတယ် ထူးရယ် ... ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ အေမီရယ် ... မောင်ရွှေထွဋ်တင်လည်း အေမီမပါဘဲ လာပါ၊ ဝင်ထွက်နော် ... အားနာစရာမရှိပါဘူး"

"ဟုတ်ကဲ့"

"နိုင်း"

"ဟင် ... "

"မနက်ဖြန် ဖိတ်စာမှာမှာပဲ ... လွှာ့ကိုနိုင်းလာခေါ် ပေးစပ် ဖို့ကိစ္စတွေ လိုက်လုပ်ရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုယ်လာခေါ်မယ်နော် ... မနက်ဖြန် ဆယ်နာရီ လောက်ပေါ့"

"OK"

လှာတို့ခြံထဲမှ ကားထွက်လိုက်သည်နှင့် ... နိုင်းရင်ဝမှာ မွန်းကြပ်ပိတ်ဆို့နေတဲ့ အလုံးကြီး ဝုန်းကနဲပြုတ်ကျသွားရသည်။

"သားရယ် ... မာမီတို့ဘက်ကလေ သူတို့ မြန်လေကောင်းလေပဲ ... လှရုပ်လှာရဲ့မိဘအဝိုင်းအဝိုင်းက အရမ်းကိုမြင့်တာ ... သူ့အမေ ဝတ်ထားတဲ့ စိန်တွေလေ ... တန်ဖိုးအရမ်းကြီးတယ်၊ မာမီတို့က ... သူတို့စည်းစိမ်ချမ်းသာတွေ သုံးပုံတစ်ပုံလောက်ပဲရှိတာ မာမီ့သားကို သူတို့အသိုင်းအဝိုင်းထဲ အရမ်းဝင်စေချင်တယ်၊ မာမီ့သားလိမ္မာလေး မာမီ့ကိုဂုဏ်တက်စေတယ် ... စိတ်ချမ်းသာစေတယ်"

မာမီ ပျော်ရွှင်ကျေနပ်ရင် ပြီးတာပါပဲလေ ... အိမ်ပြန်ရောက်တော့ ဒက်ဒီက လက်မခံချင်ပေ ... သံစဉ်အတွက် မလုပ်သင့်ဟု ကန့်ကွက်သည်။

"မောင်သားနဲ့ စေ့စပ်တဲ့ထိ ဘယ်လိုဖြစ်ရတာလဲ အေမီရာ မင်း ဘာတွေလုပ်နေတာလဲ၊ ဘယ်လိုကနေဘယ်လို စေ့စပ်တာတွေ ... လက်ထပ်ဖို့အထိတွေ ဖြစ်သွားရတာလဲကွ"





"အေမီ စီစဉ်လိုက်တာလေ၊ ဘာဖြစ်လဲ ... အေမီတို့မှာ ဘာများနာစရာရှိလို့လဲ မောင် ... ပြောစမ်းပါဦး"

"မင်း ... သူတို့အကြောင်း ဘယ်လောက်သိထားလို့လဲ အေမီ ... လင်မယားနှစ်ယောက်လုံး အရှုပ်ထုပ်တွေကွ ... မင်းဟာလေ အလကားနေရင်း ဂုဏ် ... ဂုဏ် ... ဂုဏ်နဲ့"

"သူတို့ဟာသူတို့ ဘယ်လောက်ပဲရှုပ်ရှုပ် ... သူတို့ပိုင်ဆိုင်မှုတွေက နည်းနည်းနောနောလားရှင့် ... လှရုပ်လှာလေးတစ်ယောက်ထဲရှိမှာ ... အို ... မင်္ဂလာဖိတ်စာမှာ သူတို့နာမည်တွေပါရင် ဘယ်လောက်ဂုဏ်ရှိပြီး မျက်နှာပွင့်လိုက်မလဲ၊ စဉ်းစားကြည့်ရုံနဲ့တောင် ကျက်သီးမွေးညှင်း ထတယ်"

"သားကရော ... သဘောကျလား ... မင်းမာမီစီစဉ်တာကို သတ်ခံလား"

"သဘောကျပါတယ် ဒက်ဒီ ... မာမီစီစဉ်တာ သားလက်ခံပါတယ်၊ လှာနဲ့ လက်ထပ်ပါ့မယ်"

"မဟုတ်သေးပါဘူးနော်"

ဦးထွန်းမောင်မောင်ကတော့ ဇနီးလုပ်ရပ်ကို အပြစ်မတင်ချင်ပေမယ့် ... ကိုညဏ်ထက်နှင့်တော့ ခမည်းခမက်မတော်ချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူက မိန်းမတွေနှင့်ရှုပ်တယ်။ မသမာတဲ့နည်းလမ်းတွေနဲ့ ငွေရှာနေတာပါ။ သူငယ်ချင်းဖြစ်နေလို့သာ မလွှဲမရှောင်သာ ပတ်သက်ရခြင်းဖြစ်သည်။

"သားက သဘောကျတယ်ဆိုလို့ ... အေမီ စီစဉ်တာပါ၊ အေမီ့သားကိစ္စ မောင်ဝင်မပါဖို့ ပြောထားတယ်နော် ... အေမီကို ဒီအခွင့်အရေးတော့ ရှင်ပေးရမယ်"

"သားသဘောကျတယ်ဆိုရင်လည်း ပြီးတာပါပဲကွာ ... မောင့်သမီးလေးမွေးနေ့ကိုတော့ သမီးလေးစိတ်တိုင်းကျ လုပ်ပါစေ မင်းခွင့်ပြုလိုက်"

"ရပါတယ် လုပ်လေ ... ဒီဟာမလေးက အောက်တန်းစားတွေနဲ့ပဲ ပေါင်းသင်းဆက်ဆံချင်တာ"

"မင်းကြောင့်ခက်တာပဲ အေမီ ... အထက်တန်း အထက်တန်းနဲ့ ... မင်း ဘာဖြစ်နေတာလဲ၊ တစ်နေ့နေ့တော့ ... မင်း ဒုက္ခရောက်မယ်၊ မင်းနဲ့ ခြံချင်းကပ်နေတဲ့ မင်းအဆင့်နဲ့တူတဲ့လူတွေတောင် မင်းက အဖက်မတန်သလိုလိုနဲ့"

"ဘာပြောတယ်ရှင့် ... ဘာလဲ ... ဟိုဟာမဘက်ကနေကာကွယ်ပြောနေတာပေါ့လေ၊ ရှင် မကျေနပ်တာ ... ဟိုဘက်ခြံကို





အရောတဝင်မလုပ်ရလို့ မဟုတ်လား"

"လူမှုရေးကွ ... လူမှုရေး ... မင်းက လူကြီးလူကောင်းမိသားစုက ပေါက်ဖွားလာပြီး ... ဘာဖြစ်လို့ လူတစ်ဖက်သားကို အထင်သေး နှိမ်ချဆက်ဆံချင်နေရတာလဲ၊ အေး ... သားကိုယ်တိုင်က ကျေနပ်လက်ခံရင် ပြီးတာပဲလေ ... သမီးကိစ္စကတော့ မောင့်ကိစ္စပဲ"

"ဒီမှာ ... ကျွန်မတို့ စေ့စပ်ပွဲရှိတယ်၊ ရှင်တို့သားအဖ လာရမှာလေ၊ အဲဒီတော့ ညပဲလုပ် ... မွေးနေ့က ဘာများအရေးကြီးလို့လဲ"

"အေမီ ... မင်း ဘာစကားတွေပြောနေရတာလဲကွ ... သမီးလည်း မင်းမွေးထားတာပဲ ... ကလေးတွေ စိတ်ဝမ်းကွဲအောင်မင်းလုပ်နေတာလား ... ဒါကိုတော့ မောင် လုံးဝသည်းမခံဘူးနော်၊ တော်ပြီကွာ မင်းနဲ့ပြောရတာ အာရုံနောက်တယ်၊ မင်းဟာမင်းလုပ်ချင်တာလုပ်နော် ... ညဏ်ထက်နဲ့ငါ အရမ်း အရောတဝင် မလုပ်ချင်ဘူး၊ မင်း အတင်းအကြပ်အရောဝင်နိုင်းရင် ... ငါ နောက်ထပ်မယ်တစ်ယောက်ကို မယူချင်ဘဲယူပစ်တော့မယ်"

"ဒီမှာ ... ဒီမှာ ... "

ဒက်ဒီ ... ဒေါသထွက်ပြီဆိုရင်တော့ မာမီငြိမ်သွားတတ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက အမှန်သမားပါ။ သူ အိမ်ခန်းထဲပြန်ဝင်လာခဲ့၏။ သူ့စာကြည့်စားပွဲပေါ်မှာ ... နှင်းဆီပန်းလေးက လတ်ဆတ်စွာရှိနေဆဲပင်ဖြစ်သည်။ စာလေးကို ဖွင့်ဖတ်မလိုစိတ်ကူးပြီးမှ ... မာမီတွေ့သွားရင် ပြဿနာတတ်မည်စိုးရိမ်၍ သူ ... စာအုပ်တွေကြား ညှပ်ထားလိုက်၏။ သူ့စိတ်တွေ မာကျောပါတယ်ဆိုတာတောင် နှင်းဆီပန်းလေးပေးပြီး မိန်းမနောက်ပိုးမလေး ဘယ်သူလဲဆိုတာ သိချင်နေသည်။ သူ အိပ်ရာပေါ် ပစ်လှဲမိသည့်အချိန်တွင် သူ့ဖုန်းသံက မြည်လာ၏။ ကောက်ယူပြီး နားထောင်လိုက်သည်။

"ဟဲလို ... ပြောပါ ရွှေထွန်းတင်ပါ"

"နိုင်း ... "

"ဟင် ... မင်း ... မင်းဘယ်သူလဲ ... ဒီဖုန်းနံပါတ်ကို ဘယ်ကနေရလာတာလဲ"

"မေးခွန်းတွေ များလှချည်လား နိုင်းရယ် ... ကျွန်မ ပို့လိုက်တဲ့နှင်းဆီနီလေး နိုင်းကြိုက်ရဲ့လားဟင်"

"မင်း မိန်းကလေးဖြစ်ပြီး ဘာဖြစ်လို့ ယောကျ်ားလေးတစ်ယောက်ကို ချစ်တယ်လို့ပြောရတာလဲ၊ မိန်းမနောက်ပိုးတွေကို ငါ အရမ်းမုန်းတယ်၊ နောက်ထပ် ဖုန်းမဆက်နဲ့နော်"

နိုင်းလေသံကြောင့် မြခွန်း နည်းနည်းတော့လန့်သွားရသည်။





ရွှေမင်းသားက လေသံမာလိုက်တာ ... မြခွန်း အားငယ်သွားရ၏။ မုန်းတယ်တဲ့ ... ပြောရက်လိုက်တာ။ သူမက ဖုန်းပိတ်ပစ်လိုက်ပြီလားလို့ ... မပိတ်သေးပါလား။ သူမက ဟဲလိုဟုအသံပြုလိုက်ရာ သူက ...

"မင်း ဘာဆက်ပြောချင်သေးလို့လဲ ... ထပ်မဆက်နဲ့လို့ ပြောထားတယ်နော်"

ထပ်မဆက်နဲ့လို့ပြောပြီး ရှင့်နားမှာ ဖုန်းက ဘာဖြစ်လို့ကပ်နေရတာလဲ။ ပိတ်ပစ်သင်တယ် မဟုတ်ဘူးလား။ သူမ နည်းနည်းလေးတော့ သဘောပေါက်သွားသည်။

"ဟော့ ... ပြောလေ"

"ကျွန်မ ပြောချင်တာကလေ ... ရှင့်ကို ချစ်တယ်၊ မိန်းမနောက်ပိုးပဲပြောပြော ... ရှင် အထင်သေးချင်လည်း သေးပါ၊ နိုင်းကို အရမ်းချစ်တယ်၊ OK"

"ရွတ် ... "

"ပြွတ်"

"အနမ်းလေးတွေပေးတယ်နော် ... အိပ်မက်လှလှလေး မက်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … ဟော့"

ကောင်မလေးက ဖုန်းကိုပြန်ပိတ်ပစ်သွားသည်။ တကယ်တော့ နိုင်း အရင်ပိတ်ပစ်ရမှာပါ။ မပိတ်မိ … ကောင်မလေးက ဘာပြောဦးမလဲဟု ကြားချင်နေသေး၏။ မှားပါတယ်။ မင်း ဘယ်လိုကောင်မလေးမျိုးလဲ။ သူမ ဘယ်သူလဲဆိုတာ … သူ အလွန်အမင်းသိချင်နေသည်။ မနက်မိုးလင်းတော့ … သူ ခြံဝထွက်ပြီး ကောင်မလေးများ တစ်ခုခုထားခဲ့မလားဟု တွေးမိ၍ စာတိုက်ပုံးကိုကြည့်ရသည်။

"ဟော့ … နိုင်း … ဘာတွေလုပ်နေတာလဲ၊ စောစောစီးစီး မထတတ်ပါဘူးနော်"

"ဟင် သံစဉ်"

သံစဉ် အရမ်းရယ်ပစ်ချင်သည်။ နိုင်းတစ်ယောက် စောစောစီးစီးထပြီး စာတိုက်ပုံးနားရောက်နေတာ မရိုးသားဘူးဟုထင်သည်။

"ဘာတွေလဲ"

"မတွေ့ပါဘူး"

"စောစောစီးစီး ဘယ်သူကလာထားမှာလဲ နိုင်းရယ် … ဟိုလေ … စာထဲမှာ ဘာတွေရေးထားလဲ သံစဉ်ကြည့်ချင်တယ်"





"လာသံစဉ် … အဲဒီအကြောင်းတွေ ပြောချင်တယ်"

သံစဉ့်ကိုခေါ်ပြီး သူ့အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။

"စာကတော့ ဖတ်မနေနဲ့သံစဉ်ရာ … နိုင်းကိုချစ်တယ်လို့ရေးထားတာ … မိန်းကလေးဖြစ်ပြီး အရှက်သိက္ခာမဲ့လွန်းတယ်၊ နိုင်းတော့ သဘောမကျပါဘူး"

နိုင်း သဘောမကျဘူးဆိုပြီး … စာတိုက်ပုံးနား ဘာကြောင့်ချောင်းနေရတာလဲ။ ညက ဖုန်းဆက်တဲ့အကြောင်းတွေကိုလည်း မြခွန်းက ဖုန်းဆက်ပြောပြထား၍ … သံစဉ် သိထားပြီးပြီဖြစ်သည်။

"ညက ဖုန်းဆက်သေးတယ် သံစဉ် … ကောင်မလေးအသံကတော့ ချိုချိုအီအီလေးပဲ … နိုင်း ဟောက်ပစ်လိုက်တယ်"

"နိုင်းက ဖုန်းကိုမပိတ်ပစ်ဘဲ ဆက်နားထောင်နေတယ်ဆို"

"ဟင် … သံစဉ် ဘယ်လိုလုပ်သိနေတာလဲ"

ဘုရားရေ … သံစဉ် လွတ်သွားတယ်။ သတိလစ်ပြီး ပြောမိသွားသည်။

"မဟုတ်ဘူးလေ … တစ်ဖက်ကောင်မလေးနဲ့နိုင်း စကားတွေ အများကြီးပြောဖြစ်နေတာ … နိုင်းဘက်က ဆက်နားထောင်နေလို့ မဟုတ်ဘူးလားလို့"

"နိုင်းလည်း နားမထောင်ချင်ပါဘူး၊ ဒီကောင်မလေး ဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဆက်ပြောမလဲလို့ ခဏနားထောင်မိတာပါ၊ ဟာကွာ ... အရှက်မဲ့တယ်၊ မပြောချင်တော့ပါဘူး"

"ဘာလဲ ... အနမ်းလက်ဆောင်လေးတွေ ပေးလိုက်လို့လား"

"ဘာ ... "

"သံစဉ်ထင်တာ ပြောတာပါ၊ ဟုတ်လား ... "

"တော်ပါပြီဟာ ... ဒီလို မိန်းကလေးတစ်ယောက်အကြောင်း စကားထဲထည့်ပြောရတာတောင် မကောင်းပါဘူး"

သံစဉ်နှင့်စကားပြောရတာ ပွင့်လင်းလွန်း၍ မောင်နှမလေမယ့် စရိုက်ခြင်းက သိပ်မတူသဖြင့် ... နိုင်း ရှက်သည်။ ညကလည်း ကောင်မလေးကြောင့် နိုင်း အိပ်လို့မရခဲ့ဘဲ မိုးလင်းတဲ့အထိ မျက်လုံးတွေကြောင်နေခဲ့တာ ... သံစဉ်သိရင် ဟားတော့မှာပဲ ... သူ့ အမှတ်ရနေမိတာက ကောင်မလေးရဲ့အနမ်းတွေပဲ ... အသံလေးကလည်း ချိုအီအီလေး နားထောင်လို့ကောင်းနေ၏ ... သံစဉ်က ရယ်မောနောက်ပြောင်ပြီး ပြန်ထွက်သွားမှ သူ့ စိတ်သက်သာရာရသွားတော့သည်။

+++

အခန်း ( ၈ )

"နိုင်းက မာမီတို့ရဲ့ ရွှေသမက် ငွေသမက်နော် ... သမီးတောင်းဆိုမှုမှန်တယ်၊ အမြန်ဆုံးစေ့စပ်ရမယ်၊ မကြာခင် လက်ထပ်ပွဲကျင်းပရမယ်"

"မာမီ့သမီးပါ၊ ဘယ်ညှံ့မလဲ ... ပြီးတော့လေ သမီးချုပ်ကိုင်နိုင်အောင် လုပ်ပစ်မယ်၊ နိုင်းက တကယ့်ကိုယောက်ျားပီသခန့်ညားတယ်၊ သမီးရွေးချယ်ချင်တဲ့အရည်အချင်းတွေက အပြည့်ပဲလေ"

ကိုညဏ်ထက်က နာမည်နဲ့လိုက်ဖက်အောင် စီးပွားရေးလုပ်တဲ့နေရာတွင် ညဏ်ထက်ပေမယ့် ... ရုပ်ပွေလွန်းသည်။ ဒေါ်ထူးထူး တမင်လွှတ်ပေးထားတာပါ။ မိမိလည်း ကဲချင်ကဲတာပဲ။ ယောက်ျားက မိမိသဘောဆန္ဒပဲ ... သမီးကိုလည်း ယောက်ျားကောင်းကောင်းရစေချင်သည်။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တိ ... တိ"

"တိ ... "

"တိ ... "

"ဟော ... နိုင်း လာပြီထင်တယ်၊ မာမိ ... သမီး ခဏ လောက်အိုင်တင်ခံလိုက်ဦးမယ်၊ မာမီ စောင့်နိုင်းထားလိုက်နော်"

"အေးပါ"

ဒေါ်ထူးထူးကတော့ ဆိုဖာဆက်တီပေါ်မှာ အခန့်သားထိုင်နေသည်။ မောင်ရွှေထွန်းတင် ဝင်လာ၏။ အရမ်းကိုကြည့်ကောင်းတဲ့ ယောကျ်ားတစ်ယောက်ပဲ ... သမီးလေးကို ခင်ပွန်းအဖြစ်ရစေချင်သည်။

"အန်တီ ... လွှာရော"

"ဩော် ... မောင်ရွှေထွန်းတင် ထိုင်ဦးကွယ် ... သမီးက အလှပြင်နေတုန်းပဲ ... စောင့်ဦးကွယ်"

"ဟုတ်ကဲ့ပါ အန်တီ"

"မောင်ရွှေထွန်းတင်"

"ပြောပါ အန်တီ"

"မင်းရဲ့လုပ်ငန်းတွေအတွက် လိုအပ်တာပြောနော်၊ မာမီတို့ ဖြည့်စွမ်းပေးနိုင်တယ်၊ အားနာစရာမလိုဘူး"





"ဟုတ်ကဲ့ ပြောပါ့မယ် ... လောလောဆယ်တော့ ငွေ မလိုသေးပါဘူး၊ ဒက်ဒီမှာလည်း လုံလောက်တဲ့အရင်းအနှီး ရှိပါတယ်၊ လိုအပ်ရင်ပြောပါ့မယ် အန်တီ"

"သမီးက ဒီလိုပဲ အလှပြင်တာကြာတယ်၊ မောင်ရွှေထွန်းတင်ကို အားနာလိုက်တာ"

"ရပါတယ်ဗျာ ... အားမနာပါနဲ့ စောင့်ပါ့မယ်"

မာမီက သေသေချာချာမှာလိုက်လို့ ... နိုင်း စိတ်ရှည်ရှည်နှင့် သည်းခံနေရသည်။ လှရုပ်လွှာ တော်တော်နှင့်ဆင်းမလာပေ။ သူနှင့်စေ့စပ်ဖို့စီစဉ်တာ အလျှင်အမြန်ကြီးဖြစ်နေ၍ သူတောင် ယောင်ချာချာ ဇဝေဇဝါ ... နန်းတော်ကြီးတမျှ ကြီးကျယ်ခမ်းနားလွန်းတဲ့ တိုက်ကြီးကို အမွေပိုင်ဆိုင်ခွင့်ရမယ့် ရွှေမင်းသမီး လှရုပ်လွှာဟာ သူ့ဇနီးဖြစ်တော့မှာပါလား။ ဒေါ်ထူးထူးစိတ်ထဲမှ ကြိတ်ပြီး ပျော်နေမိသည်။

"သမီးက ကြာလိုက်တာကွယ် ... မောင်ရွှေထွန်းတင် စောင့်နေရတာ အားနာစရာကြီး ... မာမိ သွားခေါ်ပေးမယ်"

"နေပါစေ အန်တီ ... နိုင်း စောင့်နေနိုင်ပါတယ်"

အကြာကြီးစောင့်ခိုင်းထားပြီးမှ ရွှေရုပ်လွှာအကြံအစည်ကို နိုင်းသိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ... ဒီမှာ မောင်ရွှေထွဋ်တင် စောင့်နေရတာလေ"

"စောင့်ပေါ့ ... လွှာ့အကျင့် နိုင်းသိထားဖို့လိုအပ်တယ်လေ မာမီ"

"ဟုတ်တယ်ကွယ် ... သားက သမီးလွှာရဲ့အကျင့်စရိုက်တွေ သိထားမှဖြစ်မယ်နော်"

"ဟုတ်ကဲ့ ... ခွင့်ပြုပါဦး အန်တီ"

"သားရယ် ... ဘာအန်တီလဲ ... သူစိမ်းဆန်ပါတယ်၊ မာမီလို့ပဲ ပြောဆိုဆက်ဆံပါ"

လွှာတို့တိုက်ကြီးထဲမှာ နေထိုင်ရတာ ... စိတ်ကျဉ်းကြပ်ရလွန်းသည်။

"နိုင်း"

"မောင်"

"နိုင်းကိုကြည့်ရတာ ကျောက်ရုပ်ကြီးတစ်ရုပ်လိုပဲ ... အသက်မပါလိုက်တာ၊ ဘာလဲ ... ပြောစမ်း ... လွှာ့ကို လက်မထပ်ချင်တာလား၊ နိုင်းက ယောကျ်ားနော် ... ပွင့်ပွင့်လင်းလင်းဝန်ခံပါ"

"မဟုတ်ပါဘူး လွှာရယ် ... နိုင်းက ဒီလိုပဲနေတတ်တာလေ"

"ရှင် ... တကယ်ပဲ လွှာ့ကို လက်ထပ်ချင်တဲ့ဆန္ဒ ရှိပါတယ်နော်"





"ရှိပါတယ် လွှာရယ် ... မင်းက အရမ်းသွက်လက်ဖျတ်လက်နေတော့ ... ကိုယ် လိုက်မမှီဖို့မလွယ်ဘူး"

တကယ်ပဲ နိုင်းကိုယ်တိုင်က လှရုပ်လွှာလို အသိုင်းအဝိုင်းကြီးတဲ့ မိန်းမတစ်ယောက်နှင့်ပဲ လက်ထပ်ချင်ခဲ့သည်။ သူ့ဂုဏ်သိက္ခာအတွက်ပါ။ လှရုပ်လွှာ ညှို့ငြင်သွားမှာလည်း စိုးရိမ်မိနေ၏။ စိတ်ထဲမှာလည်း လှရုပ်လွှာရဲ့အမူအကျင့်တွေကို မနှစ်သက်မိ။ သူ့ကိုအနိုင်ရဖို့ အပေါ်စီးကနေ မာမာကျောကျော ဆက်ဆံပြောဆိုနေသည်ကိုလည်း သူသိနေသည်။

"နှင်းဆီနီလေးပေးတဲ့ မိန်းကလေး ... မင်းဘယ်သူလဲ ... ကိုယ်သိနေပါတယ်၊ မင်းကတော့ ကိုယ့်မာမီလက်ခံနိုင်တဲ့ ချွေးမလောင်းတစ်ယောက်တော့ မဖြစ်နိုင်ပါဘူး"

သူကိုယ်တိုင်လည်း သတ္တိမရှိပေ။ ကောင်မလေးဖုန်းဆက်တော့လည်း မင်းနဲ့ လူချင်းတွေ့ချင်တယ်ဟု မပြောရဲခဲ့ပေ။ သတ္တိကြောင်နေခဲ့သည်။ မင်းကိုပဲ သတိရနေတယ်။ မင်း ဘယ်သူလဲ။ သူ့မအသံလေးက သူ့နားထဲမှမထွက်ဘဲ စွဲရစ်ကျန်နေသည်။

"ဖိတ်စာရွေးဦးနော် ... မြန်မာပြည်မှာ ဘယ်သူမှ မသုံးသေးတဲ့ ဒီဇိုင်းအသစ်တွေကို လွှာ အင်တာနက်ကနေရှာထားတယ်၊ နိုင်းကြိုက်ကြိုက်မကြိုက်ကြိုက် လွှာ့စိတ်ကြိုက်ပဲရွေးမနော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသဘောပါပဲ လွှာရာ"

လှရှပ်လွှာကိုလည်း တင်းတင်းမာမာ စိတ်ဆိုးသွားအောင် နိုင်း မပြောရဲပေ။ သူမဆန္ဒအတိုင်းသာ ဖြစ်စေသည်။ ဒက်ဒီက သိပ် ပြီးသဘောမကျ။ မာမီ့ဆန္ဒက ပြင်းပြနေ၍ လွှတ်ပေးထားခြင်းဖြစ် သည်။

"သားက ဆန္ဒရှိတယ်ဆိုရင်လည်း ပြီးတာပါပဲ ... ဒက်ဒီ မကန့်ကွက်တော့ဘူးကွယ်"

သံစဉ်ကလည်း မကြိုက်ပေ ... ကင်းကင်းရှင်းရှင်းပဲ နေခဲ့ သည်။

"သံစဉ်က အစုတ်အနုတ်တွေဖိတ်မှာနော် ... နိုင်းနဲ့လည်း အတူတူ မွေးနေ့မလုပ်ချင်ပါဘူး၊ မာမီ့လိုပဲ နိုင်းကိုယ်တိုင်က ဂုဏ် တွေပကာသနတွေကို မက်မောနေတာလေ၊ ကြည့်နေ ... အဲဒီလို အမြင့်ကဟာမတွေရဲ့အောက်မှာ နိုင်းနေရမယ်"

သံစဉ်ပြောတဲ့အတိုင်းပဲ လွှာ့အရိပ်က သူ့အပေါ် သိသိသာ သာလွှမ်းမိုးစပြုနေသည်။ အရင်ကလို ပျော်ရွှင်မှုတွေ မရှိ။ နောင်တ ရမိနေပေမယ့် သူလက်ထပ်လိုတာက လှရှပ်လွှာလို အထက်တန်း စားမိန်းကလေး ဖြစ်သည်။

"နိုင်း ... "





"ဟင်"

"ကားကို ဘယ်လိုမောင်းနေတာလဲ၊ လွှာမကြိုက်ဘူးနော် နှေးနှေးကွေးကွေးနဲ့ ... ညှို့ဖျင်းလိုက်တာ"

"နိုင်းက လွှာစီးရတာ အခက်အခဲဖြစ်မှာစိတ်ပူလို့ ... ဖြည်း ဖြည်းမောင်းပေးနေတာပါ"

"မြန်မြန်မောင်းကွာ ... ဒီမှာ လုပ်စရာအလုပ်တွေက ရှိသေး တယ်၊ လွှာ့ရဲ့ Super Market ဆောက်ဖို့ကိစ္စ သွားကြည့်ရမယ်၊ နိုင်း တာဝန်ယူနိုင်လို့လား၊ ကျွမ်းကျင်မှုက အရေးကြီးတယ်၊ နိုင်းမှာ အရည်အချင်းမပြည့်သေးလို့ တခြားစိတ်ချရတဲ့ကုမ္ပဏီပဲ အပ်လိုက် မယ်"

"မင်းသဘောပါပဲ လွှာရယ်"

"လွှာမကြိုက်တာ အဲဒါပဲ ... နိုင်း ယောကျ်ားဖြစ်ပြီး တာဝန် မယူရဲတာလေ၊ တကယ်ဆို နိုင်းတာဝန်ယူမယ်၊ မင်းစိတ်တိုင်းကျ ဖြစ်စေရမယ်၊ ပြောလေ"

"ကိုယ်က လုပ်ငန်းအတွေ့အကြုံ မရှိသေးဘူးလေ၊ အသက် အရွယ်အရ ငယ်သေးတယ်၊ ဘယ်လိုတာဝန်ယူနိုင်မှာမလဲ လွှာ ... ကိုယ့် အဲဒီလိုမပြောချင်ဘူး၊ ကိုယ်မှ တာဝန်မယူနိုင်သေးတာ"

"အဲဒါ ရှင်ညံ့တာပေါ့၊ သတ္တိမရှိတာဘဲ ... ကဲပါ၊ ထားလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တော့ … ဈေးစပ်ပွဲကိစ္စပဲလုပ်"

ကိုယ့်ကို အနိုင်ယူဖို့ကြိုးစားနေတာပဲ … နိုင်း သတ္တိမရှိဘူး။ လွှာ့ကို ဆန့်ကျင်ဖို့အတွက် ယောက်ျားမာန်မာနတွေ ပျောက်ဆုံးနေသည်။ လွှာနှင့် တစ်နေကုန်သွားနေရပေမယ့် … သူ့စိတ်တွေက မပျော်ရွှင်နိုင်။ ပြန်ချင်နေခဲ့သည်။ အိမ်ပြန်ရောက်မှ သူ့စိတ်တွေ ပေါ့ပါးလန်းဆန်းသွားရ၏။ ခြံရှေ့ ကားရပ်မိသည်နှင့် ဟွန်းမတီးသေးဘဲ စာတိုက်ပုံးကိုကြည့်သည်။

"ဟာ … "

သူ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်။ နှင်းဆီနီလေးတစ်ပွင့် တင်ထား၏။ မာမီ မတွေ့သေးဘူးထင်တယ်။ နိုင်း စိတ်တွေ လန်းဆန်းသွားသည်။ ဘယ်သူမှမသိခင် … သူ ဆင်းပြီး ယူလိုက်၏။ ရင်တွေတုန်ရင် လှိုက်ဖိုနေသည်။

"ဘာဖြစ်တာလဲကွာ … မင်းက ကိုယ့်ကို အရမ်းဖမ်းစားထားနေပြီလားပဲ"

သူ … နှင်းဆီနီနီလေးကို မာမီမမြင်အောင် သိမ်းလိုက်ပြီးမှ ခြံထဲသို့ ဟွန်းတီး၍ဝင်လာခဲ့သည်။

"သားရေ … အမယ်လေး မာမီ တစ်နေ့လုံးရင်မောနေရတာ အဆင်ပြေရဲ့လားလို့ကွယ်"





သူ့ကားစက်ကိုမရပ်ဘဲ နှိုးထားလိုက်သည်။ ကားဒက်ဘုတ်ထဲမှာ နှင်းဆီပွင့်လေးရှိတယ်။ နှမ်းသွားမှာစိတ်ပူ၍ ကားကို Aircom ဖွင့်ထားခြင်းဖြစ်၏။

"သား … ကားစက်ရပ်လိုက်ဦးလေ"

"တမင် စက်နှိုးထားတာပါ မာမီ … သား ပြန်ထွက်စရာရှိသေးလို့ပါ၊ ခဏဝင်နားတာပါ၊ ပူလို့ … အေးသွားအောင် ဖွင့်ထားတာ"

"ပြီးရောလေ … ဒါကအရေးမကြီးပါဘူးကွယ် … ပြောစမ်းပါ၊ သားနဲ့ လှရုပ်လွှာလေးအကြောင်းတွေ"

သူ့လက်တွေက … မာမီ့ကိုဖက်ပြီး ကားနှင့်ဝေးရာသို့ ခေါ်ဆောင်လာခဲ့သည်။ ရင်တွေက တဒိန်းဒိန်း … နှင်းဆီပန်းလေး နှမ်းလျှသွားမှာလည်း စိုးရိမ်နေသည်။

"လွှာနဲ့က အရမ်းအဆင်ပြေပါတယ် မာမီ … ဈေးစပ်ပွဲကိစ္စတွေလည်း ပြီးသွားပါပြီ၊ မာမီ စိတ်အေးပါတော့ဗျာ"

"အမယ်လေး သားအလိမ္မာလေး … မာမီ စိတ်ချမ်းသာလိုက်တာ … သား သည်းခံနော် … လွှာလေးက တစ်ဦးတည်းသောသမီးလေးဖြစ်လို့ အလိုလိုက်ထားတာလေ၊ သားဘဝအတွက် အရမ်းကို အထောက်အပံ့ဖြစ်စေမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ မာမီရာ … သားက မာမီ့စကားကို တသွေမတိမ်း နားထောင်မှာပါ။ မာမီ နားတော့နော် … သံစဉ်ရော"

"ဟိုဘက်ခြံလေ"

မာမီ့နှုတ်ခမ်းရော … မျက်နှာပြင်ရော တွန့်မဲ့သွားသည်။ သံစဉ်က သူမ လုပ်ချင်တာလုပ်၍ သွားချင်တဲ့နေရာသွား၏။ မာမီ ကမကြိုက် … အထင်သေးသည်။

"သား"

"ဗျာ"

"မင်း … လှသာလေးကိုအရယူနိုင်အောင် ကြိုးစားနော် … အရမ်းမြင့်တယ်၊ ကြီးကျယ်ခမ်းနားတယ်၊ ပိုင်ဆိုင်မှုတွေက ဘယ်လောက်လဲတောင် ခန့်မှန်းလို့မရနိုင်ဘူးနော်"

သူကတော့ တော်တော်လေးစိတ်ညစ်ပြီး အထင်သေးနှိမ်ချ ပြောဆိုဆက်ဆံတဲ့စကားတွေ အပြောခံရတာ မာမီကို အသိမပေးချင်ပေ။ သူကိုယ်တိုင် လှရုပ်လှသာနှင့်လက်ထပ်ဖို့ပဲ သတ္တိရှိနေသည်။

"ဒါဆိုလည်း မာမီ စိတ်အေးပြီ၊ သား အပြင်ပြန်ထွက်ဦးမလို့လား။ ပင်ပန်းရင်လည်း မသွားနဲ့တော့လေ၊ ဟိုသားအဖကတော့ သံစဉ့်မွေးနေ့ပွဲအတွက် အကြီးအကျယ်ပြင်ဆင်နေကြတယ်၊ မာမီ တမင် မသိချင်ယောင်ဆောင်နေတယ်၊ သားဒက်ဒီကလေ ဟိုဘက်





ခြံကဟာမတွေကို စိတ်ဝင်စားနေလားပဲ … မိသံစဉ်ကို ဖိတ်စာပေးဖို့ အသေအချာမှာနေလေရဲ့"

"ထားလိုက်ပါ မာမီရာ … သံစဉ်လုပ်ချင်တာ လုပ်ပါစေ"

မာမီ့ကို အပေါ်ထပ်သို့ အမြန်တက်သွားစေရန် … နိုင်း အတင်းပို့ပေးပြီး ခြံထဲပြန်ဆင်းလာခဲ့သည်။

"အား … အေးသွားတာပဲ … စိတ်ချမ်းသာလိုက်တာနော်"

သူ့ ကားထဲဝင်လိုက်သည်နှင့် အေးစိမ့်သွားတဲ့အပြင် နှင်းဆီပန်းလေး မနွမ်းဘူးဆိုတဲ့အသိကြောင့်လည်း ပျော်ရွှင်ကြည်နူးသွားသည်။ ကားလေးကို အပြင်သို့ ပြန်မောင်းထွက်လာခဲ့ပြီး အင်းယားကန်စောင်းတစ်နေရာမှာ ထိုးရပ်ပစ်မိ၏။ ပြီးမှ ကားဒက်ဘုတ်ထဲမှ နှင်းဆီပန်းပွင့်လေးကို ထုတ်ယူလိုက်ကာ … သူ့နှုတ်ခမ်းလေးမှာ ထိကပ်ထားလိုက်လေသည်။

+ + +

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"နိုင်း"

"ဟင်"

"ကျွန်မပို့လိုက်တဲ့ နှင်းဆီပန်းလေးကို ရလားဟင်"

"မင်းဘယ်သူလဲ"

"နိုင်းကိုချစ်နေတဲ့ ချစ်သူပါ"

"ဟော့ ... မင်း ဘာတွေလုပ်နေတာလဲကွ ... ပြောစမ်းပါ။ မင်းနာမည် ဘယ်သူလဲ"

"ချစ်သူ"

"ဘာ ... ချစ်သူ"

"ရှင် ... "

"ဟာကွာ ... "





"ကျွန်မနာမည်ကိုတော့ ချစ်သူလို့ပဲ သတ်မှတ်ထားလိုက်ပါတော့နော်"

ချစ်သူပဲပေါ့ ... သူ့စိတ်တွေကို လန်းဆန်းတက်ကြွစေသည်။ ရင်တွေ အေးချမ်းသွား၏။ ချစ်သူတဲ့ ... ကိုယ့်ချစ်သူလား ... နိုင်း ဘာတွေစဉ်းစားနေတာလဲ။ မင်းလက်ထပ်ရမှာက လှာပဲ ...

"နိုင်း"

"ဘာလဲကွ"

"ချစ်တယ်"

ငါလက်ထပ်တော့မယ်ဟု ပြောလိုက်ဖို့ ... သူ့စိတ်တွေက ဘာဖြစ်လို့ ပြောပြချင်တဲ့ဆန္ဒတွေ ပျောက်ဆုံးနေမှန်း မသိ ... သူ ဘာကယ်ဆို ချစ်သူနှင့် ကင်းကင်းရှင်းရှင်းနေထိုင်သင့်သည်။

"နိုင်းရော"

"ဘာ ... "

"ချစ်သူကို နည်းနည်းလေးတောင် မချစ်ဘူးလားဟင်"

"ဟော့ ... "

မချစ်ဘူးလို့ ပြောပစ်ချင်တာ ... သူ့နှုတ်ခမ်းသားတွေက စေ့ကပ်နေသည်။

"ချစ်သူကလေ နိုင်းကို အမြဲတမ်းတွေ့ချင်နေတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်းရယ် ... ချစ်သူ အရမ်းအားငယ်နေတယ်လေ ... ချစ်သူမှာ နိုင်းနဲ့တွေ့ဖို့ သတ္တိလုံးဝမရှိဘူး"

ချစ်သူရဲ့အသံလေးက သနားစဖွယ် ... လွမ်းလွမ်းဆွတ်ဆွတ် ... တမ်းတမ်းတတလေး ဖြစ်နေသည်။ လှရုပ်လွှာနဲ့တော့ တခြားစီပဲ ...

"ချစ်သူပေးထားတဲ့ အမှတ်တရလေးတွေကို နိုင်းအသဲနှလုံးရဲ့ နက်ရှိုင်းတဲ့နှလုံးသားတွေထဲမှာ သိမ်းထားပေးပါနော်"

"ဒီမှာ ကောင်မလေး ... မင်းဘယ်သူလဲ ... မင်း တစ်ဖက်ခြမ်းက မြခွန်းဆင့်တော့ မဟုတ်ပါဘူးနော်"

နိုင်းက ... မင်း မြခွန်းဆင့်တော့ မဟုတ်ပါဘူးနော်ဟု ပြောလိုက်၍ ... အထိတ်တလန့်နှင့် သူမအသံများ မှတ်မိသွားပြီလားဟု ခြောက်ခြားသိမ်ငယ်သွားရသည်။ မြခွန်းပါလို့ ... အမှန်ကို ဖွင့်ဟမပြောရဲပေ ... သံစဉ်က လုံးဝဖွင့်မပြောနဲ့တဲ့ ... နင့်ကို အထင်သေးနေတာတဲ့ ... နိုင်းကိုယ်တိုင် အထက်တန်းလွှာ အမြင့်ကြီးကိုမှ အထင်တကြီး ဆက်ဆံချင်တာတဲ့ ... မြခွန်း ပြာပြာသလဲပဲ မဟုတ်ကြောင်းပြောဆိုလိုက်ရသည်။

"ဘယ်က မြခွန်းဆင့်လဲ၊ မသိပါဘူး၊ နိုင်းကရော ... အဲဒီ မြခွန်းဆင့်ကို သဘောကျနေတာလား"





"မကျပါဘူး၊ ငါနဲ့လည်း မပတ်သက်ပါဘူး၊ ငါ့ကို နိုင်းလို့ တရင်းတနှီးသိနေတာ မြခွန်းဆင့်ဖြစ်နိုင်တယ်လေ"

"မဟုတ်ပါဘူး၊ ချစ်သူက ... ချစ်သူ ... ဒါပေမဲ့ နည်းနည်းလေးတော့ အရိပ်အငွေ့လေးပြောလိုက်မယ် ... နိုင်းတို့ ရပ်ကွက်ထဲကပဲနော်"

"ချစ်သူ ... မင်း ... မင်း"

"နိုင်းက ချစ်သူလို့ခေါ်လိုက်တာလား ... အရမ်းပျော်သွားပြီ၊ နိုင်း အရမ်းချစ်တယ်၊ တွေ့ချင်လိုက်တာ ... သတ္တိက မရှိပြန်ဘူး၊ နိုင်း အထင်သေးမှာလား ... ချစ်သူကိုတွေ့ရင်ရော မတူမတန်ဘူးလို့ ပြောမှာလား"

သူ ... ရင်တွေတုန်ရင်ပြီး ကောင်မလေးကိုလည်း ယောင်ရမ်းပြီး ... ချစ်သူဟုခေါ်မိသွားသည်။ ဘာတွေလဲ ... နိုင်းစိတ်ကို မထိန်းချုပ်နိုင် ... ကောင်မလေးအား အော်ငေါက်ပစ်လိုက်ဖို့ မပြောနှင့် ... ကောင်မလေးစကားသံလေးတွေကို နိုင်း သာယာနှစ်သက်နေသည်။

"မင်းက ... ကိုယ့်ရပ်ကွက်ထဲကလား၊ ဘာဖြစ်လို့ လျှို့ဝှက်ထားရတာလဲ ... ပြော"

"မတွေ့ရဲလို့ပါ၊ ချစ်သူကို နိုင်း အဖက်မတန်သလိုလုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပါတယ်၊ တွေးမိတိုင်း ... အရမ်းငိုချင်တယ်၊ နိုင်းရှေ့မှာ ရပ်တည်နိုင်စွမ်း မရှိဘူးလေ ... နိုင်းက ... မိန်းကလေးတစ်ယောက်ကို ဘယ်လိုအနေအထားမှ ပတ်သက်ဆက်ဆံချင်တာလဲဟင်"

ချစ်သူအသံလေးက အရမ်းပဲ အားငယ်ညှိုးလျော်၊ နွမ်းလျှလွန်းနေသည်။ နိုင်းက အဆင့်အတန်းမခွဲခြားတတ်ပါဘူးဆိုတဲ့ စကားကို နိုင်းငယ်စဉ်လေးထဲက ပြောပိုင်ခွင့်မရှိခဲ့ပေ ... မာမီက မကြိုက် ... အမြဲတမ်း အဆင့်ခွဲခြားနေထိုင်တတ်အောင် သင်ကြားလေ့ကျင့်ထားသည်။

"နိုင်း ..."

"ဟင် ..."

"ဘယ်လိုလဲကွာ ... ချစ်သူသိချင်တဲ့အဖြေကို ပေးလေ ... နိုင်းက ချစ်သူအပေါ် ရက်စက်မှာလား"

"မင်းနဲ့ ဆက်ပြောစရာအကြောင်း မရှိတော့ဘူး ... ငါက အဆင့်အတန်းတွေ ခွဲခြားတတ်တယ်၊ မင်းလိုချင်တဲ့အဖြေ ဟုတ်မဟုတ်တော့ မသိဘူး၊ ဒါပဲ ..."

သူ ဖုန်းကိုပတ်ပစ်လိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ မာမီ ရောက်လာတော့မယ်ဆိုတာ နိုင်းသိ၏။ ထို့ကြောင့် စကားကို ဖြတ်ပစ်လိုက်တာပါ။ သူထင်ထားတဲ့အတိုင်းပင် ... မာမီ ဝင်လာ





သည်။

"သား ... နိုင်း ... မအိပ်သေးဘူးလား၊ ဧည့်စပ်ပွဲကိစ္စက ရှိနေတော့ ... သား အအိပ်အစား မှန်မှန်လုပ်ပါကွယ်"

"ဟုတ်ကဲ့ပါမာမီ ... နိုင်း အခုပဲအိပ်တော့မှာပါ။ မနက်ဖြန် နိုင်း ကုမ္ပဏီကိစ္စတွေ လုပ်စရာရှိသေးတယ်"

"အိပ်တော့နော်"

မာမီက သူ့ကို အရမ်းဂရုစိုက်တယ်။ လောလောဆယ် သူတွေ့ချင်နေတာက သံစဉ်ပါ။ ရင်ထဲမှာ ပြောချင်တဲ့စကားက ပြည့်နက်နေသည်။ မာမီက သူ့နဖူးလေးကိုသတ်ပြီး ပြန်ထွက်သွား၏။ နိုင်းအသက်ကို ပြင်းပြစွာ ရှူထုတ်ပစ်လိုက်ရသည်။

"ဟူး ..."

သံစဉ့်ဆီ ဖုန်းဆက်ရမယ်။ သူ့အခန်းထဲ လာခဲ့ဖို့ပါ။ သူ ဖုန်းဆက်တော့ ... အရေးထဲ သံစဉ်က ဖုန်းပိတ်ပြီးအိပ်စက်နေသည်။

"အိပ်ပုတ်မလေး ... ရင်ဖွင့်ချင်တယ် ... ဟိုကောင်မလေး ချစ်သူဆီ ဖုန်းပြန်ဆက်ရင်ကောင်းမလားဘဲ ... မဆက်ပါဘူး၊ မင်းနဲ့က ဘယ်လိုမှ ဆက်စပ်လို့မရတာ ... ဒီရပ်ကွက်ထဲကဆိုတော့ ချမ်းသာကြသူတွေပဲလားကွာ"

ချစ်သူက ... နိုင်းစိတ်ကို တော်တော်လေးအနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပေးနေသည်။ သူ့မျက်လုံးတွေက အိပ်စက်ခြင်းတွေ ပျောက်ဆုံးနေသည်ဟု ထင်မိ၏။ ကြောင်နေသည်။

"ချစ်သူ ... မင်း နှောင့်ယှက်လွန်းတယ်ကွာ ... ငါ့ရှေ့ကို သတ္တိရှိရှိ ထွက်ခဲ့စမ်းပါ"

သူ ... ညဥ့်နက်မှ အိပ်ပျော်သွားသည်။

"နိုင်းရေ ... နိုင်း"

"ဒေါက် ... ဒေါက်"

"နိုင်း ... အိပ်ပုတ်ကြီး ... ထတော့တဲ့ ... မာမီ အန္တိုးခိုင်းတာနော် ... ဒုန်း ... ဒုန်း"

အပြင်ကနေ ... တခါးခေါက်ပြီးအော်ဟစ်နေသဖြင့် လန့်နိုးသွားသည်။ နာရီကိုကြည့်တော့ ဆယ်နာရီတောင်ထိုးနေပြီပဲ ... သူ လူးလဲထလိုက်ပြီး တံခါးဖွင့်ပေးလိုက်သည်။

"နိုင်း ... ဘာတွေဖြစ်နေတာလဲ၊ ထူးထူးဆန်းဆန်းနော်"

"သံစဉ် ... အတော်ပဲ ... ဝင်ခဲ့ ... နိုင်း ပြောပြစရာတွေရှိတယ်"

"ညက ဖုန်းဆက်သေးတယ်မဟုတ်လား။ ဘာတွေထူးခြားနေလို့လဲ"

"ထိုင်"





သံစဉ့်ကို အတင်းထိုင်ခိုင်းပြီး ... ချစ်သူအကြောင်းတွေ ပြောနေမိသည်။

"နိုင်း"

"ဟင် ... "

"သံစဉ်ကတော့လေ ... ကိုယ်နဲ့အဆင့်တူတဲ့ ချစ်သူနဲ့ပဲ သဘောတူတယ်၊ ဒီရပ်ကွက်ထဲကဆိုရင် လူချမ်းသာတွေပါနိုင်းရယ်၊ ဘယ်သူလဲဆိုတာ သံစဉ်စုံစမ်းပေးရမလား"

"စုံစမ်းမနေပါနဲ့တော့ သံစဉ်ရာ ... မာမီက မကြိုက်ဘူး၊ ဒီရပ်ကွက်ကိုတောင် မာမီ သိပ်အထင်ကြီးတာမဟုတ်ဘူးနော်"

"တော်ပြီနိုင်း ... အလကားပဲ ... နိုင်းကိုယ်တိုင်က အထက်ကို မှန်းနေတာ ... သံစဉ်ဆိုရင် ကိုယ့်ဆန္ဒနဲ့ကိုယ် ဆုံးဖြတ်နေထိုင်တာလေ၊ မာမီ ဘာမှပြောဆိုတားဆီးလို့ မရဘူး"

ဟုတ်တယ် ... နိုင်းကိုယ်တိုင်က နိုင်းချစ်သူဖြစ်မယ့်မိန်းကလေးက စံချိန်တင်လောက်အောင် အရည်အချင်းတွေပြည့်နှက်နေစေချင်သည်။

"သံစဉ့်မွေးနေ့မှာလေ ... ရပ်ကွက်ထဲက သူငယ်ချင်းတွေ အများကြီးဖိတ်မယ်၊ အရမ်းကဲကြမယ်၊ ဂုဏ်တွေ ပကာသနတွေ လုံးဝမရှိဘူး၊ Open ပဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ သံစဉ့်နေထိုင်စားသောက်မှုကို နိုင်း အားကျမိသည်။ Free Style ပဲ ... သူငယ်ချင်းတွေလည်း အများကြီးရှိ၏။ နိုင်းကိုကျတော့ မာမီက မိုးပေါ်အထိတင်ထားသည်။

"နိုင်းစေ့စပ်ပွဲကိုတော့လာနော် သံစဉ်"

"ဒက်ဒီက ခေါ်ထားပါတယ်၊ သံစဉ့်မွေးနေ့ကို မာမီ လုံးဝ မနေခဲ့ယှက်ရဘူးဆိုတဲ့ ကတိနဲ့လေ ... သံစဉ်က အထက်တွေ အမြင့်တွေ ... လုံးဝစိတ်မဝင်စားဘူးနော် ... လူ့ဘဝဆိုတာ ခဏ လေးရတာ ... ပျော်ပျော်ရွှင်ရွှင်နေနိုင်ဖို့ အရေးကြီးတယ်၊ အမှန် အတိုင်း ဝန်ခံရရင်လေ၊ နိုင်းကို တစ်ဖက်သတ် ကြိတ်ပြီးချစ်နေတဲ့ ချစ်သူကိုတောင် ယောက်မတော်ချင်တာသိလား"

သံစဉ် စတင်၍အောင်သွယ်စကား ပြောလိုက်သည်။ ညက မြခွန်း ဖုန်းဆက်ပြောပြထား၏။ နိုင်းဘက်က ငြိချင်နေပြီတဲ့ ... ရွှေယောက်မအောင်သွယ်တော် မြန်မြန်လေးတဲ့ ... ဟိုမိန်းမ လှရုပ်လွှာကို အမြင်ကတ်လို့ ... မြခွန်းနှင့်ပဲ အောင်သွယ်ဖို့ဆုံးဖြတ်ထားသည်။

"ဟဲ့ ... သံစဉ် ... ဘာတွေ လေဖောင်းနေတာလဲ၊ သား ရော နိုးပြီလား၊ မနက်စာစားရအောင်လေ ... သားအတွက် ဆန်းဒွတ်တွေ၊ ပီဇာမုန့်တွေ စီစဉ်ထားတယ်"





"မာမီကလည်း နိုင်းက မြန်မာအစားအစာတွေပဲ စားချင်တာ ... မာမီပဲ စီစဉ်ပေးမယ်ဆို"

"အခုတော့ ... အလေ့အကျင့်လုပ်ထားရတော့မယ် သား ရေ ... လှာတို့မိသားစုဝင်တွေက အနောက်တိုင်းအစားအစာတွေပဲ စားကြတာ"

မာမီကတော့ တကယ်ပါပဲ ... နိုင်းတော့ သွားပါပြီ။ သံစဉ် စိတ်ပျက်လက်ပျက်နှင့် နိုင်းအခန်းထဲကနေ ထွက်လာခဲ့သည်။

"သမီးလေးသံစဉ် ... ဒက်ဒီနဲ့လိုက်ခဲ့ ... မွေးနေ့ပွဲဖိတ်စာ တွေလုပ်ရမယ်လေ"

"ဟုတ်ကဲ့ဒက်ဒီ ... ခဏလေးနော် ... သံစဉ် အဝတ်အစား သွားလဲခဲ့မယ်၊ ခဏလေး"

ဦးထွန်းမောင်မောင်ကတော့ ... ဇနီးလုပ်ရပ်တွေကို ဘယ် တော့မှ မထောက်ခံခဲ့ ... သမီးလေးကိုလည်း ချစ်သည်။ သားကို လည်း ချစ်တာပါပဲ ... သမီးလေးမွေးနေ့ပွဲအတွက် လိုအပ်တာတွေ စီမံဖို့ ... သမီးလေးနှင့် အပြင်ထွက်ဖို့ ပြင်ဆင်နေသည်။

"မောင် ... မိသားစုမနက်စာ အတူတူစားဖို့ ... ဘယ်သွား မလို့လဲ"

"မောင် မစားတော့ဘူး အေမီ ... မင်းစီစဉ်ထားတာတွေက



www.burmeseclassic.com

www.burmeseclassic.com



တို့မြန်မာပါးစပ်နဲ့ မတည့်ဘူးကွ ... အနောက်တိုင်းအစားတွေ"

"စားရမယ်၊ အခုချိန်ကစပြီး အနောက်တိုင်းစာတွေကိုပါ စားတတ်အောင် လေ့ကျင့်ရတော့မယ်လေ"

"ဘာဖြစ်လို့လဲကွ"

"ရှင့်ခမည်းခမက်တွေက အနောက်နိုင်ငံတွေမှာ အနေများတော့ ... ဒိုစာတွေပဲ ကြိုက်ကြ စားကြတယ်၊ အေမီတို့က မစားတတ်ရင် ရှက်စရာကြီး"

"မင်းသားနဲ့မင်းပဲစားပါ အေမီ ... ကိုယ်တို့သားအဖကိုတော့ ဆွဲမထည့်နဲ့ ... မင်းနဲ့ သဘောတူညီမှုရပြီးသားနော် ... မင်းတို့လုပ်ရပ်တွေမှာ မောင်တို့ လုံးဝမနှောင့်ယှက်ဘူး"

ဒေါ်အေမီသော် ... နှုတ်ခမ်းရှုပြီး ... သားလက်ကိုဆွဲ၍ စားသောက်ခန်းထဲ ဝင်လာခဲ့သည်။

"ဟွန်း ... သားဒက်ဒီကလေ သာမန်လူတန်းစားကလာတာဆိုတော့ ... စိတ်ဓာတ်က နိမ့်တယ်၊ ကိုညဏ်ထက်နဲ့များ တခြားစီပဲ ... လာသား ... မာမီသားကိုတော့ အထက်တန်းကျကျ ဂုဏ်သရေရှိရှိပဲ နေထိုင်စေရမယ်၊ လွှာတို့မိသားစုနဲ့ နေထိုင်မှုစရိုက်တွေ ထပ်တူကျအောင် လေ့ကျင့်ရမယ်"

သူ့စိတ်ထဲမှာ ဒက်ဒီနဲ့သံစဉ်နောက်သာ ပြေးလိုက်သွားချင်မိ





သည်။

အမေရိကားမှာ နိုင်း အကြာကြီး နေထိုင်ခဲ့တာတောင် နိုင်ငံခြားအစားအစာတွေကို မကြိုက်ခဲ့ပေ ... လှရုပ်လွှာတို့အကျင့်စရိုက်တွေနှင့် တစ်ထပ်တည်းကျဖို့ မာမီ လေ့ကျင့်ပေးတော့မည်။ နိုင်း မငြင်းဆန်ရဲ ... နိုင်း လူမှန်းသိတတ်စအရွယ်ထဲက မာမီ့ကို အလွန်အမင်း သံယောဇဉ်တွယ်တာပြီး ... မာမီက နိုင်းဘဝရှေ့ရေးအတွက် အကောင်းဆုံးတွေလုပ်ပေးနေခဲ့သူဟုပဲ စွဲမှတ်လာခဲ့သည်။ အမြဲတမ်း မာမီ့ဆန္ဒသည် သူ့ဆန္ဒသာဖြစ်စေခဲ့၏။ အသက်အရွယ်ရလာသည်နှင့်အမျှ မပျော်ရွှင်ရတော့ဘဲ ... လှရုပ်လွှာကြောင့်လည်း စိတ်တွေမွန်းကြပ်နေရကာ သူ့ဘဝ ရှေ့ဆက်ရမည့်ခရီးလမ်းကိုလည်း စိတ်အပျက်ကြီးပျက်နေခဲ့လေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

နှိုင်းကတော့ ... စေ့စပ်ပွဲကို လုံးဝစိတ်မပါဘဲ ဖြစ်နေသည်။ ဒါပေမဲ့လည်း လွှာ့ကိုစေ့စပ်ဖို့ ငြင်းပယ်ရန်လည်း သတ္တိမရှိ။ မာမီကတော့ ပျော်ရွှင်နေသည်။

"အမယ်လေး မောင်ရယ် ... ကြည့်ပါဦး ... မောင်တို့ အေမီတို့သားလေး ရွှေထွန်းတင် အရမ်းကိုတင့်တယ် ဝင့်ထယ်လိုက်တာနော် ... လာကြတဲ့ဧည့်သည်ပရိသတ်တွေကလည်း ဂုဏ်သရေရှိလူကြီးလူကောင်းတွေပဲ"

ဒေါ်ထူးထူးကလည်း တန်ဖိုးကြီးမားလှန်းတဲ့စိန်တွေ ဝတ်ထားသည်။ ဒေါ်အေမီ အရမ်းအားကျနေရသည်။

"မောင် ... ကြည့်စမ်း ... ထူးဝတ်ထားတဲ့စိန်လေ တန်ဖိုးကြီးပြီး အရမ်းကောင်းတယ်၊ အေမီ ဝတ်ထားတာက ဘာဟုတ်လို့





လဲ ... သမီးလွှာကိုလည်း ကြည့်လေ ... တန်ဖိုးကြီးလိုက်တာ၊ ဒီသံစဉ်လေ ... ကြည့်ပါလား ... ဘာမှကိုမဝတ်ဘူး၊ Fancy တွေပဲဝတ်တယ်"

"အေမီ အသာနေစမ်းပါကွာ ... မင်းက အရမ်းငမ်းငမ်းတက်ဖြစ်နေတယ်၊ ဣန္ဒြေနဲ့နေပါ"

မာမီ့မျက်နှာ အပြုံးပန်းတွေဝေနေရင် ပြီးတာပါပဲ။ ဒက်ဒီနှင့် သံစဉ်က တည်တည်ငြိမ်ငြိမ် ... လွှာ စိန်တွေဝတ်ထားတာကို နှိုင်းစိတ်ထဲမှာ အထင်မကြီးဘဲ ... ချစ်သူပေးတဲ့ နှင်းဆီပန်းနီနီလေးကို အမှတ်တရနှင့် တန်ဖိုးထားနေမိသည်။

"နှိုင်း"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ ... ရှင် အရမ်းငြိမ်သက်နေတယ်"

"ကိုယ် ... ဒီလိုပဲနေတတ်တယ် လွှာ ... ကိုယ့်အကျင့်စရိုက်တွေကို မင်းအသိဆုံးပဲလေ"

လွှာကတော့ နှိုင်းနှင့်စေ့စပ်လိုက်ရ၍ အပျော်ကြီးပျော်နေသည်။ နှိုင်းနှင့်လွှာ ရိုက်ထားတဲ့ဓာတ်ပုံတွေနှင့် စေ့စပ်ပွဲအကြောင်းတွေကို သူမရဲ့ Facebook ပေါ် တင်ထားတာ အရမ်းပဲစိတ်ဝင်တစား



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။

"နိုင်း ... ထ ... ကျွန်မလက်ကိုတွဲထား ... ပြုံးနော် ... ရှင်က လွှာ့ကို အငမ်းမရ ... အကြိုက်ကြီးကြိုက် ... အချစ်ကြီးချစ် တဲ့ပုံစံ အမိဖမ်းထားရမယ်"

"ကောင်းပါပြီ လွှာရယ် ... အရာအားလုံး မင်းသဘော မင်း ဆန္ဒတွေအတိုင်း ဖြစ်စေရပ့ါမယ်"

မာမီကလည်း နိုင်းအနားကပ်ပြီး မျက်နှာကြီးပြုံးထားဖို့ သတိပေးနေသည်။ မထူးတော့ပါဘူး။ ဒီတစ်နေ့လေးပဲဟာ ... နိုင်း အတော်အားယူ၍ ပြုံးနေရသည်။

"အင်တာနက်ကိုတင်ရင် ချစ်သူ တွေ့သွားမလား"

မဆီမဆိုင် ချစ်သူကို သတိရနေသည်။ နိုင်း စေ့စပ်ပွဲမှာ ဘယ်သူတွေ ဘာလုပ်နေကြသည်ကိုပင် မမှတ်မိ ... အပြုံးတွေ တောက်ပနေစေရန်ပဲ သူ့ အစွမ်းကုန်ကြိုးစားနေရ၏။ ချစ်သူကို လည်း ထူးထူးခြားခြားသတိရမိသည်။

"မကြာခင် ... ငါ တရားဝင်စေ့စပ်တာ မင်းသိရမှာပါ ချစ်သူ ကောင်းပါတယ်ကွာ ... မင်းကိုမှ ငါ လက်မထပ်နိုင်တာဘဲ"

လွှာကတော့ သူ့လက်မောင်းကိုချိတ်ဆွဲ၍ ညွှေ့ခံသည်။ လွှာ့လက်လေးကိုလည်း သူ ဆုပ်ကိုင်ထားရသေး၏။ စေ့စပ်ပွဲ ပြီး





ဘာတောင် နိုင်း အိမ်ပြန်ခွင့်မရှိ။ လွှာတို့တိုက်မှာပဲ နေရသည်။

"သံစဉ် ... ညနေကျမှ မွေးနေ့ပွဲကို နိုင်းလာခဲ့မယ်နော်"

"ရတယ်နိုင်း ... အေးဆေးပါ ... နိုင်းဟာနိုင်းပဲ အဆင်ပြေ အောင်လုပ်ပါ၊ သံစဉ့်ဆီ အာရုံလာမနောက်နဲ့"

လုရုပ်လွှာပါလာမှာကိုတော့ သံစဉ်လည်း လုံးဝမလိုလား ပေ။ မတူမတန်သလိုလို အဖက်မလုပ်ချင်သလိုလိုနဲ့ ... သံစဉ်က လည်း မလွဲသာမရှောင်သာလို့ လာတက်ရတာပါ။ ပြန်ချင်နေသည်။

"သားနိုင်း ... သမီးလေးလွှာနဲ့နေခဲ့ ... လွှာလေးမှာ အစီ အစဉ်တွေရှိချင်ရှိနေမှာ"

"ဟုတ်ပါတယ် အန်တီအေမီ ... ရှေ့မှာ လက်ထပ်ပွဲကိစ္စ တွေ စီစဉ်ဖို့ရှိသေးတယ်၊ လွှာ့မှာက စီးပွားရေးလုပ်ငန်းတွေရှိသေး လို့ အလုပ်မအားဘူး၊ မြန်မြန်လက်ထပ်ရမယ်လေ"

ဒီမိန်းမမျက်နှာကိုက နိုင်းကို အငမ်းမရလက်ထပ်ချင်နေ သည်။ မာမီ့အပြုံးတွေက ထိန်ထိန်တောက်နေသည်။ နိုင်းတစ် ယောက် စိတ်မပါဘဲ ပြုံးနေတယ်ဆိုတာတော့ ... အမွှာညီမ သံစဉ် သိနေသည်။

"သမီးလေးမွေးနေ့ပွဲကလည်း ရှိသေးလို့ ခွင့်ပြုပါဦး၊ ညက်ထက်ရော ... ထူးရောပဲ မွေးနေ့ပွဲဖိတ်ပါတယ်၊ အရမ်းခွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်ပြီး ပျော်စရာကောင်းမှာပါ”

“အို … မောင်ကလည်း … အားနာစရာကြီး ကိုညဏ်ထ
နဲ့ထူးတို့ မလာရင်လည်းရပါတယ်၊ ခမ်းခမ်းနားနားလည်း မဟုတ်
ဘူး”

သံစဉ် ထွက်လာခဲ့သည်။ မာမီ အဖြစ်ကိုသည်းလွန်းတယ်
ဘာဖြစ်နေမှန်းကို မသိဘူး။ ဘာမှလည်း အထင်ကြီးစရာမရှိဘဲ
သံစဉ် ကားပေါ်မှာသွားထိုင်နေလိုက်သည်။

“မိသံစဉ် … ညည်းဟာလေ … မနေတတ်မထိုင်တတ် …
အသိုင်းအဝိုင်းကြီးထဲ မဝင်ဆန့်ဘူး၊ တကယ်ဆို လူကြီးတွေကို တ
တသေနှုတ်ဆက်ပြီးမှ ပြန်ရတယ်ဟဲ့”

“ကဲပါ အေမီရာ … မင်းကိစ္စပြီးနေပြီလေ၊ သမီးလေးမွေးနေ
မှာ ပျော်ရွှင်စွာဖြတ်သန်းနိုင်ဖို့ … မင်း မနှောင့်ယှက်နဲ့တော့”

“ရှင်လည်း အတူတူပဲ”

“သမီးလေးမွေးနေ့ပွဲကို မင်း ထွက်လာစရာမလိုဘူးနော်

“အမယ်လေး မလာပါဘူး၊ စိတ်ချ … ကျွန်မက ညကျ
ထူးထူးနဲ့ချိန်းထားတယ်၊ ရှင့်သမီးမွေးနေ့ပွဲပြီးမှ ပြန်လာမှာ”

“ကောင်းတယ်၊ အရမ်း Good ပဲ”

ဒက်ဒီကတော့ သံစဉ့်အတွက်ပဲ အမြဲတမ်းစဉ်းစားပေး





တ်သည်။ မာမီမရှိတာလည်း ကောင်းတယ်။ သံစဉ့်သူငယ်ချင်း
တွေ ရောက်လာကြမှာပါ။ မြခွန်းကိုတော့ အန်တီသီတာပါလာမှ
ခွင့်ပြုမယ်တဲ့ … အန်တီသီတာက မာမီ့ထက်ပိုပြီး မာနရှိသည်။

“စိတ်မပူနဲ့ သံစဉ် … တစ်ယောက်တည်း မာမီ့ကို အတင်း
ကြပ်ပြောပြီး လာခဲ့မယ်”

မြခွန်းတစ်ယောက် အရမ်းပဲ စိတ်ထိခိုက်ကြေကွဲနေသည်။
င်း တရားဝင်စေ့စပ်လိုက်၍ဖြစ်သည်။

“စေ့စပ်တာပဲ သံစဉ် … တရားဝင်လက်မထပ်သေးသရွေ့
ခွန်း ချစ်ခွင့်ရှိတယ်လေ”

“ဟုတ်တယ် … ဒီမိန်းမကို သံစဉ် ကြည့်လို့ကိုမရဘူး၊ ဟဲ့
င်းလက်ထပ်ပြီးရင်တောင် ယောကျ်ားကောင်း မော်င်းတစ်ထောင်
ဲ့ … ဘာဖြစ်လဲ … လုပ်စ်”

သံစဉ်ကတော့ နိုင်းကို သူငယ်ချင်းမြခွန်းနှင့်ပဲ သဘောတူ
မိသည်။ ဝေးပါပြီ။ မြခွန်းအသည်းတွေ ဟက်တက်ကွဲနေရှာ၏။
နားလိုက်တာ … နိုင်း သတ္တိမရှိဘူး။ အမြင့်မှအမြင့်ပဲ ပြုတ်ကျ
စေ။ သံစဉ်ပင် အမြင်ကတ်ကတ်နှင့် ဆုတောင်းမိသွားရသည်။

“အခုချိန်ကစပြီး သမီးလေးချစ်သံစဉ်ရဲ့ အပျော်ရွှင်ဆုံးအချိန်
တွေကို ပိုင်ဆိုင်ပြီနော်”



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက ခြံကြီးတစ်ခုလုံးကိုလည်း အလှပဆုံးပြင်ဆင်ထေ ထားသည်။ သံစဉ့်အတွက် မွေးနေ့ကိတ်ကလည်း တခမ်းတနား သံစဉ် အပြုံးလေးတွေ ဝေဆာနေခဲ့ပေမယ့် ... စိတ်က မပြည့်စုံ ထင်၏။ နိုင်း မရှိဘူးလေ။ မောင်နှမနှစ်ယောက် အမြဲတမ်း အတူ မွေးနေ့ကျင်းပလာခဲ့ကြတာပါ။ မွေးနေ့ပွဲမှာ သံစဉ် အလှပဆုံးထေ ပြင်ဆင်ထားသည်။

"မြခွန်း မလာသေးပါလား ... အသည်းကွဲပြီး အိပ်ရာထဲ လဲနေပြီလား"

မြခွန်းကိုပဲ သံစဉ်မျှော်နေမိပြီး ... ဖုန်းပိတ်ထားသဖြ အဆက်အသွယ်မရဘဲ ဖြစ်နေသည်။

"သမီးသူငယ်ချင်း မြခွန်း ရောက်မလာသေးပါလား။ သမီ မျှော်နေတာမဟုတ်လား"

"ဟုတ်တယ် ဒက်ဒီ ... ညှော်သည်တောင် များနေပြီ"

သံစဉ် ပြည့်ပြည့်ဝဝမပျော်ရွှင်နိုင်ဘဲ ဖြစ်နေသည်။ မြခွ ဘာဖြစ်လို့လဲ ... အန်တီသီတာကြောင့်ပဲ ထင်တယ်။ မြခွန်းတို့ ကြီးထဲမှာ မီးအလင်းရောင်တွေက စောစီးစွာမှိတ်ထား၍ မှော သွား၏။ သံစဉ် စိတ်ပျက်သွားရသည်။

"မြခွန်းအမေကလည်း မာနနဲ့ပဲလေ ... သမီးသူငယ်ချင်း





နောက်နေ့တွေ ရှိမှာပဲ"

"မြခွန်း ဘာဖြစ်နေလို့လဲမသိဘူး၊ သံစဉ် စိတ်ပူတယ်"

လူတွေကုန်တဲ့အထိ မြခွန်း ရောက်မလာခဲ့ပေ ... အကျိုး အကြောင်းလည်း ဖုန်းမဆက် ... လူတွေပြန်လာမှ နိုင်း ဖုန်းဆက် သည်။

"သံစဉ် ... မွေးနေ့မှာပျော်ရွှင်နိုင်ပါစေ ... Happy နော်"

"Thank You"

သံစဉ့်ဘက်ကနေ ချိန်နဲ့အသံလေးကြောင့် မွေးနေ့မှာ သံစဉ် ပျော်မရွှင်ဖြစ်နေတာလား။ နိုင်းလည်း လွှာကြောင့် သံစဉ့်မွေးနေ့ မှာ မဆင်နွှဲနိုင်ဘဲဖြစ်ရ၏။ နိုင်းလည်း စိတ်ထဲမှာနာကျင်ကြေကွဲ နေရသည်။

သူ့ခြံဝမှာကားရပ်ပြီး စာတိုက်ပုံးနား မသိမသာတိုးကပ်ချိန် တွင် နောက်မှ ဟိတ်ဆိုတဲ့အသံနှင့်အတူ ... သူ့ခါးကို နောက်မှ သိုင်းဖက်ခြင်းခံလိုက်ရ၏။ လန့်ပြီး နောက်လှည့်ကြည့်မိသည်။

"ဘာလဲ ... ချစ်သူပေးမယ့်နှင်းဆီပန်းလေးကို ရှာနေတာ လား"

"အတော်ပဲ ... မင်းဘယ်သူလဲ ... မျက်နှာဖုံးနဲ့ပါလား။ မင်း ဘာသဘောနဲ့ ဒီလိုတွေလုပ်နေရတာလဲ ကောင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက် ... ချစ်သူတဲ့ ... အနက်ရောင် ဘောင်းဘီတိုလေးဝတ်ထားပြီး ပေါင်တန်ဖွေးဖွေးလေးက ဖြူဝင်း အိနေသည်။ စပို့ရှပ်လက်ပြတ် အဖြူရောင်လေး ... ကောင်မလေး က လမ်းပေါ်က ညဥ့်ငှက်မလေးများလား။ ဒီအချိန်အထိ လမ်း ပေါ်မှာရှိနေတာ မိန်းမကောင်းလေး မဖြစ်နိုင် ... ဒါပေမဲ့ ချစ်သူ ဘယ်သူလဲဆိုတာ ဒီည အတိအကျသိမှဖြစ်မည်။ သူ ... ကောင် လေးပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"မင်းမျက်နှာဖုံးကို ချွတ်စမ်း ... မင်း ဘယ်သူလဲဆိုတာ ဒီညတော့ ငါ သိမှဖြစ်မယ်"

"သိဖို့မလိုပါဘူး နိုင်းရယ် ... ရှင်က စေ့စပ်ကြောင်းလမ်း ပြီးပြီပဲ"

မျက်နှာဖုံးလေးက ... ချောမောလှပတဲ့ မိန်းကလေးတစ် ယောက်ရဲ့ မျက်နှာလေးပါ။ မင်းဘယ်သူလဲ ... ဒီညတော့ သူ အလွတ်မပေးနိုင် ... မျက်နှာဖုံးကိုချွတ်ဖို့ ကြိုးစားသည်။

"နိုင်းသိဖို့မှမလိုတာလေ၊ ထားလိုက်ပါ"

"မင်း ဘယ်လိုမိန်းကလေးမျိုးလဲ ... လမ်းပေါ်မှာ ညအချိန် ကြီးရှိနေတာ ... မင်း မိန်းမကောင်းတော့ မဖြစ်နိုင်ဘူး"

"အမယ်လေး ... အထင်တော့မသေးနဲ့နော် ... အိမ်ထဲက





နေ ခိုးထွက်လာတာပါ။ နိုင်းကို နှုတ်ဆက်မလို့'

နိုင်း ... မျက်နှာဖုံးကိုချွတ်ဖို့အတွက် ကြိုးစားနေ၍ သူမ ရုန်းဖယ်ရင်း ... နိုင်းလက်တွေက သူမခန္ဓာကိုယ်လေးအား သိုင်း ဖက်ထားသလို ဖြစ်နေသည်။ မြခွန်း ကြောက်တယ်။ နိုင်းအတွက် အရမ်းနာကျင် ခံစားရလွန်းလို့ ... မေမေကလည်း သံစဉ်မွေးနေ့ပွဲ ကို သွားခွင့်မပြုလို့လည်း စိတ်ညစ်နေတာပါ။ သံစဉ်နှင့်တွေ့ချင်လို့ သူမ တိုက်ထဲကနေခိုးထွက်လာတာပါ။ မထင်မှတ်ဘဲ နိုင်း ပြန် ရောက်လာတာနှင့် ဆုံသွားသည်။ အပြင်ရောက်မှ ... သံစဉ်ဆီ နှုတ်ဆက်မလို့ဟာ ... နိုင်းက မြဲ့မှာကားရပ်ပြီးဆင်းလာ၍ မြခွန်း နှုတ်ဆက်လိုက်ခြင်းဖြစ်၏။ နိုင်းကတော့ သူမမျက်နှာဖုံးကို အတင်း အကြပ်ပင်ချွတ်ပစ်လိုက်သည်။

"ဟင် ... မင်း ... မင်း ... မြခွန်းဆင့်ပဲ"

"ဟုတ်တယ် မြခွန်းပါ၊ တောင်းပန်ပါတယ်နော် ... တကယ် တော့လေ နိုင်းကို အမေရိကားကပြန်လာပြီးမှ မြခွန်းလေ အရမ်း သွားမိလို့"

မြခွန်းဆင့်ပဲ ... မျက်နှာငယ်လေးနှင့် လက်အုပ်ချီသလိုနှင့် ဆံပင်လေးကိုပွတ်သပ်၍ တောင်းပန်နေသည်။

"အခုလည်း ... မေမေက သံစဉ့်မွေးနေ့ပွဲကို မသွားရဘူးလို့

www.burmeseclassic.com



တားဆီးလို့ သံစဉ်နဲ့တွေ့ချင်တာနဲ့ အိမ်ထဲကနေ မျက်နှာဖုံးစွပ်ပြီး ခိုးထွက်လာခဲ့တာပါ"

"ဒါဆို ... နှင်းဆီပေးနေတဲ့ချစ်သူဆိုတာ မင်းပေါ့"

"ဟုတ် ..."

နိုင်းက အနီးကပ်ကြည့်မှ ... ပိုပြီးတောင် ချောမော[illegible] သေးတယ်။ ခန့်တယ်။ နိုင်း ယောကျ်ားပီသလိုက်တာ ... ဘယ်[illegible] ပဲကြည့်ကြည့် ရင်တုန်လိုက်မောစေသည်။ ဒါပေမဲ့ နိုင်းရယ် ... ရှင်[illegible] တရားဝင်စေ့စပ်ပွဲတောင် ကျင်းပပြီးသွားပြီနော် ... မြခွန်း တစ်[illegible] လုံး ကြိတ်ပြီးငိုကြွေး ပူဆွေးနေရတာပါ။

"မင်း တော်တော်ဆိုးတာပဲ မြခွန်းဆင့် ... မိန်းကလေး[illegible] ပြီးကွာ ... အရှက်မရှိလိုက်တာ"

"အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ မရှိဘူးတဲ့ ... အချစ်[illegible] တာ ရယူပိုင်ဆိုင်ခြင်းလေ၊ စွန့်လွှတ်အနစ်နာခံခြင်းတော့ မြခွ[illegible] လုံးဝလက်မခံပါဘူး၊ ဒါပေမဲ့လေ ... နိုင်းက လူအိုကြီးဖြစ်သွားပြီ[illegible] တော့ မြခွန်းစွန့်လွှတ်လိုက်ပါပြီ"

"ဘာလူအိုကြီးလဲ"

"ဟိုလေ ... စေ့စပ်လိုက်ပြီဆိုတော့ လူအိုလောင်းကြီး[illegible] ဒါကြောင့် မြခွန်း စိတ်မဝင်စားတော့ပါဘူး၊ နှင်းဆီပန်းလည်း ဘ[illegible]





တော့မှ မပေးတော့ဘူး၊ ချစ်သူအဖြစ်ကနေ ပြန်ရုပ်သိမ်းပါတယ်၊ Good Night နော်"

မြခွန်းဆင့်က သူ့အနားကနေ ချာကနဲလှည့်ထွက်သွားကာ သူမတို့ခြံကြီးအား ကျော်ခွတက်၍ ဝင်ရောက်ပျောက်ကွယ်သွားသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"သံစဉ် … ဒေါက် … ဒေါက် … တံခါး ခဏလောက်ဖွင့်စမ်းပါ။ သံစဉ် … ဒုန်း"

"မဖွင့်ဘူး၊ ပြန်တော့ … ဘယ်အချိန်ရှိပြီလဲ အိပ်တော့မယ်"

"သံစဉ် … တံခါးဖွင့်နော် … သံစဉ်ယူလာတဲ့နှင်းဆီပန်းနဲ့ နိုင်းကို ချစ်တယ်ဆိုတဲ့စာက တစ်ဖက်ခြံကမြခွန်းဆင့်ဆိုတာ နိုင်းသိလာပြီလို့ မာမီ့ကိုပြောလိုက်ရမလား"

"ဘာ … ဟင်"

သူမ … နိုင်းကိုစိတ်ကောက်ပြီး … တမင် မခေါ်ဘဲနေမလို့ဟာ … နိုင်းစကားကြောင့် လူးလဲထလိုက်ပြီး တံခါးဖွင့်ပေးလိုက်သည်။

"ဘာပြောတယ် နိုင်း … မဟုတ်တာတွေ လာမပြောနဲ့နော်၊





စိတ်ထဲထင့်တာတွေ"

"သံစဉ် … မဟုတ်ရင် ဘာဖြစ်လို့လူးလဲထပြီး တံခါးဖွင့်ပေးလဲ"

"မြခွန်းနာမည်ကြားလို့ ထတာ … သံစဉ့်မွေးနေ့ကို မလာလို့ စိတ်မကောင်းဖြစ်နေတာသိလား"

"နိုင်းနဲ့ ခြံဝမှာတွေ့ခဲ့တယ်"

"ဟင်"

"သူ့အမေမသိအောင် ခိုးထွက်လာတာလေ၊ မျက်နှာဖုံးနဲ့"

"နှင်းဆီပန်းလာထားတာလား"

"မဟုတ်ပါဘူး … သံစဉ်နဲ့တွေ့ဖို့လာတာ … သူ့အမေက မသွားရဘူးဆိုပြီး သော့ခတ်ထားလို့တဲ့"

မထူးတော့ပါဘူး။ မြခွန်းမဟုတ်ဘူးလို့ မငြင်းချင်တော့။

"ဟုတ်တယ် မြခွန်းပဲ … သံစဉ်က နိုင်းနဲ့မြခွန်းကို ချစ်သူတွေဖြစ်စေချင်တာလေ … ယောက်မတော်ချင်လို့ မြခွန်းကလည်း နိုင်းကိုချစ်တယ်တဲ့ … ဒါကြောင့် သံစဉ် အောင်သွယ်ပေးမလို့ဟာတော်ပါပြီ၊ အခု ဇာတ်ကအံဆုံးသတ်သွားပါပြီ၊ နိုင်းက လူအိုကြီးဖြစ်သွားပြီလေ"

"လာပြန်ပြီတစ်ယောက် … ဘာလူအိုကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြခွန်းကလည်း ပြောလိုက်လို့လား"

"အင်း"

"ပြီးပြီပေါ့၊ မြခွန်းလည်း မာနနဲ့ပါနော် ... နိုင်းကို မြခွန်း မကြိုက်တော့ဘူးတဲ့ ... မိန်းမရှိနေတဲ့ယောကျ်ားတစ်ယောက်ကို တော့ မရရင်လဲသေတော့မယ်ဆိုရင်တောင် သေပစ်လိုက်မယ်တဲ့"

"သံစဉ် ... ဘာလဲဟ ... နိုင်းမှာ ဘယ်မှာမိန်းမရှိလို့လဲ၊ အမျိုးမျိုးပြောနေတာပဲ ... လူအိုဆိုတာကတစ်မျိုး"

"နိုင်း"

"ပြော"

"မြခွန်းကို ယောက်မတော်ချင်တယ်"

"ဟာ ... မဖြစ်နိုင်တာဘဲ ... မာမီ့အကြောင်းလည်း သံစဉ် သိတာပဲ ... လွှာနဲ့က တရားဝင် စေ့စပ်ထားပြီးသွားပြီပဲ"

နိုင်းကိုယ်တိုင် မပျော်ရွှင်နိုင်ဘဲ နောင်တရနေမိသည်။ လွှာ တို့က အရမ်းအထက်တန်းစားတွေ ... နိုင်း မနှစ်သက်မိ။ အစား အသောက် အနေအထိုင်ကအစ အနောက်နိုင်ငံတွေရဲ့အတုကို တစ် ထပ်တည်းယူနေကြသည်။ မာမီကတစ်မျိုး ... နိုင်းကို အပြင်း အထန်လေ့ကျင့်ပေးနေသေး၏။ သံစဉ်က နိုင်းကိုယ်တိုင်က စိတ် ဓာတ်မမှန်တာဟုပြောပြီး ... နိုင်းပြန်ပါဟု တင်းတင်းမာမာ မောင်း





ထုတ်ပစ်သည်။

"နိုင်း သွားတော့ ... ကိုယ့်ညီမတစ်ယောက်ရဲ့မွေးနေ့ပွဲကို လည်း မလာရဲဘူး၊ လှရုပ်လွှာက သေဆိုသေ ရှင်ဆိုရှင် ယောကျ်ား မပီသလိုက်တာ ... မိန်းမကြောက်"

လာပြန်ပြီ ဒီမိန်းမ ... နိုင်းနှင့်လွှာတို့ တရားဝင်လင်မယား မဖြစ်သေးဘဲနှင့် ... သံစဉ်နှင့်မြခွန်းဆင့်တို့က လူအိုအဖြစ် စော စောစီးစီး သတ်မှတ်နေကြသည်။

"သံစဉ် ... စိတ်မကောက်ပါနဲ့ဟာ ... နိုင်းလိုအပ်ချက်ပါ၊ မတတ်နိုင်ဘူးလေ၊ ဘဝက ဒီလိုပဲဖြစ်ရမယ်လို့ သတ်မှတ်ပေးလိုက် တာပါ"

"မဆိုင်လိုက်တာ ... နိုင်းကိုယ်တိုင်က မာမီနဲ့အတူတူပဲ ... အထက်တန်းလွှာကိုမှ မက်မောနေတာလေ၊ မုန်းတယ်"

"နိုင်းလက်ထပ်မှာက လွှာပဲ ... မာမီ့ပုံစံခွက်ထဲက နိုင်းပါ၊ မြခွန်းဆင့်ကို ပြောပြလိုက်တော့ ... ရှေ့ဆက်တိုးလာရင် မာမီနဲ့ ပြဿနာတက်မယ်၊ သံစဉ်ကြောင့် သတိပေးစေချင်တာပါ"

"အမယ်လေး ကြီးကျယ်မနေစမ်းပါနဲ့ ... မြခွန်းလိုမိန်းမက နိုင်း ဘာကြီးပဲဖြစ်နေဖြစ်နေ ... သူများယောကျ်ားကို မဟားဒယား ယူမယ်ထင်မနေလိုက်နဲ့ ... အသေခံပစ်လိုက်မှာ"

www.burmeseclassic.com



"ဒုက္ခပါပဲသံစဉ်ရာ နိုင်းက မိန်းမမှမယူရသေးတာ ... တော်ပြီဟာ ... သွားတော့မယ်၊ မြခွန်းဆင့်ကိုသာ သတိပေးလိုက်"

"လူကြောက် ... သတ္တိမရှိဘူး၊ အမြင့်အမြင့် ပြုတ်ကျမှအထိနာမယ်၊ တက်တက် မိုးကောင်ကင်ကြီးကိုဖောက်ပြီး စကြာဝဠာကြီးထဲအထိတက် ... အောက်ကိုပြန်ပြုတ်ကျရင်တော့ အရိုးအသားရှာလို့တွေ့မှာ မဟုတ်ဘူးနော်"

သံစဉ် ... မကျေမနပ်နှင့် ရေရွတ်ပြောဆိုနေတာတွေကို ဥပေက္ခာပြုပြီး နိုင်း ပြန်ထွက်လာခဲ့သည်။ အေးစိမ့်နေတဲ့ သူ့အခန်းထဲမှာပင် သူ့ရင်တွေ ပူလောင်လောင်ကြီးဖြစ်နေ၏။ သူ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

"ဟူး ... စိတ်မောလိုက်တာကွာ ... မြခွန်းဆင့်ကို ဘာဖြစ်လို့ မေ့မရတာလဲ"

သူ့နောက်ကျောကနေ သိုင်းဖက်လာတဲ့ နွေးထွေးမှုက သူ့ရင်ကို စက္ကန့်နဲ့မလပ် တုန်ခါနွေးထွေးစေသည်။ မြခွန်းဆင့်က ကျောင်းမှာထဲက Star ပဲ ... ဖြူဝင်းအိစက်ပြီး မြခွန်းဆင့်ရဲ့အသားအရည်လှပမှုတွေက ယောကျာ်းလေးတစ်ယောက်ရဲ့ နှလုံးသားကို ဖမ်းဆုပ်ညှို့ယူနိုင်စွမ်း အပြည့်ရှိသည်။

"နိုင်းကို ချစ်တယ်"





မြခွန်းဆင့်အသံလေးကို နိုင်း ဘယ်လိုမှမေ့ဖျောက်ပစ်လို့မရခဲ့ ... အမှန်အတိုင်းဝန်ခံရလျှင် နိုင်း ကျောင်းနေစဉ် ... လူပျိုပေါက်ဘဝထဲက မြခွန်းဆင့်ကို ချစ်နေခဲ့သည်။ မာမီ့ကြောင့်ပါ။ သံစဥ္စသူငယ်ချင်းတွေနှင့် တရင်းတနှီးနေထိုင်ခွင့် မပြုခဲ့ပေ ...

"နိုင်း အရမ်းချောမောခန့်ညားလာတယ်၊ နိုင်း အမေရိကားကနေပြန်လာမှ မြခွန်းနှလုံးသားတွေက နိုင်းကို အရမ်းချစ်မိသွားတယ်"

မြခွန်းက ချစ်သူအယောင်ဆောင်ပြီး ဖုန်းထဲမှာပြောခဲ့သည်။ ချစ်သူ ... မင်း ... မင်း ချစ်သူအဖြစ်နဲ့ နိုင်းနှလုံးသားတွေထဲကို အချစ်တွေသယ်ဆောင်လာခဲ့တယ်။ ချစ်သူက မြခွန်းဆင့် ... မာမီက သူ့ပြတင်းပေါက်တံခါးကို အသေပိတ်ပစ်ခဲ့သည်။ မြခွန်းဆင့်မေမေကလည်း မြခွန်းဆင့် အခန်းပြတင်းပေါက်ကို အသေပိတ်ပစ်လိုက်၏။ မြခွန်းဆင့်အား သူ တွေ့မြင်ချင်တဲ့ဆန္ဒတွေက ဘယ်ကနေဘယ်လို ရောက်လာမှန်းပင် မသိတော့ ... သူ ထမိသည်။ လသာဆောင်ဘက်ထွက်လာပြီး မှောင်မိုက်နေတဲ့ မြခွန်းဆင့်တို့ခြံကြီးဆီ လှမ်းမျှော်ကြည့်မိသည်။ မာမီက အိပ်ပျော်နေပြီဖြစ်သည်။

"မြခွန်း ... မင်း ဘာတွေစဉ်းစားနေလဲကွာ ... နိုင်းအကြောင်းတွေလား ... နိုင်းက လူအိုကြီးမဟုတ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြခွန်းဆင့်မေမေက ပို၍ပင်မာနကြီးသည်။ သားရှင်ဆိုပြီး မာနီ ဘယ်လိုမှ မောက်မာထောင်လွှားလို့မရခဲ့ပေ ... မြခွန်းဆင့်အား လုံးဝထိန်းချုပ်ထားသည်။

"ချစ်သူရယ် ... မင်းကို သတိရနေတယ်၊ ချစ်သူဆီကဖုန်းကို နိုင်း မျှော်နေမိပါတယ်"

နိုင်း မျှော်နေတုန်း ... ဖုန်းသံလေးမြည်လာ၍ ချစ်သူလား ဟု အပျော်တွေနှင့် ဖွင့်ကြည့်လိုက်ရာ ... လှရုပ်လွှာဖြစ်နေသည်။ မပြောချင်ပေ ... ဒါပေမဲ့လည်း မပြောဘဲနေလို့ကမရ ... လှရုပ်လွှာအကြောင်း နိုင်းအသိဆုံးပါ။ နိုင်းဆီ အချိန်မရွေးရောက်လာပြီး ပြဿနာကြီးကြီးရှာမည့်သူ ဖြစ်သည်။

"ဟဲလို ..."

"ဘာ ဟဲလိုလဲ ... မောင်က လွှာ့ဖုန်းမှန်းသိသိကြီးနဲ့နော်"

"လွှာရယ် ... ဒီလိုပဲ နှုတ်ဆက်တာပါ၊ ပြောလေ"

"မောင် ..."

မောင်တဲ့ ... အခေါ်အဝေါ်တွေကအစ ပြောင်းသွားသည်။ နိုင်း စိတ်ညစ်ရ၏။ လွှာနှင့်ချစ်သူတွေလိုပြောဆိုဖို့ ... နိုင်း ဝန်လေးသည်။





"ဘယ်လိုလဲကွာ ... အေးစက်စက်နဲ့ ... လွှာ့ကို အဲဒီလိုကြီး မဆက်ဆံနဲ့နော် ... မုန်းတယ်"

"ကိုယ် ... အဲ ... မောင် အိပ်ပျော်နေပြီလွှာ"

"ဘာအိပ်နေတာလဲ၊ လူလိမ် ... မောင် လသာဆောင်မှာရပ်နေတယ်လေ၊ မောင်တို့ခြံဝမှာ လွှာရောက်နေတယ်၊ ထွက်လာခဲ့"

"ဟင် ... လွှာ ... ဒီအချိန်ကြီးကျမှ ဘာကိစ္စအရေးပေါ်လို့လဲ"

"သံစဉ်ကို မွေးနေ့လက်ဆောင်ပေးမလို့"

"မနက်မှလာပေးလည်းရပါတယ် လွှာရယ်"

"ဘာပြောတယ်"

"အား ... အရမ်းကြီးမအော်ပါနဲ့ကွာ"

"လွှာလာတာကို မောင်က မကြိုက်တဲ့သဘောကြီး ပြောနေတယ်၊ အတင်းပြန်ခိုင်းနေတာလား"

လွှာ့လေသံတွေက တင်းမာခက်ထန်ပြီး အသံနက်ကြီးဖြင့် အော်နေသည်။ နိုင်း မနှစ်သက်မိ ... နိုင်းလက်ထပ်လိုတဲ့မိန်းကလေးက ချစ်စဖွယ် နူးညံ့သိမ်မွေ့သူ ... သူ့ဂုဏ်ဒြပ်ကို မြှင့်ပေးနိုင်သူ ဖြစ်ချင်ခဲ့သည်။

"မောင် ... ဘာတွေငေါင်နေတာလဲ၊ အခုချက်ချင်းဘဲခါး



www.burmeseclassic.com

www.burmeseclassic.com



လာဖွင့် ... ခြံစောင့်ကို မဖွင့်ခိုင်းနဲ့"

"တီ ... တီ"

"တီ ... တီ ... တီ"

"တီ ... "

"ဟာ ... ဒုက္ခပါပဲကွာ ... ပတ်ဝန်းကျင်က နိုးကုန်တော့မှာပဲ ... ဟွန်းကို ဒီလောက်အကျယ်ကြီးတီးရလား"

သူ ... အောက်ထပ်သို့ပြေးဆင်းလာတော့ ခြံစောင့်ကို လာမဖွင့်ဖို့ ဟောက်နေသည်။

"သွား လာမဖွင့်နဲ့ ... ဖွင့်ပေးမယ့်သူ လာလိမ့်မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူ ... ခြံထဲရောက်လာပြီး တံခါးကိုဖွင့်ပေးလိုက်ရသည်။ ဒက်ဒီနှင့်မာမီလည်း နိုးလာ၏။ လွှာရောက်လာတာ ... သူများတွေ အိပ်ချိန်ကြီး ဖြစ်နေသည်။ သူ အလိုက်သိစွာ လွှာဆင်း၍ရအောင် ကားတံခါးကို ဖွင့်ပေးလိုက်ရ၏။ မာမီကတော့ အပြုံးတွေဝေနေသည်။

"သမီးလေးလွှာ ... ညအချိန်မတော်ကြီးကွယ် ... ဝင်လေ"

"သံစဉ့်မွေးနေ့အတွက် လက်ဆောင်လာပေးတာပါ မာမီ"

"အေးကွယ် ... အားနာစရာကြီး"

ဖိုးလပြည့်စာပေ



သူကတော့ ... စိတ်အပျက်ကြီးပျက်သွားရသည်။ လွှာဆင်တိုင်းကြဲနေတာပဲ ... စောစောက မွေးနေ့ပွဲကိုသွားဖို့ကျတော့ သံစဉ့်အသိုင်းအဝိုင်းနှင့် မပတ်သက်ချင်ဘူးဟု ငြင်းဆိုခဲ့၏။ အခုမှ သူများတွေအိပ်ချိန် လာခဲ့သည်။

"သံစဉ် အိပ်နေပြီထင်တယ်၊ မာမီ သွားနှိုးလိုက်ဦးမယ်နော် ညှာလေး"

"ဟုတ်ကဲ့"

ဒက်ဒီကတော့ လွှာ့ကို ထိုင်၍ဧည့်ခံနေရတာ စိတ်မပါသလို။ ပင်ပန်းနွမ်းနယ်နေသည်။ သံစဉ် အိပ်ချင်မူးတူးပုံစံနှင့် ထလာ၏။ အရုပ်လွှာကို လုံးဝကြည်လင်တာမဟုတ် ... သံစဉ့်မျက်နှာလေးပေါ်မှာ ဟန်ဆောင်အပြုံးတွေက မာမီ အတင်းအကြပ်လုပ်ဆောင်ခိုင်းထား၍ အသက်မပါဘဲ ... နိုင်းတော့ ပြဿနာတက်မလားဟု အထိတ်ထိတ် စောင့်ကြည့်နေရသည်။

"သံစဉ့်အတွက် ... ဒီနေ့ပဲ မွေးနေ့လက်ဆောင်ပေးချင်လို့ မနက်ဖြန့်မကူးခင် လာခဲ့တာလေ"

ဘာလဲဟာ ... မွေးနေ့ပွဲကိုတော့မလာဘဲ သံစဉ်သိနေသည်။ သံစဉ့်သူငယ်ချင်းအသိုင်းအဝန်းနှင့် မပတ်သက်ချင်၍ မလာဘူးဆိုတာပါ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မိသံစဉ်နော် ... မိဘနဲ့ နိုင်းကို မျက်နှာပျက်အောင်မလုပ် နဲ့ ... ညည်းကို ပြောထားမယ်၊ မာမိဘာလဲဆိုတာ ညည်းသိတယ် နော်"

သံစဉ် ... လုံးဝ ထမလာဘဲနေမလို့ဟာ မာမိကြောင့် နိုင်းနှင့်ဒက်ဒီကို စိတ်အနှောင့်အယှက် မဖြစ်စေချင်၍လည်း သံစဉ် ထလာခဲ့ခြင်းဖြစ်သည်။

"သံစဉ် အရမ်းပင်ပန်းနေတယ်၊ မွေးနေ့ပွဲက စောစောက ပြီးသွားတာပါ။ ကျေးဇူးပါပဲနော် ... မလှရုပ်လွှာ"

"ရှေ့ ... "

သူမအား ဗူးပြားပြားလေးတစ်ဗူး လှမ်းပေး၍ လှည့်ကြည့် လိုက်တော့ ခဲသားရောင်လက်လက်ထနေတဲ့ စိန်နားကပ်တစ် ဖြစ်နေသည်။

"အမယ်လေး လှလိုက်တာ ... အဖိုးတန်လိုက်တာ ... ရှ ရယ် ... ဒီလောက်အဖိုးတန်ကြီး ဘာဖြစ်လို့ပေးရတာလဲ ... သံ သမီးလေး ... ဒီစိန်က အရမ်းတန်ဖိုးကြီးတယ်"

သံစဉ် အားရဝမ်းသာနှင့် ကျေးဇူးတင်ကြောင်းပြောဖို့ အ အယာနှင့်ပြောနေသည်။





"အရမ်းကျေးဇူးတင်ပါတယ် မလှရုပ်လွှာ ... သံစဉ်က Fancy တွေပဲ ဝတ်တတ်တာပါ။ ဒါပေမဲ့ ကြိုက်ပါတယ်နော်"

သံစဉ် ဟန်မဆောင်ချင် ... မလှရုပ်လွှာက အကြောကြီးနဲ့ သာပေးတာပါ။ ဟွန်းကိုလည်း အကျယ်ကြီးတီးခဲ့၏။ ယဉ်ကျေးမှု ရှိ။ မာမိက အံကြိတ်ပြသည်။

"လွှာပြန်မယ်"

"သားလိုက်ပို့လိုက်လေ ... သမီးလွှာလေး ဒီမှာအိပ်သွားပါ သား"

"ဟင့်အင်း ... လွှာက သူများအိမ်မှာ မအိပ်တတ်လို့ပါ"

သံစဉ်ကလည်း အခုလိုငြင်းပယ်တာ ... မလှရုပ်လွှာကို ျေးဇူးတင်မိသည်။ မာမိက သံစဉ့်အိပ်ခန်းထဲ အတင်းထည့်တော့ ... မလှရုပ်လွှာပြန်သွားတော့ မာမိက သံစဉ့်ကို ဆူပွက်တော့ ဒက်ဒီက သမီးသံစဉ် မမှားဘူး။ ကလေးက အရမ်းပင်ပန်းပြီး ချင်နေတာလေ။ ယဉ်ကျေးမှုအရ လှရုပ်လွှာ စောစောရောက် သင့်တယ်ဟုဝင်ပြောမှ သံစဉ် သက်သာရာရသွားသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

"မောင့်ညီမက ဘာကြီးလဲ ... အေးစက်စက်နဲ့ စိန်တ

ကိုရော သိရဲ့လားဟင် ... မောင့်မာမီသုံးတဲ့ဟာတွေတောင် အ

ညှံ့တယ်၊ တန်းမဝင်ဘူး"

လှှာ အရှမ်းဒေါကန်ခဲ့ရသည်။ ချစ်သံစဉ်က လှှာ့အား အ

တယူမရှိခဲ့ ... သာမန် အသက်မပါသလိုလို ... မနှစ်သက်သလို

အမူအယာတွေက အောက်တန်းကျလွန်းသည်။

"စာလည်း ညံ့တယ်ဆို ... စီးပွားရေးရော ဘာမှမလုပ်

ဘူးလား၊ အချောင်သမားစိတ်ဓာတ်ကို လှှာ အားမပေးဘူး"

သံစဉ်သာကြားသွားရင် ... လှှာပေးတဲ့စိန်နားကပ် အ

လောက်ပဲအဖိုးတန်နေပါစေ လွှင့်ပစ်မှာသေချာသည်။ နိုင်





ခံနိုင်စွမ်း မရှိတော့ ... သံစဉ်နှင့်နိုင်းတို့ အမွှာတွေဖြစ်နေ၍ တစ်ယောက်ကိုထိခိုက်လာလျှင် စိတ်ထိခိုက်နာကျင်ရတာခြင်း အတူတူဖြစ်ကြသည်။

"နိုင်းတောင် အန်တီအေမီကြောင့်မဟုတ်လား၊ အထူအပါးနားလည်တာ အန်တီအေမီတစ်ယောက်ပဲ ရှိတယ်"

နိုင်း ဒေါသတွေထောင်းကနဲထသွားပေမယ့် သူ့စိတ်တွေကို လျှော့ထားပစ်လိုက်သည်။ လှှာနှင့်လက်ထပ်ပွဲ ပျက်သွားမှာကို နိုင်း ကိုယ်တိုင် ကြောက်နေမိသည်။ မြခွန်းဆင့်လို မိန်းကလေးတစ်ယောက်ကိုတော့ ... လက်ထပ်ဖို့ သူ့မှာ သတ္တိမရှိတာအမှန်ပင် ပတ်ဝန်းကျင်မှာ သူ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်တာ လှှာပဲဖြစ်သည်။

"နိုင်း"

"ဟင်"

"လက်ထပ်ပွဲအတွက် စီစဉ်ဖို့ရှိတယ်နော် ... ရှင် လူလိမ်မလုပ်နဲ့ ... စောစောက လသာဆောင်မှာရပ်ပြီး ဘာလုပ်နေတာလဲ လှှာ့ကိုလိမ်ရင် အရှမ်းမုန်းတာပဲ"

"မဟုတ်ပါဘူး ... လှှာ စိတ်အေးလက်အေးဖြစ်အောင်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်စိတ်ကောက်နေတာ ချော့ရလို့ မောင်စိတ်အိုက်ပြီး အပြင်ခဏထွက်ရပ်နေမိတာပါ"

"မောင့်ညီမ သံစဉ်ကို လုံးဝသဘောမကျပါဘူး၊ မာရေကျောရေနဲ့ ... အင်းလေ လက်ထပ်ပြီးရင် လွှာတို့ဆီလိုက်နေရမယ်၊ သံစဉ်က လွှာ့ကို သိပ်လက်ခံခြင်ပုံ မရဘူး၊ သိမယ် ... စိတ်ဓာတ် အရမ်းနိမ့်ကျတာပဲ ... ဟွန်း"

သံစဉ် ... ယောင်းမလောင်း လွှာ့အပေါ် တင်းတင်းမာမာဆက်ဆံနေတာကို ... လွှာ လုံးဝမကျေနပ် ... သိမယ် ... နင့်ကိုအပြတ်နှိပ်ကွပ်ပစ်ရမယ် သံစဉ် ...

"နိုင်း မပြန်နဲ့တော့ ... လွှာတို့တိုက်မှာပဲ အိပ်လိုက်"

"မဖြစ်ဘူးလွှာ ... မောင်တို့က တရားဝင်မှလက်ထပ်ရသေးတာမှ မဟုတ်တာ ... လွှာ့ဂုဏ်သိက္ခာအတွက်ပါကွာ နော်"

လွှာ အတင်းအကြပ်ဆွဲခေါ်မထား၍ တော်သေးသည်။ သူခြံဝအရောက်တွင် လွှာ့ဒက်ဒီ မူးပြီးပြန်လာတာနှင့်ဆုံ၏။ လွှာ့ဒက်ဒီက နိုက်ကလပ်တွေတက်တတ်တာ နိုင်း သိထား၏။ သူလည်းနှုတ်ဆက်ပြီး လွှာ့ကားကိုယူ၍ ပြန်လာခဲ့သည်။

"ဟွန်း စိတ်ကျဉ်းကြပ်လိုက်တာ ... လှရုပ်လွှာကို လက်ထပ်





ဖို့ ပြန်စဉ်းစားသင့်နေပြီထင်တယ်"

နိုင်းစိတ်တွေ အရမ်းကိုမွန်းကြပ်ပြီး လွှာနှင့်အဝေးဆုံးကိုရောက်လေ ... သူ့စိတ်တွေ လွတ်လပ်သွားလေပဲ ... သူ သတိရတမ်းတနေမိတာက မြခွန်းဆင့်ဖြစ်နေသည်။ သူ လမ်းထိပ်မှာ ကားလေးကို ခဏရပ်၍ မြခွန်းဆင့်ထံ ဖုန်းခေါ်ကြည့်မိ၏။ အိပ်ချင်မူးတူးအသံလေးနှင့် သံစဉ်လားဟု မေးသည်။

"နိုင်း"

"ဘာ"

နိုင်းဆိုတဲ့အသံကြောင့် မြခွန်း အိပ်ရာကနေ လူးလဲထမိသွားသည်။ စောစောက ... အလွန်အမင်းအိပ်ချင်နေတဲ့စိတ်တွေ ဘယ်ပျောက်သွားမှန်းမသိတော့ ... ဒါပေမဲ့ တက်ကြွရှင်လန်းသွားပြီး ပြန်၍ညှိုးလျှော် မှေးမှိန်အားလျော့သွားသည်။

"လူအိုကြီးပဲ ... ဒီအချိန်ကြီးကြမှ ... မြခွန်းက သံစဉ်မှတ်လို့ ဝမ်းသာအားရဖြစ်သွားတာ"

"နိုင်းဆိုတဲ့အသံကြားမှ မင်း တက်ကြွသွားတာပါ"

"မြခွန်းတို့က လူအိုတွေကို စိတ်မဝင်စားပါဘူးနော်"

"ဘာလူအိုလဲ ... လူပျိုနုနုထွတ်ထွတ်လေးပါ၊ မင်းအိပ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



လား ချစ်သူ”

“ဘာ … ဘာပြောတယ်၊ လာနောက်မနေနဲ့နော် နိုင်း … လူအိုဖြစ်တော့မယ့် … လူအိုလောင်းကြီးကို လုံးဝအဆက်အသွယ်ဖြတ်လိုက်ပြီ ဘာချစ်သူလဲ … တန်ရာတန်ရာ မလုပ်ဘူး”

မြခွန်းဆင့်ရဲ့အသံ ချိုအီအီလေးကိုတော့ နိုင်း နှစ်သက်သည် ပုလောင်မြိုက်နေတဲ့ သူ့ရင်တွေ အေးမြသွားရ၏။ မြခွန်းပြောနေတဲ့ စကားတွေကို နိုင်း ပြုံးသွားမိသည်။

“အခု နိုင်းက အပြင်မှာ … ချစ်သူ ထွက်လာနိုင်မလား”

“ဘာ … ”

မြခွန်းရင်တွေတုန်ပြီး နိုင်း ဘာတွေလာပြောနေတာလဲ။ စောစောက ကားဟွန်းသံအကျယ်ကြီးတီးနေ၍ မေမေ အိပ်နေရာကနေ လန့်နိုးကာ ပြောဆိုဝေဖန်အပြစ်တင်နေသည်။ နိုင်း ဘာဖြစ်လို့ အပြင်ရောက်နေတာလဲ။ ဘာပဲဖြစ်ဖြစ် … နိုင်းကိုတော့ မြခွန်း တွေ့ချင်နေသည်။

“ချစ်သူတို့ခြံနဲ့ မလှမ်းမကမ်းမှာ ကိုယ်ရပ်နေမယ်၊ လာခဲ့နော်”

“မဖြစ်ဘူး၊ မြခွန်းမှ အပြင်ထွက်လို့မရတာ … စောစော





ဘယ်လိုပုံစံနဲ့ထွက်လာရလဲဆိုတာ နိုင်းသိတာပဲ … ဘာလဲ ရှင်က တရားဝင်စေ့စပ်ထားတာနော် … မြခွန်းဆင့်ကို အချောင်လာနှိုက်မလို့လား … အဲ … တော်ပြီ … တော်ပြီ … လူအိုလောင်းတွေကို လုံးဝ မပတ်သက်ဘူး၊ နောက်တစ်ခါထပ်ဆက်ရင် အန်တီအေမို့ကို တိုင်မှာနော် … ဘာမှတ်လဲ”

“ဟော့ … မြခွန်းဆင့်”

သူမက ဖုန်းပိတ်ပစ်ဖြစ်သည်။ နိုင်း ဘာတွေဖြစ်နေရတာလဲ နိုင်း မလွှဲမသွေလက်ထပ်ရမှာက လှာပဲ စေ့စပ်ထားပြီးပြီ။ မနက်ဖြန်ပဲ လက်ထပ်ပွဲကိစ္စအတွက် စီစဉ်စရာရှိတာတွေ စီစဉ်တော့မည်။ ချစ်သူကို သတိရတယ်။ မြခွန်းနဲ့တွေ့ချင်နေတယ်။ တော်ပါပြီလေ။ မြခွန်းဆင့်နဲ့ အကင်းရှင်းဆုံးနေတာပဲ ကောင်းပါတယ်။ သူ အခုထဲ ပြန်ဝင်လာတော့ မာမီနှင့်သံစဉ်တို့ ပြဿနာတွေတက်နေကြသည်။

“သား ပြန်လာပြီလား၊ လှာလေး ဘာပြောသေးလဲ၊ စိတ်ဆိုးသွားပြီလားတောင်မသိဘူး သားရေ … မိသံစဉ် ရိုင်းပျလွန်းတယ်၊ ဒီမှာ စိန်နားကပ်ကို မယူဘူးဆိုပြီး ထားခဲ့တယ်၊ ဒင်းက တန်ဖိုးသိတာမှမဟုတ်တာ … သားဒက်ဒီကလည်း မိသံစဉ်ဘက်က ကာကွယ်နေတယ်”



www.burmeseclassic.com

www.burmeseclassic.com



“မာမီရယ် ... အိပ်ပါတော့ဗျာ ... သံစဉ့်မွေးနေ့မှာ ပျော်ရွှင်ပါစေ ... သံစဉ်က ဒါမျိုးတွေမက်မှမမက်တာ ထားလိုက်ပါ”

“ဟုတ်တယ် ... အရေးကြီးတာက မာမို့သားပဲ ... လွှာနဲ့ အဆင်ပြေအောင်နေပါ၊ လက်ထပ်ပွဲကို မပျက်စေနဲ့ ... လွှာ့လို ပြည့်စုံတဲ့မိန်းကလေး ရှာလို့မတွေ့နိုင်ဘူးလေ”

“သားအတွက်တော့ စိတ်ချပါ မာမီ ... လွှာနဲ့လက်ထပ်မှာပါ”

မာမီ စိတ်အေးအေးနှင့် အိပ်ပျော်စေချင်သည်။ နိုင်းကတော့ ကြာလေ လွှာ့ကို စိတ်ပျက်နေရလေပဲ ... သူ့ဘဝတစ်လျှောက်လုံး ဒီလိုဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ သူ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။ သံစဉ့်ဆီ ဖုန်းဆက်လိုက်၏။ သံစဉ် ဝုန်းဒိုင်းကြဲအောင် ဒေါသတွေ ပေါက်ကွဲနေသည်။

“နိုင်းနော် ... ဒီမိန်းမကိုလက်ထပ်ရင် သံစဉ့်ကို လာပြီး မပတ်သက်နဲ့တော့ ... သံစဉ့်မွေးနေ့မှာ လာပြီးစော်ကားတာ ... လူယဉ်ကျေးမှုကို နားမလည်တဲ့မိန်းမပဲ ... ဘာအထက်တန်းစားလဲ၊ အောက်တန်းစားမ”

“တော်ပါတော့ သံစဉ်ရယ် ... နိုင်းလည်း စိတ်ပျက်နေပါ





တယ်၊ သံစဉ့်ကို တောင်းပန်မလို့ပါ၊ နောက်ထပ် သံစဉ့်ကို လာပြီး မနှောင့်ယှက်ဖို့ နိုင်း တာဝန်ယူပါတယ်၊ သံစဉ့်မွေးနေ့မှာ ပျော်ရွှင်စေချင်တာပါ”

“မပျော်ပါဘူး၊ ဒီမိန်းမကို နိုင်းလက်ထပ်ရင် ဘယ်တော့မှ ပျော်ရွှင်မှာ မဟုတ်တော့ဘူး၊ နိုင်းနဲ့သံစဉ်က ဆယ့်ငါးမိနစ်ပဲခြားပြီး မွေးလာတဲ့ အမွှာမောင်နှမလေ ... လှရုပ်လွှာကို လုံးဝ ယောက်မ အဖြစ် လက်မခံနိုင်ဘူး”

သံစဉ် ဘယ်လောက်အထိ ဒေါသထွက်ရလဲ။ ကြီးကြီးကျယ်ကျယ်လာလုပ်တာ ... သူများအိပ်ချိန်ကြီးမှ မွေးနေ့ပွဲကို မြခွန်း ရောက်မလာနိုင်တာလည်း သံစဉ် စိတ်ထိခိုက်ကြေကွဲရသည်။

“နိုင်း”

“ပြော”

“မြခွန်းကိုပဲ ယောက်မတော်ချင်တယ်”

“မဖြစ်နိုင်ဘူး သံစဉ် ... မာမီက ပွဲပျက်မှာကို အရမ်း ကြောက်နေတယ်၊ နိုင်း လက်ထပ်ရမယ်”

“ဒါ နိုင်းဆုံးဖြတ်ချက်ပဲပေါ့”

“အင်း”



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ"

သံစဉ် ဖုန်းကိုပိတ်ပစ်သည်။ စိတ်မောရပါလား ရွှေထွန်းတင် ရယ် ... အမြင့် ... အမြင့်နဲ့ အမြင့်ကနေပြုတ်ကျရင် သေပြီပဲ။ သူ့ နှလုံးသားတွေထဲမှာ တမ်းတမ်းတတ ချစ်မြတ်နိုးသူက မဆီမဆိုင် မြခွန်းဆင့်ဖြစ်နေသည်။

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး ... နိုင်း ... မင်းလက်ထပ် ရမှာက လှွာပဲ"

မြခွန်းဆင့်အား နိုင်း ချစ်မိသွားနိုင်ပေမယ့် ... လက်ထပ်ပွဲ အထိတော့ နိုင်းမှာ သတ္တိလုံးဝမရှိခဲ့ ... သူ့ရဲ့ ပွဲတက်မယားအဖြစ် လှရုပ်လှွာကပဲ တင့်တယ်နိုင်မည်ဖြစ်သည်။

"နိုင်းလုပ်သင့်တာက လှွာနဲ့လက်ထပ်ဖို့ပဲ ... မြခွန်းဆင့်ကို မေ့ပစ်ရမယ်၊ ယောကျ်ားလေးတစ်ယောက်ကို မိန်းကလေးတစ် ယောက်ကစပြီး ချစ်တယ်ဆိုတာ အရှက်မရှိတာဘဲ ... မာမီပြော သလိုပဲ အဆင့်အတန်းမရှိတာ"

မြခွန်းဆင့်ကို အထင်သေးစေရန် ... သူ့စိတ်ကို တင်းပစ် လိုက်သည်။ မြခွန်းဆင့်ကို လုံးဝမပတ်သက်တော့ဘူး။ သူ အိပ်ပစ် လိုက်၏။ သတိမရချင်ပါဘူးဆိုမှ မြခွန်းဆင့်ရဲ့အသံလေးနှင့် အမူ





အရာလေးတွေက သူ့အမြင်အာရုံထဲမှာ လာရောက်တိုးဝင် လှုပ်ခတ်နေသည်။

"မြခွန်းဆင့် ... မင်းမှာလည်း မာနတွေနဲ့ပဲ ... နိုင်းကို မုန်း တီးလိုက်ပါတော့"

သူ အခုတလော မအိပ်စက်နိုင်ဘဲ အတွေးတွေနှင့် ရှုပ်ထွေး နေသည်။ နေမြင့်မှ မာမီလာနှိုး၍ မနက်စာ မိသားစုနှင့်စားသောက် ရန် အိပ်ရာမှထ၍ ပြင်ဆင်ရသည်။

"သား ... မြန်မြန်ပြင်ပြီး ဆင်းလာခဲ့နော် ... လှွာလေးဆီ ကားပြန်ပို့ရဦးမယ်လေ"

"ဟုတ်ကဲ့ပါ မာမီ"

"အရံတွေ ... မင်္ဂလာပန်းကြဲမယ့်သူတွေကအစ နိုင်ငံကျော် ခင်းသမီးတွေကို သုံးမယ်တဲ့ ... လှွာ့ဒက်ဒီလုပ်ငန်းနဲ့ ပတ်သက်နေ ကြတယ်တဲ့လေ"

သံစဉ်ကတော့ နားကြားခြင်းကတ်လာသည်။ အဲဒီရုပ်ရှင် ခင်းသမီးတွေက မြခွန်းလောက်ချောမှာလား။ မြခွန်းကို မြင်လိုက် ဲ့သူတိုင်းက နှစ်ခါပြန် သုံးခါပြန် လှည့်မကြည့်ဘဲမနေနိုင်ပေ။ ြခွန်းတို့လည်း ချမ်းသာတာပဲ ... ခြံနဲ့တိုက်နဲ့ နေတာပါ။ မာမီတို့က



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကိုအဖြစ်သည်းလွန်းနေသည်။

"သမီး စားလေ ... ပြီးရင် ဒက်ဒီတို့ သမီးဆိုင်ဖွင့်ဖို့ နေရာ သွားကြည့်ကြမယ်၊ မြခွန်းရော လိုက်မှာလား"

"အင်း"

"ပြင်ဆင်လိုက်"

ဒက်ဒီက သံစဉ့်ဘက်ကပါ။ မြခွန်းနဲ့နှစ်ယောက်ပေါင်းပြီး အလှအပပစ္စည်းဆိုင်ဖွင့်ဖို့ စီစဉ်ထားကြသည်။ မာမီက သူ့သား အတွက်ပဲ စိတ်ဝင်စားနေ၏။ နိုင်းကိုတွေ့သည်နှင့် သံစဉ် ထွက်လာခဲ့သည်။ သူမ အလှအပတွေပြင်ပြီး မြခွန်းတို့ခြံဘက် ထွက်လာခဲ့သည်။ မြခွန်းလည်း အပြင်ထွက်ရန် အဆင်သင့်ပြင်ထားသည်။

"သမီးသံစဉ် ... မွေးနေ့ကိုမလာနိုင်တာ ခွင့်လွှတ်ပါကွယ် သမီးတို့ခြံဘက်ကို သမီးရှင်တစ်ယောက်အနေနဲ့ မလာသင့်ဘူးလို့ပဲ အန်တီသီတာက ဆုံးဖြတ်ထားတယ်၊ သမီးလေးမွေးနေ့မှာ ပျော်ရွှင်ပါစေ"

"ကျေးဇူးတင်ပါတယ် အန်တီ"

အန်တီသီတာမှ မလွန်တာ ... မာမီ လွန်သည်။ သူ့သား နိုင်ငံခြားပြန်ကြီးကို တော်ရုံမိန်းမတွေနှင့် အဖက်မတန်ဘူးဟုပြောနေ၍ ဖြစ်၏။ အန်တီသီတာ့ကို နှုတ်ဆက်ပြီး မြခွန်းအိပ်ခန်းသို့





ဝင်လာခဲ့သည်။

"ဟဲ့ သံစဉ် ... ညက ငါတို့ရပ်ကွက်ကြီး ခေါက်ထိုးမိုးမျှော် ဖြစ်သွားတာ နင်သိလိုက်လား"

"ဘာလဲ မြခွန်း ... ငါ့ယောက်မ ဘဝင်ရူးကြောင့်လား၊ သံစဉ့်ကို စိန်နားကပ်လာပေးတယ်လေ၊ မှန်းလိုက်တာ ... သံစဉ် မယူဘူး၊ မာမီ့ကိုပေးပစ်လိုက်တယ်"

"မဟုတ်ပါဘူးဟ ... နိုင်းလေ နိုင်း ... မြခွန်းကို ချစ်သူတဲ့ တွေ့ချင်တယ် ထွက်လာခဲ့ပါတဲ့ ... မြခွန်းကလေ လူအိုလောင်းကြီးကို စိတ်မဝင်စားဘူးလို့ ... လာပြီးမပတ်သက်ပါနဲ့လို့ ... ပြောမယ့်သာပြောရတာ မြခွန်းလေ အရမ်းဝမ်းနည်းကြေကွဲပြီး ငိုပစ်မိတယ်၊ နိုင်းကို လက်လွှတ်ဆုံးရှုံးရမယ်လို့ မတွေးရဲဘူး။ မြခွန်း ဘယ်ဘဝက ဝဋ်ကြွေးလဲတော့ မသိဘူးနော်"

ညက တကယ်လည်း မြခွန်းကြေကွဲဝမ်းနည်းရလွန်းသည်။ မျက်ရည်ပေါက်တွေ လိမ့်ဆင်းကျရ၏။ ဒါပေမဲ့လည်း မြခွန်းမှာ မာနတွေကအပြည့် ... လက်ထပ်ဖို့ ဇနီးလောင်းရှိနေတဲ့ ယောက်ျားတစ်ယောက်ကို ရယူပိုင်ဆိုင်ဖို့ မကြိုးစားချင်ပေ ... မြခွန်း စိတ်ဓာတ်အောက်တန်းကျသောအလုပ်မျိုး ဘယ်တော့မှ မလုပ် ...



www.burmeseclassic.com

www.burmeseclassic.com



"မေ့ပစ်လိုက်စမ်းပါ။ နိုင်းကိုယ်တိုင်က အထက်တန်းလွှာတွေနဲ့ပဲ ပတ်သက်ဆက်ဆံချင်တာပါ။ နိုင်းက အသည်းနှလုံးနဲ့ မဆိုးဖြတ်ဘူး၊ မြခွန်းကို သူက ချစ်မြတ်နိုးမယ်ဆိုရင်တောင် လွှာ့ကိုပဲ အတည်လက်ထပ်မှာ ... တို့နှစ်ယောက် စီးပွားရေးမှာ အောင်မြင်အောင် ကိုယ့်အစွမ်းအစနဲ့ ကြိုးစားကြမယ်၊ ညီစေနော်"

"အင်း"

"အားမရှိလိုက်တာဟာ"

"သံစဉ့်ကို ယောက်မအဖြစ်မတော်ရလို့"

"သေလိုက်တော့"

သံစဉ်က မြခွန်းလက်မောင်းကို ဆုပ်ကိုင်ဆွဲထူပြီး အပြင်သို့ ခေါ်ဆောင်လာခဲ့သည်။

+++

အခန်း ( ၁၃ )

မြခွန်းနှင့်သံစဉ် ဆိုင်အတွက်လိုအပ်တာတွေ စီစဉ်ပြီးသည်နှင့် သံစဉ့်ဒက်ဒီနှင့် လမ်းခွဲကာ နှစ်ယောက်သား စိတ်လွတ်ကိုယ်လွတ်နှင့် ဝက်သားဒုတ်ထိုးဆိုင်မှာ ဝင်ထိုင်ပြီး စားနေကြ၏။ လူကသည်းရှင်း၍ နှစ်ယောက်သား အားရပါးရစားသောက်နေကြသည်။

"တီ ... တီ"

"တီ ... "

"ဟင် ... "

ဟွန်းသံက သူမတို့အနားမှာ ကပ်၍တီးနေသဖြင့် မော့ကြည့်လိုက်တော့ ... နိုင်းနှင့် လုရုပ်လွှာတို့ကား ဖြစ်နေသည်။

"သံစဉ် ကားပေါ်တက်လေ ... မမလွှာတို့လည်း မနက်စာ



www.burmeseclassic.com

www.burmeseclassic.com



သွားစားကြမလို့”

“မလိုက်တော့ပါဘူး၊ သွားကြပါ”

“မောင့်ညီမလေးကို ခေါ်ဦးလေ၊ လူမြင်မကောင်း သူမြင်မကောင်း ... လမ်းဘေးမှာထိုင်စားနေတယ်၊ လွှာတို့ဈေးစပ်တုန်းက မောင့်ညီမကို လွှာတို့အသိုင်းအဝိုင်းက မြင်ဖူးထားကြတာနော်”

“မြင်လည်းမတတ်နိုင်ဘူးနော် မလှရုပ်လွှာ ... ဒီမှာ သူငယ်ချင်းပါတယ်၊ ကျွန်မတို့နှစ်ယောက်ပေါင်းပြီး ဆိုင်ဖွင့်ကြမလို့ အလုပ် ရှိနေသေးလို့ပါ”

“သံစဉ် လိုက်ချင်လိုက်သွားလေ ... မြခွန်း ပြန်မယ်၊ ညနေ တွေ့ကြတာပေါ့”

“ရတယ် ... သံစဉ် မလိုက်ဘူး”

နိုင်းကို အတင်းအကြပ်ခေါ်နိုင်းနေသဖြင့် သံစဉ်ကို လိုက် ဖို့ ... နိုင်း အတင်းခေါ်ရသည်။ မြခွန်းက ချာကနဲလှည့်ထွက်သွားပြီး ကားမောင်းထွက်သွား၏။ သံစဉ်လိုက်ခေါ်ပေမယ့် မြခွန်းက ဆ မောင်းသွားသည်။

“တက်လေ သံစဉ်”

သံစဉ် မကျေမနပ်နှင့် မျက်နှာလေး မသာမယာနှင့် လိုက်





ရသည်။

“လမ်းဘေးကအစားအစာတွေ ဘာဖြစ်လို့စားနေရတာလဲ သံစဉ် မရှုံ့ဘူးလား”

“ရှင်”

“ပိုးတွေ ဘယ်လောက်များနေမလဲ၊ ဟိုကောင်မလေးကရော ဘယ်ကလဲ ... လမ်းဘေးမှာ ထိုင်စားနေရတယ်လို့”

သံစဉ်နှင့်တွဲလာတဲ့ကောင်မလေးက ချမ်းသာတဲ့ပုံပင် ... နေထိုင်တာကတော့ အဆင့်မရှိကြဘူးဟု လွှာ မြင်သည်။ နုပျိုပြီး အိစက်နေတဲ့ ကောင်မလေး ... လွှာပင် မနာလိုဖြစ်နေ၏။ သံစဉ့် မျက်နှာလေးက မှုန်သုန်သုန်နှင့် လိုက်လာသည်။

“သံစဉ်ရာ ... ဘာဖြစ်လို့ လမ်းဘေးဆိုင်မှာ ထိုင်စားနေရတာလဲ၊ ပိုက်ဆံမရှိကြတာလည်း မဟုတ်ဘဲနဲ့”

“သံစဉ်တို့က ဟန်ဆောင်မှုမရှိ ... ဂုဏ်ပကာသနတွေမရှိ၊ လွတ်လပ်စွာနေတာပါ”

“မိန်းကလေးက ဒီလိုကြီးနေလို့ မသင့်တော်ဘူးလေ၊ မိဘဂုဏ်သိက္ခာကို အဖက်ဆယ်သင့်တယ်နော်”

အလကားနေရင်း ဆရာကြီးလာလုပ်နေသည်။ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလဲ ... ယောကျ်ားတစ်ယောက်ကို အတင်းအကြပ် အဓိဖမ်းနေတာတော့ မရှက်ဘူးထင်တယ်။ သံစဉ် ... မကျေနပ်ပေမယ့် မာမီနဲ့နိုင်းကိုအားနာ၍ လိုက်လာခဲ့ခြင်းဖြစ်သည်။

"သံစဉ် ... ဟိုကောင်မလေးက မင်းသူငယ်ချင်းလား၊ ဘယ်မှာနေတာလဲ"

"သံစဉ်တို့နဲ့ ခြံချင်းကပ်လေ၊ သူ့နာမည်က မြခွန်းဆင့်တဲ့ အရမ်းမာနကြီးတယ်နော် ... မေးကြည့်ပါလား၊ နိုင်းကို လုံးဝအဖက်မလုပ်ဘူး၊ မြခွန်းမှာလေ စကြာဝဠာကြီးထိမြင့်တဲ့ လူကြီးမင်း                                    သားတွေ အရမ်းကိုထူးချွန်ထက်မြက်တဲ့ယောကျ်ားတွေက လိုက်ပြီးချစ်ကြိုက်နေတာ ... မြခွန်း လုံးဝမစဉ်းစားဘူး"

တမင် ပြောပစ်တာပါ။ နိုင်းက မျက်နှာအပျက်ပျက်နှင့် သံစဉ့်ကို ဆက်မပြောဖို့ တောင်းပန်နေတဲ့အကြည့်တွေနှင့် ကြည့်ပြီး မသိမသာ ခေါင်းခါပြနေသည်။

"မောင် ... "

"ဟင် ... "

"ဒီကောင်မလေးက ... မောင့်ကို စိတ်မဝင်စားဘဲ အဖက်





တောင်မလုပ်ဘူးဆိုတာ အမှန်ပဲလား"

"အင်း ဟုတ်တယ်"

"မောင့်ဘက်ကရော သံစဉ်"

"အဲဒါတော့ နိုင်းပဲသိမှာလေ ... မြခွန်းရော သံစဉ်နဲ့နိုင်းရော အထက်တန်းကျောင်းမှာ တစ်ခန်းတည်းတက်လာခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေပါ။ ညီအစ်မတွေလိုပဲ ခင်တယ်"

နိုင်းကိုယ်တိုင်က လုရှပ်လှာကို အထိတ်ထိတ်အလန့်လန့် လုရှပ်လှာစိတ်ကောက်သွားမှာ စိုးရွံ့နေသလိုလို ... သံစဉ် မုန်းသည် ယောကျ်ားဖြစ်ပြီး မိန်းမတစ်ယောက်ရဲ့ ခြေဖဝါးအောက်မှာ နေချင်ရလား။ ဒီမိန်းမရဲ့ မောက်မာထောင်လွှားခွင့် ... သံစဉ် မပေးနိုင်ဘူး။

"စောစောက ဝတ်သားဒုတ်ထိုးစားထားလို့ ဗိုက်ပြည့်နေပြီ၊ ဒိုင်းတို့ပဲ ဆက်စားကြပါ"

သံစဉ် ထသွားသည်။ လှှာ့မျက်ဝန်းရဲရဲတွေက နိုင်းကို လှည့်ကြည့်လာ၏။ သံစဉ် ဘာတွေပြောသွားမှန်း မသိပါဘူး။ လုရှပ်လှာနဲ့လက်ထပ်ပွဲကို နိုင်း ဘယ်လိုအကြောင်းနဲ့မှ အပျက်မခံနိုင်ဘူးဖြစ်နေသည်။ အချစ်ဆိုတာ လုံးဝကို မရှိတာပါ။ ဒါပေမဲ့ နိုင်းအခင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖက်လွန်းတဲ့ ဂုဏ်သရေရှိမိန်းကလေးဟု ထင်ထားသည်။

"မောင် အမှန်အတိုင်းဝန်ခံပါ၊ ဒီကောင်မလေးနဲ့မောင် ဇာတ်လမ်းတွေရှိခဲ့တယ်မဟုတ်လား၊ မောင်လည်း မျက်နှာပျက်နေတယ်၊ ကောင်မလေးလည်း ငိုတော့မလိုဘဲ ... ကောင်မလေးက အဲဖက်မလုပ်ဘူးဆိုတော့ မောင်က အရူးအမူးပေါ့"

"ဟာ မဟုတ်ပါဘူး ... နှစ်ယောက်လုံးက မဖြစ်ကြပါဘူး၊ သူငယ်ချင်းတွေပါ၊ သံစဉ် တမင်သက်သက်ထောင်သွားတာပါ၊ လွှာ မယုံရင် မာမီ့ကိုမေးကြည့်"

"မောင့်မာမီကိုမေးရမယ်၊ ဟုတ်လား ... အမိပွားယ်မရှိတာဘဲ ... ရှင့်အမေက ကျွန်မကို ချွေးမတော်ချင်လွန်းလို့ ငမ်းငမ်းတက်နေတာလေ၊ သူ့သား ရှုပ်ပွေတဲ့အကြောင်း ပြောမလား"

နိုင်း ရိုးသားတယ်ဆိုတာ လွှာသိပေမယ့် တမင်နှိပ်ကွပ်ထားတာပါ။ ဟိုကောင်မလေးမြခွန်းဆင့်က အိမ်နီးချင်တွေတဲ့ ... ကြိုက်ခြင်းကြိုက် မြခွန်းဆင့်ကပဲ ကြိတ်ပိုးနေမှာ ... သံစဉ်ကလည်း မြခွန်းဆင့်အပေါ် အရမ်းအရေးတယူရှိနေပုံရသည်။

"မောင် အမှန်ဝန်ခံနော် ... လွှာ စုံစမ်းလို့သိသွားရင် မလွယ်ဘူး၊ ဒါမှမဟုတ် မြခွန်းဆင့်က အရင်ကြိတ်ပိုးနေတာလား"





"မဟုတ်ပါဘူး လွှာရာ ... မောင်ပြောတာ အမှန်တွေပါ၊ မြခွန်းဆင့်က မာနကြီးတယ်၊ သူ့အမေက မောင်တို့ခြံထဲတောင် လာခွင့်မပေးဘူး၊ မာနကြီးကြီးပဲ"

မြခွန်းကို အထင်သေးအမြင်သေးစေမည့် အပြောအဆိုတွေ နိုင်း မပြောပြချင်ပေ ... နိုင်းကတော့ မြခွန်းဆင့်အပေါ် တန်ဖိုးထားချင်နေခဲ့သည် ... မင်းလေးကို အကာအကွယ်ပေးချင်တယ်။ မြခွန်းဆင့်ရဲ့ ရိုးသားဖြူစင်မှုကို နိုင်း နှစ်သက်နေမိ၏။ လုရှုပ်လွှာနှင့် လုံးဝဆန့်ကျင်ဘက် ... အတ္တကြီးပြီး လူတစ်ဖက်သားကို နှိမ်ချဆက်ဆံတာမျိုး နိုင်း မကြိုက် ... လွှာကတော့ မြခွန်းဆင့်ဘက်မှ လိုက်ပြောတယ်ဆိုပြီး ဒေါသတွေ ပေါက်ကွဲနေပြန်သည်။

"ရှင်ထွက်သွားတော့ အလကားလူ ကျွန်မရှိနေတာတောင် မြခွန်းဆင့်ဘက်ကနေ လိုက်ပြောနေတယ်"

လွှာ့အသံက ကျယ်လောင်သွား၍ ပတ်ဝန်းကျင်ကလူတွေပင် လှည့်ကြည့်လာကြ၍ နိုင်း မျက်နှာလည်းပူ ... ရှက်လည်းရှက်သွားမိသည်။

"လွှာ တိုးတိုးပြောပါကွာ ... မောင် တောင်းပန်ပါတယ်၊ မောင်နဲ့ လုံးဝမပတ်သက်တာအမှန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ ရှင် လူလိမ် ... ဟိုညကလည်း ရှင် အပြင်မှာထွက်ရပ်နေတာကို အိပ်နေပြီလို့လိမ်တယ်၊ အဲဒီဟာမကို ထွက်ကြည့်နေတာမဟုတ်လား၊ လူလိမ်ကြီးရဲ့ ..."

လှဝှာက ပို၍ဒေါသတကြီးအော်ဟစ်လိုက်၍ နိုင်း ရှက်ပြီးပတ်ဝန်းကျင်ကိုပင် မကြည့်ရဲပေ ... လှဝှာက ဝုန်းဒိုင်းကြဲပြီး ရှင်မသွားရင် လှဝှာသွားမယ်ဆိုပြီး ထသွားသည်။

"ဝုန်း"

"ချွလွမ်း ..."

လှဝှာက ပန်းကန်တွေကိုတွန်းချပစ်၍ ထသွားသည်။ နိုင်းကျန်ခဲ့ပြီး ဆိုင်ကိုတောင်းပန်သည်။ ကျသင့်ငွေကို ရှင်းပေးလိုက်ရ၏။ လှဝှာ့လုပ်ရပ်တော့ အောက်တန်းကျလွန်းသည်။

"တောင်းပန်ပါတယ်၊ ပျက်စီးတဲ့ပစ္စည်းတွေအတွက်လည်း ပစ္စည်းတန်ဖိုး တောင်းပါဗျာ"

"အစ်ကို့ဇနီးလား၊ အရမ်းကြမ်းတယ်ဗျာ ... အစ်ကို့ရုပ်ရည်ရူပကာနဲ့ ... မိန်းမတစ်ယောက်ကို ဒီလောက်ပဲကြောက်ရလား၊ ယောကျ်ားတန်ဖိုး ကျတယ်ဗျာ ... ဒါ သက်သက်အရှက်ခွဲတာပဲ"

ဘေးဝိုင်းမှ ကောင်လေးတွေက ဝေဖန်ပြောဆိုနေကြသဖြင့်





နိုင်း အမြန်ဆုံးအပြင်ထွက်ကာ ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။

"လှရုပ်လှဝှာ ... မင်းလွန်တယ် ... မင်းလုပ်ရပ်တွေကမှအောက်တန်းကျတာကွ"

နိုင်း တွေးမိတိုင်း ရှက်ပြီးထူထူပူပူကြီးနှင့် လှဝှာ့ကိုလည်းခွင့်လွှတ်နိုင်ဘဲဖြစ်နေသည်။ သူ အိမ်ပြန်ရောက်တော့ ... လှရုပ်လှဝှာက မာမီ့ကိုဖုန်းဆက်တိုင်ပြီး ... မာမီက သံစဉ်ကို ပြဿနာရှာနေသည်။

"ညည်းကြောင့်ဖြစ်ရတာပဲ မိသံစဉ် ... အဆင့်မရှိတဲ့ဟာမတွေနဲ့တွဲပြီး ညည်းကပါ လမ်းဘေးဆိုင်မှာ ထိုင်စားရလား၊ ညည်းကို ဘယ်တော့မှပြောဆိုဆုံးမလို့ မရဘူး"

"သံစဉ် ဒီအတိုင်းပဲနေတတ်တယ် မာမီ ... သူက ဘာဖြစ်လို့ မဆီမဆိုင်ဝင်ပါနေရတာလဲ၊ သံစဉ် လုံးဝလက်မခံနိုင်ဘူးနော်"

သူဝင်သွားတော့ မာမီက လှဝှာတိုင်တဲ့အကြောင်းတွေ ပြောပြသည်။

"ဟိုဘက်ခြံကမြခွန်းဆင့်အကြောင်း လှဝှာလေးကမေးတယ်၊ မာမီလည်း အမြင်ကတ်တာနဲ့ ဟိုကောင်မလေးကစပြီး ကြိုးတာ



www.burmeseclassic.com

www.burmeseclassic.com



ပါလို့ ပြောပစ်လိုက်တယ်”

“မာမီရာ ... မဟုတ်တာတွေ ဘာဖြစ်လို့ပြောရတာလဲ၊ တစ်ဖက်သိက္ခာကိုကြည့်ပါဦး”

“မာမီ အရမ်းလွန်နေပြီနော် ... မြခွန်းက သံစဥ့်သူငယ်ချင်းပါ၊ စီးပွားရေးတွေ အတူတူလုပ်ကြမှာ ... မြခွန်းကို သမီးချင်းစာနာပြီးပြောပါ မာမီရာ”

“ပြောတာဘာဖြစ်လဲ ... ညည်းကများ နာနေရသေးတယ်၊ အဲဒီ မြခွန်းဆင့်ဆိုတဲ့ဟာမလေးနဲ့ မပေါင်းနဲ့တော့ ... လွှာ မကြိုက်တာတွေ သားရော ... မိသံစဥ်ရော မလုပ်ကြပါနဲ့”

မာမီကိုယ်တိုင်က သဲသဲလှုပ်ပြီး နိုင်းတင်မဟုတ် သံစဥ့်ကိုပါ ချုပ်ကိုင်ချင်သည်။ သံစဥ် လက်မခံနိုင်ပါဘူး။ မာမို့ရှေ့ကနေ သံစဥ် ထလာခဲ့၏။ မြခွန်းနှင့်တွေ့ဖို့ ထွက်လာခဲ့သည်။

“ဟဲ့ ... မိသံစဥ် ... ဒါက ဘယ်သွားမလို့လဲ”

“မြခွန်းတို့ခြံပါ မာမီ ... သံစဥ်နဲ့မြခွန်းတို့က စီးပွားရေးတွေ ရှိတယ်”

“မသွားနဲ့ ... ညည်းဟာညည်း စီးပွားရေးလုပ်ချင်ရင် နောက်မှသွား အခုလာထိုင်”





“သံစဥ် သွားမှာနော် မာမီ”

“အမယ်လေး ... ခေါင်းတွေတောင်မူးလာပြီ၊ မိသံစဥ် ... ညည်း အမေကိုသတ်တော့မလို့လား”

“မာမီ”

နိုင်းလည်း မနေနိုင်တော့ ... မာမို့ကို ပွေ့ထားပြီး ဆရာဝန်ကို ဖုန်းဆက်ခေါ်ရန် ပြင်ရသည်။

“သံစဥ် ခဏလောက်ပဲ ကျေးဇူးပြုပြီးထိုင်နေပါ၊ လောလောဆယ်တော့ မြခွန်းဆင့်နဲ့ သွားမတွေ့သင့်သေးဘူးထင်တယ်၊ နိုင်း တောင်းပန်ပါတယ်”

သံစဥ် ထသွားပြီးမှ မာမို့အနား ပြန်လှည့်လာရသည်။ မာမီ တစ်ခုခုဖြစ်သွားလျှင် သံစဥ့်အပြစ်ဖြစ်မှာလည်း စိုးရိမ်ရ၏။ မြခွန်းကို အားနာနေမိသည်။

“မာမီ သတိထားပါ၊ စိတ်ကိုလျှော့ပါ မာမီ ... နိုင်း မင်္ဂလာပွဲလည်း ရှိသေးတယ်၊ မာမီ ကျန်းမာအောင်နေပါ”

“မိသံစဥ် ... ညည်း အခုချက်ချင်း အခန်းထဲဝင်နေပါ၊ အပြင်ထွက်ဖို့ လုံးဝမစဉ်းစားနဲ့နော်”

သံစဥ် ခြေကလေးဆောင့်ပြီး အိပ်ခန်းထဲပြန်ဝင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီ လွန်တယ်။ ဘာဖြစ်နေမှန်းကို မသိပါဘူး။ မြခွန်းကို တောင်းပန်ချင်ပါတယ်။ နိုင်းကို မြခွန်းဘက်က စတင်ချစ်ကြိုက်နေတာ အမှန်ဆိုပေမယ့် မြခွန်းသိက္ခာကျအောင် မာမီ ပြောလိုက်တာကို သဘောမကျဘိ ... မြခွန်းကို ဟိုမိန်းမလှုရုပ်လွှာက သွားပြီး ပြဿနာ ရှာမလားဟု တွေးမိနေသည်။

"မိသံစဉ် ... ညည်းကို ပြောထားမယ်နော် ... လွှာလေးကို ဆန့်ကျင်ကန့်လန့်တိုက်ဖို့ မစဉ်းစားနဲ့ ... ညည်းဟာညည်း သပ်သပ်နေ"

"တော်ပါတော့ မာမီရာ ... သံစဉ် အခန်းထဲဝင်သွားပါပြီ၊ မာမီ့ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ"

"သား"

"ပြောပါ မာမီ"

"လွှာလေးကို သည်းခံပါကွယ် ... သားအနာဂတ်အတွက်ပါ။ မာမီ့သားနဲ့တန်တဲ့ ချွေးမလောင်းလေးက လှုရုပ်လွှာလေးပဲနော် သားက လိမ္မာပါတယ်၊ မာမီ့စကားကို ဘယ်တော့မှမဆန့်ကျင်ခဲ့ဘူး။ လွှာလေးနဲ့ လက်ထပ်မင်္ဂလာပွဲကျင်းပပြီးမှ မာမီ အသေဖြောင့်မယ် ထင်တယ်"





နိုင်း မာမီ့ကို အိပ်ခန်းထဲတွဲပို့ပေးခဲ့သည်။

ဒက်ဒီ ခရီးထွက်သွား၏။

သူ့အိပ်ခန်းထဲပြန်ရောက်မှ လှုရုပ်လွှာ အပြုအမူတွေအတွက် နိုင်း ဘယ်လောက်အရှက်ရခဲ့လဲ ဆိုတာ ပြန်တွေးရင်း သည်းမခံနိုင်လောက်အောင် ဖြစ်နေရ၏။ မာမီက ဘာဖြစ်လို့များ မြခွန်းဆင့်က ကြိတ်ပိုးနေတာလို့ လွှာ့ကို သွားပြောခဲ့ရတာလဲ။

လွှာ သွားပြီး မြခွန်းဆင့်ကို အရှက်ခွဲမှာလည်း စိတ်ပူပင်နေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

"မြခွန်းဆင့် … နင် အခုချက်ချင်း အပြင်ကိုထွက်လာခဲ့ နင်နဲ့ စာရင်းရှင်းစရာရှိတယ်"

"ရှင်ဘယ်သူလဲ … ကျွန်မဖုန်းနံပါတ်ကို ဘယ်ကနေ သိသွားရတာလဲ"

"အဲဒါ နင်သိစရာမလိုပါဘူး မြခွန်းဆင့် … ငါ အခု နင်တို့မြို့ထောင့်မှာ ကားရပ်ထားတယ်၊ ဒီလောက်ဆိုရင် ငါ ဘယ်သူလဲဆိုတာ နင်သိပါပြီ"

"နိုင်းရဲ့ ဇနီးလောင်းလား"

"ဟုတ်တယ်"

"ရှင်နဲ့ကျွန်မ စာရင်းရှင်းစရာ ဘာအကြောင်းမှမရှိဘူးထင်





တယ်၊ ကျွန်မက ရှင့်လို အချိန်မတော်အပြင်ထွက်ခွင့် မရှိဘူး၊ ကျွန်မအမေက စည်းကမ်းတကျ အုပ်ထိန်းထားတာပါ"

"ဟင်း … ဟင်း … ဟင်း … ညည်းက တော်တော်ရယ်စရာကောင်းတာပဲ မြခွန်းဆင့် … ဒီလောက်အထိ စည်းကမ်းကြီးကြီးနဲ့ အုပ်ချုပ်ထားတဲ့မိန်းကလေး ဖြစ်နေလို့ထင်တယ် … နိုင်းလိုယောကျ်ားလေးတစ်ယောက်ကို စပြီးနှောက်ပိုးနေတတ်တာကိုး"

"ဘာပြောတယ်"

လှရုပ်လွှာစကားကြောင့် မြခွန်း တော်တော်လေးတုန်လှုပ်ခြောက်ခြားသွားရသည်။ ဘယ်သူပြောတာလဲ … နိုင်းပဲဖြစ်မယ်။ သံစဉ်မပြောဘူးဆိုတာ မြခွန်းယုံကြည်၏။ နိုင်း ယောကျ်ားမပီသလိုက်တာ … လှရုပ်လွှာလို အထက်တန်းစားကိုမှမရရင် သေတော့မလားတောင်မသိဘူး။

"ရှင်နော် … လာပြီး မဟုတ်တာတွေပြောမနေနဲ့ … နိုင်းပြောတာလား၊ ကျွန်မမျက်နှာချင်းဆိုင် ရှင်းမှာနော်"

"ရှင်စရာမလိုဘူး မြခွန်းဆင့် … ညည်း ထွက်ခဲ့ပါ၊ အင်းလေ ညဘက်ထွက်လို့မရဘူးဆိုရင်လည်း နိုင်းနဲ့ကင်းကင်းနေဖို့ ငါ သတိထားပေးတာပဲ … ညည်း အရှက်မကွဲချင်ရင်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာလဲ … အထက်တန်းလွှာအမည်တပ်ထားပြီး ဘီလူးသရဲမလား"

"ဘာပြောတယ်၊ ကောင်မနော် … နိုင်းနဲ့ဝေးအောင်နေ တစ်မိုင်ပတ်လည်မှာတောင် မနေနဲ့ … လုရုပ်လွှာဘာလဲဆိုတာ နင် ကောင်းကောင်းသိသွားစေရမယ်"

"သေလိုက်ပါလား၊ ရှင်က ငြိမ်နေတဲ့ကေသရာဇာခြင်္သေ့မင်းကို လာထိတာပဲ … ကျွန်မတို့ စိန်ခေါ်ရအောင် … နိုင်းကို ဘယ်သူ ပိုင်ဆိုင်ခွင့်ရမလဲလို့"

"ဟဲ့ ဘာပြောတယ်၊ ညည်းကများ … နိုင်းက ဘယ်လို ယောက်ျားမျိုးလဲ ညည်းသိလား၊ အချစ်ကို တန်ဖိုးလည်းမထားဘူး အလှအပလည်း မသိဘူး၊ သူ့ဘဝအမြင့်ကို တက်လှမ်းနိုင်ရေး စဉ်းစားတာနော်"

"ရှင့်ညဏ်ရှိရင် စိန်ကြည့်လိုက်လေ … အရင်ကတော့ ကျွန်မ က နိုင်းကို စိတ်မဝင်စားပါဘူး၊ ဒါပေမဲ့ … အခုတော့ ရှင့်လက်ထဲက နေ ပေါ်တင်လုရတော့မှာပဲ"

"ဟား … ဟား … ဟား … မြခွန်းဆင့် နင်က တော်တော် လေး ကိုယ့်ကိုယ်ကိုယ် အရမ်းအထင်ကြီးလွန်းနေပြီထင်တယ်၊ နိုင်း





က ငါမှငါပဲ … စိန်လိုက်လေ … ညည်းရော … ညည်းအမေရော ရုပ်ကွက်ထဲမှာ သူများတံတွေးခွက် ပက်လက်မျောသွားစေရမယ်"

"တောက် … "

မြခွန်း ဖုန်းကိုဆောင့်ပိတ်ပစ်လိုက်သည်။ ဘယ်လိုမိန်းမမျိုးလဲ။ ယောက်ျားတစ်ယောက်ကိုများ ငမ်းငမ်းတက် … မြခွန်း သေလောက်အောင်ပဲ နိုင်းကိုကြိုက်နေပါစေ … လက်ထပ်တော့မည့် ယောက်ျားတစ်ယောက်ကို ဘယ်တော့မှ မပိုင်ဆိုင်ချင် … အခုလည်း နိုင်းကိုမေ့ပစ်လိုက်ဖို့ ဆုံးဖြတ်ထားခဲ့သည်။

"ရွှေထွန်းတင် … ရှင်ကဘာလဲ … ယောက်ျားတစ်ယောက် ဖြစ်ပြီး မိန်းမဆန်ဆန် အတင်းပြောတတ်တာပဲ … မြခွန်းဆင့်က ရှင့်ကိုကြိတ်ပိုးနေတာ ဟုတ်လား … ယောက်ျားမပီသတဲ့လူ … သံစဉ်သူငယ်ချင်းဆိုတဲ့ မျက်နှာကိုတောင် မထောက်ထားဘူး"

မြခွန်း ဒေါသထွက်ရတာက နိုင်းကိုပဲ … ပြောရက်တယ်။ မြခွန်းဂုဏ်သိက္ခာကို မညှာမတာချပစ်ရက်သည်။

"နင်က နင့်မာမီလိုပဲ … အမြင့်အမြင့်နဲ့ … ဒါပေမဲ့ မြခွန်းဆင့် ကတော့ နင် အရမ်းကိုတန်ဖိုးထားပြီး ငမ်းငမ်းတက်လက်ထပ်ချင် နေတဲ့ လှုရုပ်လွှာကို စိန်ခေါ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



စိန်သာ ဖွတ်ပြီးခေါ်လိုက်ရတာ ... နိုင်းက အမှန်တကယ် မြခွန်းကို အဖက်ပင်မလုပ်ဝံ့ပေ ... သံစဉ်ရော ... မနက်က လမ်းသော မှာ ဝက်သားဒုတ်ထိုးထိုင်စားနေတာကို နိုင်းကိုယ်တိုင် အထင်သေး နေတာ သေချာသည်။

"မြခွန်း ... ရှင်လေ နိုင်းထက်သာတဲ့ယောကျ်ား ရှိနေတာ လက်ထပ်လိုက်စမ်းပါ၊ နိုင်းကို အမြင်ကတ်လို့ပါ"

မြခွန်းလည်း ဘယ်ဘဝကအကုသိုလ်တွေမှန်း မသိ အော ပင် နိုင်းကိုချစ်သည်။ လူရုပ်လှသာဆီကနေ လုယူပစ်ချင်၏။ နိုင်း မြခွန်းကို အထင်သေးနေမှာပါ။ အချစ်ဆိုတာ မရှိနိုင်ပါဘူး။ မြခွ အိပ်လို့မရတော့ ... လှရုပ်လှာကို တုံ့ပြန်ဖို့အတွက် မြခွန်းမှ အင်အားတွေကင်းမဲ့နေသည်။ ဘာပဲဖြစ်ဖြစ် တိုက်ပွဲတော့ဝင်ရမှာပဲ နိုင်းဆီ ဖုန်းဆက်လိုက်၏။ နိုင်း ဖုန်းကိုင်၍ မြခွန်း ဝမ်းသာအား ဖြစ်သွားသည်။

"နိုင်း"

"မင်း ... မင်း ... ဒီအချိန်ကြီးကျမှကွာ ဘာလဲပြော"

နိုင်းလေသံက နည်းနည်းလေးတင်းမာသယောင် ဖြစ်နေ တိုက်ပွဲမဝင်ခင်ထဲကနေ အရှုံးနှင့်ရင်ဆိုင်ရတော့မည် ဖြစ်သည်။





"ရှင် ယောကျ်ားမပီသဘူး၊ ရှင့်ဇနီးလောင်းက မြခွန်းကို ဖုန်းဆက်တယ်လေ ... သူ့ခင်ပွန်းလောင်းကြီးကို ကြိတ်ပိုးနေတာ ... အရှက်မကွဲချင်ရင် ကင်းကင်းရှင်းရှင်းနေဖို့ သတိပေးတာတဲ့ ... အိမ်ရှေ့ကနေ ကားရပ်ပြီးထွက်ခဲ့တဲ့ ... နိုင်း အရမ်းရက်စက်တာပဲ ... သံစဉ့်သူငယ်ချင်းဆိုတဲ့ မျက်နှာကိုတောင် မထောက်ဘူး၊ မြခွန်း ဘယ်လိုလုပ်ရမလဲဟင် ... ရှင့်ဇနီးလောင်းဘီလူးမကြီး ရောက်လာမှာ သေမလောက်ကြောက်နေပြီ၊ ကျွန်မမေမေရော ကျွန်မရော ရပ်ကွက်ထဲမှာ သူများတံတွေးခွက်ထဲ ပက်လက်မျောစေရမယ်တဲ့"

"ကိုယ်တောင်းပန်ပါတယ် ချစ်သူ ... အဲ ... မြခွန်းဆင့် ကိုယ်ပြောတာ မဟုတ်ပါဘူး"

"ဒါဆို ဘယ်သူပြောတာလဲ ... သံစဉ်လား ... မဖြစ်နိုင်ဘူး၊ သံစဉ်က မြခွန်းအပေါ် ညီအစ်မထက် ပိုပြီးသံယောဇဉ်ရှိပါတယ်"

မာမီဟုလည်း မပြောချင်ပေ ... လှာ ခက်တာပဲ ... အရမ်းကို စရိုက်ကြမ်းတမ်းလွန်းသည်။ ဒက်ဒီက ပြောတယ်။ လှာ့အဖေက အရမ်းလူလည်ကျပြီး မသမာတဲ့နည်းလမ်းတွေနဲ့ ကြီးပွားချမ်းသာသာတာတဲ့ ... လှာ့ဒက်ဒီရော မာမီရော မောက်မာလွန်းကြသည်။

"နိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရှင်ပြောတာမဟုတ်လား။ မြခွန်းက ရှင့်ကို စပြီးချစ်တာကို အရှုံးဂုဏ်ယူနေတယ်ပေါ့လေ၊ ဟုတ်လား"

"မဟုတ်ပါဘူးကွ … ဟာ တော်ပြီကွာ … မင်းထင်ချင်သလို ထင်တော့ … ကိုယ် တောင်းပန်ပါတယ်လို့ပဲ ပြောနိုင်မယ်"

"နိုင်းရယ် … မြခွန်းလေ ဘယ်လောက်ပဲမာနတွေနဲ့ တင်းခံနေပါစေ … နိုင်းကို ချစ်နေဆဲပဲနော် … လွှာဆိုတဲ့မိန်းမကို မြခွန်း ဘယ်လိုမှ လိုက်မမှီနိုင်ဘူးဆိုတာတွေးမိတိုင်း … အရှုံးဝမ်းနည်းရတယ် သိလား"

မြခွန်းရင်ထဲမှာ ခံစားနေရတဲ့အတိုင်း အမှန်တကယ်ပဲ ခံစားရ၍ ပြောမိသည်။ ဒါပေမဲ့ သူများနဲ့လက်ထပ်မယ့် မိန်းကလေးတစ်ယောက်ရဲ့ပိုင်ရှင် ယောက်ျားတစ်ယောက်ကိုတော့ လုမယူချင်ပေ။ လွှာဆိုတဲ့မိန်းမကြောင်ပါ။ လူကို လာပြီးစော်ကားနေသည်။

"မြခွန်းဆင့်ကိုတော့ ကိုယ်တောင်းပန်ပါတယ် … ဒါပေမဲ့ နောက်ထပ် မဆက်သွယ်ပါနဲ့တော့ … သူငယ်ချင်းအဖြစ်နဲ့ မြခွန်းဆင့်ကို ခင်မင်ခွင့်တောင် ကိုယ့်မှာမရှိပါဘူး။ နားလည်ပေးပါ မြခွန်းဆင့်"





မြခွန်းဆင့်အသံလေးက သူ့ရင်ကို အေးမြစေတာတော့ အမှန်ပဲဖြစ်သည်။ ကိုယ်လည်း နာကျင်နေရပါတယ် မြခွန်းရယ် … ကိုယ့်ရင်ထဲမှာ အချစ်တွေရှိနေပါတယ်။ ဒါပေမဲ့ ကိုယ် ဘယ်တော့မှ ထုတ်ဖော်ပစ်မှာ မဟုတ်ပါဘူး။ ကိုယ် လက်ထပ်ရမှာက လှရုပ်လွှာပါပဲ … မြခွန်းကို သနားနေမိသည်။

"နိုင်း"

"ပြော"

"နိုင်းကို ချစ်သူဘက်ကတော့ ထာဝရချစ်နေမှာပဲနော် … OK … ဘိုင် … "

မြခွန်း ဖုန်းပိတ်ပစ်လိုက်သည်။ နိုင်းဘက်က မြခွန်းအား တဖြည်းဖြည်းနှင့် ငြိနေပြီဆိုတာ … မြခွန်း သိလိုက်သည်။ လှရုပ်လွှာ ရဲ့ မောက်မာထောင်လွှားမှုတွေကို ချိုးနှိမ်ပစ်ချင်နေ၏။ ဒါပေမဲ့နော် နိုင်းကို သိစေချင်တာက … မြခွန်းဆင့်က ရှင်နဲ့ရုပ်လွှာတို့ အဆင် မပြေဖြစ်ပြီး ရှင်ပြန်လာမယ့် အခွင့်အရေးကိုတော့ ထိုင်စောင့်နေ မယ့်မိန်းမတော့ မဟုတ်ဘူးနော် … သူမ အိပ်စက်လို့မရပေ … လှရုပ်လွှာရဲ့ ထောင်လွှားစော်ကားမှုကိုလည်း တွေးမိတိုင်း ဒေါသ ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညက တော်တော်လေးညဥ့်နက်မှ အိပ်ပျော်သွားပြီး မိတ္တတ်အသံကြားမှ သူမ လန့်နိုးသွား၏။ မိတ္တတ်က သူမဖုန်းကိုဖွင့်ပြီး နားထောင်နေ၍ မြခွန်း ဒေါသတကြီးဆွဲလုပစ်သည်။

"ဟဲ့ ... နင် ဘာလုပ်တာလဲ၊ ရာရာစစ ... နင်ကများ ငါ့ဖုန်းကို ဖွင့်နားထောင်ရတယ်လို့"

"မမလေးက ဖုန်းသံ ဒီလောက်မြည်နေတာတောင် မနိုးလို့ မေမေကြီးက သွားကိုင်လိုက်ပြောလို့ပါ"

"မေမေကလည်းလေ ... မြခွန်းကို အမြဲတမ်း ချုပ်စိနေတော့တာပဲ"

"ချုပ်စိရတယ် မိမြခွန်းရေ ... သမီးမွေးထားတာပဲ သမီးတစ်ကောင်ထိန်းရတာ နွားတစ်ထောင်ထိန်းရတာထက် ခက်ခဲတယ်၊ ညည်းတင်မဟုတ်ဘူး ... ကျုပ်ပါ သူမျှားတံတွေးခွက်ထဲ ပက်လက်မျောရမှာ"

လှရုပ်လွှာပြောသွားတဲ့စကားတွေကို ပြန်ကြားယောင်မိပြီး မာမီကြားရင် မိုးမီးလောင်မလားဘဲ မေမေက အထက်ကိုမမှန်းဘဲ အရှက်နှင့်ဂုဏ်သိက္ခာမဲ့မှာတော့ အစွမ်းကုန်ကာကွယ် နေထိုင်တတ်သည်။





"ညည်း ဘာတွေလုပ်နေလို့ စောစောမအိပ်ရတာလဲ၊ မေမေက ညည်းကို အရိပ်လိုကြည့်နေတာ ... ညည်းဘဝကောင်းစားရေးအတွက်ဆိုတာ နားလည်ထားပါ"

မေမေက ... ယောက်ျားတစ်ယောက်အပေါ် မိန်းကလေး တန်မဲ့ အရှုးအမူးချစ်မိလို့ အနှိမ်ခံဘဝ ... အနှိပ်စက်ခံဘဝ ရောက်ခဲ့ရတာဟု ... အဖွားက အရိပ်အမြွက်ပြောပြထား၍ သိထားသည်။ မေမေက လုံးဝမပြောပြခဲ့ ...

"ဟိုဘက်ခြံကရောင်လေး မြန်မြန်လက်ထပ်သွားစေချင်တယ်၊ သံစဉ်လေးက စိတ်သဘောထားပြည့်ပါတယ်၊ သံစဉ်ရဲ့ဒက်ဒီရောပဲ ... မေမေက မေမေ့သမီးလေး အရှက်သိက္ခာကျရမှာ လုံးဝ မလိုလားနိုင်ဘူးနော်"

ဒေါ်မြသီတာလည်း ငယ်ရာကနေကြီးလာတာပဲ ... သမီးရဲ့ စိတ်လှုပ်ရှားမှုကို အကဲခတ်မိသည်။ သမီးလေးမွေးထဲက မိမိ ဘယ်လောက်အထိ စိတ်ပူပင်ရပြီး မွန်းကြပ်ခဲ့ရလဲဆိုတာ မိမိအသိဆုံးပါပဲ။ အရိပ်လိုကြည့်၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့၏ ... တစ်ဖက်ခြံက ရွှေထွန်းတင်က မိန်းကလေးတစ်ယောက် စွဲလန်းနှစ်သက်လောက်တဲ့ ရုပ်ရည်ရှိပြီး ထူးချွန်ထက်မြက်သူပါ။ သမီးမြခွန်းအဖို့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ... တစ်ဖက်သတ်ကြိတ်ပြီး နှစ်သက်နေတယ်ဆိုတာ ဒေါ်မြသီတာ ရိပ်မိနေသည်။

"မြခွန်း"

"ရှင်မေမေ"

"သမီးလေးက အရမ်းပဲလှပချောမောပြီး ... ငွေကြေးအရလည်း မျက်နှာငယ်စရာမရှိဘူးနော် ... ပြည့်စုံတယ်၊ သမီးလေးကို မေမေ့မိတ်ဆွေသူငယ်ချင်းတွေရဲ့ သားတွေက ကမ်းလှမ်းကြတယ်၊ သမီးလေးကို ရွေးချယ်ခွင့်ပေးမယ်၊ မိန်းကလေးဆိုတာ သူချစ်ကိုပဲ ရှာရမယ်၊ မိဘအသိုင်းအဝိုင်းရော ... ကိုယ်ကိုယ်တိုင်ရော တန်ဖိုးမဲ့စေမယ့် အပြုအမူတွေကို ရှောင်ရမယ်"

"ဟုတ် ... "

"ရွှေထွန်းတင်က ဘာမှအထင်ကြီးစရာ မရှိပါဘူး၊ သူ့အမေက အခြောက်တိုက်ဘဝင်မြင့်ပြီး ... သူ့သားကို မိုးပေါ်တင်ချင်နေတာပါ"

နိုင်းအပေါ် မြခွန်းစိတ်တွေ ရူးသွတ်စွာ တိမ်းညွတ်နေတာကို မေမေကသိ၍ ရိပ်မိနေပုံပင် ... ဒါကြောင့်လည်း အတင်းအကြပ်တားဆီးပိတ်ပင်နေသည်။





"ယောက်ျားတစ်ယောက်နဲ့ လက်ထပ်ရတယ်ဆိုတာ ... မိန်းကလေးတစ်ယောက်အတွက်တော့ ... အောင်ဘာလေထီ ထိုးရသလိုပဲလေ၊ ကံကောင်းဖို့ဆိုတာ ခက်ခဲလွန်းပါတယ်ကွယ်"

မေမေ့ဆီက ညင်သာပျော့ပြောင်းတဲ့ ဆုံးမစကားတွေကို မြခွန်းကြားရတာ ပထမဆုံးအကြိမ်ဖြစ်သည်။ မြခွန်းကို နည်းနည်းလေးမှ မျက်နှာသာမပေးခဲ့ ... စည်းကမ်းတင်းကြပ်ခဲ့၏။ မေမေ့မျက်ဝန်းတွေထဲမှာလည်း မျက်ရည်တွေ ရစ်သိုင်းဝေ့ဝဲနေသည်။ မြခွန်းကြောင့် မေမေ့ဂုဏ်သိက္ခာတွေကျပြီး အဖတ်ဆယ်လို့မရ ဖြစ်ရတော့မယ် ထင်ပါတယ်။ မြခွန်းလေ မိုက်မဲစွာနဲ့ပဲ နိုင်းကို ချစ်မိနေတယ်။ တစ်ခါတစ်လေ ... နိုင်းကို လက်လွှတ်ဆုံးရှုံးရမှာ အရမ်းကြောက်နေခဲ့တယ်။ လှရုပ်လွှာဆီက လုယူပစ်ချင်တယ်။ မြခွန်းစိန်ခေါ်ပစ်လိုက်တဲ့အထိပါ။ မြခွန်းနှင့်လှရုပ်လွှာတို့ တိုက်ပွဲပြင်းထန်နေတာ ... မေမေ မသိလို့ပါ။ ဖုန်းတွေဆက်ပြီးတိုင်း ဖုန်းနံပါတ်ကို သူမ ဂရုတစိုက်ဖျက်ပစ်ခဲ့သည်။

"မေမေ့သမီးလေးက လိမ္မာပါတယ်၊ မိဘဂုဏ်သိက္ခာကို မြှင့်တင်ပေးမယ့်သမီးလေးပဲ ... မေမေလည်း လွတ်လပ်ခွင့်တွေ ပေးသင့်တဲ့အရွယ် ရောက်နေပြီဆိုတာ သိပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သမီးလိမ္မာရင်လိမ္မာသလို လွတ်လပ်ခွင့်ပေးမည်ဟု ချော မော့နှစ်သိမ့် အားပေးနေတာဆိုတာ မြခွန်းသိသည်။ မြခွန်းစိတ်တွေ က မတည်ငြိမ်ခဲ့ … တစ်ချက်တစ်ချက် လမ်းပေါ်သို့ အတင့်ရဲစွာ လမ်းလျှောက်ပစ်ချင်နေသေး၏။ မြခွန်းအား တယုတယနှင့် ပွေ့ ဖက်နမ်းရှုံက်၍ မေမေ ပြန်ထွက်သွားသည်။

+ + +

အခန်း ( ၁၅ )

"မောင် … မနက်ဖြန်ပဲ မောင်နဲ့လွှာ တရားဝင် လက်မှတ် ရေးထိုးကြမယ်၊ လွှာ စီစဉ်ထားပြီးပြီနော် … လွှာတို့တိုက်မှာပဲ အန်တီအေမိဆီလည်း လွှာ့မာမိ ဖုန်းဆက်လိမ့်မယ်"

"ဒက်ဒီ မရှိဘူးနော် လွှာ"

"ပြန်လာခိုင်းလိုက်ပါ"

"ဒက်ဒီက … စီးပွားရေးလုပ်ငန်းတွေ ရှိချင်ရှိနေမှာပါ လွှာ ဒက်ဒီမပါလည်း ကိုယ်တို့ လက်မှတ်ရေးထိုးပွဲက ဖြစ်ပါတယ်၊ လွှာ့ ဆန္ဒအတိုင်း စီစဉ်ပါ"

နိုင်းအနေနှင့် ငြင်းပိုင်ခွင့်မရှိ။ မေမေကိုယ်တိုင်က ဝမ်းသာ အားရနှင့် ပြေးထွက်လာသည်။

"သားရေ … ထူး ဖုန်းဆက်တယ် သိလား … မနက်ဖြန်ပဲ



www.burmeseclassic.com

www.burmeseclassic.com



တရားဝင် လက်မှတ်ရေးထိုးမယ်တဲ့ ... အမယ်လေး ... မာမီ အခု မှပဲ အပူလုံးကြီးကျသွားရတော့တယ်ကွယ်”

နိုင်းကတော့ စိတ်တွေလေးလံ မှုန်းကြုပ်သွားသည်။ လွှာနှင့် တရားဝင် လက်မှတ်ရေးထိုးရမှာ ... နိုင်း မလိုလားဘဲဖြစ်နေ၏။ အပျော်တွေလည်း ပျောက်ဆုံးသွားရသည်။

“မင်္ဂလာပွဲက ရက်ကလိုသေးလို့ ... မာမီလေ ပွဲပျက်မှာ အရမ်းစိုးရိမ်နေတယ် သားရယ် ... အခု လွှာလေးကစပြီး တရားဝင် လက်မှတ်ထိုးမယ်တောင်းဆိုလာတော့ ... ကောင်းလိုက်တာ ကွယ်”

နိုင်း စိတ်မပါတော့ ... လှရုပ်လွှာရဲ့ အကျင့်စရိုက်တွေကို စိတ်ထဲမှာ မနှစ်သက်သလိုဖြစ်လာသည်။ ချစ်သူကို သူ သတိရလာသည်။ မြခွန်းနှင့်စကားပြောရတာ သူ့စိတ်တွေ ပျော်ရွှင်ကြည်နူးရ၏။ လွှာ ... မင်း တမင်သက်သက် ... ကိုယ့်ကို လက်ထပ်ဖို့ ကြိုးစားတာပဲ ...

“သားဒက်ဒီဆီ ဖုန်းဆက်ပါ၊ ဘာပဲဖြစ်ဖြစ်လေ အလုပ်တွေ များလည်း သားလက်ထပ်ပွဲကို ပြန်လာသင့်တယ်”

“သား လွှာ့ကိုပြောထားပြီးပါပြီ မာမီ ... ဒီလိုပဲ တရားဝင် လက်မှတ်ထိုးထားမှာပါ၊ အရမ်းတော့ အရေးမကြီးပါဘူး မာမီ”





ဒက်ဒီ့ကိုလည်း မခေါ်ချင်တော့ဘူး။ သံစဉ်ကလည်း လိုက် မှာမဟုတ် ... ဘဝတစ်လျှောက်လုံး လှရုပ်လွှာဆန္ဒအတိုင်းပဲ ဖြစ် နေတော့မှာလား။ မြခွန်းက သူ့ ယောက်ျားမပီသဘူးတဲ့ ... ဟုတ် တယ် မြခွန်း ... နိုင်းလေ အသင့်အသင့်ချမ်းသာတဲ့ မိန်းကလေးတစ် ယောက်ကိုတောင် ချစ်သူတစ်ယောက်အဖြစ် မချစ်ရဲတဲ့ဘဝ ...

“မနက်ဖြန်ဆို ... နိုင်း မိန်းမတစ်ယောက်နဲ့ တရားဝင်လက် ထပ်ရတော့မယ် ချစ်သူ ... နိုင်း နောင်တတွေရနေပြီထင်တယ်”

သူ့နှလုံးသားတွေထဲအထိ စူးနစ်အောင် တိုးဝင်ချစ်မိသွား ရတာက လုံးဝမထင်မှတ်ဘဲ မြခွန်းဆင့်ဖြစ်နေရသည်။

“ချစ်သူရယ် ... နိုင်း အရမ်းသတိရတယ်၊ မနက်ဖြန်ဆိုရင် လှရုပ်လွှာနဲ့ လက်ထပ်ရတော့မယ်၊ ချစ်သူကို တွေ့ချင်တယ်”

နိုင်းစိတ်တွေ နာကျင်ကြေကွဲစွာ မြခွန်းနှင့် တွေ့ချင်လာ သည်။ မြခွန်းဂုဏ်သိက္ခာတွေမှဲ့အောင် နိုင်း မပြောရပါဘူး။ နိုင်းက မြခွန်းကို အကာအကွယ်ပေးချင်တာပါ။ မြခွန်းကို ချစ်မိသွား၏။ မြတ်သားစွာ ဆုံးဖြတ်ဖို့တော့ သတ္တိမရှိပေ ... နိုင်းလက်ထပ်ဖို့ ငြင်း ဝယ်ပစ်ရမလား။ မာမီ့ရဲ့ကြီးမားတဲ့မျှော်လင့်ချက်ကြီးကိုလည်း ဖျက်ဆီးပစ်လိုပေ ... မာမီက လွှာ့မာမီနှင့်တွေ့ရန် လွှာတို့တိုက်ကို သွားဖို့ပြင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးက မာမီနဲ့ နှစ်ယောက်ထဲတွေ့ချင်လို့တဲ့ သား ... မာမီ သွားရမယ်၊ လက်မှတ်ရေးထိုးဖို့ မာမီ့သားလေးက အဆင်သင့်ပါပဲ လို့ ပြောလိုက်မယ်"

"မာမီ"

"ပြောလေ သား"

"ဘာမှမဟုတ်တော့ပါဘူး မာမီ"

သား အလောတကြီး လက်မှတ်မထိုးချင်သေးဘူးဟု ပြောမလို့လုပ်ပြီးမှ နိုင်း မပြောဖြစ် ... မာမီက လက်ခံမှာမဟုတ်တာ နိုင်း သိနေသည်။ သူ အပေါ်ထပ်လသာဆောင်ကနေ တစ်ဖက်ခြံကြီးအား ငေးမောကြည့်နေမိ၏။ မြခွန်းကို မတွေ့ရပေ ... အိမ်ဖော်ကောင်မလေးမိတုတ်က နိုင်းကိုမော့ကြည့်ပြီး လက်ယပ်လှမ်းခေါ်နေသဖြင့် မြခွန်းတို့ခြံထဲမှာ တစ်ခုခုဖြစ်နေပြီဟု ထင်လိုက်သည်။

"မမကြီး ... မမကြီး သတိလစ်နေလို့"

"ဟင်"

သူ အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ တစ်ဖက်ခြံကြီးထဲဝင်လာတော့ မိတုတ်က မေမေသီတာ မူးလဲသွားလို့ ... မမလေးကလည်း မရှိဘူးတဲ့ ... သူရောက်သွားတော့ ... မြခွန်းမေမေ ဒေါ်သီတာက ကြမ်းပြင်မှာလဲနေသည်။





"အန်တီ ... အန်တီသီတာ"

ခေါ်၍မရတော့ ... ခဏနေတော့ သူ ဆေးရုံပို့ဖို့ ပြင်နေစဉ် မြခွန်းနှင့်သံစဉ်တို့ ရောက်လာသည်။

"ဘာဖြစ်တာလဲ နိုင်း"

"နိုင်းလည်း အခုပဲရောက်လာတာ သံစဉ် ... မိတုတ် လှမ်းခေါ်လို့ ... ဆေးရုံကား ခေါ်ထားပြီးပြီ"

"မေမေ ... ဘယ်လိုဖြစ်ရတာလဲ မေမေရယ် ... မိတုတ်ဘယ်လိုဖြစ်ရတာလဲဟဲ့ ... မေမေ အသက်မှရှူသေးရဲ့လား၊ သံစဉ် ကြည့်ပါဦးဟယ်"

"အန်တီ ... အန်တီသီတာ"

"မေမေသီတာဆိုကိုလေ မိန်းမတစ်ယောက်တော့ ဖုန်းဆက်တယ်၊ လူရုပ်လွှာဆိုလားပဲ"

"ဘာ"

"ဘာပြောတယ် မိတုတ်"

"ဖုန်းပြောပြီးတော့ အမယ်လေး ... အမယ်လေးအော်ပြီး လဲကျသွားတာပဲ"

"တောက် ... လူရုပ်လွှာ မိန်းမယုတ်မ ... နင် ... နင်"

မေမေ့မှာ သွေးတိုးရောဂါနဲ့ နှလုံးရောဂါရှိတယ်။ မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ။ မြခွန်းခေါ်ကြည့်တော့ မေမေ လုံးဝလှုပ်ရှားမှု မရှိပေ ... ဇက်ကလည်း လိမ်ကျနေသည်။

"မေမေ ... မြခွန်းကိုစိတ်ချပြီး ထားခဲ့ပြီလားဟင် မေမေ လုပ်ပါဦး သံစဉ် ... ကယ်ကြပါဦး နိုင်း ... နင် ဘာကြည့်နေတာလဲ ဒီကိစ္စ ဘယ်လိုတာဝန်ယူမှာလဲပြော"

မေမေ့ကိုပွေ့ဖက်ပြီး မြခွန်း အရူးတစ်ယောက်လို ဆောက် တည်ရာမရအောင် အော်ဟစ်နေမိသည်။ ဆေးရုံကားရောက်လာ တော့ မေမေ အသက်မရှိတော့ဘူးတဲ့ ... ရန်ကုန်ဆေးရုံကြီး အရောက်တွင် မေမေ သေဆုံးသွားပြီဖြစ်ကြောင်း အတည်ဖြစ်သွား သည်။

"သံစဉ် ကယ်ပါဦး ... မေမေလေ ... မေမေ မြခွန်းကိုထား ခဲ့ပြီ ... အမိုက်မ ... သမီးမိုက်မဲခဲ့ပါတယ်"

"မြခွန်း ပြန်ကြရအောင်နော် ... ဘယ်တတ်နိုင်တော့မှာလဲ အိမ်ပြန်ရောက်မှ ခေါင်းအေးအေးထားပြီး စဉ်းစားကြမယ်၊ သံစဉ် ကတော့ မြခွန်းဆန္ဒအတိုင်း အားလုံးဖြစ်စေရမယ်၊ လှရုပ်လွှာလို တရားစွဲကြမလား၊ ဒင်း ထောင်ထဲရောက်သွားမှအေးမှာ"

မြခွန်းဘက်ကနေ သံစဉ်က နာသည်။ နိုင်းကတော့ မြခွန်း ကို ဘာအကူအညီပေးရမလဲမေးရာ ... မြခွန်း ဒေါသတွေပေါက်ကွဲ





ပြီး နိုင်းရင်ဘတ်အား ထုရိုက်ပစ်မိ၏။ ရှင့်ကြောင့်ပဲ ... အရှက်သိက္ခာ ကြီးတဲ့ကျွန်မမေမေကို သေလောက်အောင် ပြောလိုက်တာ ... နိုင်းက မြခွန်းလက်လေးတွေကို ဖမ်းဆုပ်ကိုင်ထားသည်။

"ဟုတ်ပါတယ် မြခွန်း ... မင်း အခုလိုကြေကွဲစရာတွေ ရင် ဆိုင်ကြုံတွေ့ရတာ နိုင်းကြောင့်ပါ၊ နိုင်း ဘာလုပ်ပေးရမလဲ"

မြခွန်းရယ် ... ကိုယ် ... တကယ်ပဲ လှရုပ်လွှာကို မင်းကို ဆော်ကားမယ့်စကားတွေကို မပြောခဲ့ပါဘူး။ နိုင်းမာမီပါ။ မနက်ဖြန် နိုင်း တရားဝင် လက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုးရမယ်။ လှရုပ်လွှာ ... မင်း ဘာဖြစ်လို့များ မဆီမဆိုင် မြခွန်းအပေါ် နောက်စက် ရတာလဲ။

"ရှင် ... ရှင် ... လှရုပ်လွှာကို လက်မထပ်ပါနဲ့ ... အဲဒီမိန်းမ က ရှင့်ကို မပိုင်ဆိုင်စေရဘူး"

သူမ ပြောမိသည်။ နိုင်းက သူမခန္ဓာကိုယ်လေးအား သိုင်း ဖက်၍ ရင်ခွင်မှာအပ်ထား၏။ မေမေ့အလောင်းကို သယ်ဆောင် သွားကြပြီ ဖြစ်သည်။

"မေမေ ... မေမေရယ် ... မြခွန်း ဘယ်လိုလုပ်ရမလဲဟင် ဘယ်သူနဲ့နေရမှာလဲ၊ မိုက်မဲလွန်းလို့ မာမီက ဒဏ်ခတ်ပစ်လိုက် တာလား"



www.burmeseclassic.com

www.burmeseclassic.com



နိုင်းရင်ခွင်ထဲမှာ သူမခန္ဓာကိုယ်လေး သိမ့်သိမ့်တုန်အောင် ငိုရှိုက်မိသည်။ မေမေက နိုင်းနှင့် ကင်းကင်းရှင်းရှင်းနေစေလိုခဲ့၏။ သူမက သူ့ရင်ခွင်ထဲမှာ ...

"လှရုပ်လွှာကို တရားစွဲပစ်ရမယ် မြခွန်း ... နင်း ဘယ်သူ့ကိုမှ အားနာစရာမလိုဘူး"

"ဟင့်အင်း ... လှရုပ်လွှာကို ထောင်ထဲမပို့ပါဘူး၊ ထားလိုက်ပါတော့ နေပါစေ"

မြခွန်း ... အံသွားလေးတွေကို တင်းကြပ်စွာဖိကိုက်ထားမိသည်။ နင့်အသည်းနှလုံးတွေကို အစိတ်အစိတ်အမွှာအမွှာ ကွဲအက်သွားစေရမယ်။ မေမေလည်း မရှိတော့ဘူး။ မြခွန်းကို တားဆီးမယ့်သူလည်း မရှိတော့ဘူး။

"ပြန်ကြရအောင်ပါ မြခွန်း ... နင် ဘာမှအားမငယ်ပါနဲ့နော် သံစဉ် တောင်းပန်ပါတယ်၊ မြခွန်းအနားမှာ သံစဉ် အမြဲတမ်းရှိနေပေးမှာပါ"

နိုင်းကိုယ်တိုင် သံစဉ့်ကိုတွဲ၍ ကားဆီသို့ခေါ်ဆောင်လာခဲ့သည်။ မြခွန်းအား ... နိုင်း အလွန်အမင်းသနားနေမိသည်။ လှရုပ်လွှာ လွန်တယ်။ အကျင့်စာရိတ္တ အောက်တန်းကျလွန်းသည်ဟု ထင်မိ၏။ အရှက်ကြီးတဲ့ မြခွန်းမေမေ အသက်ဆုံးတဲ့အထိ ဖြစ်သွားရတာ





တော့ လှရုပ်လွှာ ရိုင်းစိုင်းလွန်းသည်။

"မြခွန်း"

"ဟင်"

"နိုင်း ... မင်း ဘာဖြစ်ချင်လဲ၊ အားလုံးဖြည့်စွမ်းပေးပါ့မယ်၊ လှရုပ်လွှာနဲ့ နိုင်း လက်မထပ်တော့ဘူး"

မြခွန်း ထခုန်မတတ် ဝမ်းသာသွားပေမယ့် ... နိုင်းကို ညို့ယူဖမ်းစားနိုင်ဖို့အတွက် ... မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျမတတ် အထိတ်တလန့်မော့ကြည့်လိုက်မိသည်။

"နိုင်း လုံးဝလက်မခံနိုင်ဘူး မြခွန်း ... ဒီလောက်အထိ မဖြစ်သင့်ပါဘူး၊ မြခွန်းမိသားစုဘဝလေး ပျက်တဲ့အထိတောင် မထိုးနှက်သင့်ဘူး"

နိုင်း ... အမှန်တကယ်ပဲ လှရုပ်လွှာရဲ့အကျင့်စရိုက်တွေကို မုန်းတီးရွံရှာနေသည်။ လှရုပ်လွှာကိုလက်ထပ်ဖို့အတွက် ဆန္ဒမရှိတော့ ... ဘဝတစ်လျှောက်လုံး နာကျင်ကြေကွဲမှုတွေနှင့် နောင်တတွေပဲ ရင်မှာပိုက်ထားရတော့မည်ဖြစ်သည်။ နိုင်း အိမ်ပြန်လာတော့ မာမီက ပြန်ရောက်လာပြီး ... မနက်ဖြန် လက်မှတ်ထိုးဖို့ကိစ္စတွေ စီစဉ်ထားပုံတွေပြောပြနေ၏။ နိုင်း ပြတ်သားစွာပဲ ငြင်းဆန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လှရုပ်လွှာကို သားလက်မထပ်နိုင်သေးဘူး မာမီ ... မနက်ဖြန်ဆိုတာ အလောတကြီးနိုင်လွန်းပါတယ် ... လှရုပ်လွှာကြောင့် မြခွန်းအမေ အနိဒ္ဓါမြသီတာ ဆုံးသွားတယ်"

"ဘာ ... ဘာပြောတယ် သား ... မြခွန်းအမေနဲ့ လွှာလေးက ဘယ်လိုပတ်သက်နေလဲ ... မဆီမဆိုင် မြခွန်းဆင့်ကပြောတာလား ... အဓိပ္ပါယ်မရှိလိုက်တာ ... သူ့ဟာသူ သေချင်လို့သေတာ မီးသံစဉ်ရော"

"မာမီ ကျေးဇူးပြုပြီး လူလူချင်း ညှာတာထောက်ထားတဲ့ စကားတွေပဲ ပြောပါ"

"ဘာပြောတယ် သား ... မင်းက မာမီ့ကို ဘယ်တုန်းကများ ပြန်ပြောဖူးလို့လဲ၊ လက်ထပ်ပွဲ့ကို မင်းက ဖျက်မလို့လား"

"သား ... လက်ထပ်ပွဲကိုတော့ လောလောဆယ် မစီစဉ်ချင်သေးဘူး မာမီ ... လှရုပ်လွှာရဲ့အကျင့်စရိုက်တွေကို နိုင်း သဘောမကျဘူး၊ နိုင်းနဲ့မြခွန်းတို့က ပတ်သက်ဆက်ဆံတာတွေမှ မရှိတာပဲ လှရုပ်လွှာ သွားပြောစရာအကြောင်း မရှိဘူးထင်တယ်"

"မြခွန်းဆင့်က သားကို ကြိတ်ကြိုက်နေတာလေ၊ လွှာလေးက ဒီလိုဟာမလေးမျိုးနဲ့သားကို ယှဉ်လုချင်မလား"

"မြခါန်းနဲ့သား ဘာမှမဖြစ်ပါဘူးလို့ ပြောခဲ့တာပဲ ... နိုင်





လက်ထပ်မှာက လှရုပ်လွှာပဲ"

"မြခွန်းဆင့်အမေသေတာ သားနဲ့ ဘာမှမဆိုင်ဘူးနော် ... သံစဉ် သွားချင်သွားပါစေ၊ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးမယ့် ကိစ္စက ဖျက်လို့မရဘူး၊ မင်း လက်ထပ်ရမယ်၊ မာမီ့ကို သေအောင် သတ်မလို့လားဟင်"

နိုင်း ဘာလုပ်ရမလဲ မြခွန်းရယ် ... မာမီက လှရုပ်လွှာမှ လှရုပ်လွှာဖြစ်နေတယ် ... နိုင်းချစ်တာက မြခွန်းပဲ ... မာမီက ရင်ဘတ်ကိုဖိ၍ လဲပြိုကျမတတ်ဖြစ်နေ၍ နိုင်း ဖေးမတွဲထားရင်း မာမီ တစ်ခုခုဖြစ်သွားမှာလည်း စိုးရိမ်ကြောင့်ကြရသည်။

"အမယ်လေး ... မာမီ ရင်ကျိုးပါပြီ၊ မင်း ... မင်း ... မာမီ့ကို တောင် ဆန့်ကျင်နေပြီပဲ ... လွှာ့ကို ဘယ်လိုမျက်နှာပြရမလဲ၊ မြသီတာအစား မာမီပဲ သေလိုက်ချင်ပါတယ် သားရယ်"

နိုင်းဘဝကို စတေးပစ်ရတော့မယ်ထင်တယ်။ မာမီ စိတ်ထိခိုက်ကြေကွဲနေတာမြင်ရတော့လည်း ... နိုင်း စိတ်ထိခိုက်ရပြန်သည်။

"မာမီက သားအတွက်ပါ၊ သားကောင်းစားရေးအတွက်ပဲ အမြဲတမ်းကြိုးပမ်းအားထုတ်နေခဲ့တဲ့ မာမီပါ၊ မာမီ့ရင်တွေ နာကျင်ရအောင် မလုပ်ပါနဲ့သားရယ် နော် ... "



www.burmeseclassic.com

www.burmeseclassic.com



လှရုပ်လွှာကို လက်ထပ်လိုက်ဖို့ကလွဲပြီး ... နိုင်းမှာ တခြားရွေးချယ်စရာလမ်း မရှိတော့ပေ ... မြခွန်း အပူမီးတွေတောက်လောင်နေတဲ့အချိန်လေးမှာ သူ အားပေးနှစ်သိမ့်ပေးချင်ခဲ့သည်။ လှရုပ်လွှာနှင့်လက်ထပ်လိုက်လျှင် မြခွန်းအပေါ် ရက်စက်လွန်းရာရောက်သွားနိုင်၏။ နိုင်း နာကျင်ရသည်။

+++

အခန်း ( ၁၆ )

"သားနဲ့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပွဲကို မောင်ကိုယ်တိုင် ဖျက်ပေးမယ်အေမီ ... ဘာပဲဖြစ်ဖြစ် လူမှုရေးအရပဲ မလုပ်သင့်ဘူးကွ"

ဒက်ဒီ ပြန်ရောက်လာသည်။ သံစဉ် ဖုန်းဆက်အကြောင်းကြားလိုက်၍ပဲဖြစ်၏။ မာမီ ဆွေ့ဆွေ့ခုန်မတတ် ဒေါသတွေပေါက်ကွဲနေပေမယ့် ဒက်ဒီက လက်မခံဘဲ သူငယ်ချင်းထံ ဖုန်းဆက်အကြောင်းကြားလိုက်သည်။

"ရှင် ... ရှင် ... ကိုယ့်သားဘဝ ရှေ့ရေးအတွက် မကြည့်ဘူးလွှာလေး စိတ်ပျက်သွားရင် ဘယ်လိုလုပ်မလဲ ... မြသီတာသေတာ ရှင်နဲ့ဘာဆိုင်လို့လဲ ... "

"အေမီ ... မင်းသားကောင်းစားရေးကမုန်ပေမယ့် မင်း



www.burmeseclassic.com

www.burmeseclassic.com



ချေးမလောင်းကြောင့် မြခွန်းမေမေ ဆုံးရတာလေ၊ အဲဒါ ရာဇဝတ်မှု မြောက်တယ်ကွ ... မင်း ဘာမှတ်နေလဲ ... သားရဲ့မင်္ဂလာပွဲကို အကန့်အသတ်မရှိ ရွှေ့ပစ်ရမယ် ... လုရုပ်လှာရဲ့ အကျင့်စရိုက်တွေ ကို လုံးဝမကြိုက်ဘူး ... သားလည်း နှစ်သက်မှာမဟုတ်ဘူး၊ ကိုယ် ဖျက်တယ်”

ဒက်ဒီကတော့ မာမီဘာပဲပြောပြော မင်္ဂလာပွဲကို အကန့် အသတ်မရှိ ဖျက်သိမ်းကြောင်း လုရုပ်လှာရဲ့မာမီထံ ဖုန်းဆက်ပြော သည်။

“ဒီကိစ္စ ထူးသမီးကြောင့် ဖြစ်ရတာပဲ ... လက်ထပ်ပွဲကို အလျှစ်စလို မလုပ်သင့်ဘူးထင်တယ် ... လူမှုရေးအရ မကောင်းပါ ဘူး ဒါကြောင့်ပါ ... ”

“လက်ထပ်ပွဲကိုတော့ ဖျက်လို့မရဘူးနော် ဦးထွန်းမောင် မောင် ... သူတို့ဟာသူတို့ အိုးမလုံလို့ အုံပွင့်တာပဲ ... ကျွန်မသမီး လှာက ဖြစ်သင့်တာကိုပြောပြတာလေ၊ မိန်းကလေးရှင်ဘက်ကို လည်း ထည့်စဉ်းစားပါဦး ... ”

လက်ထပ်စာချုပ်မှာ တရားဝင်လက်မှတ်ရေးထိုးပွဲပျက်၍ ဒေါသတွေ အကြီးအကျယ် ထွက်ရသူက လုရုပ်လှာပင်။ မြခွန်းဆင့်





နှင့်လှာက စိန်ခေါ်ထားကြတာပါ။ မြခွန်းဆင့်အမေကနေတစ်ဆင့် မြခွန်းဆင့်ကို တားဆီးရာကနေ မထင်မှတ်ဘဲ မြခွန်းဆင့်အမေ သေ ဆုံးသွား၍ လှာ့ပရောဂလည်း ပါသလို ဖြစ်နေသည်။

“သမီး ခေါင်းအေးအေးထားပြီးလုပ်ပါ ... ဘာပဲပြောပြော သမီးပြောလိုက်လို့ဖြစ်တာလေ၊ ဟိုကောင်မလေးက တိုင်တောတာ တွေလုပ်ရင် သမီးလေးပဲ အရှက်ကွဲမှာပါ ... ထားလိုက်ပါတော့ ကွယ်၊ မာမီတို့ကလည်း အသေအချာကြီး စီစဉ်ရသေးတာမှမဟုတ် တာ”

လှာ မပြောသာတော့။ လှာ့ကြောင့်လည်း ဖြစ်နေသည်။ မြခွန်းဆင့်ကို အနိုင်ယူဖို့ လှာကြိုးစားခြင်းဖြစ်၏။ နိုင်းကို လှာအမိ အရ ဆုပ်ကိုင်ထားနိုင်ဖို့ စိတ်လောကြီးနေ၏။ နိုင်းလို ယောကျ်ား တစ်ယောက်ကို လှာရယူပိုင်ဆိုင်မှဖြစ်မည်။ နိုင်းကို လှာချစ်မိနေ ပြီ။ လုံးဝမစွန့်လွှတ်နိုင်တော့အောင် ချစ်မိသည်။

“အေမီက ပြောတယ် မြခွန်းဆင့်လို အဆင့်အတန်းမရှိတဲ့ ကောင်မလေးမျိုးကို နိုင်းက စိတ်မဝင်စားပါဘူးတဲ့ ... အခုကိစ္စက ဒင်းအမေသေသွားတာ မာမီတို့အတွက် အကုသိုလ်ဝင်တာပဲလေ၊ မတတ်နိုင်ဘူး ... စောင့်ရတော့မယ်”

လှာ မကျေမနပ်ဖြစ်ရသည်။ အဖွားကြီးကရော တားဆီးဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြံစည်ကာမှ အဖွားကြီးသေသွားတော့ မြခွန်းဆင့်ကို တားဆီးမည့်သူက မရှိတော့။ နိုင်းနှင့်အမြန်ဆုံး လက်ထပ်ချင်သည်။

"အဖွားကြီးသေတော့ ဟိုဟာက အတင့်ရဲလာနိုင်တယ်၊ မာမီ ဘာပဲဖြစ်ဖြစ် နိုင်းအမေကိုတော့ ချုပ်ထားမှဖြစ်မယ် ... မာမီပဲ တာဝန်ယူပါ"

"စိတ်ချ ... မာမီကလည်း နိုင်းကိုပဲ သမက်တော်ချင်တာ၊ အရယူမယ် ... နိုင်းက ထူးချွန်ထက်မြက်တဲ့ ယောကျ်ားလေးပဲ"

နိုင်းကို ချစ်တယ်။ လွှာ ရှုးသွပ်ချင်နေပါပြီ။ နိုင်းနဲ့တရားဝင်အကြင်လင်မယားအဖြစ် လက်မှတ်ထိုးပွဲအပြီး လုပ်မလို့ပါ။ မြခွန်းဆင့်ကြောင့် ပျက်သွားရသည်။ လုံးဝအခဲမကြေဘူး။ နင့်ကို အရှုံးပေးမယ်မထင်နဲ့ မြခွန်းဆင့် ငါနိုင်ကိုနိုင်ရမယ်တဲ့။

"သမီး ... စီးပွားရေးအတွက်ပဲ စဉ်းစားစမ်းပါ၊ အဆောက်အဦအတွက် အင်ဂျင်နီယာအဖွဲ့ ရှာလေ ... "

"နိုင်းကိုပဲ အပ်မယ်မာမီ"

"နိုင်းက မကျွမ်းကျင်သေးဘူးထင်တယ်"

"နိုင်းကို ချုပ်ရမယ်"

နိုင်းကို လွှာအစီအမံတွေအောက်မှာပဲ အမြဲတမ်းရှိနေစေဖို့ ချုပ်ပစ်ရမယ်။ နိုင်းမာမီက ဂုဏ်မက်သည်။ လွှာဝတ်တဲ့စိန်တွေကို





ပြုံးပြုံးကြည့်နေတာပါ။ ယောက္ခမလောင်းကြီးကတစ်ဆင့် နိုင်းကို ချုပ်ရမယ်။ လွှာ ယောက္ခမလောင်းကြီး ဒေါ်အေမီထံ ဖုန်းဆက်သည်။

"နိုင်းရော အန်တီအေမီ ... ဒီမှာ လွှာ့စုပါမားကတ်အတွက် ဒီနိုင်းက နိုင်းကိုအပ်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ နိုင်းဆီ လွှာဖုန်းဆက်တာ မရလို့ပါ ... "

"လွှာလေးရယ် ... မာမီလေ အရမ်းဝမ်းသာတာပဲ၊ နိုင်းကို အလုပ်အပ်လို့လေ ... လွှာလေးဆီ မာမီလာခိုင်းပါ့မယ်"

"နိုင်း ဘာလုပ်နေလို့လဲ"

အသုဘမှာ သွားကူညီနေသည်ဟု မပြောချင်ပေ။ လွှာလေး စိတ်ကောက်သွားမှာ စိတ်ပူမိ၏။ ယောကျ်ားရော သားရော သမီးရော အသုဘအိမ်မှာပဲ ကူညီနေကြသည်။ ဒေါ်အေမီသော်တစ်ယောက်ထဲ ဒေါသတွေပေါက်ကွဲနေရ၏။ တား၍မရ ယောကျ်ားက သူမှန်တယ်ထင်တာ လုပ်တတ်သည်။

"လွှာလေး ဘာမှစိတ်ပူနဲ့နော် မာမီရှိပါတယ် ... နိုင်းကလေ ဟိုဟာမလေး ပြဿနာလုပ်မှာစိုးလို့ နည်းနည်းပါးပါးလေး ဝင်ကူနေရတယ်"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



"လွှာလေး … လွှာလေး … မာမီတောင်းပန်ပါတယ်ကွယ်၊ စိတ်မဆိုးပါနဲ့နော် … နိုင်းက သမီးမှသမီးပါ၊ မာမီလေ အမြန်ဆုံး စီစဉ်ပေးမယ် … သမီးလေး လွှာနဲ့သားနိုင် လက်ထပ်ပွဲလေ"

"ဒီမှာ အန်တီအေမီ … လွှာ့ကို အရှက်တကွဲဖြစ်အောင်လုပ်လို့ကတော့ အန်တီ့သား ရွှေထွန်းတင် ထောင်ထဲရောက်ပြီပဲ"

"မလုပ်စေရပါဘူး … သမီးနဲ့က တရားဝင်စေ့စပ်ထားပြီးသားပဲ … အန်တီအေမီကလေ သမီးလေးဘက်က ဖျက်လိုက်မှာတောင် စိုးရိမ်နေတာပါ"

"လွှာ့ကိုတော့ လျော့မတွက်ထားနဲ့နော် … လွှာတို့အသိုင်းအဝန်းကို သိတယ်မဟုတ်လား၊ ညနေ နိုင်းကိုလာခိုင်းပါ၊ လုပ်ငန်းတွေအပ်စရာရှိတယ်"

"အေးပါကွယ် ကောင်းပါပြီ … မာမီ လွှတ်ပေးလိုက်ပါ့မယ် လွှာလေး … "

ဒေါ်အေမီသော် ဒေါသတွေလည်း ဖြစ်ရသည်။ ယောက်ျားရော သားရော သမီးရော ဟိုအသုဘအိမ်ပဲရောက်နေကြသည်။ ဘယ်လိုမှ တားဆီးမရ … မြခွန်းဆင့်ကို ဖေးမကူညီနေကြ၏။ မြသီတာ သေတာတောင် ကောင်းကောင်းမသေဘူး။ ငါ့ကို ဒုက္ခ





ပေးနေသေးတယ်။ လွှာလေးကို ဘယ်လိုလုပ်ရမလဲ။ သားဆီ ဖုန်းဆက်သည်။

"မာမီ သေတော့မယ် သားအမြန်ပြန်လာခဲ့ပါ … "

"ဟုတ်ကဲ့ပါ မာမီ … "

နိုင်းကလည်း မာမီတစ်ခုခုဖြစ်မှာစိတ်ပူပြီး ပြန်ဖို့ပြင်သည်။

"တောက် … တော်တော်လူစိတ်မရှိတဲ့ ဟာတွေပဲ၊ ဒီမှာ မိခင်ဆုံးရှုံးလိုက်ရတာလေ၊ ကိုယ်ချင်းစာနာစိတ်မရှိကြဘူး သားမင်းလှရုပ်လွှာကို လက်မထပ်နဲ့တော့ … လှရုပ်လွှာတို့ မိဘတွေကလည်း ချမ်းသာလာကြတာ၊ မသမာနည်းတွေနဲ့ပါ ဒက်ဒီသူငယ်ချင်းပါပဲ … မကြိုက်ဘူး … သားမာမီကြောင့်လေ … "

ဦးထွန်းမောင်မောင်ကတော့ မြခွန်းလေးကို သနားနေမိသည်။ မိခင်မဲ့သွားရ၏။ မိခင်ရဲ့ စည်းကမ်းတင်းကြပ်မှုအောက်မှာ ကြီးပြင်းလာခဲ့ရသူလေးပါ။ လှရုပ်လွှာကိုပဲ ဒေါသတွေ ထွက်နေမိ၏။ သား ပြန်သွားသည်။

"နိုင်း"

"ဟင်"

"ပြန်လာခဲ့ပါနော် … မြခွန်း အရမ်းအားငယ်တယ်"

"နိုင်း ပြန်လာခဲ့မယ် … မေမေ တစ်ခုခုဖြစ်သွားရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်းမှာ တာဝန်ရှိနေတယ် … နားလည်ပေးနော် မြခွန်း”

“အင်းပါ”

မြခွန်းကတော့ နိုင်းကို လုံးဝလက်လွှတ်မခံဖို့ ဆုံးဖြတ်ထားသည်။ လှရုပ်လွှာနှင့်စိန်ခေါ်ထားပြီးပြီပဲ။ မေမေ့ကို ဆုံးရှုံးလိုက်ရတာ နင်လည်း နိုင်းကို ဆုံးရှုံးစေရမယ်။ နိုင်းကို မချစ်တဲ့ မစွဲလမ်းတဲ့ မိန်းကလေးမရှိနိုင်ပေ။ မြခွန်းလို မာနခဲမလေးကတောင် နိုင်းကို စတင်ချစ်မိသွားရ၏။ အစွဲလမ်းကြီးတော့ မဟုတ်ပါဘူး။ အန်ကယ်ထွန်းရော သံစဉ်ရော မြခွန်းအနားမှာ အနီးကပ် စောင့်ရှောက်နေကြသည်။

“သမီး မြခွန်း ဘာမှအားမငယ်နဲ့နော် … အန်ကယ်ထွန်းတို့ ရှိပါတယ် … စောင့်ရှောက်ပေးမှာပါ”

“ကျေးဇူးတင်ပါတယ် အန်ကယ်ထွန်းရယ် … ရုတ်တရက်ကြီး မေမေဆုံးသွားတော့လေ မြခွန်း အရမ်းကိုအားငယ်မိပါတယ်၊ တစ်လလောက်တော့ မြခွန်းအနားမှာ နေပေးကြပါ … မြခွန်း တောင်းပန်ပါတယ်နော်”

ဒီနေ့ မေမေ့အသုဘချမည့်နေ့မှာ သူငယ်ချင်းတွေရော အားလုံး မြခွန်းအနားမှာ နေကြသည်။ ကူညီနေကြ၏။ သံစဉ်ကတော့ လုံးဝ အိမ်မပြန်ပေ။ နိုင်း ပြန်သွားသည်။

ဖိုးလပြည့်စာပေ



“နိုင်း … ရှင် ပြန်လာခဲ့ပါ၊ ကျေးဇူးပြုပြီး ရှင်ပြန်လာခဲ့ပါ၊ မြခွန်း အရမ်းအားငယ်နေရလို့ပါ … မြခွန်းဘဝမှာ မေမေ့ကိုလည်း ဆုံးရှုံးလိုက်ရပါပြီ၊ လှရုပ်လွှာ မိန်းမယုတ်မကို မြခွန်း အရှုံးမပေးပါရစေနဲ့”

အသုဘကားတွေထွက်တဲ့အထိ နိုင်းပြန်ရောက်မလာခဲ့ပေ။ မိတုတ်က မြခွန်းလက်ကို ဆုပ်ကိုင်ထားသည်။

“မမလေး အရမ်းမငိုပါနဲ့နော်၊ မေမေကြီးက မမလေးပူဆွေးသောကရောက်နေတာ တွေ့ချင်မှာမဟုတ်ပါဘူး”

မိတုတ်က မေမေ့လူယုံ … မြခွန်း မဟုတ်တာလုပ်တာနှင့် မေမေ့ကို တိုင်တော့တာပဲ။ အခုတော့ သူမအတွက် အားပေးနှစ်သိမ့်ဖော် ဖြစ်နေခဲ့သည်။

“မြခွန်း … သွားကြရအောင်၊ စိတ်ကိုတော့ထိန်းနော်”

မြခွန်း အားမရှိတော့သလို ခန္ဓာကိုယ်လေးက ပျော့ခွေချင်နေသည်။ နိုင်းကို မျှော်နေမိ၏။ မြခွန်း ရင်တွေမီးတောက်နေရတာ ဘ မေမေမရှိတော့လို့လား၊ နိုင်းရောက်မလာတော့လို့လား။ မျက်ည်တွေက ပြည့်ဝိုင်းနေခဲ့သည်။ သင်္ချိုင်းရောက်တော့ မေမေ့လောင်းက လွမ်းသူပန်းခွေတွေနှင့် လှပစွာပြင်ဆင်ထားသည်။

*အန်တီမြသီတာအတွက်*

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



*အလွှမ်းအမင်း ဝမ်းနည်းကြေကွဲရပါတယ်*

*မြခွန်းဆင့်နဲ့ထပ်တူထပ်မျှပါပဲ*

*ရွှေထွန်းတင် (နိုင်း)*

နိုင်း ပန်းခွေပို့လိုက်တာပဲ။ မေမေ့အပေါ် ဂရုစိုက်မှုရှိတာ တော့ မြခွန်းကျေနပ်သွားရသည်။ မေမေ့မျက်နှာပြင်က သောက ရိပ်လေးတွေ လွှမ်းခြုံထားသလို မှုံမှုံလေးဖြစ်နေ၏။ မြခွန်းအတွက် မေမေ အသေမဖြောင့်နိုင်တာဘဲ ဖြစ်နိုင်သည်။

"မြခွန်း ငိုချလိုက်နော် ... ကြိတ်မှိတ်ခံစားမနေနဲ့ အနိစ္စ သိတာ့ကို တစ်ဝကြီးကြည့်လိုက် ... "

"မေမေကြီးရယ် ... စိတ်ချပါ မိတုတ်လေ မမလေး မြခွန်း ကို စောင့်ရှောက်ပေးမှာပါနော်"

မိတုတ်လည်း ငိုသည်။ မေမေက မြခွန်းကို လူ့လောကကြီး ထဲမှာ နေထိုင်တတ်အောင် အမြဲတမ်း ဆုံးမသွန်သင်လာခဲ့တာပဲ။ မြခွန်းငယ်စဉ်လေးထဲက မေမေ့စည်းကမ်းတွေအတိုင်း နေလာခဲ့ပြီး မှ နိုင်းကို ချစ်မိသွားရတာက မာမီ့စည်းကမ်းကို စတင်ချိုးဖောက် ပစ်မိခြင်းဖြစ်သည်။

"မေမေရေ ... "





သူမပေါက်ကွဲစွာ မေမေ့ကို အော်ဟစ်ခေါ်မိသည်။ ပြီးတော့ မြခွန်းလဲပြိုကျသွားကာ ဘာတွေဖြစ်သွားမှန်းမသိတော့။ မြခွန်း သတိရတဲ့အချိန်တွင် အိမ်ပြန်ရောက်နေ၏။ လက်မှာလည်း ဆေး ပိုက်တွေနှင့် အားဆေးသွင်းထားသည်ဟု သံစဉ်က ပြောသည်။

"မြခွန်းရယ် ... သတိထားပါဦး၊ နင်အရမ်းအားနည်းနေ တယ်တဲ့ ... အနိစ္စသိတာ မရှိလည်း မြခွန်းက ဘဝကိုရှေ့ဆက်ရဦး မယ်လေ ... စိတ်ကိုထိန်းချုပ်ထားစမ်းပါဟာ"

နိုင်းရောဟု မေးချင်သည်။ ဘာဖြစ်လို့ ရောက်မလာရတာ လဲ။ လှရုပ်လွှာကို တရားစွဲမှာကြောက်လို့ နိုင်းလာပြီးသဘော ကောင်းချင်ယောင် ဆောင်နေတာပါ။ အလကားကောင် ... နိုင်း ကိုယ်တိုင်က မြခွန်းဆင့်လို မိန်းကလေးတစ်ယောက်ကို အထင် သေးနေတာပဲ။ နိုင်းဆီ ဖုန်းလာသည်။

"ဒက်ဒီတော့ အိမ်ခဏပြန်သွားတယ် ... သံစဉ်ကတော့ မြခွန်းနဲ့လာနေမှာပါ၊ တို့နှစ်ယောက်က စီးပွားရေးတွေပူးပေါင်းလုပ် ရဦးမယ်လေ"

နိုင်းရော ... မြခွန်း သိချင်နေတာက နိုင်းအကြောင်းတွေပါ။ တခြားအကြောင်းကိစ္စတွေ မပြောစမ်းပါနဲ့ သံစဉ်။

"နင် သတိလစ်သွားတော့လေ ... ဘယ်သူရောက်လာလဲ



www.burmeseclassic.com

www.burmeseclassic.com



သိလား မြခွန်း ... စက်ဘ်ပွဲမှာ စီးပွားရေးလုပ်ငန်းရှင်ဖြစ်နေတဲ့ နင့်ကို အရမ်းကြိုက်ပြီး အသေအလဲလိုက်တဲ့ ကောင်ဟာ သော်ကမောင်လေ ... ရောက်လာတယ် ... သူကားနဲ့ပဲ နင့်ကိုအိမ်ပြန်ပို့ပေးတာ၊ သူ့အရမ်း ပြာယာခတ်သွားတယ်လေ"

သေလိုက်ပါလား။ မြခွန်းက နိုင်းများရောက်လာလားလို့ သော်ကမောင် ရောက်လာတာ ဘာလုပ်ရမှာလဲ။ အခုလောလောဆယ် မြခွန်း အလိုအပ်ဆုံးက ရွှေထွန်းတင်လေ။ နိုင်းရဲ့ဂရုတစိုက် ယုယပေးမှုပဲ။ သံစဉ်ဆီကကြားရမယ့်စကားတွေက တခြားသူ့အကြောင်းတွေပဲ ဖြစ်နေ၍ မြခွန်း မကြားချင်တော့သဖြင့် သူမ မျက်ဝန်းလေးတွေကို ပိတ်ထားပစ်လိုက်သည်။

+ + +

အခန်း ( ၁၇ )

"မင်းလုပ်ငန်းတွေကို မောင်လုပ်လို့ဖြစ်မှာမဟုတ်ဘူးလွှာ မောင်က လုပ်ငန်းအတွေ့အကြုံမှ မရှိသေးတာပဲ တခြားသူကို နိုင်း ပါ"

လွှာနင့်နေရတာ နိုင်း မွန်းကြပ်ပူလောင်သွားသည်။ နိုင်း သတိရနေမိတာက မြခွန်းပဲ။ နိုင်းကိုမျှော်နေမလား အန်တီသိတာ့ အသုဘချတဲ့နေ့မှာ နိုင်းရှိသင့်နေ၏။ မာမီက လက်မခံပေ။ လွှာ့ဆီ ပဲ အတင်းအကြပ် လွှတ်နေသည်။

"မောင် ... လွှာက လုပ်ဆိုရင် လက်ခံပြီးလုပ်ပါ၊ တခြား အဖွဲ့တစ်ဖွဲ့လည်း ရှိနေမယ်၊ မောင် ဦးစီးပေး ... "

"ကောင်းပြီလေ ... မင်းအခုမှ မလုပ်သေးတာဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြခွန်းဆင့် အသုဘကိစ္စတွေမှာ မောင်ဝင်ပါစရာမလိုဘူး ထင်တယ်"

"လွှာ ... မင်းကြောင့်လေ ... မြခွန်းမေမေ ဆုံးရတာပဲ မင်းတောင် သွားသင့်ပါတယ်၊ ဒီနေ့ မြခွန်းအမေအသုဘချမယ့်နေ့ လေ ..."

"လွှာ့ကြောင့် ဟုတ်လား ... သူ့သမီးကို ထိန်းသိမ်းဖို့ပြော တာလေ"

"မြခွန်းနဲ့မောင်တို့ ဘာမှမဆိုင်ဘူးလို့ မင်းကို ပြောထားပြီး ပြီပဲ"

"မောင့်မာမီက ပြောတာပဲလေ ... မြခွန်းဆင့်ဘက်က သူ့ သားကို ကြိတ်ပိုးနေတာတဲ့ ... သံစဉ်နဲ့ပိုင်အောင်ပေါင်းပြီး သူ့သား ကို မြူဆွယ်နေတာတဲ့ ... မောင့်မာမီက ဘာလဲ ... ကလိမ်ကကျစ် ပြောတတ်တာလား"

"လွှာ"

"လွှာ့ကိုလာမအော်နဲ့"

"မင်း ... မင်း ... ဟာကွာ"

နိုင် ဘယ်လိုပြောရမှန်းတောင် မသိဘဲ ဒေါသတွေပေါက်ကွဲ နေရသည်။ လှရုပ်လွှာ မင်းတော်တော်လေး ရိုင်းစိုင်းမောက်မာနေ တာပဲ။ မာမီ့ကိုများ နှိမ်ချပြောဆိုဆက်ဆံနေ၏။ နိုင်းသည်းမခံနိုင် ပေ။ လှရုပ်လွှာလို စိတ်ဓာတ်မကောင်းတဲ့ မိန်းမတစ်ယောက်ကို မိုးပေါ်ကပဲ ပြုတ်ကျလာပါစေ။ နိုင်း အထင်မကြီးပေ။ အန်တီသီတာ ရဲ့နောက်ဆုံးခရီးကိုပင် နိုင်းလိုက်ပါပို့ဆောင်ခွင့် မရှိခဲ့။ မာမီက သွား သွားရင် မာမီသေလိမ့်မယ်တဲ့။ လှရုပ်လွှာလေးနဲ့ လက်ထပ်ပွဲပျက် သွားရင်လည်း မာမီရူးလိမ့်မယ်တဲ့။ နိုင်း ဘယ်လိုမှ ရှောင်လွှဲလို့မရ တဲ့ အခြေအနေ ဖြစ်နေသည်။

"လွှာတို့ လက်ထပ်ပွဲကို ရှင်ဘယ်လိုမှ ရှောင်လွှဲလို့ရမယ် မထင်နဲ့နော် ... လွှာ့ဂုဏ်သိက္ခာကျရှုံးမှုအတွက် ရှင်တာဝန်ယူရမယ်၊ လွှာက ရက်စက်တယ် ... ရှင့်ကိုထောင်ထဲပို့ပစ်ဖို့ ဝန်မလေးဘူး"

"မင်း ဘာဖြစ်လို့ ဒီလောက်အထိ မာန်မာနတွေ မောက်မာ နေချင်ရတာလဲလွှာ ... လက်ထပ်ပွဲကို ပျက်စေတာ မင်းပဲလေ"

"ဘာပြောတယ်"

"အန်တီမြသီတာကို မင်းသွားပြောစရာမှ မလိုတာဘဲ"

ဒက်ဒီကတော့ မင်းယောကျ်ားလေးပဲ အမိပွာယ်မရှိတဲ့ အကြောင်းတွေဖြစ်နေရင် မင်းဘက်က ဆန့်ကျင်ပြစ်ရလိမ့်မယ်







www.burmeseclassic.com

www.burmeseclassic.com



သား။ ယောက်ျားလေးတစ်ယောက်ရဲ့ မာနတော့ရှိသင့်တယ်နော်။ မာမီ့ကိုနေရာတကာ အလိုလိုက်လေ့မရှိခဲ့။ ဒက်ဒီက မာကျော သည်။ သူကသာ ပျော့ညံ့နေတာပါ။ မာမီ့ကြောင့်ပဲ။ မာမီတစ်ရံ တစ်ခုဖြစ်သွားမှာ အစိုးရိမ်ဆုံးပင်။ လှရုပ်လွှာကတော့ တဖြည်း ဖြည်းအနိုင်ကျင့်မှုတွေ များပြားလာသည်။

"မောင်နော် ... လွှာပြောထားပြီးပြီ၊ မြခွန်းဆင့်နဲ့မပတ်သက် ပါနဲ့ နောက်မှ လွှာ့ကိုအဆိုးမဆိုနဲ့ ... "

"တော်ပြီကွာ ... မင်းဘာလုပ်ချင်လဲပြော အရာအားလုံး မင်းဆန္ဒတွေအတိုင်းပဲ ဖြစ်စေရမယ် လွှာ ... "

နိုင်းအတွက်ကတော့ မာမီစိတ်ချမ်းသာဖို့ပဲ အဓိကဖြစ်ခေ ရမည်။ အန်တီသီတာလိုတော့ အဖြစ်မခံနိုင်။ လွှာနှင့်လက်ထပ်ဖို့ ဆုံးဖြတ်ထားလိုက်သည်။

"ရှေ့လမှာ မင်္ဂလာပွဲကျင်းပဖို့ လွှာစီစဉ်ရမယ် ... လွှာ့ရဲ့ အသိုင်းအဝန်းရဲ့ ဂုဏ်ဒြပ်ကို မောင်သိတယ်နော် ... "

နိုင်း ဘာမှအတိုက်အခံမပြောတော့။ လွှာနှင့် အဆင်ပြေပြေ နေထိုင်ဖို့အတွက် နိုင်းရဲ့ယောက်ျားမာနက မြောင်းထဲရောက်သွား ရသည်။ နိုင်း စိတ်တွေက မြခွန်းဆီပဲရောက်နေခဲ့၏။ မတတ်နိုင်





တော့ဘူး မြခွန်းရေ ... လူ့လောကကြီး နိုင်းအတွက်တော့ အရမ်းကို ကန့်လန့်ကြီးဖြစ်နေရတယ်။ အန်တီသီတာလို နိုင်းမာမီ့ကို အဖြစ် မခံနိုင်ဘူး။ လွှာနှင့်နိုင်း ကလပ်တွေတက်သည်။ နိုင်း မနှစ်သက် ဆုံးပဲ။ စီးပွားရေးတွေ မလုပ်ခင် အပျော်ရွှင်ဆုံးနေထိုင်ကြရအောင် တဲ့။ နိုင်းလည်း မထူးတော့ပြီမို့ ကလပ်မှာ ပျော်ပစ်၏။ တစ်ကြိမ် တစ်ခါမှ မသောက်ဘူးတဲ့ အရက်ကို သောက်ပြစ်ခဲ့သည်။

"ဟား ဟား ဟား ... နိုင်းအရက်သောက်တာ ကြည့်လို့ မကောင်းလိုက်တာကွာ ... မျက်နှာကြီး မဲ့ရှုံ့နေတယ်၊ လေ့ကျင့် ရမယ် ... နောက်ဆို အိုင်တင်လေးနဲ့သောက်တတ်အောင် မောင် လေ့ကျင့်ရမယ်လေ ... "

"အား ... ပူလိုက်တာ၊ ခါးလည်းခါးတယ်၊ မောင် အရမ်းမူး နေပြီထင်တယ် ... ပြန်မယ်ကွာ ... "

"မောင်"

"ဟင်"

"လွှာလည်း မူးနေပြီ ... မောင်လည်းမပြန်နဲ့၊ လွှာတို့ ဟိုတယ်မှာ ဝင်ပြီး အိပ်ကြမယ်"

နိုင့်မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်။ အမူး



www.burmeseclassic.com

www.burmeseclassic.com



တောင်ပြေသွားချင်၏။ လှရုပ်လွှာ ... မင်းလွယ်လှချည်လား။ သူ့အထင်အသေးဆုံးက မိန်းကလေးတစ်ယောက်ရဲ့ အပျိုစင်ဘဝကို တန်ဖိုးမဲ့စွာ အသုံးချခြင်းပင်။

"မဖြစ်ဘူး ... မောင်ပြန်မှဖြစ်မယ်၊ မာမီလည်း နေမကောင်းဘူး ... ဒက်ဒီကလည်း ပြန်ခေါ်နေပြီ"

သူ အရက်ကိုမသောက်စဘူး သောက်ခဲ့မိလို့ ရီဝေမူးယစ်နေပေမယ့် အသိတွေတော့ရှိနေသည်။ လှရုပ်လွှာကို နိုင်းမချစ်ဘူး။ အတူတူအိပ်ဖို့ပင် ရွံရှာစက်ဆုပ်နေ၏။ သူအတင်းအကြပ်ပဲ ပြန်လာခဲ့သည်။ လှရုပ်လွှာ ဒေါသတကြီး ပေါက်ကွဲနေ၏။ သူ့ကားကို မောင်း၍ ထွက်လာသည်။

"မြခွန်းဆင့် ... မင်း ကိုယ့်ဆီအမြန်ဆုံး လာခဲ့ပါ၊ ကိုယ်လမ်းမှာ ကားဆက်မမောင်းနိုင်တော့ဘူး ... မင်းတစ်ယောက်ထဲ လာခဲ့နော် ... ကိုယ်အရက်သောက်မိတယ်၊ အရမ်းကို မူးနေပြီ"

"ဟင်း ... နိုင်း ... ရှင်ဘယ်မှာလဲ၊ အန်ကယ့်ဆီ မြခွန်းအကြောင်းကြားပေးမယ်"

"မင်းတစ်ယောက်ထဲပဲ လာပါ ... မင်းကိုအရမ်းချစ်တယ် မြခွန်း ... ကိုယ် လှရုပ်လွှာကို မုန်းတယ်၊ အထင်လည်း မကြီးဘူး၊





မင်းတစ်ယောက်ထဲပဲ လာပါ ... "

နိုင်းက သူရှိနေတဲ့နေရာကို ပြောပြီး ဖုန်းပိတ်သွားသည်။ မြခွန်း ဘယ်လိုလုပ်ရမလဲ။ နိုင်းကိုလည်း မချစ်ချင်တော့။ အလကားကောင် ... ယောက်ျားဖြစ်ပြီး သတ္တိမရှိဘူး။ မြခွန်းကို အပျော်ပဲကြံမှာ။ လှရုပ်လွှာကို အနိုင်ယူဖို့ဆိုတာ မဖြစ်နိုင်ဘူးဟု သံစဉ်က ပြော၏။ မာမီ့ကြောင့်ပဲ နိုင်းက လှရုပ်လွှာကို မလွှဲမသွေ လက်ထပ်မှာတဲ့။ မြခွန်းဘဝအတွက် ထိခိုက်နစ်နာမှုတွေ မကြုံရအောင် သတိပေးတာပါတဲ့။ မြခွန်းလည်း နှလုံးသားမရှိတဲ့ ရွှေထွင့်တင်အား ချစ်မြတ်နိုးနေမှုကို အဆုံးသတ်ရတော့မည် ဖြစ်သည်။

"သံစဉ် ... သံစဉ် အိပ်နေပြီလားဟ ... ခဏထပါဦး"

"အင်း ... ဘာလဲ မြခွန်းရာ"

"ထပါ"

မေမေ အသုဘရက်တွေအတွင်း သံစဉ်နေပေးသည်။ တခြားသူငယ်ချင်းတွေလည်း အိမ်စောင့်ပေးနေကြ၏။ သံစဉ်က ပင်ပန်း၍ အိပ်နေသည်။

"နိုင်းလေ ... နိုင်း ... လမ်းမှာအရက်မူးပြီး ကားဆက်မမောင်းနိုင်လို့ မြခွန်းကို လှမ်းခေါ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား မြခွန်းရာ ... နိုင်းမှ အရက်မသောက်တတ်တာ ... နိုင်းမှာ အသောက်အစားတွေ လုံးဝကင်းတယ်"

"ဟုတ်တယ် ... သူ အခုပဲ ဆက်သွားတာပါ၊ အရက်မူးသံကြီး"

သံစဉ်က နိုင်းဆီထပ်ပြီး ဖုန်းဆက်တော့ ဖုန်းပိတ်ထားသည်။

"မြခွန်းကို တစ်ယောက်ထဲလာခဲ့ပါတဲ့ ... မြခွန်း မသွားတော့ပါဘူး ... အန်ကယ်ထွန်းကို လွှတ်လိုက်တော့ သံစဉ် ..."

"ကောင်းတယ် မြခွန်း ... မင်း ဆုံးဖြတ်တာမှန်တယ်"

မြခွန်း ဆုံးဖြတ်လိုက်သည်။ နိုင်းဆီ မသွားတော့ပါဘူး။ လှရုပ်လွှာကို နိုင်း လက်ထပ်တော့မှာ သေချာသည်။

"နိုင်းရယ် မြခွန်း အပြေးလေးလာခဲ့ချင်ပါတယ် ... မြခွန်း မေမေက မနှစ်သက်ဘူး၊ မိန်းကလေးတစ်ယောက်က ယောကျ်ားလေးကို ဣန္ဒြေသိက္ခာအပုပ်တွေ အရမ်းတားဆီးခဲ့ပါတယ်"

မြခွန်းအိပ်ခန်းထဲပြန်ဝင်လာခဲ့သည်။ နိုင်းကို မြခွန်းချစ်တယ် မေမေ။ အရမ်းကို နာကျင်စေခဲ့ပါတယ်။ သမီး ငိုချင်တယ်။ မေမေ မကြိုက်တဲ့အလုပ်တွေ မြခွန်းဘယ်လောက်ပဲလုပ်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေပါစေ။ ဆက်မလုပ်တော့ပါဘူး မေမေရယ် ... မိတုတ်က





လည်း သူမဘေးနားမှာ ပြုစုပေးနေသည်။

"မမလေးရယ် ... သတိထားပါ၊ မေမေကြီးကလေ မမလေး အရှက်တကွဲ မဖြစ်စေချင်လို့ တားဆီးနေခဲ့တာပါနော် ... နိုင်းဆိုတဲ့ လူကို မချစ်နေပါနဲ့တော့"

မိတုတ်ဘေးကလည်း ဟန့်တားနေသည်။ အရင်ကတော့ မိတုတ်ကို မြခွန်း ဒေါသဖြစ်နေမိပေမယ့် အခုတော့ မိတုတ်စကားလည်း လက်ခံသင့်လျှင် လက်ခံရမည်ဖြစ်သည်။

"နိုင်း ... ရှင်ကိုယ်တိုင်က အမြင့်ကိုမှန်းနေတာ၊ ဂုဏ်ဒြပ်တွေကို မက်မောနေတာ ကျွန်မ မေမေရဲ့အသုဘမှာ ရှင်လာသင့်တယ် ... လူမှုရေးအရလေးတောင် မရှိတော့ဘူးလား နိုင်းရယ်"

နိုင်းအကြောင်းတွေကို မြခွန်းဆက်မတွေးချင်ပေ။ မေမေ့ သေဆုံးရတာ မြခွန်းကြောင့်ပါ နိုင်းကို စွန့်လွှတ်ရမယ်။ တော်ပါပြီ နိုင်းရယ် ... ရှင်က မြခွန်းကို အပျော်ပဲကြံစည်မှာပါ။ မြခွန်းစိတ်တွေကိုထိန်းချုပ်ထားလိုက်သည်။ နောက်နေ့မနက်မှာတော့ သံစဉ်က နိုင်းကို ဒက်ဒီသွားခေါ်ကြောင်း တကယ်ပဲ အရက်တွေမူးအောင် သောက်လာသည်ဟု ပြောသည်။

"မြခွန်းနာမည်ကို တမ်းတနေလို့ သံစဉ် မနည်းပါးစပ်ကို ပိတ်ထားရတယ် ... ဒက်ဒီက မာမီ မသိအောင်ပြန်ခေါ်လာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



လေ မြခွန်းကို ချစ်တယ်တဲ့ ... ”

“တော်ပါတော့ဟာ ... မြခွန်းကိုချစ်တယ်လို့ နိုင်းမမူးဘဲ မပြောရဲပါဘူး ... မြခွန်းဘဝကိုပဲ တည်ဆောက်တော့မယ် နိုင်းကို မေ့ပစ်လိုက်ပါပြီ”

“မြခွန်းရယ် ... ”

မာမီ ဩဇာတွေကို နိုင်းဘယ်လိုမှ ရှောင်လွှဲနိုင်မှာမဟုတ်ကြောင်း သံစဉ်က သတိပေးပြောကြားခဲ့သည်။

“သံစဉ်က မြခွန်းဘက်ကပါနော် ... မြခွန်းထိခိုက်နစ်နာရမယ့်ကိစ္စတွေဆို တားဆီးပိတ်ပင်ရလိမ့်မယ်”

သံစဉ်ကိုယ်တိုင် မာမီနှင့်အမြဲတမ်း ပဋိပက္ခတွေနှင့်ဖြစ်နေရသည်။ မြခွန်းကို ပေါင်းသင်းကူညီတာတွေကို လုံးဝမကြိုက်။ သံစဉ်ကတော့ မြခွန်းဘက်ကပဲ ရပ်တည်ဖို့ ဆုံးဖြတ်ထားပြီးသားဖြစ်သည်။

“နိုင်းက မြခွန်းကို ချစ်နေပါတယ် ... ဒါပေမဲ့ မင်းတို့နှစ်ယောက် နီးစပ်ဖို့ကတော့ မဖြစ်နိုင်ဘူး မြခွန်းရယ် ... ”

နောက်ပိုင်း မြခွန်းတို့အိမ်ကိုပင် နိုင်း ရောက်မလာပေ။

“ဒီပြတင်းပေါက်ကိုတော့ မမလေးဖွင့်ချင်ဖွင့်လိုက်ပါ။ အရေး





ကြီးတာက မမလေးမြခွန်း ရင့်ကျက်တည်ငြိမ်ဖို့ပဲ လိုအပ်တယ်နော်”

မိတုတ်ရယ် ... နင်က မေမေကိုယ်ပွားလေးပါပဲ။ မမလေးကို အနီးကပ်သတိပေးစမ်းပါ။ မမလေး မှောင်မိုက်လွန်းတဲ့လမ်းပေါ် တစ်ခါတလေ မိုက်မဲစွာလျှောက်လှမ်းချင်နေပါတယ်။

“မြခွန်း”

“ဘာလဲ သံစဉ်”

“စီးပွားရေးတွေပဲ တို့တွေအာရုံစိုက်ကြမယ် ... ဘန်ကောက်မှာ သင်တန်းသွားတက်ဖို့လည်း စီစဉ်မယ် ... စိတ်ပြေလက်ပျောက်ပါ”

“အင်းပါ”

မြခွန်း အင်အားတွေမရှိတော့သလိုဘဲ။ လှရုပ်လွှာကို အရှုံးပေးပါတယ်။ နိုင်းစိတ်တွေကို မွန်းကြပ်အောင် မြခွန်းမလုပ်လိုတော့ပါဘူး။ မေမေအတွက် တစ်လပြည့်ကောင်းမှုကုသိုလ်တွေလုပ်ပြီးတာနှင့် နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ သံစဉ်နှင့်စီစဉ်ထားသည်။

“အန်တီ အေမီကိုလည်း မြခွန်းမေမေ ဖြစ်သလို ဆိုးဝါးတဲ့အဖြစ်တွေနဲ့ မကြုံစေချင်ပါဘူး ... မိခင်ချင်းကိုယ်ချင်းစာပါတယ် သံစဉ်ရာ ... ”

“မာမီ့ထက် မင်းဘဝရှေ့ရေးအတွက်ပဲ အရေးကြီးပါတယ်၊

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကလေ မင်းတစ်ခုခုဖြစ်သွားမှာ အရမ်းစိုးရိမ်နေတယ်”

နောက်ထပ် နိုင်းနှင့်မြခွန်းတို့ တွေ့ဆုံကြခြင်း မရှိတော့ပေ။ မေမေ ပိတ်ထားခဲ့တဲ့ ပြတင်းပေါက်တံခါးကိုလည်း မဖွင့်ဖြစ်ခဲ့။ နိုင်း လက်ထပ်ပွဲအတွက် အလုပ်များနေကြောင်းပဲ သံစဥ္စထံမှသိရသည်။

+++

အခန်း ( ၁၈ )

မြခွန်းနှင့်သူ တွေ့ဆုံဖို့ ကြိုးစားနေမိသည်။ သူ့စိတ်တွေက မြခွန်းထံတွင်ပဲ ရစ်ဝဲနေ၏။ သူ့အရက်သောက်တတ်လာ၏။ လှရှပ် လွှာက အပျော်အပါး မက်လွန်းသည်။ နိုင်းက မကြိုက်။ ဒါပေမဲ့ သူ့စိတ်တွေ မွန်းကြပ်လွန်း၍ လွှာနှင့်အတူ လိုက်နေခဲ့၏။ ကလပ် တွေမှာ အရက်တွေသောက်တတ်လာသည်။

“ဒက်ဒီလည်း ကလပ်တွေတက်တာပဲ ... စီးပွားရေးမှာ လည်း အရမ်းအောင်မြင်ခဲ့တယ်”

နိုင်းကို လွှာ တမင်ဖျက်စီးပြစ်တာပါ။ နိုင်း ရင်ထဲမှာ မြခွန်း ဆင့်ရှိနေတာကို လွှာသိနေသည်။ နိုင်း အရက်မူးတဲ့အချိန်တိုင်း မြ ခွန်းဆင့်ကိုပဲ တမ်းတနေခဲ့၏။ လွှာ နာကြည်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပျက်စီးစမ်း နိုင်း ... လုရှပ်လွှာကို ဒီလိုလာလုပ်လို့ ဘယ်ရမလဲ ... ရှင့်ဘဝကြီးတစ်ခုလုံးကို ဖျက်ဆီးပြစ်မယ်၊ မြခွန်းဆင့်ယူလေ ... စုတ်ပြတ်သတ်နေတဲ့ကောင်ကိုပဲ ရစေရမယ်"

လုရှပ်လွှာ ဘယ်လောက်အထိ အညိုးအတေးကြီးတယ်ဆိုတာ ရွှေထွန့်တင်နဲ့ မြခွန်းဆင့်တို့ သိစေရမည်။ လွှာ အညိုးအတေးထားသည်။ သူမနှင့်ညအိပ်ဖို့အတွက် ငြင်းဆန်ခံလိုက်ရ၍ အရှက်ကြီးရှက်မိနေသည်။

"မောင်ရယ် ... လွှာလေ မောင်နဲ့အတူတူနေချင်ပြီ ... မင်္ဂလာပွဲအတွက် ရက်တွေအကြာကြီး မစွေ့ချင်တော့ဘူးနော်"

"မောင်ကတော့ လက်မထပ်ချင်သေးဘူး ... ဒီလိုပဲပျော်နေချင်တယ် မောင်တို့လည်း စီးပွားရေးတွေမှ မလုပ်သေးဘဲနဲ့"

နိုင်း စိတ်ညစ်တယ်။ မြခွန်းကိုပဲ လက်ထပ်ချင်သည်။ နိုင်းကို မြခွန်း ရှောင်နေတယ်။ နိုင်ငံခြားမှာ ပညာသင်သွားဖို့လည်း သံစဉ်နှင့်စီစဉ်ကြ၏။ သံစဉ်ကိုယ်တိုင် နိုင်းနှင့်စကားတွေ ဟက်ဟက်ပက်ပက် မပြောဘဲနေသည်။

"မောင်လူညာကြီး ... လွှာနဲ့လက်ထပ်ဖို့ အချိန်တွေသိပ်မဆွဲနဲ့နော် ... မရဘူး ... လွှာကတော့ လက်ထပ်ပွဲကိုအမြန်ဆုံး စီစဉ်မယ် ... ဒါပဲ ..."

နိုင်း ဒက်ဒီက သူ့သားနှင့်လက်ထပ်ပွဲကို သဘောမတူနိုင်တော့ကြောင်း လွှာ့ဒက်ဒီအား အတိအလင်းပြောထားသည်။ ပွဲဖျက်ပေးပါတဲ့။ လွှာ့ဒက်ဒီထံတွင် အတင်းအကြပ်တောင်းဆိုခဲ့၏။ ဒက်ဒီကလည်း သူ့ယေ်ချင်းဆန္ဒအရ စေ့စပ်ပွဲဖျက်ပေးလိုက်ပါ။ သမီးအတွက် ယောကျ်ားမရှားပါဘူးဟု ပြောထားခဲ့သည်။

"ရွှေထွန့်တင်ထက်သာတဲ့ယောကျ်ားတွေ အများကြီးပါ သမီး ... လက်ထပ်ပွဲကို မစီစဉ်နဲ့တော့ ဖျက်သိမ်းလိုက်ပါ ..."

မာမီကိုယ်တိုင်လည်း နိုင်းကို စိတ်ကုန်နေ၍ လက်ထပ်ပွဲအား ဖျက်ဖို့ပြောထားသည်။

"သမီးဖျက်ပေးမှာပါ မာမီရာ ... ရွှေထွန့်တင်က ဘာမှအထင်ကြီးစရာမရှိပါဘူး ... သမီးကို အချိန်ပေးပါ ... အန်တီအေမိတို ဘာမှသွားမပြောပါနဲ့ဦး ... သမီးကိစ္စ သမီးကိုယ်တိုင် အဆုံးသတ်ပေးပါ့မယ်"

သူမ တမင်ရွှေထွန့်တင်ကို စေ့စပ်ပွဲဖျက်ဖို့ကိစ္စ မပြောသေးဘဲ ဖျက်ဆီးပြစ်ဖို့ ကြံစည်နေသည်။ လွှာ့ရဲ့အဆောက်အအုံကိစ္စကလဲ တခြားအဖွဲ့ကို အပ်ပြစ်လိုက်၏။ ရွှေထွန့်တင် နှင့်ဘဝကြီးမြောင်လဲ







www.burmeseclassic.com

www.burmeseclassic.com



ပြစ်ချလိုက်ပြီးမှ လွှာစိတ်ချမ်းသာပျော်ရွှင်ရမယ်။ မြခွန်းဆင့်လက်ထဲကိုတော့ ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေတဲ့ ရွှေထွဋ်တင်ကိုမပေးဘူး နှင်စီးပွားရေးကိစ္စတွေပါ မလှုပ်နိုင်အောင် စုတ်ပြတ်သွားစေရမယ်။

"မောင်ရယ် ... ကျွန်မ အရမ်းချစ်ရတဲ့မောင်ပါ"

နိုင်း အရက်တွေဘယ်လောက်ပဲ မူးနေအောင်တိုက်ပါစေ သူမကိုတော့ ချစ်သူတစ်ယောက်လို မဆက်ဆံပေ။ သားကိုတော် မထိမတို့။ လွှာ ဘယ်လောက်အထိ ဒေါသဖြစ်ရလဲ။ နောက်ဆုံး မူးယစ်ဆေးပြားတွေအထိ တိုက်သည်။

"မြခွန်းရယ် ... ကိုယ့်နှလုံးသားတွေ အရမ်းနာကျင်နေရတယ် ... ကိုယ်ချစ်မြတ်နိုးရတာက မြခွန်းပါ"

ကြည့်စမ်း ... ရွှေထွဋ်တင် နှင်က မြခွန်းဆင့်ကိုပဲ တမ်းတနေတာပါလား။ ငါ့ကိုတော့ အဖက်မတန်သလိုပဲ။ အသိတွေကင်းမဲ့နေတာတောင် ငါနဲ့အတူတူ အိပ်စက်ဖို့ငြင်းဆန်နေတယ်။ နှင့်ကို လက်မထပ်တော့ဘူး။ စိတ်ချပါ ... နှင် မြခွန်းဆင့်ဆီပဲသွားရမယ် နှင်နဲ့တန်တာ မြခွန်းဆင့်ပဲ။

"ကိုယ်ပြန်မယ် ... ကိုယ်အရမ်းမူးနေပြီ ဆောရီး ... "

"လွှာ လိုက်ပို့ပေးပါ့မယ်မောင်ရယ် ... ရှင်မှ ကားမမောင်း





နိုင်တော့တာပဲ"

"မပို့နဲ့ရတယ် ... မင်း ကိုယ့်အကြောင်းသိပါတယ် လှုရှပ်လွှာ ... ဟား ဟား ဟား ... "

ကားမောင်းစမ်းပါ။ ရွှေထွဋ်တင် နှင်သေတာကိုငါက ဝမ်းနည်းကြေကွဲနေမယ်ထင်လို့လား။ ဝေးသေးတယ် ... နှင်သွားပြီ။ နှင့်ကို ရူးသွပ်သွားအောင်ကို ငါလုပ်ပြစ်မှာ။

"သွားပြီနော် ... စိတ်ချ ကိုယ်ဘာမှမဖြစ်ဘူး လှုရှပ်လွှာ၊ မင်း လှုရှပ်လွှာဆိုတာတောင် ကိုယ်သိနေတာပဲ"

နိုင်း ကားကို ပြန်မောင်းလာခဲ့သည်။ မူးယစ်ရှည်ဝေနေပေမယ့် ဘာဖြစ်လို့မှန်းမသိ လှုရှပ်လွှာကိုတော့ သူရွံရှာမုန်းတီးနေ၏။ လက်လေးပင်ကိုင်ဖို့ မသဒီပေ။ ဒါပေမဲ့ ... သူနဲ့လက်ထပ်ရမှာက လှုရှပ်လွှာလို့ မာမီက အမိန့်ချမှတ်ထားခဲ့သည်။

"မြခွန်း ... မြခွန်း ... ကိုယ့်ကို ထွက်တွေ့စမ်းပါ၊ ခဏလေး ဖြစ်ဖြစ်ပါ ... ကိုယ်က မင်းခြံဝမှာနော် ... "

နိုင်း ဖုန်းဆက်၍ မြခွန်း လသာဆောင်ကနေ ထွက်ကြည့်လိုက်တော့ နိုင်းကခြံဝမှာ။ ဒုက္ခပါပဲ ... နိုင်းကို ကြည့်ရတာ မူးယစ်နေပုံပင်။ နိုင်း ဘယ်ကနေပြန်လာရတာလဲ။ သံစဉ်ပြောတာတော့



www.burmeseclassic.com

www.burmeseclassic.com



နှင်းပျက်စီးနေပြီတဲ့။ အရက်တွေ အလွန်အကျွံသောက်နေတယ်တဲ့။ မြခွန်း စိတ်မကောင်းဖြစ်ရသည်။

"မြခွန်း ... တံခါးဖွင့်ပေးစမ်းပါ ... ကိုယ်ဝင်ပါရစေ၊ ကိုယ် အရမ်းတွေ့ချင်နေလို့ပါကွာ"

နှင်းက တောင်းတောင်းပန်ပန်နှင့်ပြောနေ၍ ခြံစောင့်ကြီးက ပြန်ဖို့ပြောနေတာကို မြခွန်း ခြံထဲသို့ဆင်းလာပြီး တံခါးဖွင့်ပေးရန် ပြောလိုက်သည်။

"မမလေး အချိန်မတော်ကြီးနော် ... ပြီးတော့လည်း ဒီကောင်လေးက မူးနေတယ်"

နှင်းရယ် ... ဒီလောက်အထိတောင် ဖြစ်နေပြီလား။ မြခွန်းကြောင့်လားဟင်။ လှရုပ်လွှာကို နှင်းလက်မထပ်ချင်တာလား။ သူမ ငေး၍ ကြည့်နေမိသည်။

"မြခွန်း ... ကိုယ့်ကိုဝင်ခွင့်ပေးပါ။ ကိုယ် မင်းနဲ့စကားပြောချင်တယ် ... ကိုယ့်ရဲ့အသုံးမကျတဲ့ ပျော့ညံ့စိတ်တွေကို မင်းဆီမှာ ဝန်ခံချင်တယ်"

"နှင်း ပြန်ပါ ... မနက်ဖြန်ကျမှ လာတွေ့ပါ"

"မနက်ဖြန် ဟုတ်လား မြခွန်း ... ကိုယ် သတ္တိမရှိဘူး။ ဟို





မိန်းမ လှရုပ်လွှာက အကြောင်းအမျိုးမျိုးပြပြီး ခေါ်ထားမှာ၊ သူ့ကို ကြောက်တယ် မြခွန်း ရင်ခွင်ထဲမှာ ကိုယ်ခဏလေး နားခိုပါရစေ"

"သူ့ကို တံခါးဖွင့်ပေးလိုက်ပါ"

"သမီးလေးမြခွန်း ..., ဘာဖြစ်လို့ အန္တရာယ်ကို ဖိတ်ခေါ်ချင်ရတာလဲ ... ဒေါ်အေမီနှသော်ရဲ့ပါးစပ်က အရမ်းကြောက်စရာကောင်းတယ်နော်"

"ဖွင့်ပေးလိုက်ပါ ဦးလေးမြ"

ဦးလေးမြက မဖွင့်ချင်ဘဲနှင့် ဖွင့်ပေးလိုက်သည်။ မြခွန်း မငြင်းပယ်ရက်ပေ။ သူ အထဲဝင်လာ၏။ တိုက်ထဲအထိဝင်ပြီး ဧည့်ခန်းမှာဝင်ထိုင်လိုက်ရာ ခေါင်းက မထူနိုင်တော့ဘဲ လဲပြိုကျသွားသည်။

"နှင်း"

"နှင်း ... နှင်း ... "

မြခွန်း စိတ်ပူသွားသည်။ မိတုတ်တစ်ယောက် အိပ်ပျော်နေပုံရ၏။ အပြင်သို့ ထွက်မလာပေ။ မြခွန်းတစ်ယောက်ထဲ ...

"နှင်း"

"နှင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်း မလှုပ်တော့။ အရက်တွေ ဘာဖြစ်လို့များ ဒီလောက်အထိ သောက်လာရတာလဲ။ နိုင်းမျက်နှာပေါ်မှာ နွမ်းဖတ်ပြီး ချောင်ကျနေမေမယ့် နိုင်းက ယောက်ျားပီသစွာ ချောမောနေဆဲဖြစ်သည်။ မြခွန်း ချစ်နေဆဲပါ။ ဒါပေမဲ့လည်း နိုင်းရယ် ... ရှင်လက်ထပ်ရမှာက လှုရပ်လွှာပဲ မဟုတ်လား။ နိုင်းက အမြဲတမ်း သူ့ကိုယ်သူ ခန့်ညားနေအောင် နေထိုင်တတ်သူပါ။ အခုတော့ လုံးဝဆန့်ကျင်ဘက် မြခွန်းနာကြည်းနေတဲ့ နှလုံးသားတွေထဲမှာ နိုင်းကို ချစ်နေခဲ့သေး၏။ ချစ်သူအား ပွေ့ဖက်ချော့မြူပေးချင်သည်။

"ယောက်ျားလေးတစ်ယောက်ကို မိန်းကလေးက နောက်ပိုးတာ အရမ်းရှက်စရာကောင်းတယ် သမီး ... သိက္ခာမဲ့လွန်းတယ်နော် ... အဲဒီယောက်ျားကရော သမီးကို ချစ်ခင်မြတ်နိုးနေမယ်ထင်လား ... တစ်သက်လုံး နှိမ်ချဆက်ဆံပြီး ရက်စက်နေမှာ"

မေမေ့စကားတွေကို ပြန်၍ကြားယောင်လာသဖြင့် နိုင်းအနားကို မကပ်တော့။ သံစဉ်ဆီ အကြောင်းကြားရင် ကောင်းမလားဘဲ။ သံစဉ် ပြန်သွားတာ ဒီညမှပါ။ သံစဉ် မာမီနေမကောင်းဘူးတဲ့။ အန်ကယ်ထွန်းက ပြန်လာဖို့ ခေါ်တာပါ။

"နိုင်းရယ် ... နင့်အပေါ် မြခွန်းမရက်စက်နိုင်ပါဘူး၊ တကယ်



ပဲ ချစ်ပြီး ပိုင်ဆိုင်ချင်ပါတယ် ... နိုင်းကို စွန့်လွှတ်ခဲ့ရတာ မြခွန်း ဘယ်လောက်အထိ နာကြင်ကြေကွဲရလဲ သိလား"

ဘယ်သူ့ဆီမှလည်း အကြောင်းမကြားဘဲ သူမ ဆက်တီတစ်လုံးပေါ်မှာ ဝင်ထိုင်ပြီး ငေးစိုက်ကြည့်မိသည်။

"အင်း ... အင်း မြခွန်းရယ် ... "

"နိုင်း ... နိုင်း ... "

"မြခွန်းကို ချစ်တယ် ... အရမ်းချစ်မိနေတာပါ"

"ဟင်"

နိုင်းက ညည်းညည်းညူညူလေးနှင့် မြခွန်းကိုချစ်တယ် အရမ်းချစ်တာပဲဟု ပြောနေသည်။

"ချစ်တယ် ... မြခွန်း ဘယ်မှာလဲ ကိုယ့်ကိုပြစ်မထားပါနဲ့ကွာ ... အင်း အင်း ... "

"နိုင်းရယ်"

မြခွန်း ဘယ်လိုမှ ထိန်းချုပ်ထားနိုင်ခြင်း မရှိတော့ဘဲ နိုင်းအနားကပ်သွား၍ ဖက်ထားမိသည်။

"နိုင်း ... မြခွန်း ရှိပါတယ်၊ အခု နိုင်းအနားမှာရှိနေတာ မြခွန်းပါ ... "

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မြခွန်းလား"

"ဟုတ်တယ်လေ ..."

"မြခွန်းရယ် ... ကိုယ်အရမ်းဝမ်းသာတာပဲ မြခွန်း ... မြခွန်း"

"အို ..."

နိုင်း အရမ်းပျော်သွားပြီး မြခွန်းခန္ဓာကိုယ်လေးကို တင်းကြပ်စွာ ပွေ့ဖက်သည်။ မြခွန်းလည်း မရုန်းဖယ်မိတော့။ နိုင်းရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားမိ၏။ မြခွန်း ဘာကိုမှ မစဉ်းစားချင်တော့ဘူး။ ဂရုလည်း မစိုက်လိုခဲ့။ နိုင်းနှင့် ဒီလိုလေး နေထိုင်ခဲ့ဘူးချင်တဲ့ ဆန္ဒတွေ ပြင်းပြနေ၍ဖြစ်သည်။

"ချစ်တယ် ... မြခွန်းကို အရမ်းချစ်တယ် ... မဝေးချင်တော့ဘူး ချစ်သူလေးရယ် ..."

နိုင်း အနမ်းတွေက သူမမျက်နှာလေးအနှံ့ပဲ ခပ်ကြမ်းကြမ်းလေး ကျရောက်လာခဲ့သည်။ မြခွန်းရဲ့ စိတ်ကူးယဉ်အိပ်မက်လေးပါ။ တဒင်္ဂအတွင်းမှာ မြခွန်းပျော်ရွှင်ပီတိလေးတွေ ခန္ဓာကိုယ်လေးဆီ နွေးထွေးသော အပူငွေ့လေးတွေ ပျံ့နှံ့သွားခဲ့ရသည်။ မေမေရယ် မြခွန်းကို ခွင့်လွှတ်ပေးပါ ... နိုင်းကလေ မြခွန်း ချစ်မြတ်နိုးရလွန်းတဲ့ချစ်သူဖြစ်နေတယ်။ ခဏလေးပဲဖြစ်ဖြစ် နိုင်းရဲ့အချစ်တွေကို ခံယူ





ချင်နေသည်။

"မြခွန်းရယ် ... ချစ်တယ်"

"နိုင်းရယ် ... မြခွန်းလည်းလေ နိုင်းကိုအရမ်းချစ်တယ်"

နိုင်း ငြိမ်သက်သွားသည်။ အရက်တွေ အလွန်အကျွံသောက်ထား၍ အသိတွေ ကင်းမဲ့နေ၏။ အရမ်းချောတဲ့ နိုင်းမျက်နှာကို မြခွန်း ငုတ်တုတ်လေး ထိုင်ကြည့်နေမိသည်။

"မမလေး ... မမလေး ... ဘာတွေလုပ်နေတာလဲ ... ဒီဒီလူက ..."

"ဟင် မိတုတ် ..."

"မမလေး ငုတ်တုတ်ထိုင်ပြီး အိပ်နေတာလား။ မိတုတ်ကို ဘာဖြစ်လို့ မနိုးတာလဲ ... မိုးလင်းနေပြီလေ ... ဒီလူ ... သူဘယ်အချိန်က ရောက်လာတာလဲ"

"ညကပါ ... အရမ်းမူးနေတယ် အသိတောင်မရှိတော့ဘူး"

မိတုတ် လာနိုးမှ ငုတ်တုတ်လေး အိပ်ပျော်သွားရာကနေ လန့်နိုးသွားတော့နေတောင် အတော်လေး မြင့်နေပြီဖြစ်သည်။

"သူ့အိမ်ကလူတွေကို အကြောင်းကြားလေ"

"ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူးထင်တယ်နော် … ဟိုမိန်းမကြီးက ပြဿနာ စိတ်ကောင်းကိုမရှိဘူး … မမလေးကို မှိုချိုးမှုစ်ချိုးပြောမှာ"

"သူ နိုးလာမှ သူ့ဟာသူပြန်ပါစေ … မမလေး ဝင်အိပ်တော့မယ် … သူနိုးလာရင် ပြန်ပါလို့ပဲ ပြောလိုက်တော့နော်"

"ဟုတ်ကဲ့"

မြခွန်း ဘာမှဆက်ပြီးပြောမနေချင်တော့ပေ။ နိုင်းနဲ့လည်း မျက်နှာချင်းမဆိုင်လို။ အသိတွေဝင်လာရင် နိုင်းသတ္တိမဲ့က မြခွန်းကို ခပ်စိမ်းစိမ်းနှုတ်ဆက်တောင်းပန်၍ ပြန်သွားမည်ဖြစ်သည်။

+‥+‥+

အခန်း ( ၁၉ )

"သားရယ် … ဘယ်လိုတွေဖြစ်နေရတာလဲ၊ သား ဘာတွေဖြစ်နေတာလဲ … ကြည့်ပါဦး … သားရုပ်ရည်က အရက်တွေသောက်ပြီး ဘယ်မှာသွားအိပ်နေရတာလဲ လွှာနဲ့လား … "

နိုင်း မဖြေချင်။ သူ မြခွန်းတို့ခြံထဲဝင်ခဲ့မိသည်။ ပြီးတော့ သူ ဘာတွေဖြစ်မှန်း စဉ်းစားမရတော့။ သူ့ကို မိတုတ်က အတင်းနိုးခဲ့၏။ မမလေး အိပ်နေပြီ ပြန်ပါတဲ့။

"မမလေးကို ဒုက္ခလာမပေးပါနဲ့၊ ကိုနိုင်းက မိန်းမတစ်ယောက်နဲ့လက်ထပ်တော့မှာ မဟုတ်လား … မေမေ သိတာလည်း သေရပြီ၊ အခု မမလေးဆိုဖာပေါ်မှာ တစ်ညလုံး ငုတ်တုတ်ထိုင်ပြီး အိပ်နေခဲ့တယ် … မမလေး သနားပါတယ်၊ ထပ်ပြီးမနှောက်ယှက်ပါနဲ့တော့ … မိတုတ် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြခွန်းက သူ့ကိုမတွေ့ချင်တော့ဘူးတဲ့။ သူ ပြန်လာခဲ့သည်။ မြခွန်း စိတ်သောကရောက်အောင် တကယ်ပဲ မလုပ်ချင်ခဲ့တာပါ။ ညက မြခွန်း သူ့ရင်ခွင်ထဲရောက်ခဲ့တာကတော့ သူ့ရင်ဘတ်ရှပ်အင်္ကျီကြယ်သီးတွေမှာ မြခွန်းဆံနွယ်လေးတွေကပ်ငြိနေခဲ့သည်။ လှရုပ်လွှာမဟုတ်။ လှရုပ်လွှာဆံပင်တွေက ဆေးနီနီကြောင်ကြောင်တွေဆိုးထား၏။ အခု ဆံနွယ်လေးတွေက နက်နက်မှောင်မှောင် ပျော့ပျော့လေးတွေပါ။ ညက မြခွန်းနဲ့သူ ဘာတွေဖြစ်ခဲ့ကြလဲ။ သူ့နှုတ်ခမ်းပေါ်မှာ မြခွန်း နှုတ်ခမ်းနီစေးစေးကပ်ကပ်လေး ပန်းသွေးရောင်လေး ထင်းနေခဲ့သည်။

"သား ... နိုင်း မင်းဘယ်ကနေ ပြန်လာတာလဲ ... မင်းဘယ်သူနဲ့သွားတာလဲ"

"လွှာနဲ့ပါ မာမီ ... သူက စီးပွားရေးတွေမလုပ်ခင် ပျော်ပျော်လေးနေချင်တယ်ဆိုလို့ပါ"

ဒေါ်အေမီသော် သားကိုကြည့်ပြီး စိတ်ထိခိုက်ကြေကွဲရသည်။ လှရုပ်လွှာကို မိမိပင် မနှစ်သက်သလိုကြီးဖြစ်လာ၏။ ရိုင်းစိုင်းတယ်။ ဒါပေမဲ့ ... သားကိုထောင်ထဲပို့မည်ဟု ခြိမ်းခြောက်ထား၍ သားကို လွှတ်ပေးနေရသည်။

"မာမီ့သားလေး ဘဝတွေပျက်ရတော့မယ်ထင်တယ်၊ အမေ... အရင်ကလို လန်းဆန်းတက်ကြွမှုတွေ မရှိတော့ဘူး၊ အရက်တွေ အလွန်အကျွံသောက်တတ်လာပြီ ... မာမီ ဘယ်လိုလုပ်ရမလဲ"



"လှရုပ်လွှာက သောက်နိုင်းတယ် မာမီ ... သူလည်း ကလပ်တွေမှာတက်ပြီး ပျော်နေတယ်၊ ဝါသနာကြီးတယ်တဲ့၊ သားလည်း လွှာ့ဆန္ဒအတိုင်းလိုက်ပြီး ဖြည့်စွမ်းပေးနေရတာပဲလေ"

"မာမီ့သား ဖြစ်မှဖြစ်ရလေကွယ် ... သားလေးမျက်နှာချောင်ကျနေတယ် ... စီးပွားရေးလုပ်ငန်းတွေတောင် မစတင်ရသေးဘူး"

"အဲဒါ မင်းကြောင့်ပဲ အေမီ ... သားဘဝကို မင်းဖျက်ဆီးပစ်လိုက်တာပဲကွ ... ငါတို့သားလေး အဖူးအညွန့်လေးက လှရုပ်လွှာရဲ့အစေအပါးဘဝ ရောက်နေရတယ် ... လှရုပ်လွှာက မင်းသားကို စိတ်ပြတ်သတ်သွားအောင် လုပ်နေပြီ"

"အေမီ ဘာလုပ်ရမလဲ လှရုပ်လွှာက သားကိုထောင်ထဲပို့မှာ"

"တောက် ... "

ဦးထွန်းမောင်မောင်ကတော့ သူငယ်ချင်းဉာဏ်ထက်အား နေ့စပ်ပွဲကို ဖျက်သိမ်းပေးဖို့ တောင်းပန်ထားသည်။ လှရုပ်လွှာက



www.burmeseclassic.com

www.burmeseclassic.com



လက်မခံပေ။ ဘာမှလုပ်လို့မရ။ သားမှာ အပြစ်မရှိပါဘူး။ အေမိပဲ ဂုဏ်ပကာသနကို မက်လွန်းတဲ့မိန်းမ။

"သား … မင်းလှရုပ်လွှာ လုပ်ခိုင်းတိုင်း ဘာမှလုပ်စရာ မလိုတော့ဘူး … ဖြစ်ချင်ရာဖြစ်ကွာ ယောက်ျားပဲ ရင်ဆိုင်ပြစ်လိုက်"

"ရှင် … ရှင့်ကြောင့်လည်း ဖြစ်ရတာလေ၊ လှရုပ်လွှာနဲ့သား လက်ထပ်ပွဲဖြောင့်ဖြောင့်မလုပ်နိုင်တာ ရှင့်ကြောင့်ပဲ … "

"ဘာပြောတယ် … မင်းမဟုတ်တာတွေ သွားပြောလို့ကွ၊ မြခွန်းရော မြခွန်းအမေရော … ဘာမှအပြစ်မရှိဘဲ ထိခိုက်နစ်နာကြရတယ်၊ ကောင်းပြီ … မင်း ငါ့ကိုဘယ်လိုပဲပြောပြော စွပ်စွဲကွာ ငါကတော့ သားနဲ့လှရုပ်လွှာကို လက်ထပ်ပေးလို့မဖြစ်နိုင်ဘူးထင်တယ် … ငါကိုယ်တိုင်ဖျက်မယ်"

"ရှင် … ရှင် … "

"မာမီ … မာမီ … "

ဦးထွန်းမောင်မောင်ကတော့ ဇနီးကို တော်တော်လေးစိတ်ပျက်နေသည်။ အတ္တကြီးလွန်းနေသည်ဟု ထင်၏။ မိမိမပြောချင်။ အေမိ့မှာ အခုတလော နှလုံးရောဂါက ထဖောက်ချင်နေ၍ဖြစ်သည်။

"သား … အနားယူတော့၊ ဒီနေ့ကစပြီး ညဘက်တွေ လှရုပ်





လွှာခေါ်ရင် မသွားနဲ့တော့ … ကျန်တာတွေ ဒက်ဒီရှင်းမယ်"

"အမလေး သားရယ် … လှရုပ်လွှာကို လုံးဝမဆန့်ကျင်နဲ့နော် … မာမီ တောင်းပန်ပါတယ်၊ သားလက်ထပ်ဖို့ပဲ ဆုံးဖြတ်ထားပါ"

"အေမိ … မင်းသားကို ဟိုက သုံးမယ်ထင်နေလား၊ သူတို့ ခြေဖဝါးအောက်က မြူမှုန့်ဖြစ်အောင် လုပ်ပြစ်မှာကွ"

"သား အနားယူတော့မယ်"

"မင်း … မင်းလွှာလေးကို မယူရင်တောင် ဟိုဘက်ခြံက မြခွန်းဆင့်နဲ့တော့ လုံးဝမပတ်သက်နဲ့နော် … မာမီ သဘောမတူဘူး အောက်တန်းစားတွေ … "

"အေမိ … မင်းပြောလေ ကဲလေပါလားကွ၊ လူတစ်ဖက်သားကို သားသမီးချင်း ကိုယ်ချင်းမစာမနာ … "

"မစာဘူး … ရှင်တို့ဟာရှင်တို့ ပေါင်းချင်ပေါင်းကြ၊ တစ်တိုက်ထဲမှာပဲ အတူတူနေကြ … ကျွန်မသားနဲ့တော့ မတန်ဘူး၊ သား … မာမီ့စကားကို နားထောင်ပါ၊ မာမီက သားဘဝရှေ့ရေး အတွက်ပါ"

ဒေါ်အေမိကတော့ လှရုပ်လွှာကို လက်မထပ်ရင်တောင် မြခွန်းဆင့်ကိုတော့ မဖြစ်ဘူး … ချွေးမအဖြစ် ဘယ်လိုနည်းနဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



လက်မခံနိုင်။ အောက်တန်းစားတွေ ... ဒေါ်အေမီသော် ရင်ဝကို ဖိထားရင်း သားကို ပြောနေရသည်။

"သား အိပ်တော့မယ် မာမီ ... ဒီကိစ္စတွေနောက်မှ ပြော ကြပါ ... သား အနားယူချင်လို့ ... "

နိုင်း ထွက်လာခဲ့သည်။ သူ့စိတ်တွေ မလန်းဆန်းတော့။ လု ရပ်လွှာကြောင့် မူးယစ်ဆေးပါ စွဲနေပြီ။ သားဘာလုပ်ရမလဲ။ မာမီ ရယ် ပြောပါဦး။

"နိုင်း ... လုရပ်လွှာကို လက်မထပ်နိုင်တော့ဘူး၊ နိုင်း ချစ် တာက မြခွန်း ... "

မြခွန်းတို့ တိုက်မှာ နိုင်းညအိပ်ခဲ့တာ မာမီ မသိပေ။ သိရင် မြခွန်း ထိထိခိုက်ခိုက် နစ်နစ်နာနာ အပြောခံရမည်။ မြခွန်း ထပ်ပြီး နစ်နာအောင် နိုင်းမလုပ်လိုတော့ပေ။ သူ့အင်္ကျီရင်ဘတ်မှာ မြခွန်း သုံးနေကျ ရေမွှေးနံ့သင်းသင်းလေး စွဲကျန်ရစ်နေသည်။

"အား ... မြခွန်းရယ်၊ ကိုယ်သတ္တိရှိရှိ ရင်ဆိုင်ပြစ်ချင်တယ်"

သူ အိပ်လို့မရ၊ မျက်လုံးတွေက ကြောင်စီစီ။ လုရပ်လွှာကို လည်း အဆက်အသွယ် မဖြတ်ရဲ၊ ကလပ်တွေကို မတက်ရရင် မနေ နိုင်အောင် ဖြစ်နေသလို လုရပ်လွှာဆီကလည်း ဆေးပြားရယူချင် တဲ့ဆန္ဒတွေ ပြင်းပြလွန်းနေသည်။ သူ့ဖုန်းကိုဖွင့်လိုက်တော့ လုရပ်





လွှာ ဆက်ထားတာတွေ့ရ၏။ သူ့မှာသတ္တိတွေ မရှိပေ။ လုရပ်လွှာ ဆီ ဖုန်းဆက်ရသည်။

"မောင်လေး ... "

"အင်း"

"လွှာလေ ... တစ်ညလုံး ဖုန်းဆက်နေတာသိလား၊ မောင့် ကို စိတ်ပူလို့ ... ဘာဖြစ်လို့ ဖုန်းပိတ်ရတာလဲ"

"မသိဘူးကွာ ... မောင် အရမ်းမူးနေလို့ ဘာမှမသိတော့ဘူး သတိရတော့ မောင်အိပ်ခန်းထဲရောက်နေတယ်"

"ဟိုဟာမဆီရောက်သွားတာတော့ မဟုတ်ပါဘူးနော်"

"မရောက်ပါဘူး"

"မောင့်ကိုမေးစရာရှိတယ် ... မောင်ချစ်တာ လွှာလား၊ ဟို ဟာမလား"

နိုင်း စိတ်အပျက်ဆုံးက သူမကိုချစ်ရဲ့လားဟု လွှာမေးနေ ခြင်းပင်။ နိုင်း မဖြေချင်။ မင်းကို မချစ်ဘူးလွှာ ... အမှန်အတိုင်း ဝန်ခံရရင် မုန်းနေသည်။ ရှုံနေခဲ့၏။ သူ့ဘဝကို အကြွက်ချဖျက်ဆီးနေ တာလည်း နိုင်းသိသည်။

"မောင် မဖြေနိုင်ဘူး မဟုတ်လား ... သိပါတယ် ... နိုင်း ချစ်နေတာက အောက်တန်းစားမ မြခွန်းဆင့်လိုပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ ဒေါသတကြီး အော်ဟစ်ပေါက်ခွဲတားဆီးပြစ်ချင်သည်။ ဒေါသတွေကို ထိန်းချုပ်ပစ်လိုက်၏။ မြခွန်းကို ထိခိုက်နစ်နာမှာ စိုးရိမ်သလို လွှာဆီက ဆေးပြားတွေလည်း နိုင်းလိုအပ်နေသည်။

"နိုင်း … လာခဲ့လေ၊ လွှာ့ကိုချစ်တယ်လို့ မပြောနိုင်ဘူး မဟုတ်လား"

"မောင်တို့အသက်အရွယ်တွေက အချစ်တွေမလိုအပ်ဘူး ထင်တယ်လွှာ … ဒါတွေပြောမနေဘဲ မင်းဆီကို ဒီနေ့ ကိုယ်မလာ နိုင်တော့ဘူးထင်တယ် … ညမှ လာမယ်"

"ရှင် တကယ်ပဲနေနိုင်လို့လား"

လွှာ့ကိုတော့ နိုင်း တွေ့ချင်သည်။ ဒါပေမဲ့ … သူ့ခန္ဓာကိုယ် မှာ အားနည်းနေ၏။ ကားမောင်းဖို့ မဖြစ်နိုင်။ လွှာက အတင်း အကြပ်ခေါ်နေသည်။

"ရှင့်ကိုဆေးပေးမလို့ပါ များများလေးပေးထားမယ်လေ၊ ရှင်း ကို ပျော်ရွှင်စေချင်တယ် … လွှာ့အချစ်တွေပါ"

နိုင်းဆေးစွဲနေပြီ။ အပြင်မှာလည်း ဝယ်နိုင်တဲ့သတ္တိတွေ နိုင်း မှာမရှိပေ။ ရှင်ချစ်နေတာက မြခွန်းဆင့်ပဲ မဟုတ်လား။ လွှာအကြံ တမ်း ခံပြင်းနာကြည်းနေသည်။

"လွှာ လာခဲ့မယ် …"





"လာခဲ့လေ …"

"ရှင် … လွှာ့ကိုတွေ့ချင်နေတာလား၊ ဆေးလိုချင်တာလား"

"မောင် အရမ်းအားနည်းနေတယ် … လွှာမေးတဲ့မေးခွန်း တွေကို မဖြေနိုင်ဘူးထင်တယ်"

"အိုကေ … ဒါဆို လွှာလာခဲ့မယ်လေ"

ရွှေထွန်းတင် … ရှင့်အမေက ဘယ်လောက်ပဲ ရွှေထွန်းတင် နေပါစေ ရှင့်ဘဝတွေ အဖတ်ဆယ်လို့မရစေရဘူး။ မြောင်းကြီးကြီး ထဲကို လွှင့်ပစ်ရမယ်။ မှတ်ထား … လုရုပ်လွှာကိုလာကျောလို့ မရဘူးနော်။ ရွှေထွန်းတင်ကို အမိအရ ပိုင်ဆိုင်နိုင်အောင် မလုပ်နိုင် ၍ မြခွန်းဆင့်လို မိန်းမတစ်ယောက်ကို ရှုံးနေရသည်။

"သမီး"

"ဟင် … ဒက်ဒီ"

"ရွှေထွန်းတင်ကို လက်ထပ်ဖို့ စွန့်လွှတ်လိုက်ပါ … ဒက်ဒီ တောင်းဆိုပါတယ်"

ဦးညဏ်ထက် ဘာတွေလုပ်နေလည်းဆိုတာကို သူငယ်ချင်း ထွန်းမောင်မောင်က သိရှိသွား၍ သူ့သားနဲ့လက်ထပ်ဖို့ကိစ္စ နောက် ဆုတ်ရန် တောင်းဆိုနေသည်။

"ဒက်ဒီတို့မှာလည်း လုပ်ငန်းက ဥပဒေနဲ့မလွတ်ကင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ ... သမီးဒက်ဒီတို့ ဘာဖြစ်လို့ကြီးပွားချမ်းသာလာတာလည်း ဆိုတာ သမီးသိတယ်နော် ... "

တကယ်တမ်းကျတော့ ဦးညဏ်ထက်မှာ ဘာအသိုင်းအဝန်း မှမရှိပေ။ ဟန်ဆောင်မျက်နှာဖုံးစွပ်ထားတာပါ။ ဒါကို ထွန်းမောင် မောင်က သိနေပြီး အေမီသော်က မသိဘဲ စွတ်အထင်ကြီးနေခြင်း ဖြစ်သည်။

"ဒက်ဒီရယ် ... လွှာပါ၊ အထူအပါးကို လွှာနားလည်ပါတယ် ခဏလေးပဲ ... တဖြည်းဖြည်းချင်း ဖြတ်မှာပါ ... "

"သမီးနော် ... နိုင်းကို မူးယစ်ဆေးပြားတွေ မပေးနဲ့၊ ထွန်း မောင်မောင်က ကြိမ်းဝါးနေတယ်၊ ဒက်ဒီတို့လုပ်ငန်းကို ရိပ်မိနေပြီ"

လွှာကတော့ ဒက်ဒီဘယ်လောက်ပဲ သတိပေးနေပါစေ ရွှေ ထွန်းတင်ဘဝကို ဖျက်ဆီးပြစ်ရမှ ကျေနပ်နိုင်မည်။ အရှုံးမပေးနိုင်ပါ ဘူး။ ဘာမဟုတ်တဲ့ အောက်တန်းစားမကို ရှင်စွဲလမ်းနှစ်သက်နေ တာလေ။ လွှာနဲ့လက်ထပ်ဖို့ ရှင်ကိုယ်တိုင်က ဆန္ဒမရှိတာမဟုတ် လား။ ဦးထွန်းမောင်မောင်ကိုလည်း မုန်းသည်။ လွှာ့ကို အဖတ် မလုပ်၍ ဖြစ်သည်။

"ဒက်ဒီတို့စီးပွားရေးပဲ လုပ်ကြရအောင်ပါ သမီးရယ် ... ရွှေ ထွန်းတင်လို ယောက်ျားက ဒက်ဒီတို့လုပ်ငန်းထဲမှာ ဝင်ပါလို့မဖြစ်





ဘူးနော်"

"လွှာ သိပါတယ် ဒက်ဒီရယ် ... သမီး ခွာမှာပါ စိတ်ချ"

လွှာ ဘယ်တော့မှ အရှုံးမပေးဘူး။ ရွှေထွန်းတင်ဘဝကို မွေ နှောက်ဖျက်ဆီးပြစ်ရမယ်။ သူမ၊ကားနှင့်နိုင်းတို့ခြံကြီးထဲရောက်လာ တော့ သံစဉ်က နှုတ်ပင်မဆက်။ ဒင်းတို့ကများ အနိုတ်အေမီပဲ ဝမ်း သာအားရနှင့် ပြာပြာသလဲ ဆီးကြိုခဲ့သည်။

"သမီးလေးလွှာ ... အမလေး ... မာမီဝမ်းသာလိုက်တာ၊ ဝင်ခဲ့လေ ... နိုင်းရှိတယ် ... သူ့အခန်းထဲသာ ဝင်သွားလိုက်တော့ နော်"

လွှာ တိုက်ကြီးထဲဝင်လာပြီး နိုင်းအိပ်ခန်းထဲအထိ ဝင်လာ ခဲ့သည်။ နိုင်းကိုကြည့်ရတာ ညှောင်နာနာနှင့်ခွေခွေလေး လွှာ မြင် တွေ့ချင်တဲ့ပုံစံရုပ်မျိုး ... လွှာ ပြုံးပစ်လိုက်သည်။

"ရော့ ... ရှင့်အတွက် ဆေး"

"ပေးစမ်းပါလွှာ ... ဒါကိုပဲ မျှော်နေတာပါ၊ ပေး ... "

လွှာ အူလှိုက်သဲလှိုက် ရယ်မောပြစ်မိသည်။ ရွှေထွန်းတင် သွားပြီ။ ရှင် ဘယ်လောက်ပဲ ခန့်ညားထည်ဝါနေပါစေ။ လွှာ့ကို အရှုံးပေးရတော့မယ်။ ဒက်ဒီပြောသလို ရှင်က လှရုပ်လွှာတို့ အသိုင်း အဝန်းထဲကို ထဲထဲဝင်ဝင်ရောက်လာလို့ မဖြစ်ပါဘူး။ ရွှေထွန်းတင်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး ကျေနပ်မိ၏။ ဆေးခွဲနေပြီ။ လွှာ မသိမသာ မူးယစ်ဆေးပြားတွေတိုက်ခဲ့တာပါ။ အခုဆိုရင် လွှာ့ဆီကနေ ပေါ်ပေါ်တင်တင် တောင်းဆိုတဲ့အဆင့်အထိ ရောက်လာသည်။

"လွှာ ပြန်မယ်နော် မောင် ... ညကျမှတွေ့မယ်၊ ကျွန်မတို့ နှစ်ယောက် စီးပွားရေးလုပ်ငန်းတွေ မဝင်ခင်ပျော်ပါးကြရတာပါ"

နိုင်းရင်ခွင်ထဲသို့ သူမ ဖက်တွယ်လိုက်ပေမယ့် နိုင်းလက်တွေက သူမခန္ဓာကိုယ်လေးအား သိုင်းဖက်မလာခဲ့ပေ။ ဘယ်လောက်အထိ နာကြည်းစရာကောင်းလဲ။ ရှင့်အယုအယတွေ အနမ်းတွေ လှရုပ်လွှာနဲ့ မတန်ဘူးလို့ သတ်မှတ်ထားတာလားဟင်။ သူမခန္ဓာကိုယ်လေးအား ပြန်မတ်၍ မျက်ဝန်းတွေ မေးစင်းစပြုနေတဲ့ ရွှေထွင့်တင်အနားကနေ ထွက်ခွာလာခဲ့လေသည်။

+++

## အခန်း ( ၂၀ )

မြခွန်း မျက်ဝန်းတွေထဲမှ မျက်ရည်တွေပြည့်လျှံကျလာသည်။ နိုင်း ပြန်သွားထဲက သူမရင်တွေ အတိုင်းအဆမရှိအောင် နာကျင်ကြေကွဲသွားခဲ့ရ၏။ နိုင်းကို မစွန့်လွှတ်နိုင်ပါဘူး။ ဒါပေမဲ့ နိုင်းမှာ လက်ထပ်ရမည့်မိန်းကလေးက ရှိနေ၏။ နိုင်းမာမီ အရှုးအမူး သဘောကျသည့် လှရုပ်လွှာ ... နိုင်းနှင့်မတန်တဲ့မိန်းမ။

"မမလေး"

"ဟင်"

"ဟိုဘက်ခြံထဲမှာလေ ကိုနိုင်းနဲ့လက်ထပ်မယ့်မိန်းမရောက်နေတယ် ... မမလေးကို အပျော်ကြံတာပါ၊ တကယ်တမ်းအတည်လက်ထပ်မှာက ဟိုမိန်းမပဲ ... အရမ်းလည်း ချမ်းသာပုံရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကားအကောင်းစားကြီးနဲ့လေ ... ”

“မမလေး ... နိုင်းနဲ့အဆက်အသွယ်မလုပ်တော့ပါဘူး၊ အရင်မေမေ့စကားကိုတောင် မမလေးနာခံခဲ့တာ မရှိပါဘူး ... အခုတော့ မိတုတ်စကားကို မမလေးနာခံမယ် ... မေမေ့ဆန္ဒနဲ့ တစ်ထပ်ထဲကျနေလို့လေ”

“ဝမ်းသာလိုက်တာ မမလေးရယ် ... မိတုတ်က မမလေးအတွက် စေတနာနဲ့ပါ ... တခြားကိစ္စတွေ ဝင်မပါပါဘူးနော်၊ ကိုနိုင်းကို သဘောကျပေမယ့် မမလေးကို အထင်အမြင်သေးနေတာလေ”

“စိတ်ချ ... မမလေးနဲ့နိုင်း လုံးဝပတ်သက်စရာအကြောင်းမရှိတော့ပါဘူး”

“မိတုတ် စေတနာကို နားလည်ပေးပါနော် မမလေး”

နိုင်းနှင့်ထပ်ပြီးမတွေ့ဖို့ မြခွန်း ဆုံးဖြတ်ထားသည်။ မြခွန်းစီးပွားရေးပဲ အာရုံစိုက်တော့မယ်။ နိုင်ငံခြားမှာ လိုအပ်တဲ့ဖက်ရှင်ဒီဇိုင်းတွေ သွားရောက်သင်ကြားဖို့လည်း ဆုံးဖြတ်ထား၏။ သံစဉ်နှင့်ပါ။ မေမေ မရှိတော့၍ မြခွန်းပို၍ပင် ဆင်ခြင်ရတော့မည် ဖြစ်သည်။

“မမလေး ... ဟိုမှာတွေ့လား အဲဒီမိန်းမလေ ... ”





လှရုပ်လွှာကို ခြံထဲမှာတွေ့လိုက်ရသည်။ နိုင်းကိုယ်တိုင်လိုက်ပို့ရင်း ပြုံးရယ်ရွှင်လန်းနေ၏။ မြခွန်း ငိုချင်တယ်။ မိတုတ်ရှိနေလို့ပါ။ မိတုတ် ထွက်သွားတော့ ငိုပစ်လိုက်သည်။

“နိုင်း အရမ်းရက်စက်တယ် ... မြခွန်းကို အထင်သေးပြီးအပျော်ကြံစည်တာပေါ့လေ ... မြခွန်းကို ဘာဖြစ်လို့များ ဒုက္ခပေးချင်ရတာလဲ”

တစ်ဖက်ခြံကြီးဆီသို့ သူမအပေါ်စီးကနေ မျက်ရည်တွေပြည့်နေတဲ့မျက်ဝန်းတွေနှင့် ကြည့်မိသည်။ လှရုပ်လွှာ ပြန်သွား၏။ နိုင်းတိုက်ကြီးထဲ ပြန်ဝင်သွား၏။ ပြီးတော့မှ သံစဉ်ရောက်လာသည်။

“မြခွန်း”

“ဟင်”

“နင် အပေါ်ကနေ တို့ခြံကြီးထဲကို ကြည့်နေတာလား”

“အင်း”

“ဟိုကောင်မ လာတယ် ... ပြဿနာတွေကတော့ ကြီးကြီးပဲ ... ဒက်ဒီက နိုင်းကို ဟိုဟာမနဲ့မပတ်သက်ဖို့ ပြောနေပေမယ့် မာမီက မရဘူး၊ နိုင်းလည်း အရက်တွေအရမ်းသောက်လာတယ်၊ ဟိုဟာမ ဩဇာကို မလွန်ဆန်နိုင်တော့ဘူးထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"မြခွန်းလေ ... နိုင်းကိုချစ်နေဆဲပါပဲ သံစဉ်ရယ် ... "

ညက နိုင်းရောက်လာကြောင်း ပြောပြတော့ သံစဉ်က လက်ခံရမလားဆိုပြီး ဒေါသထွက်သည်။

"နင် ဘာဖြစ်လို့လက်ခံရတာလဲ ... တံခါးမဖွင့်ပေးနဲ့လေ၊ သူက လှရုပ်လွှာကို စွဲလမ်းနေပြီ"

နိုင်းက မြခွန်းကို အရမ်းချစ်တယ်လို့ပြောသွားတာ ပုံပြင်ပဲ ပေါ့။ မြခွန်း သိသိကြီးနဲ့ပါ။

"နင် ကြိုးစားစမ်းပါ ... နိုင်းထက်အရမ်းသာတဲ့ယောကျ်ား တစ်ယောက်ကို ကောက်ယူပစ်လိုက် ... နိုင်းနဲ့မတန်ဘူး"

"မြခွန်း ချစ်နေမိတာက နိုင်းပဲသံစဉ် ... အဲဒါကို ပြောင်းလဲ ဖြစ်ဖို့ မြခွန်း နှစ်ပေါင်းများစွာ ကြိုးပမ်းရလိမ့်ထင်တယ်"

"သေလိုက်တော့ဟာ ... "

သံစဉ်ကိုယ်တိုင် နိုင်းကို မကျေမနပ်ဖြစ်ပြီး စကားမပြော တော့။ မြခွန်းကို ဘာဖြစ်လို့မျှားနောက်ယှက်နေရတာလဲ။ မြခွန်း နှင့်မတန်တော့ဘူးဟု သတ်မှတ်လိုက်ပြီး အောင်သွယ်တော်အဖြစ် ကနေ ရပ်ပစ်သည်။

"အရူးမလေး ... နင့်ဘဝအတွက် ထိခိုက်နစ်နာမှုတွေများ





နေပြီ ... နိုင်းကြောင့်ဆိုရင် မတန်ဘူးနော်၊ သံစဉ်လည်း မြခွန်းကို ယောင်းမအဖြစ်ကနေ ရပ်စဲပြီ ... ဘာကြောင့်လဲသိလား နိုင်းက အရက်သမား ... စီးပွားရေးတွေလည်း စိတ်မဝင်စားတော့ဘူး၊ အလကားကောင် ... "

"နိုင်းအကြောင်းတွေ မပြောချင်တော့ဘူးဟာ၊ နင်ဘယ် လောက်ပဲ မေ့ပစ်ခိုင်းပါစေ ... မြခွန်း မေ့မပြစ်ဘူး"

"ဘာလဲ ... နင်က နိုင်းအိမ်ထောင်ရေး အဆင်မပြေဖြစ်ပြီး နင့်ဆီပြန်လာမှာကို စောင့်နေတဲ့ ခပ်ညံ့ညံ့မိန်းမတစ်ယောက်လား၊ အဲဒါဆိုရင်တော့ နင့်ကို သံစဉ် အထင်သေးပြီး လုံးဝအဆက်အသွယ် ဖြတ်ပြစ်မှာနော်"

"အဲဒါတော့ သံစဉ်လုံးဝမပူနဲ့ ... မြခွန်းက အဲဒီလိုမိန်းမမျိုး မဟုတ်ပါဘူး ... ဒါပေမဲ့ နိုင်းကိုတော့ မမုန်းခိုင်းနဲ့ ... "

သံစဉ်ကတော့ သူမကိုအားပေးဖော် သူမဘက်မှာရပ်တည် သူပါ။ သံစဉ်နှင့် စီးပွားရေးလုပ်ငန်းတွေထဲပဲ အာရုံစူးစိုက်တော့ မည်။ တစ်နေ့ကုန် နိုင်ငံခြားထွက်ဖို့ကိစ္စတွေလုပ်ပြီး ပြန်လာကြ တော့ နိုင်းနှင့်လှရုပ်လွှာတို့ကို မထင်မှတ်ဘဲ နာမည်ကြီးကလပ် တစ်ခုထဲ ဝင်သွားတာတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သံစဉ် … ဟိုမှာ လှရုပ်လွှာနဲ့နိုင်း ကလပ်ထဲဝင်သွားကြပြီ၊ နိုင်းဘယ်တုန်းကများ ဒီလိုတွေစိတ်ဝင်စားခဲ့လို့လဲ … စိတ်ပူတယ်"

"အင်း … ဟုတ်တယ်နော် မြခွန်း … "

နိုင်း ဒီလိုမျိုးတွေ လုပ်နေတာကို သံစဉ်ပင် အံ့သြတုန်လှုပ်ရသည်။ သံစဉ် မသက်သာတော့။ လှရုပ်လွှာက နိုင်းကိုဖျက်ဆီးပြစ်နေပြီလားပဲ။ ဒက်ဒီ့ကိုပြောပြရမယ်။ နိုင်း အရက်သောက်လာတာမျိုးတော့ရှိပြီး တခြားကိစ္စတွေ အတိအကျ မသိခဲ့။ သံစဉ် စိုးရိမ်သွားသည်။

"အထဲဝင်ကြည့်ကြမလား … နိုင်းကို စိတ်မချဘူး၊ လှရုပ်လွှာက အညိုးကြီးတယ် သံစဉ် … "

"လုပ်မနေနဲ့ ထားလိုက်ပါ … သူ့ကိစ္စပဲ နိုင်းအပေါ် ဒီလောက်အထိ သံယောဇဉ်ကြီးမနေစမ်းပါနဲ့ မြခွန်းရာ … ပြစ်ထားလိုက်ပါ"

"မဟုတ်သေးဘူး သံစဉ် … ဟိုမိန်းမက ကြောက်စရာကောင်းတယ် … အန်ကယ့်ဆီကို ဖုန်းဆက်ဟာ မြခွန်းတို့လည်း ဝင်သွားမယ်"

"တို့က မိန်းကလေးတွေလေ … နင်မကြောက်ဘူးလား၊





နိုင်းက သူလက်ထပ်မယ့်မိန်းမနဲ့လာတာပါ။ စိုးရိမ်မနေနဲ့ သွားကြမယ်"

သံစဉ်က ကားကိုအတင်းမောင်းထွက်သည်။ နိုင်းဘာတွေလုပ်နေတာလဲ။ နိုင်းရဲ့လူကြီးလူကောင်းဆန်မှုတွေ ပျောက်ဆုံးနေသည်။

"သံစဉ် ဒက်ဒီ့ဆီဖုန်းဆက်လိုက်ပါ့မယ် … မပူနဲ့"

ဘာဖြစ်လို့မှန်းလည်း မသိဘူး။ နိုင်းအတွက် စိတ်ပူပင်ကြောင်းကြမှုတွေက ဘယ်လိုမှ ထိန်းချုပ်၍မရတော့။ နိုင်းတစ်ခုခုဖြစ်တော့မည်ဟု ထင်နေသည်။

"မြခွန်းပဲ အန်ကယ်ဆီ ဖုန်းဆက်ပြောလိုက်တော့မယ်ဟာ"

"ပြောဟာ … မယ်မင်းကြီးမက ဝင်္ကြွေးလားပဲ … ဟိုကသူနဲ့စေ့စပ်ထားတဲ့မိန်းကလေးနဲ့ ပျော်နေတာလေ … ရှင်အနေသာကြီး"

သံစဉ့်ကို ဘာမှပြောမနေတော့ဘဲ အန်ကယ်တွန်းဆီ ဖုန်းဆက်လိုက်သည်။

"ဘာပြောတယ် မြခွန်း … ကလပ်ထဲကို လှရုပ်လွှာနဲ့ဝင်သွားတယ် ဟုတ်လား … သားဘာတွေလုပ်နေတာလဲ အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



လုံးဝအပြင်ထွက်လို့မရသေးဘူး ... အပြင်ကနေ သံစဉ်နဲ့မြခွန်း ခဏလေးစောင့်ကြည့်ထားလိုက်"

"ဟုတ်"

"ဒက်ဒီက ဘာပြောလဲ မြခွန်း ... "

"စောင့်ကြည့်ထားပေးပါ စိတ်ပူရတယ်တဲ့ ... "

"စောင့်ကြည့်မနေနိုင်ပါဘူးဟာ၊ သွားမယ် ... နိုင်းကိုယ်တိုင်က အမြင့်ကိုမှန်းနေတာလေ၊ ဟိုဟာမရဲ့ အကျင့်စရိုက်တွေနဲ့ လိုက်ဖက်အောင် လေ့ကျင့်နေတာနေမှာပါ"

"သံစဉ် ... ခဏလေးပါဟာ၊ အန်ကယ်မလာခင်လေး စောင့်ကြည့်ရအောင်ပါနော်"

သံစဉ်က လုံးဝလက်မခံဘဲ ကားကိုဇွတ်ပဲမောင်းထွက်သည်။ လှရုပ်လွှာကို ကြည့်မရလို့တဲ့လေ။ မြခွန်း နေလို့မရ၊ ရင်တွေပူလောင်လာ၏။ နိုင်းကို စိတ်မချဘူး။ အန်ကယ်က အန္တရာယ်ရှိသည်ဟုပြောထားတာပါ။ သံစဉ်ကတော့ မြခွန်းဘာပဲပြောပြော လက်မခံဘဲ အိမ်ပြန်ပြီး မာမီ့တစ်ယောက်ထဲဆိုပြီး အိမ်ပြန်သည်။

"မြခွန်းကို သံစဉ်သေသေချာချာ မှာထားမယ်နော် ... လုံးဝအပြင်မထွက်နဲ့တော့"





မြခွန်း မနေနိုင်။ ဘာဖြစ်လို့မှန်းမသိ။ နိုင်းကို စိတ်ပူနေမိသည်။ အန်ကယ်ထွန်းရော သွားရဲ့လား။ သံစဉ်က စိတ်မပူဖို့ပြောပေမယ့် မြခွန်းကတော့ ရင်တွေမီးတောက်တော့မယ်။

"လှရုပ်လွှာ မရိုးသားဘူး ... နိုင်းကို အကွက်ကျကျစီမံပြီး ဖျက်ဆီးပြစ်နေတာပဲ ... မြခွန်း လိုက်သွားမယ် ... နိုင်းကို စိတ်မချဘူး"

မြခွန်း လိုက်သွားဖို့ပဲ ဆုံးဖြတ်ထားသည်။ နိုင်းကို စိတ်မချပါဘူး။ သူမ ဘယ်လိုမှနေလို့မရတော့ဘဲ ကားနှင့်ပြန်လိုက်ခဲ့သည်။

"ဟင် ... ဟိုမှာ နိုင်းပဲ ... ဟိုလူတွေက နိုင်းကို တစ်ခုခုလုပ်နေတာပဲ ... ဘုရားရေ ... "

လူတွေပြတ်တဲ့နေရာမှာ နိုင်းကားရပ်ထားတာကိုတွေ့ရပြီး လူသုံးယောက် နိုင်းကို ဝိုင်းဝန်းထိုးကြိတ်နေသည်။

"နိုင်း ... ရှင်တို့ဘာလုပ်နေကြတာလဲ ... ကျွန်မရဲ့စခန်းကိုခုန်းဆက်ထားပြီးပြီနော်"

မြခွန်း အော်ဟစ်ပြောဆိုလိုက်မှ လူသုံးယောက်က ခပ်လှမ်းလှမ်းမှာရပ်ထားတဲ့ကားတစ်စီးပေါ် ပြေးတက်သွားကြသည်။

"နိုင်း ... ဘယ်လိုဖြစ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အား … မြခွန်းလား"

"ဟုတ်တယ် … နိုင်းကိုစိတ်မချလို့ပါ … ထင်တဲ့အတိုင်းပဲ နိုင်းကို ဘယ်သူတွေဝိုင်းထိုးနေကြတာလဲ"

"မသိဘူးကွာ … သူတို့က နိုင်းကို ထိုးနေကြတာလား၊ နိုင်း ဘာမှမသိဘူး ချစ်သူရယ် … "

နိုင်းအခြေအနေက တော်တော်လေးဆိုးဝါးနေသည်။ လူမှန်းမသိအောင် မူးယစ်နေ၏။ အနံ့တွေက မကောင်းပေ။ မျက်လုံးတွေ မှေးစင်းပြီး မြခွန်းကို ဖက်သည်။

"နိုင်း … ပြန်ကြရအောင်ပါ၊ ဒဏ်ရာတွေ ဒီလောက်ရထားတာတောင် မနာဘူးလား"

"ထားလိုက်ပါ ချစ်သူ … မင်းကို အရမ်းချစ်တယ်၊ နိုင်းတန်ဖိုးထားပြီး မြတ်နိုးရသူပါ"

"ကဲပါ … သွားကြမယ်၊ မြခွန်း ကားနဲ့ပဲသွားမယ်နော်၊ နိုင်းကား ထားခဲ့လိုက် … "

"ချစ်သူ ကြိုက်သလို စီမံပါ … မြခွန်းဆင့် မင်းကအရမ်းပဲ ချစ်စရာကောင်းတယ်"

နိုင်းခန္ဓာကိုယ်ကြီးအား ထိန်း၍ ကားထဲထည့်ရသည်။ အန်





ကယ်ဆီ ဖုန်းဆက်တော့ အိမ်ပဲပို့ထားလိုက်တဲ့။ နိုင်းကိုကြည့်လိုက်တော့လည်း ဇက်ကျိုးကျနေ၏။ ဖြစ်မှဖြစ်ရလေ နိုင်းရယ်။ ဒီလောက်အထိတောင် ဖြစ်ရလား။ မြခွန်း ကားကို သတိထားမောင်းလာခဲ့ရသည်။

"တီ … တီ … "

"တီ … "

ခြံစောင့်ကြီးက တံခါးလာဖွင့်ပေးပြီး နိုင်းမာမီနှင့်သံစဉ်တို့ ထွက်လာကြသည်။

"ဒက်ဒီ ဖုန်းဆက်တယ် မြခွန်း … မင်းပြန်ထွက်သွားလို့တော်သေးတယ်ဟယ်"

"နိုင်းကို အထဲသွင်းကြပါဦး … ဒဏ်ရာတွေရလာတယ်"

"ဟင်"

"သား … မာမီ့သားလေး ဘယ်လိုဖြစ်ရတာလဲ လုပ်ကြပါဦး … အမလေး … သားရယ် … "

ဒေါ်အေမီသော် ရင်ဝကိုဖိပြီး သားကိုကြည့်ရသည်။ လူမှန်းမသိအောင် မူးနေပြီး မျက်နှာပေါ်မှာ သွေးတွေပေကျံနေရဲနေသည်။

"သား … အမလေး … သတိထားပါဦးသားရယ် … ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရတာလဲ၊ ဟဲ့ ... မြခွန်းဆင့် ညည်းနဲ့သွားတာမဟုတ်လား ငါ့သားကို ဘယ်သူတွေ ရန်ပြုလိုက်တာလဲ"

"မာမီ ဘာတွေပြောနေတာလဲ ... လုရုပ်လွှာနဲ့ ကလပ်တက်နေတာ ... သံစဉ်နဲ့မြခွန်းကတွေ့တာ"

"ဘာပြောတယ်"

သား ကလပ်တက်တယ်။ ဘယ်တုန်းကများ ဒါမျိုးတွေလုပ်ဖူးလို့လဲ။ အခုဆို ပြဿနာတွေဖြစ်ပျက်နေရတာ မြခွန်းဆင့်ကြောင့်ပဲ။

"ညည်း ပြန်တော့ ... ငါ့သားနဲ့ ကင်းကင်းရှင်းရှင်းနေစမ်းပါ မြခွန်းဆင့် ... နောက်ထပ် လုံးဝလာမပတ်သက်ပါနဲ့တော့ လုရုပ်လွှာနဲ့ပြဿနာတွေဖြစ်ရတာ ညည်းကြောင့် ... "

"တော်ပါတော့ မာမီရယ် ... မြခွန်းကြောင့် မာမီ့သားအသက်မသေတာပါ ... သံစဉ်တောင် လှည့်မကြည့်တော့ဘူး၊ အခု မြခွန်း စိတ်ပူပြီး နောက်တစ်ခေါက် ထပ်သွားလို့ မာမီ့သားအသက်ရှင်ရတာပါ ... သံစဉ် တောင်းပန်ပါတယ် မြခွန်း ... ဒါကြောင့်မို့ မင်းမပူနဲ့လို့ သံစဉ်မှာထားခဲ့တာ"

"ရပါတယ် သံစဉ်ရယ် ... နိုင်းကိုပဲ ဂရုစိုက်ပေးပါ၊ နိုင်း





အိမ်ထဲရောက်သွားပြီပဲ ... မြခွန်း စိတ်အေးရပါပြီ ပြန်မယ် ... "

အန်တီအေမီ ဘာပဲပြောပြောပါ မြခွန်း မနာပေ။ ဘယ်လို မိခင်မျိုးပဲဖြစ်ဖြစ် သူ့သားကို နိုင်းလိုသားကို သာမာန်မိန်းကလေးမျိုးနဲ့တော့ သဘောတူနိုင်မှာမဟုတ်ပါဘူးလေ။ မြခွန်း ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

"နိုင်း … သားအခြေအနေကို ဒက်ဒီသိလိုက်ပြီ၊ လှရုပ်လွှာရဲ့အကွက်ချ စိမံဖျက်ဆီးမှုကို ခံလိုက်ရတာပဲ … ဟုတ်တယ်မဟုတ်လား သား … "

"ဟုတ်ပါတယ် ဒက်ဒီ … နိုင်း ဘာလုပ်ရမလဲ၊ သား လွှာနဲ့ပဲ လက်ထပ်မယ် … သားဘဝမှာ လွှာမရှိတော့လို့ မဖြစ်ဘူးနော်"

သား မူးယစ်ဆေးပါ စွဲနေပြီပဲ။ ဦးထွန်းမောင်မောင် သိလိုက်သည်။ ရင်တွေနာကျင်ရ၏။ မိမိတို့သားက အပြစ်အနာအဆာမရှိ ထူးချွန်ထက်မြက်သူပါ။ သားအမေကြောင့် ဖြစ်ရတာ။ မိမိ သတိပေးခဲ့သားပဲ။ သူတို့တွေ ချမ်းသာတာ မကောင်းမှုဒုစရိုက်လုပ်ငန်းတွေနဲ့ပါလို့ သားအဖြစ်ကိုကြည့်ပြီး ရင်ကျိုးရသည်။

"မာမီ … သားနဲ့လွှာတို့ရဲ့ လက်ထပ်ပွဲကို အမြန်ဆုံးစီစဉ်





ပေးပါ"

"မဖြစ်နိုင်တော့ဘူး သား … ဒီကိစ္စ ဒက်ဒီအပြတ်သားဆုံးရင်ဆိုင်ဖြေရှင်းမယ်"

"ကိုထွန်းမောင်မောင် … ရှင်က ဘာတွေသဘောမတူနိုင်အောင်ဖြစ်နေရတာလဲ … သားဆန္ဒလေ … သားဒီလိုဖြစ်ရတာ လွှာလေးနဲ့ဘာဆိုင်လို့လဲ … ကျွန်မကတော့ သဘောတူတယ်၊ မြခွန်းဆင့်လို မိန်းမမျိုးနဲ့တော့ အနီးစပ်မခံနိုင်ဘူး"

"ဘာပြောတယ် အေမီ … မင်းသား အသက်ဘေးကနေ လွတ်လာတာကွ … အဲဒါ မြခွန်းဆင့်ကြောင့်၊ ဒီကလေးမလေးကြောင့် မင်းသား မသေတာဘဲ … မြခွန်းကိုတော့ မထိနဲ့"

မြခွန်းက သူ့ကိုကယ်တင်လာတာတဲ့။ နိုင်း ဘာမှမသိဘူး။ အရက်တွေရော ဆေးပြားရော လွှာကတိုက်ခဲ့သည်။ လွှာက သူ့ဘဝကို ဖျက်ဆီးလိုက်တာတော့အမှန်ပဲ။ ဒါပေမဲ့ … လွှာမရှိလို့ မဖြစ်ပါဘူး။ လွှာ့ကို လက်ထပ်မှဖြစ်မယ်။ နိုင်းကိုယ်တိုင် လွှာနှင့်ကင်းကွာပြီး မနေနိုင်ဘဲ ဖြစ်နေသည်။

"မာမီ … သား လွှာ့ကိုပဲလက်ထပ်ပါရစေ၊ မာမီစီစဉ်ပေးပါ လွှာ့မာမီဆီ မာမီအမြန်ဆုံးသွားပေးပါ … ဒက်ဒီရယ် သားဘဝနဲ့



www.burmeseclassic.com

www.burmeseclassic.com



သားပဲရှိပါစေတော့ ... လွှာ့ကိုပဲ လက်ထပ်ပါရစေ"

သွားပြီ ... သားဘဝက ရေစုန်မှာမျောပြီဆိုတာ သိလိုက်သည်။ မိမိကတော့ လက်မခံနိုင်။ သားနှင့်လွှာ လက်ထပ်ပွဲဖျက်ရမယ်။ သားဆေးပြတ်အောင် လုပ်ရမယ်။ မိမိတို့သားက ပညာတတ်၊ ထူးချွန်ထက်မြက်သူ။ အေမှိ့ကို လက်တို့ပြီး သားအခန်းထဲကနေ ခေါ်ထုတ်လာခဲ့သည်။

"အေမိ ... မင်းသား ဘာတွေဖြစ်နေလဲသိလား ... ဆေးစွဲနေပြီ"

"ဘာ ... ဘာပြောတယ် ... ကျွန်မသား ဆေးစွဲနေတယ်၊ အရက်သောက်တာကတော့ ယောကျ်ားလေးပဲ သောက်စားတာတွေရှိမယ်"

"လှရုပ်လွှာဒက်ဒီ ဉာဏ်ထက်က မူးယစ်ဆေးဝါးတွေ လုပ်တာကွ"

"ဟင်"

ဒေါ်အေမီသော် အထိတ်တလန့် ဖြစ်သွားရသည်။ သား ... မိမိအထွတ်အမြတ်ထားရသော ရွှေထွန်းတင်က မူးယစ်ဆေးဝါးတောင် စွဲနေပြီတဲ့လား။ အမလေး ရင်ကျိုးပါပြီ။ ရင်ဝကို ဖိထား





လိုက်ရ၏။ သားက ပိန်ချုံးနေလိုက်တာ။

"သူတို့က ဟန်ပြကောင်းကြတယ်ကွ ... မောင်လည်း အခုမှသိရတာ ... လှရုပ်လွှာနဲ့သားကို လက်ထပ်ပေးလိုက်ရင် မင်းသားလည်း အဲဒီလို မူးယစ်ဆေးရောင်းဝယ်ရေးသမားပဲဖြစ်မှာ"

"အမလေး ... မဖြစ်ဘူး ... သားကို ဒီလိုအသိုင်းအဝိုင်းထဲဝင်ခိုင်းလို့ မဖြစ်ဘူး၊ သားက လွှာ့ကိုစွဲနေပြီ ... ဆေးကြောင့်ပဲ"

ဒေါ်အေမီသော် ရင်ကျိုးရပါပြီ။ အမြင့်ကိုမှန်းလိုက်တာ။ အခုတော့ သားအမြင့်ကနေ ပြုတ်ကျတော့မယ်ထင်တယ်။ ရင်ဝကို ဖိထားရသည်။

"မင်း အသာနေစမ်းပါ အေမီ ... သားကိစ္စ မောင်ကိုင်တွယ်မယ်၊ သား အထိုးခံရတဲ့ကိစ္စလည်း လှရုပ်လွှာ စီစဉ်တာနေမယ်"

"သားကို စိတ်မချတော့ဘူး၊ အပြင်တောင် ထွက်ခိုင်းလို့ မဖြစ်တော့ဘူး"

"မင်းစိတ်ကို အေးအေးထားပါ ... လက်ထပ်ဖို့ကိစ္စ မင်းခေါင်းရှောင်နေပါ အေမီ"

"ကျွန်မ ဘယ်လိုလုပ်ရမလဲ ... လှရုပ်လွှာက အကြပ်ကိုင်တော့မယ် ... အန်တီအေမီ မင်္ဂလာပွဲကို ဖျက်ရဲဖျက်ကြည့်တဲ့"

သားရွှေထွန်းတင်ဘဝကတော့ သွားပါပြီ။ ဆေးစွဲနေပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ ထင်မထားခဲ့။ မြခွန်းဆင့်နှင့်လည်း အနီးစပ်မခံနိုင်။ မြခွန်းဆင့် သားအနားကပ်နေတာလည်း ဒေါ်အေမီသော် မကြိုက်ပေ။

"အေမီ့သား ရွှေထွဋ်တင် ဘယ်လိုဖြစ်ရတာလဲ … အေမီမှား သွားပါတယ် … သားကိုပြန်ပြီး ကယ်တင်ပေးပါဦးနော်"

ဦးထွန်းမောင်မောင်ကတော့ ညဏ်ထက်တို့အကြောင်း မသိခင်ထဲက အထင်တကြီး ဖြစ်ရပေမယ့် စရိုက်တွေနဲ့ ကြီးပွားချမ်း သာလာကြတာ သိတော့လည်း ရွံရှာမုန်းတီးမိသည်။

"ဒီမှာ လှရုပ်လွှာ … ဖုန်းဆက်နေပြီမောင်၊ အေမီ ဘယ်လို ဖြေရမလဲဟင်"

"ပြောလိုက်ပါ ဘာမှမကြောက်နဲ့ … သတ္တိရှိရှိ ရင်ဆိုင်လိုက်"

ဒေါ်အေမီသော် စိတ်တွေကို ထိန်းချုပ်ပြီး လွှာနှင့်စကား ပြောရသည်။

"လွှာလေးလား … သား ညက ကောင်းကောင်းမွန်မွန် ရောက်ပါတယ်ကွယ် … ရန်တော့ဖြစ်လာတယ်ထင်တယ် … ဘယ် သူတွေ ဝိုင်းထိုးကြလည်း မသိပါဘူး"

"ဟုတ်လား အန်တီအေမီ … ဒါကြောင့် လွှာစိတ်ပူပြီး ဆက် တာပါ၊ နိုင်း ဖုန်းကိုဆက်သွယ်လို့ မရလို့ … ဝိတ်ထားတယ်"





နိုင်းကို ကောင်းကောင်းလေး ဝိုင်းသမဖို့ဟာ မြခွန်းဆင့်က ကယ်တင်သွားသည်။ နေရာတကာ ဝင်ရှုပ်ချင်တဲ့ ဟာမတော့ လှ ရုပ်လွှာအကြောင်း ကောင်းကောင်းသိစေရမယ်။

"အန်တီအေမီ"

"ပြောလေ သမီး … "

"လွှာတို့ မင်္ဂလာပွဲကိုတော့ အလွယ်တကူ ဖျက်သိမ်းမပေး နိုင်ဘူးနော် … လက်ထပ်ပွဲကို အန်တီအေမီကိုယ်တိုင် စီစဉ်ပါ၊ ဒါမှ မဟုတ်ရင် ရွှေထွဋ်တင်ကို ယောင်ထဲပိုဖြစ်ရမယ်"

လှရုပ်လွှာအတွက်ကတော့ ဘာမှနစ်နာမှု မရှိနိုင်ပေ။ ရွှေ ထွဋ်တင်က အသုံးမကျတဲ့ ယောက်ျားဖြစ်နေပါပြီ။ ယောက်ျားဖြစ် ပြီး သတ္တိမှ မရှိတာဘဲ။ ပျော့ညံ့လိုက်တာ။ လက်ထပ်ပွဲကိစ္စလည်း ဖြစ်စေချင်သည်။ မြခွန်းဆင့်အား အနိုင်ယူချင်သလို ရွှေထွဋ်တင်ကို လည်း ချစ်သည်။

"အန်တီအေမီကိုယ်တိုင် အတင်းအကြပ်လာပြီး တောင်းဆို တာလေ … အခုတော့ လွှာ့ဂုဏ်သိက္ခာတွေကျရတော့မယ် … ဘယ်လို တာဝန်ယူပေးမှာလဲ"

ဒေါ်အေမီသော် ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဖြစ်နေသောကို



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမောင်မောင်က ဖုန်းကိုယူလိုက်သည်။

"လှရုပ်လွှာ ... သမီးစိတ်တွေကို တည်ငြိမ်အောင်ထားပါ။ လောလောဆယ် လက်ထပ်ဖို့ကိစ္စ မဆွေးနွေးတာအကောင်းဆုံးပဲ ထင်တယ် ... သား ဆေးစွဲနေပြီ"

"မဖြစ်နိုင်တာဘဲ အန်ကယ် ... အရက်ပဲသောက်တာပါ။ အသေးအမွှားကိစ္စလေးကို အကြောင်းမပြပါနဲ့"

"သမီးဒက်ဒီနဲ့ ဆွေးနွေးထားပါတယ်၊ သားရဲ့လက်ထပ်ပွဲ မပြောနဲ့ သားကိုအပြင်ထွက်ခွင့်တောင် အန်ကယ်တို့ ခွင့်မပြုနိုင်တော့ပါဘူး ... သားကိစ္စ အန်ကယ်ပဲကိုင်တွယ်မယ် ... သားကို ထောင်ထဲပို့ချင်လည်း ပို့လိုက်ပါ"

"တောက် ... "

လှရုပ်လွှာ ဒေါသတွေအကြီးအကျယ် ထွက်သွားရသည်။ အန်ကယ်ထွန်းကိုတော့ မယှဉ်ရဲပေ။ လွှာတို့မိသားစုအကြောင်း အတွင်းသိအစင်းသိဖြစ်နေ၏။ လွှာ ဖုန်းပိတ်ပြစ်လိုက်သည်။

"သမီးရယ် ... ရွှေထွဋ်တင်ကို မေ့ပစ်လိုက်စမ်းပါ။ လွှာမှာ ရွေးချယ်စရာတွေ အများကြီးရှိပါတယ် ... ရွှေထွဋ်တင်က ဆေးသမားဖြစ်နေပြီလေ ... ဘဝမှာ တိုးတက်ဖို့ရာ လမ်းကြောင်းက





မကောင်းနိုင်တော့ပါဘူး"

ဒေါ်ထူးထူးကလည်း ပြဿနာတွေ မတက်စေချင်ပေ။ ဒင်းတို့သားက ဘာမှသုံးစားလို့မှ မရတော့တာ။

"မနေ့ညက ပွဲပြတ်ရမှာ၊ မာမီက ဒင်းသားခြေထောက်ကို ဖြတ်ပြစ်စေချင်တာ"

ဦးထွန်းမောင်မောင်က ငြိမ်းခြောက်ပြီး သူတို့သားနှင့်သမီး လွှာတို့ စေ့စပ်ပွဲကို ဖျက်သိမ်းခိုင်းနေသည်။

"မြခွန်းဆင့်ကြောင့်လေ မာမီ ... လွှာ ဘယ်တော့မှအခဲ မကြေဘူး၊ ဒီမိသားစုဘဝတွေကို ဖျက်စီးပြစ်ရမှ ကျေနပ်မယ်"

မြခွန်းဆင့် ... ညည်းလည်း ရွှေထွဋ်တင်ကို ခန့်ညားချောမောပြီး ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေတဲ့ ယောကျ်ားတစ်ယောက်အဖြစ် ရမယ်ထင်နေလား။ သုံးစားလို့မရတဲ့ကောင်အဖြစ်ပဲ ရစေရမယ်။

ဒေါ်အေမီသော် တာဝန်မယူနိုင်တာကိုလည်း လှရုပ်လွှာ လုံးဝအခဲမကြေနိုင်။ အဖွားကြီးနှင့် ရင်ဆိုင်တွေ့ဆုံဖို့ ချိန်းလိုက်သည်။

"ဒေါ်အေမီသော့်ကို တစ်ခုခုတော့လုပ်ပြစ်ရမှ လွှာကျေနပ်နိုင်မယ်မာမီ ... "

မာမီ့ကိုပြောပြီး လွှာ ကားမောင်းထွက်လာခဲ့သည်။ တွေ့



www.burmeseclassic.com

www.burmeseclassic.com



နေကျနေရာလေးမှာ ဒေါ်အေမီသော်ရောက်နေ၏။ သူမကားလေး ပေါ်မှ ဆင်းလိုက်သည်။

"လှ ... လှလေးရယ် ... အန်တီ တောင်းပန်ပါတယ်၊ သားအဖေကလေ သဘောမတူဘဲ ကန့်ကွက်နေလို့ပါ။ သားလေး နိုင်းလည်း ကျန်းမာရေး မကောင်းတော့လို့ ... "

"ရှင် တာဝန်တော်တော်မဲ့တာပဲ ဒေါ်အေမီသော်၊ ကျွန်မကို ဒီလိုလာလုပ်လို့တော့ မရဘူးနော် ... ရှင်ကြီးသားကို ထောင်ထဲ ထည့်ပြစ်မယ်၊ အခု ရှင်ကြီးသား အရက်ရော ဆေးရောစွဲနေပြီ၊ မကြာခင် ဒုက္ခတဘဝကို ရောက်သွားစေရမယ်"

"အမလေး ... သားကိုတော့ မလုပ်ပါနဲ့သမီးရယ်၊ တောင်းပန်ပါတယ် ... သမီးတို့လက်ထပ်ပွဲကိုလည်း ဖြစ်အောင်စီစဉ်ပေးပါ့မယ် ... ခဏလေး စောင့်ပေးပါ"

"ဒီည ရှင်ကြီးသားကို ကျွန်မနဲ့တွေ့နေကျနေရာကို လာခဲ့ပါလို့ ပြောပေးပါ ... သူက ဖုန်းပိတ်ထားလို့လေ ... "

"ကောင်းပါပြီ ... အန်တီအေမီ ပြောပြလိုက်ပါ့မယ်၊ သားက လည်း သမီးကို တွေ့ချင်နေပါတယ်"

ဒေါ်အေမီ ပြောနေရင်း လှရုပ်လှာရဲ့မာကျောခက်ထန်လွန်းတဲ့ မျက်ဝန်းတောက်တောက်တွေကိုကြည့်ပြီး ကြောက်လာသည်။





ရင်တွေတုန်လာ၏။ လှရုပ်လှာက မိမိအား အငှားကားနှင့်လာခဲ့ပါ ပြော၍ ကားနေပါလာပေ။

"သမီးလှ ... အန်တီအေမီ အိမ်ပြန်ပါရစေ ... ခေါင်းတွေ မူးလာတယ်၊ သမီးကားနဲ့ လိုက်ပို့ပေးပါလား"

"မပို့နိုင်ဘူး ... ရှင်ကြီးနဲ့တန်တာက အငှားကားပဲလေ၊ အငှားကားနဲ့ပဲပြန် ... "

"အေးပါကွယ် ... "

လှရုပ်လှာက ကားလေးကို ဝေါခနဲမောင်းပြီး ထွက်သွားသည်။ ဒေါ်အေမီသော် မျက်လုံးတွေထဲမှာ ပြာဝေပြီး မူးလာ၏။ ဘယ်လိုလုပ်ရမလဲ။ လူကလည်း ပြတ်နေသည်။

"အမလေး ... ကယ်ကြပါဦး၊ သေတော့မယ်ထင်တယ်"

ဖုန်းဆက်ဖို့အတွက် ဖုန်းကိုပင် မကိုင်နိုင်တော့။ အကြည့်တွေ မကြည်လင်။ စိတ်ကိုအတတ်နိုင်ဆုံး ငြိမ်သက်စေရန် ထိန်းချုပ်နေရသည်။ မရတော့ဘူး ... အံချင်လိုက်တာ။ ဆေးခန်းကို အမြန်ပို့ပေးကြပါ။ သေရတော့မယ်ထင်တယ်။ လဲပြိုကျမတတ် ဖြစ်နေသည်။

"အန်တီအေမီ ... ဘယ်လိုဖြစ်ရတာလဲ ... အန်တီအေမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ညည်း မြခွန်းဆင့် ... "

"ဟုတ်ပါတယ် ... မြခွန်းပါ ... "

"ဆေးရုံ ... ဆေးရုံ"

ထိုစကားတွေပဲ ပြောနိုင်ပြီး အသိတွေကင်းမဲ့သွားသည်။

"အန်တီအေမီ ... ဘာဖြစ်လို့ ဒီနားကိုတစ်ယောက်ထဲ ရောက်နေရတာလည်း မသိပါဘူး ... သူမအေးနားဖြတ်သွားတဲ့လူ တစ်ယောက်ကို အကူအညီတောင်းပြီး ကားပေါ်တင်၍ ဆေးခန်း တစ်ခုသို့ခေါ်သွားခဲ့သည်။ အန်ကယ်ထွန်းနှင့် သံစဉ်လည်း ရောက် လာ၏။ နိုင်းလည်း လုရုပ်လွှာဆီ သွားမယ်ဆိုပြီး သောင်းကြမ်းနေ သည်တဲ့။ သော့ပိတ်ထားခဲ့သည်။

"ဖြစ်ပါ့မလား သံစဉ် ... အခန်းပိတ်ထားတော့ တစ် ယောက်ထဲ အထဲမှာလုပ်ချင်တာတွေ လုပ်နေတော့မယ်"

"ရှင် စိတ်ပူနေပြန်ပြီလား မြခွန်း ... အစောင့်ရှိပါတယ်ဟဲ့ ခြံစောင့်ကြီးကို ထားခဲ့တယ်"

"အန်ကယ်တို့ မိသားစုတွေလည်း ကျိန်စာသင့်နေကြပြီထင် တယ်၊ အင်း အေမီ ... အေမီ အခုမင်းတို့သားအမိ ပြုတ်ကျပြီကွ"

"အန်တီအေမီ့ကို စိတ်ထိခိုက်ကြေကွဲစေရမယ့် စကားတွေ





မပြောပါနဲ့လား အန်ကယ်ရယ် ... သတိပြန်ရလာရင်လည်း အန်တီ စိတ်ချမ်းသာအောင်ပဲ စီစဉ်ပေးပါ ... မြခွန်းလည်း မကြာခင် နိုင်င ခြားကို ထွက်တော့မှာလေ ... နိုင်းကို လုံးဝစွန့်လွှတ်ပြီး မေ့ပြစ် လိုက်ပါတော့မယ် ... အန်တီအေမီနဲ့နိုင်းတို့ကို ပျော်ရွှင်ချမ်းမြေ့စေ ချင်ပါတယ် ... မြခွန်းရဲ့စိတ်ရင်းပါနော်"

မြခွန်း ပြောနေရင်းနှင့် ဝမ်းနည်းကြေကွဲသံလေးက ရော ထွေးပါဝင်လာ၍ အန်ကယ်ထွန်းနှင့်သံစဉ်တို့အနားကနေ ပြေး ထွက်လာခဲ့မိသည်။ သူမ စိတ်တွေကို ဆုံးဖြတ်ထားလိုက်ပါပြီ။ နိုင်း ကို စွန့်လွှတ်တော့မယ်။ နိုင်းတို့ မိသားစုတွေ ပျော်ရွှင်နိုင်ကြပါစေ။ မြခွန်းကို မေမေ ဆုံးမသွန်သင်လာခဲ့တဲ့စကားတွေက မြခွန်း အတွက်ပဲဆိုတာ မြခွန်းသိပါပြီ။ သူမဘဝကို အောင်မြင်တဲ့ မိန်း ကလေးဖြစ်စေရန် အစွမ်းကုန်ကြိုးစားတည်ဆောက်ဖို့ပဲ ဆုံးဖြတ် လိုက်သည်။ တမလွန်ဘဝမှာ မေမေရှိနေသေးရင်တောင် ကြည့်နေ ပါ မေမေရယ် ... သမီးလိမ္မာလေး မြခွန်းဆင့် ဖြစ်လာစေရပါ့မယ်။ မေမေ စိတ်အေးစေရမှာပါ။ မြခွန်း သတိရတမ်းတမိနေတာက မေမေပဲ ဖြစ်နေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၂ )

ဒေါ်အေမီသော် ပြန်၍ သတိရလာသည်။ အနားမှာ မောင်နှင့်သမီး သံစဉ်တို့က စိုးရိမ်တကြီး ကြည့်နေကြ၏။ မိမိဘယ်ရောက်နေတာလဲ။ မိမိအိမ်တော့ မဟုတ်ပေ။

"မာမီ သတိရလာပြီလား ..."

"သမီး ... သံစဉ် ... မာမီဘယ်ရောက်နေတာလဲ"

"အထူးကုဆေးခန်းကြီးတစ်ခုပါ မာမီ ... မြခွန်းလာပို့ပေးသွားတာပါ"

"မင်းတို့ တစ်ခုခုဒုက္ခရောက်နေတိုင်း မြခွန်းလေးပဲရောက်လာပြီး ကယ်တင်နေရတယ် ... အခုလည်း အန်တီအေမီ သတိရလာရင် စိတ်ချမ်းသာစေမယ့် စကားတွေပဲ ပြောပေးပါဆိုပြီး ပြန်





သွားရှာတယ်"

မြခွန်းဆင့်ကို ကျေးဇူးတင်ရမယ်။ လှရုပ်လွှာက ရက်ရက်စက်စက် ပြစ်ထားခဲ့တာပါ။ မြခွန်းလေး ရောက်လာလို့ပေါ့။ မိမိကို ဆေးခန်းပို့ပေး၍ မိမိအသက်ရှင်လာရတာပဲ ဖြစ်သည်။

"အေမီ နောင်တတွေရပါပြီ မောင်ရယ် ... အေမီမှားပါတယ်၊ မြခွန်းလေးကိုလည်း တောင်းပန်ရမယ်၊ အေမီ့အသက်ကို ကယ်တင်ခဲ့တာပါ ... ကျေးဇူးအရမ်းတင်ပါတယ်"

"မာမီ တကယ်ပြောတာလားဟင် ... သံစဉ့်သူငယ်ချင်းအပေါ် တကယ်ပဲ ကျေးဇူးတင်တာလား၊ မြခွန်းက စိတ်သဘောထားပြည့်ဝပါတယ်လို့ သံစဉ်အမြဲတမ်းပြောတာလေ ... အခု မာမီ လက်ခံလိုက်ပြီလားဟင်"

"လက်ခံလိုက်ပါပြီ သမီးလေးရယ် ... မာမီ အမြဲတမ်း အမြင့်ကိုပဲ အထင်ကြီးပြီး သားဘဝကိုတောင် ပျက်စီးစေတဲ့အထိပဲ၊ မာမီ နောင်တရပါပြီ ... မာမီအတ္တကြီးတာပါ"

ဒေါ်အေမီသော် နောင်တတွေ တပွေ့တပိုက်နှင့် ဆေးခန်းကနေ အိမ်ပြန်ရောက်တော့ သားက ထိန်းမနိုင် သိမ်းမနိုင် သောင်းကြမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွှာဆီပို့ပေးပါဒက်ဒီ ... ကျွန်တော် လွှာကိုတွေ့မှဖြစ်မယ်၊ လွှာဆီမှာလေ သားကိုကယ်တင်ပေးမယ့် ဆေးရှိပါတယ်"

နိုင်း ဘယ်လိုမှ နေလို့မရတော့ဘူး။ လွှာဆီပဲ သွားချင်လာသည်။ ဆေးလိုနေတယ်။ လွှာဆီမှာ ရှိတယ်။ မာမီ့ကိုတွေ့တော့ နိုင်း အားကိုးတကြီးနှင့် မာမီ့ကို ပြေးဖက်မိသည်။

"မာမီ ကယ်ပါဦးနော် ... လွှာဆီ သွားကြရအောင်ပါ၊ လွှာနဲ့ပဲ သားလက်ထပ်မယ်၊ မာမီ စီစဉ်ပေးပါ ... တောင်းပန်ပါတယ်၊ မာမီရယ်နော် ... မာမီ သဘောတူတယ် မဟုတ်လား၊ သားက မာမီ့စကားကို နားထောင်တဲ့ သားလိမ္မာဆို ..."

ဒေါ်အေမီ့နှလုံးသားတွေ တဆတ်ဆတ်တုန်အောင် သားအတွက် ခံစားရသည်။ သားရုပ်ရည်က အရင်ကနှင့် ဘာမှမဆိုင်အောင် ဖြူရော်ပိန်းချုံးနွမ်းဖတ်နေ၏။ လှရုပ်လွှာလား သားကိုလက်ထပ်မှာ။ ဒေါ်အေမီ အပြစ်တွေပဲ။ သားဂုဏ်သိက္ခာတွေ ကျဆင်းလာအောင် လှရုပ်လွှာက လုပ်ဆောင်တော့မှာပါ။ ဒေါ်အေမီ ခေါင်းကိုခါယမ်းပြစ်မိသည်။

"အေမီ ... မင်းသွားနားတော့၊ မင်းလည်းကျန်းမာရေး မကောင်းသေးဘူးလေ ... ခေါင်းထဲမှာ ဘာမှမထားနဲ့ လာပါ"





ဒေါ်အေမီသော့်ကို ခင်ပွန်းဖြစ်သူက လက်ကိုဆွဲပြီး ခေါ်လာတော့ သားက အတင်းဆွဲထားရင်း လွှာကိုတွေ့ဆုံဖို့ပြောနေသည်။

"မာမီ ... သားကို မထားခဲ့ပါနဲ့၊ လွှာဆီသွားပါစေ၊ လွှာနဲ့လက်ထပ်ဖို့ မာမီ အမြန်ဆုံးစီစဉ်ပေးပါ"

ဒေါ်အေမီသော် ဘယ်လိုမှ မခံနိုင်တော့၍ သားကိုကျောခိုင်းစွန့်ခွာလာခဲ့သည်။ အိမ်ခန်းထဲရောက်တဲ့အထိ ဒေါ်အေမီသော်အသက်ရှူကြပ်နေ၏။ မိမိသားကို မိမိဘယ်လောက်အထိ တန်ဖိုးထားပြီး ချစ်မြတ်နိုးခဲ့လဲ။ မိမိသားဘဝကို အမြင့်ဆုံး အမြင့်ဆုံးအထိ ရည်မှန်းနေခဲ့သည်။ အခုတော့ သားဘဝ သွားပါပြီ။ အဖတ်ဆယ်လို့တောင် ရပါတော့မလား။ လှရုပ်လွှာ ... မိန်းမယုတ်မ။ လူတွေအထင်ကြီးအောင်ပဲ ဟန်ဆောင်လိမ်ညာနေကြတဲ့ သူတွေပဲ။ ကြောက်စရာ ကောင်းလွန်းသည်။

"အေမီ"

"ဟင်"

"မင်းစိတ်ကို ထိန်းထားပါ၊ သားကတော့ မူးယစ်ဆေးဖြတ်ဖို့ စိတ်ရောဂါဆေးရုံကို ပို့ရတော့မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဘာပြောတယ် မောင်၊ စိတ်ရောဂါဆေးရုံ ဟုတ်လား … "

"ဘယ်တတ်နိုင်မလဲ … သားက ဆေးစွဲတာ နုပါသေးတယ်၊ စိတ်မပူနဲ့ … ဒီလိုပဲ ကျော်ဖြတ်ရတော့မှာပဲ အေမီရယ်"

"လွှာနဲ့လက်ထပ်ပေးဖို့ကိစ္စလေ ဘယ်လိုလုပ်ရမလဲ"

"မောင် စီစဉ်မယ် … မင်းအနားယူနေတော့၊ လှုရပ်လွှာခေါ်လည်း မသွားနဲ့နော် … သံစဉ် ရှိနေမယ်၊ မင်းဘာမှ မကြောက်နဲ့"

ဦးထွန်းမောင်မောင် ဆုံးဖြတ်ချက် ခိုင်မာစွာ ဆုံးဖြတ်လိုက်သည်။ သားကို စိတ်ရောဂါအထူးကုဆေးရုံကို ပို့ရမယ်။ သားဘဝကို အမြန်ဆုံးအဖတ်ဆယ်ရမယ်။ သားကို စိတ်ရောဂါအထူးကုဆေးရုံကြီးသို့ ပို့ရန် သမီးသံစဉ်နှင့် တိုင်ပင်ပြီး လုပ်ဆောင်သည်။

"မတတ်နိုင်ဘူး သမီး … ဒက်ဒီတို့ လုပ်သင့်တာကိုလုပ်ရမှာပဲ၊ သားဘဝရှေ့ရေးအတွက်ပဲ … "

သံစဉ်လည်း စိတ်မကောင်းပါဘူး။ နိုင်းက အော်ဟစ်ရုန်းကန်နေသည်။ မြခွန်းလည်း ရောက်လာ၏။ မြခွန်းကိုတွေ့တော့ နိုင်းဒေါသတကြီး ရန်မူဖို့လုပ်သည်။

"မြခွန်းဆင့် … နင်ဘာလာလုပ်တာလဲ၊ နင့်ကြောင့် … ငါ





နဲ့လွှာ ဝေးရတာ၊ မိန်းမယုတ်မ … နင့်ကိုကြောက်တယ်၊ ငါလွှာနဲ့ပဲ လက်ထပ်မှာ … လွှာ့ကိုပဲ ချစ်တယ် … "

မြခွန်း မျက်ဝန်းတွေထဲမှ မျက်ရည်တွေပြည့်လျှံလိမ့်ဆင်းကျလာသည်။ နိုင်းရယ် … ရက်စက်လိုက်တာနော်။ နင် ဘယ်သူ့ကိုပဲချစ်ချစ် မြခွန်းကတော့ နိုင်းကိုချစ်နေမှာပါ။ နိုင်းကိုချစ်တယ်။ နိုင်းချစ်တဲ့ လွှာနဲ့ပဲ လက်ထပ်ပါနော်။ မြခွန်း ကျေနပ်ပါတယ်။

"သမီး မြခွန်း … "

"ဟင် … အန်တီအေမီ"

နိုင်းကို ခေါ်ဆောင်သွားတော့ မြခွန်း မလိုက်သွားခဲ့။ သံစဉ်က မာမီ့ကို စောင့်နေပေးပါပြော၍ မြခွန်း ဧည့်ခန်းမှာထိုင်ပြီး ငိုရှိုက်နေမိသည်။

"မငိုပါနဲ့သမီး မြခွန်းရယ် … အန်တီအေမီ မှားပါတယ်၊ အရာအားလုံးက အန်တီအေမီ့ရဲ့ အတ္တကြီးမှုတွေကြောင့်ပါ … သားဘဝလေးလည်း ပျက်စီးခဲ့ရပြီ၊ အခုဆို သားက စိတ်ရောဂါဆေးရုံကိုတောင် ရောက်သွားရတယ် … "

ဒေါ်အေမီသော် ဘယ်လိုမှ ထိန်းချုပ်လို့မရဘဲ မြခွန်းခန္ဓာကိုယ်လေးအား ပွေ့ဖက်နှစ်သိမ့်ပေးနေမိသည်။ စောစောကသာ



www.burmeseclassic.com

www.burmeseclassic.com



မြခွန်းလေးနဲ့ သဘောတူခဲ့ရင် ဘ၀တွေ ဘယ်လောက်အထိ အေးချမ်းလိုက်မလဲ။ နောင်တရလို့ မဆုံးအောင် ဖြစ်နေသည်။

"သားက မြခွန်းကိုချစ်တာပါ ... အန်တီအေမီ အသိဆုံးပဲ၊ နိုင်း ချစ်တာက သူ့မိန်းလေးပါ"

"ဟင့်အင်း ... ဘာကိုမှ မြခွန်း မစဉ်းစားချင်တော့ပါဘူး။ အန်တီရယ် ... နိုင်းကို စွန့်လွှတ်ထားပါတယ်၊ နိုင်းချစ်ချင်တဲ့သူကို ချစ်ပါစေ ... မြခွန်းချစ်သူက နိုင်းပါ ... နိုင်းဆန္ဒအတိုင်းပဲ ဖြစ်ပါစေ"

သူတို့က မကောင်းမှုဒုစရိုက်တွေနဲ့ ချမ်းသာကြတာပါဟု ဒေါ်အေမီ မပြောပြချင်။ လှရုပ်လွှာနဲ့တော့ လုံး၀သဘောမတူနိုင်တော့။ သားက လှရုပ်လွှာကို ချစ်တာ မူးယစ်ဆေး၀ါးတွေကြောင့်ပဲ။ ဒေါ်အေမီသော် ... နောင်တတွေအကြီးအကျယ် ရနေမိလေသည်။

"မြခွန်း ... ပြန်တော့မယ်နော် အန်တီ ... မကြာခင် မြခွန်းတို့လည်း ပညာသင်ထွက်ကြတော့မှာပါ၊ နိုင်းနဲ့ထပ်မတွေ့ချင်တော့ပါဘူး။ မြခွန်း မေ့ထားလိုက်ပါပြီ"

သူမ စကားတွေ ဆက်မပြောနိုင်တော့ပေ။ ရင်ထဲမှာ ဆို့နစ်မွန်းကြပ်လာသည်။ အိမ်ပဲ ပြန်လာခဲ့၏။ မြခွန်းဘ၀ကို အကောင်း





ဆုံးဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။

"ငါ ချစ်တာက လှရုပ်လွှာပဲ ... နင့်ကြောင့် လွှာနဲ့ကွဲရတာပဲ မြခွန်းဆင့် ... ငါချစ်တာ လှရုပ်လွှာ ... "

နိုင်းရယ် ... မြခွန်းကို စိမ်းစိမ်းကြီးကြည့်ပြီး ပြောရက်လိုက်တာ မြခွန်းကို မုန်းတီးသွားပြီလားဟင်။ မြခွန်း အိမ်ထဲမှာပဲနေသည်။ သံစဉ်တောင် သူမထံ တစ်ပတ်လောက် ရောက်မလာခဲ့။ နိုင်းဘာတွေဖြစ်နေပြီလဲဟုတွေးရင်း မြခွန်းနှလုံးသားတွေ ထိနိုက်နာကျင်ရသည်။

"မြခွန်း"

"ဟင် ... သံစဉ်"

"နိုင်းလေ တော်တော်လေး အခြေအနေကောင်းလာပြီ၊ သူ အတွေ့ချင်ဆုံးက ဘယ်သူလဲသိလား ... "

"ဘယ်သူလဲဟင် ... လွှာလား ... "

"မြခွန်းကိုပဲ ... "

"ဘာပြောတယ်"

"မြခွန်းကို တွေ့ချင်တယ်တဲ့"

"တကယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲ တောင်းဆိုတာပါ"

"မြခွန်းလည်း နိုင်းကိုတွေ့ချင်တယ်၊ နိုင်ငံခြားကို မသွားခင်လေး မိတ်ဆွေသူငယ်ချင်းအဖြစ်နဲ့ပါ ... "

"မြခွန်းကို သံစဉ်မေးမယ်၊ နိုင်းနဲ့လက်ထပ်ဖို့ပြောရင် မြခွန်းလက်ခံမှာလား"

သံစဉ်ရယ် ... ဘယ်လိုပြောလိုက်တာလဲဟာ။ နိုင်း ဘယ်လိုပဲဖြစ်နေပါစေ အတူတူနေချင်ပါတယ်။

"မင်း သံစဉ့်အစ်ကိုကို အထင်သေးသွားပြီလား မြခွန်း"

"ဟင့်အင်း ... ဒါပေမဲ့လေ ... "

"နိုင်းကို သွားတွေ့လိုက် ... "

"အင်း ... "

သံစဉ်ကမလိုက်။ မြခွန်းတို့နှစ်ယောက် အေးအေးဆေးဆေးတွေ့ကြပါတဲ့။ နိုင်းရယ် ... မြခွန်း ရင်တွေခုန်လိုက်တာ။ ဒါပေမဲ့ လှရုပ်လွှာနဲ့က နိုင်းတို့ငြင်းဆန်ခွင့်မရှိဘူးဆိုတာလည်း မြခွန်းသိနေသည်။ ဆေးရုံရောက်တော့ နိုင်းနည်းနည်းလေး ပိန်ချုံးနေပေမယ့် ရှင်ရှင်လန်းလန်းလေးပဲ တွေ့ရသည်။

"မြခွန်း ... မင်းလာတယ်နော်၊ မင်းကို အရမ်းတွေ့ချင်နေ





တာ"

"နိုင်း"

"ဟင်"

"နေကောင်းရဲ့လား"

"ဟိုရက်တွေကတော့ နိုင်းအရမ်းခံစားရတယ် မြခွန်း ... အခုတော့ တည်ငြိမ်နေပါပြီ၊ နိုင်း အရမ်းနောင်တတွေရတယ်၊ နိုင်းအမှားတွေအတွက် တောင်းပန်ပါတယ် မြခွန်းရယ်နော် ... "

"ရပါတယ် နိုင်းရယ် ... အမြဲတမ်း ခွင့်လွှတ်ထားပြီးသားပါ၊ နိုင်းပျော်ရွှင်ဖို့ပဲ အရေးကြီးပါတယ်"

"မြခွန်းရော ... နိုင်းကို ချစ်သေးရဲ့လား၊ အထင်သေးနေပြီလား ... "

"နိုင်းကို ဘယ်တော့မှ အထင်မသေးပါဘူး၊ နိုင်းဘက်က မြခွန်းကို မချစ်တော့ဘူးဆိုရင်တောင် နိုင်းကို မြခွန်းချစ်နေမယ်"

"မြခွန်းရယ် ... "

နိုင်းက မြခွန်းလက်လေးကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။ နိုင်းကို အားပေးပြီး မြခွန်းပြန်ထွက်လာတော့ ခပ်လှမ်းလှမ်းမှာ လှရုပ်လွှာက ကားကိုမှီပြီး ရပ်စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြခွန်းဆင့် ... နင်က ဘာကိစ္စနဲ့ ရွှေထွန့်တင်ကို လာတွေ့ရတာလဲ"

"ငါတို့က မိတ်ဆွေတွေပဲ လှရုပ်လျှာ ... ဘာဖြစ်လို့လဲ"

"ကောင်းပြီလေ ... နင်ကမိတ်ဆွေအဖြစ်ပဲ လာတွေ့တာဆိုရင် ပြီးရောနော် ... ငါကတော့ နိုင်းနဲ့လက်ထပ်ပွဲကို မဖျက်စီးနိုင်ဘူး၊ နင်နောက်ယှက်ရင် အသရေဖျက်မှုနဲ့ ရွှေထွန့်တင်ကို ထောင်ထဲပို့ပြစ်ရလိမ့်မယ်"

"အဲဒါ နင့်ကိစ္စပဲ ... ငါနဲ့ဘာမှမဆိုင်ဘူး၊ စိတ်လည်းမဝင်စားဘူး ... လှရုပ်လျှာ ... သွားမယ်"

"နင် နိုင်းကို ဘယ်တော့မှမရစေရဘူး မြခွန်းဆင့် ... အဲဒါကို မှတ်ထားပါ၊ ရွှေထွန့်တင်ကို ထောင်ထဲမပို့ချင်ပါဘူး"

သူမ ထွက်လာခဲ့သည်။ လှရုပ်လျှာ နိုင်းဆီလာတာလား။ ဒီမိန်းမ မူးယစ်ဆေးဝါးတွေ လာပေးနေရင်တော့ ဒုက္ခပါပဲ။ မြခွန်း စိတ်ပူ၍ သံစဉ်ဆီ ဖုန်းဆက်ရသည်။

"စိတ်မပူနဲ့ မြခွန်း ... ဒက်ဒီရှိနေတယ်၊ ဒက်ဒီက လှရုပ်လျှာကို အတွေ့ခံမှာမဟုတ်ဘူး ... နိုင်းကိုယ်တိုင်လည်း အသိတရားတွေရှိနေပါပြီ ... နင်လည်း တစ်ချိန်လုံး နိုင်းအတွက်ပဲ စိတ်ပူနေတော့





မှာလား"

ဟုတ်တယ် သံစဉ်။ တကယ်ပါပဲဟယ်။ နိုင်းအတွက်စဉ်းနဲ့မလပ် တွေးပြီး မြခွန်း စိတ်ပူပင်သောကရောက်နေရတာပါ။ တစ်ပတ်လောက်ကြာတော့ နိုင်းဆေးရုံကနေ ပြန်လာသည်။ အင်အားတွေပြည့်နေပြီး ရွှင်လန်းတက်ကြွနေ၍ မြခွန်း စိတ်ချမ်းသာရ၏။ နိုင်းရယ် ... နောက်ထပ် အခက်အခဲဒုက္ခတွေနဲ့ မကြုံတွေ့စေချင်တော့ပါဘူး။ အန်ကယ်ထွန်းနှင့် အန်တီအေးမိတို့က နိုင်းနှင့်လက်ထပ်ပေးဖို့ တောင်းဆိုကြပေမယ့် မြခွန်း လက်မခံဘဲ ငြင်းပယ်ခဲ့သည်။

"မြခွန်းဘဝအတွက် အကောင်းဆုံးရပ်တည်နိုင်အောင် ကြိုးစားပါရစေ ... နိုင်းလည်း ကြိုးစားပါစေ၊ လောလောဆယ်တော့ နိုင်းနဲ့လက်ထပ်ဖို့ လက်မခံနိုင်သေးပါဘူး"

"ဘာဖြစ်လို့လဲ မြခွန်း ... အခု နိုင်းက စိတ်ရောဂါဆေးရုံရောက်ပြီး မူးယစ်ဆေးစွဲခဲ့ဖူးလို့လား"

"ဟင့်အင်း ... "

မြခွန်းကို လှရုပ်လျှာ ပြောဆိုအကြပ်ကိုင်ခဲ့တာတွေကို ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းကို အထိခိုက်မခံနိုင်တော့လို့ပါ ... လှုရပ်လွှာရဲ့ ထိုးနက်မှုတွေကြောင့်ပါ နှင်းရယ် ... မြခွန်းတို့ လက်ထပ်လိုက်ရင် လှုရပ်လွှာက သည်းသည်းမဲမဲပဲ အကောက်ကြံတိုက်ခိုက်လာလိမ့်မယ်"

"မြခွန်းရယ် ... "

နှင်းကိုယ်တိုင် မြခွန်းရဲ့စိတ်သဘောထားပြည့်ဝမှုနှင့် နှင်းအပေါ် ချစ်ခင်မြတ်နိုးမှုတွေကို အထင်ကြီးလေးစားရသည်။ တန်ဖိုးကြီးမားတဲ့ မိန်းကလေးတစ်ယောက်အဖြစ် သူ့ဘဝတစ်သက်တာလုံး လက်တွဲဖော်အဖြစ် ရွေးချယ်မိသည်။

"ဘယ်လိုအကြောင်းတွေပဲရှိရှိ ကိုယ်နဲ့မြခွန်း လက်ထပ်ကြမယ် ... လွှာ့ကြောင့် ကိုယ်ထောင်ထဲဝင်ရမယ်ဆိုရင်လည်း ကိုယ်ထောင်ထဲဝင်မယ် ... မြခွန်းပဲ ကိုယ့်ကိုစောင့်နေပေးပါနော်"

"အင်း ... ဒါပေမဲ့ နှင်းရယ် ... "

"ဆက်မပြောပါနဲ့တော့ မြခွန်း ... ကိုယ်ထောင်ထဲပဲဝင်မယ်၊ လှုရပ်လွှာကိုတော့ လုံးဝလက်မထပ်နိုင်ဘူး ... မြခွန်းကိုတော့ ကိုယ်လက်လွှတ်ရမှာ ကြောက်တွယ်ကွာ ... နော်"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် တင်းကြပ်





စွာ ပွေ့ဖက်ထားမိသည်။ မြခွန်းက နှင်းကို ဘယ်တော့မှမမုန်းဘူး။ နှင်း ဘယ်လိုဘဝမျိုးပဲရောက်ပါစေ မြခွန်း ချစ်တယ်။ လက်ထပ်မယ်။ နှင်းကို ပိုင်ဆိုင်ထားချင်ပါတယ်။

မြခွန်းတို့ ထင်ထားတဲ့ အတိုင်းပင် လှုရပ်လွှာဘက်မှ တောင်းဆိုမှုတွေနှင့် တရားစွဲဖို့အထိ ခြိမ်းခြောက်လာခဲ့သည်။

"မစားရတဲ့အမဲ သဲနဲ့ပက်မယ် ... နောက်ဆုံး နင့်ဘဝကထောင်ထွက်ပါ ဖြစ်စေရမယ် ရွှေထွဋ်တင် ... "

နောက်ဆုံးတော့ လှုရပ်လွှာတစ်ယောက် သူမအကုသိုလ်တွေက သူမကိုဖိစီး၍ သူမမိဘတွေ မူးယစ်ဆေးဝါးတွေ ရောင်းဝယ်မှုနှင့် အဖမ်းဆီးခံရပြီး လှုရပ်လွှာပါ လက်ဝယ်တွေ့ရှိမှုနှင့် အဖမ်းခံလိုက်ရတော့သည်။

နှင်းတို့ဘက်မှ စေ့စပ်ကြောင်းလမ်းမှုကို ဖျက်သိမ်းကြောင်းတရားဝင်ကြေငြာခဲ့၏။ နှင်းကတော့ ပျော်ရွှင်တက်ကြွမှုတွေနှင့် နိုင်ငံခြားကို ထွက်ခွာမယ့် မြခွန်းထံရောက်လာသည်။

"မြခွန်းရယ် ... လောလောဆယ် နိုင်ငံခြားကို ပညာတော်သင် မသွားပါနဲ့ဦးကွာ ... နှင်းအနားမှာပဲနေပေးပါဦး၊ နှင်းစိတ်ရှင်အားတွေ ပြည့်ဝလာတဲ့အထိလေ ... ဘယ်လိုလဲ နှင်းရဲ့တောင်းဆို



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မှုအတွက် လက်ခံသဘောတူတယ် မဟုတ်လား ချစ်သူရယ်"

"နိုင်းရယ် ... မြခွန်း အပြည့်အဝ လက်ခံပါတယ် ... ချစ်သူက နိုင်းကိုမှ မခွဲနိုင်တော့တာ ... "

မေမေရေ ... မြခွန်း ပျော့ညံ့တာတော့ မဟုတ်ပါဘူးနော်။ နိုင်းက ယောက်ျားလေးဘက်ကစတင်ပြီး မြခွန်းကို ချစ်ခွင့် လက်ထပ်ခွင့်တောင်းဆိုလာခဲ့တာလေ။ မြခွန်း ဂုဏ်သိက္ခာရှိရှိ လက်ခံလိုက်သည်။ အသေဝိတ်ထားတဲ့ ရွှေထွင့်တင်နှင့်မြခွန်းဆင့်တို့ရဲ့ အိပ်ခန်းပြတင်းပေါက်တွေကို ပြန်၍ဖွင့်ပြစ်လိုက်ကြ၏။ မိတ်ဘက်က လည်း ပျော်ရွှင်ကာ သဘောတူနေသည်။

"ချစ်သူရယ် ... ချစ်တယ်"

"ချစ်သူရယ် ... သိပ်ချစ်ပါတယ်"။

ရှင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com